လွတ်လပ်မှု၊ မျှတမှု၊ တာဝန်သိမှု

mizzima Daily

မဇ္ဈိမ နေ့စဉ်သတင်းစာ

အတွဲ ၃၊ အမှတ် ၂၁။ ၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်၊ တနင်္လာနေ့ (၂၈-၃-၂၀၁၆)

www.mizzimaburmese.com

အပတ်စဉ် သောကြာနေ့တိုင်း
အမျိုးသမီးကဏ္ဍ
အချပ်ပိုပါဝင်သည်။

**ဖျော်ဖြေရေးသတင်း**

"အာဘွား" စီးရီးကို အမ်တီဗီအဖြစ်
အသက်သွင်းမည့် ဝိုင်းစုခိုင်သိန်း

စာမျက်နှာ - ၁၉ »

**နည်းပညာသတင်း**

ရန်ကုန်တိုင်း ကျောင်းဆရာ၊ ဆရာမများကို
အခြေခံကွန်ပျူတာပညာ သင်ကြားပေးမည်

စာမျက်နှာ - ၂၃ »

**နိုင်ငံတကာသတင်း**

ကင်ဂျုံအုန် ဆံပင်ပုံစံအတိုင်း
ကျောင်းသားများညှပ်ရန် စည်းကမ်းထုတ်

စာမျက်နှာ - ၂၅ »

# စစ်တွေရှိ အင်န်ဂျီအိုရုံးများ ဖျက်ဆီးခံရ ဝန်ထမ်းများကို ရန်ကုန်သို့ နေ့ချင်းပို့



စာမျက်နှာ - ၂ »

စစ်တွေတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် Save the Children အင်န်ဂျီအို ဝန်ထမ်းများ ရန်ကုန်သို့ပြန်ရန် စစ်တွေလေဆိပ်တွင် စောင့်ဆိုင်းလျက်ရှိသည်ကို မတ်လ ၂၇ ရက်က တွေ့ရစဉ်။ စစ်တွေမြို့ပေါ်တွင် ရုံးစိုက်ဖွင့်လှစ်ထားသော နယ်စည်းမထား ဆရာဝန်များအဖွဲ့အပါအဝင် အင်န်ဂျီအို ၁၀ ခုကျော် ရုံးခန်းများ ခဲဖြင့် ပစ်ပေါက်ခြင်း၊ ဖျက်ဆီးခြင်းများခံခဲ့ရပြီးနောက် ရခိုင်ပြည်နယ်အစိုးရက အင်န်ဂျီအို ၂၃ ခုမှ ဝန်ထမ်းများကို ရန်ကုန်သို့ နေ့ချင်းပို့ဆောင်ပေးခဲ့သည်။ ဓာတ်ပုံ - အီးပီအေ



# အပစ်ရပ်ရေးထက် နိုင်ငံရေး ဆွေးနွေးပွဲများ ဦးစားပေးပါက လက်နက်ကိုင် ပဋိပက္ခသို့ ဦးတည်နိုင်ဟု ကာချုပ်သတိပေး

စာမျက်နှာ - ၄ »

mizzima Daily
မတ် ၂၈ ရက်၊ ၂၀၁၄ (သောကြာနေ့)



# အယ်ဒီတာ့အာဘော်

## အစိုးရအဖွဲ့တစ်ခု ဆောင်ရွက်ရန် ပျက်ကွက်လျက်ရှိသော အခြေခံမှုပြဿနာများ

လွန်ခဲ့သည့်နှစ်ရက် ဗုဒ္ဓဟူးနေ့က နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် လက်ရှိအစိုးရအဖွဲ့ သက်တမ်းသုံးနှစ်ပြည့် အထိမ်းအမှတ်အနေနှင့် မိန့်ခွန်းပြောခဲ့ပါသည်။ လက်ရှိအစိုးရအဖွဲ့ ဆောင်ရွက်လုပ်ကိုင်ခဲ့သမျှ အောင်မြင်မှုအဝဝကို စီကာပတ်ကုံး ပြောသွားခဲ့ခြင်းဖြစ်ပါသည်။

အမှန်တကယ်အားဖြင့်ပြောရလျှင် သမ္မတဦးသိန်းစိန် ပြောဆိုသမျှ အချက်အလက်အားလုံး မဟုတ်သည့်တိုင် အချက်အလက် အတော်များများအပေါ်တွင် မိမိတို့နှင့် အမြင်မတူ ကွဲပြားသည့်အချက်များ ရှိနေသည်ဟု ဆိုရပါမည်။ ဥပမာ- ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပြင်ဆင်မှု အခက်အခဲ၊ ပြည်တွင်းငြိမ်းချမ်းရေးဆောင်ရွက်မှု အခြေခံမှုပြဿနာနှင့် တိုင်းပြည် လတ်တလောရင်ဆိုင်ဖြတ်သန်းနေရသည့် အမြင်မတူသူ လူအုပ်စုများအချင်းချင်း ဖြစ်ပွားရသည့် ပဋိပက္ခများအပေါ် အခြေခံကျကျ စဉ်းစားဖြေရှင်းခြင်းဆိုင်ရာသဘောထား ထုတ်ဖော်ဖို့ရာ ပျက်ကွက်ခဲ့သည့်အချက်များဖြစ်ပါသည်။ ထို့ပြင် ပြည်သူတို့ အမှန်တကယ်လိုလားသည့် စစ်မှန်သော ဒီမိုကရေစီစနစ်ဖြစ်ထွန်းရေးတွင် အဓိက အဟန့်အတားဖြစ်စေသည့် နိုင်ငံရေးတွင် တပ်မတော်က ပါဝင်ပတ်သက်နေမှုကို မည်သည့်နည်းဖြင့် လျှော့ချသွားမည်နည်းဆိုသည့် အချက်အပေါ်တွင်လည်း ဦးသိန်းစိန်အနေနှင့် လက်တွေ့ကျကျ ရှင်းပြသွားခြင်းမရှိပါ။ ပိုပြီး ရှုပ်ထွေးစေသည့်အချက်မှာ တပ်မတော်သည် မြန်မာ့နိုင်ငံရေးတွင် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်နေဖို့ လိုအပ်ကြောင်းကို ထုတ်ဖော်ပြောဆိုခြင်းဖြင့် ဒီမိုကရေစီ စံချိန်စံနှုန်းနှင့်အညီ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်အတွင်း တပ်မတော်အား နေရာမှန်သို့ ချောမွေ့အောင်မြင်စွာ ပြန်လည်ရောက်ရှိစေရေး ဦးတည်ချက်ကို အဟန့်အတားပြုရာ ရောက်သည်ဟုပင် ယူဆနိုင်ပါသည်။

အတိအကျပြောရလျှင် မည်သည့်တိုင်းပြည်ဖွံ့ဖြိုးရေး လုပ်ငန်းများမဆို အောင်မြင်အောင် ဆောင်ရွက်ဖို့ဆိုလျှင် အခြေခံကျသည့်ပြဿနာများကို ဦးစွာပထမ အောင်မြင်အောင် ဖြေရှင်းရမည်ဖြစ်သည်။ မိမိတို့တိုင်းပြည် ဒီမိုကရေစီ စံချိန်စံနှုန်းနှင့်ကိုက်ညီသည့် ဖွဲ့စည်းပုံအခင်းအကျင်းကို ဥပဒေများ ပြဋ္ဌာန်းကျင့်သုံးနိုင်ခြင်း ရှိ မရှိ (တပ်မတော်၏ နိုင်ငံရေးတွင်ပါဝင်ပတ်သက်မှု တဖြည်းဖြည်းလျှော့ချနိုင်ရေး လက်တွေ့စဉ်းစားချက် ရှိမရှိ)၊ ပြည်တွင်းငြိမ်းချမ်းရေးအတွက် အမှန်တကယ် မတူကွဲပြားသူအချင်းချင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူနှင့် အပြန်အလှန်အသိအမှတ်ပြု လေးစားမှုရှိမရှိ (ဒီနေရာတွင် ဦးသိန်းစိန်ပြောသလို လုပ်ဖော်ကိုင်ဖက်ဆိုသည့် စကားလုံးထက် ပိုမိုကျယ်ပြန့် ပိုမိုမှန်ကန်သည့် အယူအဆ ရှိမရှိ၊ အပစ်အခတ်ရပ်စဲရေးထက် နိုင်ငံရေးအရ အဖြေရှာရေး ရိုးသားစွာ လက်တွေ့ကျကျစဉ်းစားချက် ရှိမရှိ)၊ စသည့်အချက်များမှာ တိုင်းပြည်ဖွံ့ဖြိုးရေး အောင်မြင်အောင် ဆောင်ရွက်နိုင်ဖို့အတွက် ဦးစွာပထမ မလွဲမသွေ ဖြေရှင်းရမည့် ပြဿနာများပင်ဖြစ်သည်။ ထိုအချက်များနှင့်ပတ်သက်ပြီး သမ္မတက ရေရာတိကျ ရှင်းလင်းစွာ အာမခံချက်ပေးနိုင်သည့်စကားများ ထည့်သွင်းပြောဆိုခြင်း မရှိခဲ့ပါ။

မိမိတို့သည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ကြရာ၌ အထက်ပါ အခြေခံပြဿနာများကို မှန်ကန်စွာ မဖြေရှင်းနိုင်ပါက သမ္မတကြီး ဦးသိန်းစိန် ရည်ညွှန်းပြောဆိုခဲ့သော အောင်မြင်မှုများဆိုသည်မှာ နေ့မြင်ညပျောက် အောင်မြင်မှုများသာ ဖြစ်သွားနိုင်ပေသည်။ ဆိုလိုသည်မှာ အခြေခံပြဿနာကို မကိုင်တွယ်ဘဲ မည်သည့်အောင်မြင်မှုပင်ဖြစ်စေ အာမခံချက်မရှိဆိုသည့်သဘောပင်ဖြစ်သည်။ ပို၍ဆိုးသည်မှာ ယင်းအောင်မြင်မှုတချို့သည် ပြည်သူတို့အတွက် အကျိုးမဖြစ်ထွန်းစေပါက လူတစ်စုအတွက်သာ အကျိုးဖြစ်ထွန်းစေလိမ့်မည်ဆိုသည်ကို မိမိတို့အနေနှင့် ရှင်းလင်းစွာ သိထားရပါလိမ့်မည်။

ထို့ကြောင့် သက်တမ်းအားဖြင့် သုံးနှစ်သက်တမ်း ရှိလာခဲ့ပြီဖြစ်သော အစိုးရအဖွဲ့တစ်ခုအနေနှင့် အခြေခံကျသော ဖြေရှင်းဆောင်ရွက်မှုများကို ပိုမိုအာရုံစိုက် ဖြေရှင်းဆောင်ရွက်ဖို့ လိုအပ်ကြောင်း တိုက်တွန်းအပ်ပါသည်။

ADVERTISING HOTLINE
Yangon
09-421010111
Mandalay
02 - 36835

# စစ်တွေတွင် အင်န်ဂျီအိုရုံးများ ဖျက်ဆီးခံရ . . .

မျက်နှာဖုံးသတင်း

■ မြတ်ကျော်သူ၊ ကေဇူး
ရန်ကုန်၊ မတ် ၂၇

ရခိုင်ပြည်နယ်၊ စစ်တွေမြို့တွင် ၂၆ ရက်ညက စတင်ခဲ့သည့် ရုန်းရင်းဆန်ခတ်ဖြစ်မှုများကြောင့် နိုင်ငံတကာအကူအညီပေးရေးအဖွဲ့များမှ နိုင်ငံခြားသားဝန်ထမ်းများ အပါအဝင် ထိုအဖွဲ့အစည်းများတွင် အလုပ်လုပ်နေသော ဝန်ထမ်းများအား ရန်ကုန်သို့ နေ့တွင်းချင်းပို့လိုက်သည်ဟု ရခိုင်ပြည်နယ် အစိုးရအဖွဲ့ ပြန်ကြားရေးကော်မတီအတွင်းရေးမှူး ဦးဝင်းမြိုင်က မတ် ၂၇ ရက်တွင် မဇ္ဈိမကိုပြောသည်။

စစ်တွေမြို့ရှိ အန်ဂျီအိုဝန်ထမ်းများကို ရခိုင်ဒေသတချို့က ရုံးခန်းများ အဆောက်အအုံများ၊ လာရောက်ဖျက်ဆီးမှုကြောင့် ထိုသို့ ပြုလုပ်ရခြင်းဖြစ်သည်ဟု ၎င်းက ဆိုသည်။

စစ်တွေမြို့တွင် ဖြစ်ခဲ့သည့် မငြိမ်သက်ဖြစ်မှုကြောင့် ရဲများက ခြောက်လှန့်ပစ်ခတ် လူစုခွဲရာတွင် အသက် ၁၁ နှစ် အရွယ် ကလေးငယ်တစ်ဦး သေဆုံးသွားခဲ့သည်ဟု မြန်မာနိုင်ငံ ရဲတပ်ဖွဲ့လုံခြုံရေးနှင့် ထောက်လှမ်းရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဒုတိယရဲမှူးကြီးမင်းအောင်က ဘီဘီစီ မြန်မာပိုင်းအစီအစဉ်သို့ ပြောကြားထားသည်။ မဇ္ဈိမအနေနှင့်မူ သတင်းရေးသားချိန်အထိ သီးခြားအတည်မပြုနိုင်သေးပေ။



ဖျက်ဆီးခံထားရသည့် အင်န်ဂျီအိုတစ်ခု၏ ရုံးခန်းတစ်နေရာကို တွေ့ရစဉ်။ **(ဓာတ်ပုံ-အီးပီအေ)**

### ဝန်ထမ်းများကို ရန်ကုန်သို့ ကယ်ထုတ်

"ဆက်နေရင် ထိန်းချုပ်ရခက်သွားလိမ့်မယ်။ ဒါကြောင့် နိုင်ငံခြားသားတွေကို (ရန်ကုန်ကို) ပြန်ပို့လိုက်တယ်"ဟု ဦးဝင်းမြိုင်က ပြောသည်။

၎င်း၏ ပြောဆိုချက်များအရ စစ်တွေမြို့တွင် နိုင်ငံတကာအကူအညီပေးရေး အဖွဲ့အစည်း ၂၃ ခုရှိပြီး ပြန်ပို့သောဝန်ထမ်းများမှာ စစ်တွေမြို့ရှိ ရုံးများတွင် တာဝန်ထမ်းဆောင်သူများဖြစ်သည်။

ရန်ကုန်ရှိ ကုလသမဂ္ဂရုံးမှ ပြန်ကြားရေး တာဝန်ခံ ဦးအေးဝင်းက "စစ်တွေမှာရှိတဲ့လူအားလုံး ပြန်ပို့တာတော့ မဟုတ်ဘူး။ တချို့ ပြန်ပို့တာ။ တချို့ကိုတော့ လုံခြုံတဲ့နေရာမှာထားပါတယ်"ဟု မဇ္ဈိမကို အတည်ပြု ပြောဆိုသည်။

ပြန်ကြားရေးဝန်ကြီးဌာန ဒု-ဝန်ကြီး ဦးရဲထွဋ်၏ ပြောကြားချက်များအရ ၂၇ ရက် ညနေ ၃ နာရီ ၎င်းရရှိသည့်သတင်းတွင် နိုင်ငံခြားသား ၂၀ နှင့် မြန်မာ ၃၀ ကို စစ်တွေရှိ ရဲရိပ်သာတွင် ခေတ္တရှောင်တိမ်းခိုင်းထားသည်ဟု ဆိုသည်။

ရခိုင်ပြည်နယ်၊ စစ်တွေမှ ရန်ကုန်သို့ နောက်ဆုံးဆိုက်ရောက်သည့် Air Mandalay လေယာဉ်ပေါ်တွင် ပါဝင်လာသည့် ရခိုင်သားကြီးစာပေမှ ဦးဦးလှမြင့်၏ လေဆိပ်တွင် ပြောဆိုချက်အရ လေယာဉ်ပေါ်တွင် နိုင်ငံခြားသား လေးဦးမှ ခြောက်ဦးအထိသာ ပါဝင်ပြီး အစောပိုင်း ထွက်ခွာသွားသည့် လေယာဉ်များတွင်လည်း နိုင်ငံခြားသားများ ပါဝင်သည်ဟု ဆိုသည်။

လတ်တလော အခြေအနေတွင်စစ်တွေမှ ရန်ကုန်သို့ ပြန်ရောက်သည့် နိုင်ငံခြားသားများကို အဆက်အသွယ် မရသေးဘဲ ယနေ့ မတ် ၂၈ တွင်လည်း စင်းလုံးငှား လေယာဉ်ဖြင့် ရန်ကုန်သို့ နိုင်ငံခြားသားများ ထပ်မံရောက်ရှိလာဦးမည်ဟု အမည်မဖော်လိုသည့် သတင်းရင်းမြစ်က ပြောသည်။

### ရုန်းရင်းဆန်ခတ်မှု စတင်ဖြစ်ပေါ်ပုံ

မတ်လ ၂၆ ရက်က စစ်တွေမြို့ရှိ နိုင်ငံတကာ အဖွဲ့အစည်းတစ်ခုဖြစ်သည့် မာတေဇာ (Malteser International)မှ နိုင်ငံခြားသားဝန်ထမ်း အမေရိကန်နိုင်ငံသူတစ်ဦးက သာသနာ့အလံကို ဘောင်းဘီအိတ်တွင်း ထည့်ယူသည်ဆိုကာ စစ်တွေမြို့နယ်ဒေသခံ ၃၀ ကျော်က ယင်းအမျိုးသမီးကို နေထိုင်ရာ နေအိမ်ကိုဝိုင်းကာ ထုတ်ပေးရန်တောင်းဆိုခဲ့သည်ဟု ရခိုင်ပြည်နယ်ရှေ့နေချုပ်နှင့် ဒုချရားတန်း စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့ဝင် ဦးဦးသာပွင့်က မဇ္ဈိမကို ပြောသည်။

ထို့နောက် လူတစ်ရာခန့်လူစုဝေးမှုများ ဖြစ်ပေါ်ခဲ့ပြီး စည်းကမ်းထိန်းသိမ်းရေးနှင့် ကူညီစောင့်ရှောက်ရေး ရဟန်းတော်များ ထိန်းသိမ်းသဖြင့် လူစုကွဲခဲ့သည်။

စစ်တွေ၊ မြို့မိ၊ မြို့ဖ ဦးသန်းထွန်းဆိုသူက ဘီဘီစီ မြန်မာပိုင်းအစီအစဉ်ကို ပြောပြရာတွင် "သူက အလံတိုင်ကအလံကို ဆွဲချတယ်။ သာသနအလံကို။ ဆွဲချပြီးတော့ သူက ပြောပြလို့မသင့်တဲ့ မဖွယ်မရာအလုပ်တွေ လုပ်တယ်ဗျာ။ သာသနအလံကို ဆွဲဖြုတ်တယ်။ လုံးလိုက်တယ်။ တင်ပါးတွေကြားမှာ၊ ပေါင်ကြားတွေမှာပွတ်တယ်။ ပြီးတော့မှ သာသနအလံကို ဘောင်းဘီအိတ်ထဲ ထည့်လိုက်တယ်"ဟု ဆိုသည်။

သာသာနအလံကို အမေရိကန်သူက မဖွယ်မရာပြုလုပ်ခြင်းသည် လုံးဝမဟုတ်ဘဲ ကောလာဟလသာဖြစ်သည်ဟု ကုလသမဂ္ဂ ပြန်ကြားရေး တာဝန်ခံ ဦးအေးဝင်းက ငြင်းဆိုသည်။

"မီးရှို့တာတွေ၊ ဘာတွေတော့ ကျွန်တော်ပြောလို့ မရသေးပါဘူး။ အတည်ပြုနိုင်သလောက်တော့ 'အပျက်အစီး' ရှိပါတယ်။ သာသနအလံကို မဖွယ်မရာလုပ်တယ် ဆိုတာတော့ လုံးဝမဟုတ်ပါဘူး"ဟု ဦးအေးဝင်းက မဇ္ဈိမကို ပြောသည်။

မတ် ၂၆ ရက် ည ၁၀ နာရီဝန်းကျင်တွင် လူနှစ်ရာခန့်ထပ်မံစုဝေးကာ ရပ်ကွက်အချို့ရှိ မာတေဇာ (Malteser International) ရုံးခွဲများကို ခဲများဖြင့်ပစ်ပေါက်မှုများ ပြုလုပ်ခဲ့သဖြင့် လုံခြုံရေးရဲဝန်ထမ်းများက သေနတ်ဖြင့်ပစ်ဖောက်ကာ လူစုခွဲခဲ့ရသည်။

ထိုသို့ ထိန်းချုပ်ရန် ခက်ခဲသည့်အခြေအနေများနှင့်ပတ်သက်၍ "တစ်ဖက်ကလည်း လေးစားမှုမရှိသလိုဖြစ်တယ်။ ဒါကို ဒေါသနဲ့ တုံ့ပြန်နေတာ လူအုပ်စုဖြစ်ပြီး ထိန်းချုပ်ဖို့ ခက်နေတော့ မင်းမဲ့စရိုက်ဆန်ဆန် ဖြစ်နေတယ်"ဟု ရခိုင်ပြည်နယ် ရှေ့နေချုပ် ဦးဦးသာပွင့်က သုံးသပ်သည်။

မတ်လ ၂၇ တွင် မာတေဇာရုံးများ အပါအဝင် အန်ဂျီအိုရုံးများ စုစုပေါင်း ၁၀ ရုံးကျော်ကို ထပ်မံခဲဖြင့်ပစ်ပေါက်ဖျက်ဆီးမှုများပြုလုပ်ခဲ့သည်ဟု ဦးဦးသာပွင့်က ပြောသည်။

### ပုဒ်မ ၁၄၄ ထုတ်ပြန်

စစ်တွေမြို့၏ လက်ရှိအခြေအနေများကြောင့် မနက် ၆ နာရီမှ ညနေ ၆ နာရီ အထိသာ အလုပ်လုပ်ကြရန် ကြေညာပြီး ပုဒ်မ ၁၄၄ ကို မတ် ၂၇ ရက် ညနေပိုင်းတွင် ထုတ်ပြန်လိုက်သည်။

ထုတ်ပြန်ချက်ကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဒေသခံလူမှုအဖွဲ့အစည်းများနှင့် ရဟန်းသံဃာများက ညနေ ၃ နာရီခန့်တွင် လူစုခွဲ၍ မြို့တွင်း၌ လှည့်လည်ကြေညာမှုများ ပြုလုပ်ခဲ့သည်။

ပြီးခဲ့သည့် ၂၀၁၄ ဖေဖော်ဝါရီလ ၁၀ ရက်တွင် စစ်တွေမြို့တွင် ညမထွက်ရအမိန့်အား ၅ နာရီ လျှော့ချပေးခဲ့ပြီး၊ လတ်တလော ဖြစ်စဉ်များကြောင့် ယခုကဲ့သို့ ညမထွက်ရအမိန့်ကို ပြန်လည်ထုတ်ပြန်ကြေညာခြင်းဖြစ်သည်။

### နိုင်ငံတကာသတင်းများတွင် ဖော်ပြမှု

အေအက်ဖ်ပီ၏ မတ်လ ၂၇ ရက် သတင်းတစ်ပုဒ်တွင် "လူသားချင်းစာနာမှု အကူအညီပေးရေး နိုင်ငံတကာအဖွဲ့တစ်ခု၏ ရုံးခန်းများကို ဝိုင်းထားသော လူအုပ်ကြီး လူစုကွဲသွားစေရန်အတွက် သတိပေးပစ်ခတ်မှုများကို လုံခြုံရေးတပ်ဖွဲ့များက ပြုလုပ်ခဲ့ရသည်"ဟုဆိုသည်။

စစ်တွေဖြစ်ရပ်နှင့် ပတ်သက်၍ သတင်းရေးသားသော အချိန်အထိ Malteser အဖွဲ့ထံမှ မှတ်ချက်တစ်စုံတစ်ရာရရှိခြင်း မရှိသေးဟုလည်း အေအက်ဖ်ပီသတင်းဌာနက ဆိုသည်။

လူစုခွဲရန်အတွက် ရဲများက သတိပေးပစ်ခတ်မှုများ အချက် ၄၀-၅၀ ခန့် ပြုလုပ်ခဲ့ရကြောင်းလည်း ဦးဝင်းမြိုင်က ပြောခဲ့သည်ဟု အေပီသတင်းဌာနက ဖော်ပြထားသည်။

ကြာသပတေးနေ့တွင်လည်း အကြမ်းဖက်မှု ဆက်လက်ဖြစ်ပွားခဲ့ပြီး၊ လူသားချင်းစာနာမှု အကူအညီပေးရေး နိုင်ငံတကာဝန်ထမ်းများနေထိုင်ကြသော လမ်းတစ်လမ်းထဲတွင်၊ လူ ၁,၀၀၀ ကျော်ရှိသော လူအုပ်ကြီးက အိမ်များကို ခဲများဖြင့် ပစ်ပေါက်ခဲ့ကြကြောင်းလည်း အေပီသတင်းဌာနက မတ်လ ၂၇ ရက်တွင် ရေးသားထားသည်။

### နိုင်ငံတကာ၏ စိုးရိမ်ချက်များ အမေရိကန်သံရုံးမှ ကြေညာချက်

အမေရိကန်နိုင်ငံသား/သူ အနည်းဆုံး သုံးဦးပါဝင်သည့် နိုင်ငံတကာအကူအညီပေးရေး ဝန်ထမ်းများကို ဘေးလွတ်ရာသို့ အရေးပေါ်ပြောင်းရွှေ့ပေးခဲ့ရပြီး အကူအညီပေးရေးအဖွဲ့များ၏ ရုံးများနှင့် အကာကွယ်မဲ့နေသူများကို ကာကွယ်နိုင်သည့် လုံခြုံရေး အင်အားနည်းပါးခြင်းတို့ကြောင့် အမေရိကန်အနေနှင့် စိုးရိမ်ပူပန်ဆဲဖြစ်သည်ဟု သံရုံးက ထုတ်ပြန်လိုက်သည်။

### ဗြိတိသျှသံရုံးမှ ကြေညာချက်

ဗြိတိသျှသံရုံးအနေနှင့်လည်း ရခိုင်ပြည်နယ်အစိုးရနှင့် ပြည်ထောင်စုအစိုးရများကို အကြမ်းဖက်မှုများနှင့် လူသားချင်းစာနာမှုဆိုင်ရာများအတွက် အကာအကွယ်များပြုလုပ်ပေးရန် အစောပိုင်းကတည်းက ပြောဆိုထားပြီးဖြစ်သည်ဟုဆိုသည်။

ထို့ပြင် ၎င်းတို့အနေနှင့် ဖြစ်ပေါ်နေသည့် ကိစ္စရပ်များကို အနီးကပ်စောင့်ကြည့်လျက်ရှိသည်ဟု ထုတ်ပြန်ချက်တွင် ထည့်သွင်းထားသည်။

### ကုလသမဂ္ဂမှ ကြေညာချက်

လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးမှုများ လျော့ကျလာခြင်းသည် အကူအညီပေးနေသည့် လူပုဂ္ဂိုလ်များအတွက် အပြုသဘောမဆောင်သည့် သက်ရောက်မှုမျိုး ဖြစ်လာစေနိုင်မည်ကို အထူးစိုးရိမ်မိသည်ဟု မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူသားချင်းစာနာမှုကိစ္စရပ်များ ညှိနှိုင်းဆောင်ရွက်ရေးအရာရှိ မစ္စတာ Toily Kurbanov က ထုတ်ပြန်လိုက်သည်။ ■

# ပညာရေးဥပဒေမူကြမ်းကို NNER ကန့်ကွက်

■ နန်းမြင့်
ရန်ကုန်၊ မတ် ၂၇

နိုင်ငံတော်သမ္မတရုံးက ဦးဆောင်သည့် လက်တွေ့ကျသော ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေး ကော်မတီ (EPIC)က ရေးဆွဲထားသော အမျိုးသားပညာရေးဥပဒေမူကြမ်းကို ပညာရေးစနစ်ပြုပြင်ပြောင်းလဲရေး နိုင်ငံလုံးဆိုင်ရာ ကွန်ရက် (NNER)က ဆန့်ကျင်ကန့်ကွက်သည်ဟု မတ် ၂၇ ရက်တွင် သဘောထား ထုတ်ပြန်ခဲ့သည်။

ယင်းသဘောထား ထုတ်ပြန်ချက်သည် နိုင်ငံပိုင် ကြေးမုံသတင်းစာတွင် မတ် ၁၆ ရက်နှင့် ၁၇ ရက်က ဖော်ပြထားသည့် အမျိုးသားပညာရေးမူကြမ်းကို ဆန့်ကျင်ကန့်ကွက်ခြင်းဖြစ်ကာ အဆိုပါသတင်းစာရှင်းလင်းပွဲကို အင်းစိန်မြို့နယ်၊ ခဝဲခြံ မျက်မမြင် ကျောင်းတွင် မတ် ၂၇ ရက်က ပြုလုပ်ခြင်းဖြစ်သည်။

NNER အဖွဲ့ဝင် ဒဂုံတက္ကသိုလ် ဆရာ/ဆရာမများသမဂ္ဂများဥက္ကဋ္ဌ ဒေါက်တာ အာကာမိုးသူက အမျိုးသားပညာရေး ဥပဒေကြမ်းနှင့်ပတ်သက်ပြီး "ပြည်သူတွေလိုလားတဲ့အချက်ကို အကောင်အထည်ဖော်ထားတာ မဟုတ်ဘူး။ လွှတ်တော်မှာလုပ်နေတာက မြေပြင်အခြေအနေနဲ့ တော်တော် ဝေးတယ်"ဟု ပြောသည်။

အမျိုးသားပညာရေး ဥပဒေမူကြမ်းတွင် ပါဝင်သော အချက်များအနက် NNER က အချက် ၁၃ ချက်ကို ကန့်ကွက်ထားပြီး အခန်း(၃) ပုဒ်မ ၄(ဇ) တွင် "တက္ကသိုလ်ဝင်ခွင့်ကို သင်ယူလိုသူ၏ အရည်အချင်းနှင့်ဆန္ဒကို အခြေခံပြီး ရွေးချယ်နိုင်ခွင့် ရှိသော စနစ်ကျင့်သုံးခြင်း"ဟု ဖော်ပြထားချက်သည် တက္ကသိုလ်ဝင်ခွင့်ကို အုပ်ချုပ်သူဘက်ကသာ ဆုံးဖြတ်မည်ဟူသည့် သဘော သက်ရောက်သည်ဟု NNER က ထုတ်ပြန်သည်။

NNER က အကြံပြုထားသည်မှာ ကျောင်းသားတစ်ဦးသည် အခြေခံပညာ ပြီးဆုံးအောင်မြင်ပါက မိမိနှစ်သက်ရာ ဘာသာရပ်နှင့် တက္ကသိုလ်ကို ရွေးချယ် လျှောက်ထားနိုင်ပြီး အဆိုပါတက္ကသိုလ်တွင် ဝင်ခွင့်မရပါက အခြားတက္ကသိုလ်တွင်တက်ရန် လျှောက်ခွင့်ရှိရမည်ဟု ပါဝင်သည်။

ယင်းအပြင် NNER က ကန့်ကွက်သော အချက်များတွင် ပညာရေးဝန်ထမ်းများကို ဗဟိုချုပ်ကိုင်သည့် စနစ်ရှိနေသေးခြင်း၊ သင်ရိုးညွှန်းတမ်းနှင့်ပတ်သက်ပြီး ဗဟိုချုပ်ကိုင်ထားခြင်း၊ မြန်မာဘာသာစကားကို သင်ယူမှုတွင် အဓိက အခြေပြုထားခြင်း၊ အစိုးရလိုအပ်ချက်နှင့်အညီ တက္ကသိုလ်၊ ကောလိပ်များကို ချုပ်ကိုင်မည်ဟု သဘောထား သက်ရောက်သော ပုဒ်မများ၊ တက္ကသိုလ်များ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ချုပ်ကိုင်လိုသည့်သဘောများ၊ သက်ရောက်သည့် ပုဒ်မများ အစရှိသည့် ပုဒ်မများကို ကန့်ကွက်သည်ဟု ဖော်ပြထားသည်။

NNER သည် ပြည်သူ့ဆန္ဒအပေါ် အခြေခံသော ပညာရေးမူဝါဒတစ်ရပ် ပေါ်လာရန်အတွက် ဆောင်ရွက်နေသော အဖွဲ့အစည်းတစ်ခုဖြစ်ပြီး ဒေသအသီးသီးတွင် ၂၀၁၂ ခုနှစ်အတွင်းက ဆွေးနွေးပွဲ အဆင့်ဆင့် ကျင်းပကာ ရရှိလာသော အကြံပြုချက်များကို စုစည်းအခြေခံ၍ ပညာရေးညီလာခံတစ်ရပ်က ပေါ်ထွက်လာသော ပညာရေးမူဝါဒကို လွှတ်တော်နှင့် အစိုးရအဖွဲ့ထံ ၂၀၁၃ ခုနှစ်ကတင်ပြခဲ့သည်။ ■

# 'ဝ' အဖွဲ့နှင့် အခြားအဖွဲ့အစည်းများ အပစ်ရပ်စာချုပ်ရေးဆွဲပွဲ တက်မည်

■ ဟသ်ာနီ (မွန်မြေ)
စံခလပူရီ၊ မတ် ၂၇

လာမည့် ဧပြီ ၅ ရက်နှင့် ၆ ရက်တွင် ရန်ကုန်မြို့၌ ကျင်းပမည့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးစာချုပ် ရေးဆွဲရန်အတွက် 'ဝ' ပြည် သွေးစည်း ညီညွတ်ရေးပါတီ (UWSA)၊ ရှမ်းပြည် ပြည်လည်ထူထောင်ရေး ကောင်စီ (RCSS/SSA)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF) တို့မှ ပါဝင်တက်ရောက်ကြမည် ဖြစ်သည်ဟု သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် မြန်မာ့ငြိမ်းချမ်းရေးဂေဟာ(MPC) တာဝန်ရှိသူများထံက သိရှိရသည်။

'ဝ' ပြည် သွေးစည်းညီညွတ်ရေးပါတီ ပြောရေးဆိုခွင့်ရှိသူ ဦးအောင်မြင့်က "သူတို့(အစိုးရ)ဘက်က တရားဝင် ဖိတ်မယ်ဆိုရင်တော့ တက်မှာပါ။ လောလောဆယ် ကျွန်တော်တို့ဆီကို တရားဝင် ဖိတ်စာ မရောက်လာသေးဘူးနဲ့ တူတယ်"ဟု မတ်လ ၂၇ ရက်တွင် မဇ္ဈိမကို ပြောသည်။

ထို့အတူ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ် တပ်ဦး ဥက္ကဋ္ဌ ရဲဘော်သံခဲကလည်း "ကျွန်တော်တို့ ကိုယ်စားလှယ်အဖွဲ့စေလွှတ်ပြီး တက်ရောက်မှာပါ"ဟု ပြောသည်။

ရှမ်းပြည် ပြန်လည်ထူထောင်ရေး ကောင်စီ(RCSS/SSA) ကလည်း တက်ရောက်မည်ဟု တရားဝင် အကြောင်းပြန်ထားပြီး ဖြစ်သည်ဟုလည်း မြန်မာ့ငြိမ်းချမ်းရေးဂေဟာမှ အကြီးတန်းအကြံပေးအရာရှိ ဦးလှမောင်ရွှေက မဇ္ဈိမကို မတ်လ ၂၇ ရက်တွင် ပြောသည်။

အစိုးရဘက်မှ စာချုပ်ရေးဆွဲရေး အဖွဲ့ဝင် ကိုးဦးတွင် တပ်မတော်သား ကိုယ်စားလှယ် သုံးဦး၊ လွှတ်တော် ကိုယ်စားလှယ် သုံးဦးနှင့် မြန်မာ့ငြိမ်းချမ်းရေးဂေဟာမှ ကိုယ်စားလှယ်သုံးဦးတို့ ပါဝင်မည်ဖြစ်ကာ ၎င်းအဖွဲ့ကို နိုင်ငံတော်သမ္မတရုံး ဝန်ကြီး ဦးအောင်မင်း ဦးဆောင်မည် ဖြစ်သည်။

တိုင်းရင်းသားများဘက်မှ စာချုပ်ရေးဆွဲရေး ကိုယ်စားလှယ်အဖွဲ့ကို ဖဒိုကွယ်ထူးဝင်းက အမြဲတမ်းဦးဆောင်သွားမည် ဖြစ်ကာ ပထမဆုံးအကြိမ် တွေ့ဆုံရာ၌ တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ် ရပ်စဲရေး ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့(NCCT) အဖွဲ့ ခေါင်းဆောင် နိုင်ဟံသာဦးဆောင်၍ တက်ရောက်မည် ဖြစ်ကြောင်း နိုင်ဟံသာက မတ်လ ၂၇ ရက်တွင် မဇ္ဈိမကို ပြောသည်။

"ကျွန်တော်တို့အဖွဲ့ရဲ့ စာချုပ်ရေးဆွဲရေး အမြဲတမ်း ဦးဆောင်သူကိုတော့ ဖဒိုကွယ်ထူးဝင်းကို ပေးထားတယ်၊ ဒီအခေါက်မှာတော့ ကျွန်တော်ပါတယ်၊ ဒါပေမဲ့ ကျွန်တော် အမြဲတမ်းတက်နိုင်မှာတော့ မဟုတ်ဘူး၊ ဒီတစ်ပတ်တော့ ကျွန်တော်တို့ NCCT အဖွဲ့ ၁၆ ဖွဲ့ထဲက ၁၄ ဖွဲ့လောက်သွားမယ်လို့ အကြမ်းဖျင်း အဲဒီလိုတော့ စီစဉ်ထားတယ်"ဟု နိုင်ဟံသာက မဇ္ဈိမကို ပြောသည်။

"ဆွဲမှာတော့ NCCT နဲ့ UPWC ကော်မတီတွေက ဦးဆောင်ဆွဲမှာပဲ၊ လက်မှတ်ထိုးရင်တော့ အားလုံးပါရမယ်၊ ဒါကြောင့် ဒီမှာမပါသေးတဲ့ အဖွဲ့ငါးဖွဲ့ကို ထပ်မံ ဖိတ်ကြားဖို့ တိုင်းရင်းသားတွေဘက်က သဘောတူတော့ အဲဒါကို အစိုးရက တာဝန်ယူပြီး ဖိတ်ကြားပေးတာပါ"ဟု ဦးလှမောင်ရွှေက မဇ္ဈိမကို ပြောသည်။

တစ်နိုင်ငံလုံး အတိုင်းအတာ အပစ်အခတ်ရပ်စဲရေးစာချုပ် ရေးဆွဲရန် အတွက် လာမည့် ဧပြီလ ၃ ရက်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ခေါင်းဆောင်များက ထိုင်းနိုင်ငံမှ ရန်ကုန်မြို့သို့ ထွက်ခွာမည်ဖြစ်ကာ ဧပြီလ ၅ ရက်နှင့် ၆ ရက်များတွင် နှစ်ရက်တာ အပစ်အခတ်ရပ်စဲရေးစာချုပ်အား ရေးဆွဲမည်ဖြစ်သည်။■



# ရှမ်းပြည်မြောက်ပိုင်း နမ့်ခမ်းမြို့တွင် ဒုက္ခသည် ၅၀၀ကျော် တိုးလာ

■ ကြယ်ပြာ
**ရန်ကုန်၊ မတ် ၂၇**

ရှမ်းပြည်နယ်မြောက်ပိုင်း ပလောင်ဒေသများတွင် အစိုးရနှင့် တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA)တို့ တိုက်ပွဲများ မကြာခဏဖြစ်ပွားနေခြင်းကြောင့် နမ့်ခမ်းမြို့နယ်ရှိ ဒုက္ခသည်စခန်းတွင် လူဦးရေ ၅၀၀ ကျော် တိုးလာကြောင်း တအာင်းအမျိုးသမီးအဖွဲ့အစည်း အထွေထွေအတွင်းရေးမှူး(၂) လိုည်းပိုးငယ်က မတ် ၂၇ရက်တွင် ပြောသည်။

ယင်းဒေသတွင်း မန်တုံ၊ ကွတ်ခိုင်၊ နမ္မတူ၊ တန့်ယန်းနှင့် နမ့်ခမ်းမြို့နယ်တို့တွင် ပလောင် ဒုက္ခသည်စခန်း ရှစ်ခုရှိရာတွင် နမ့်ခမ်းတွင် ဒုက္ခသည်အဝင်များလာသကဲ့သို့ ကျောက်မဲမြို့နယ်မှ ကျေးရွာများတွင် ဒုက္ခသည်များအဖြစ် ခိုလှုံနေရသူများ ပိုမိုများပြားသည်ဟုလည်း ၎င်းကဆိုသည်။

"တိုက်ပွဲတွေက မငြိမ်သေးတော့ ရွာတွေမှာရှိတဲ့ နောက်တိုး ဒုက္ခသည်တွေကိုတော့ ကျွန်မတို့ စာရင်းကောက်လို့ မရသေးပါဘူး။ ဒုက္ခသည်စခန်းတွေမှာတောင် စားစရာမလုံလောက်တာ ရွာတွေမှာ ခိုနေတဲ့ လူတွေအတွက် အရမ်းအခက်တွေ့နေပါတယ်" ဟု လိုည်းပိုးငယ်က ပြောသည်။

၂၀၁၂ ခုနှစ်နှင့် ၂၀၁၃ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သောတိုက်ပွဲများကြောင့် ပလောင်ဒေသတွင်းရှိ ဒုက္ခသည်စခန်းများတွင်ရှိသော အခြားတိုင်းရင်းသား ဒုက္ခသည်များမပါ ပလောင်ဒုက္ခသည်ပေါင်း ၄,၂၉၄ ကျော်ရှိသည်ဟု ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၂၅ရက်က ထုတ်ပြန်ခဲ့သော တအာင်းအမျိုးသမီးအဖွဲ့စည်း၏ "လျစ်လျူရှုခံ အကျပ်အတည်းများ" အစီရင်ခံစာတွင် ဖော်ပြထားသည်။

၂၀၁၃ခုနှစ် အောက်တိုဘာလက မန်တုံ၊ နမ့်ခမ်း၊ ကွတ်ခိုင်၊ တန့်ယန်း မြို့နယ်များမှ ရွှေ့ပြောင်းဒုက္ခသည်စခန်း ငါးခုတွင် တအာင်းအမျိုးသမီးအဖွဲ့က ကျောင်းနေအရွယ်ကလေးများစာရင်းကို ကောက်ယူခဲ့ရာ ကျောင်းနေအရွယ်ကလေး ၇၅၁ ဦးရှိသော်လည်း ၂၅၁ ဦးသာ ကျောင်းတက်နိုင်သည်ကို တွေ့ရှိခဲ့သည်။

ဒုက္ခသည်စခန်းများ စတင်ဖွင့်စဉ်က ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (World Food Program(WFP), Metta Foundation, World Concern, Maggin နှင့် Kachin Baptist Convention စသော ပြည်တွင်းပြည်ပမှ အင်ဂျီအိုများက ဆန်၊ နေရာထိုင်ခင်း၊ အမိုးအကာများ၊ အိမ်ထောင်စုသုံး အခြေခံပစ္စည်းများ၊ အညစ်ကြေးသန့်စင်သည့်ပစ္စည်းများကို ပေးခဲ့သော်လည်း အချိန်ကြာမြင့်လာသည့်နောက်ပိုင်းတွင် ပုံမှန်ထောက်ပံ့ခြင်းများ မရှိတော့ပေ။

> ဒုက္ခသည်တွေအနေနဲ့ အထောက်အပံ့မလုံလောက်တာ ဖြစ်လာတယ်၊ စိုက်ပျိုးရေးလုပ်ရမယ့်အစား စစ်ရှောင်တွေလုပ်ရတော့ စားဝတ်နေရေးက အဓိကပြဿနာဖြစ်လာတယ်

တအာင်းအမျိုးသားပါတီမှ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကလည်း "နှစ်နှစ်နီးပါးလောက် ကြာလာတော့ ဒုက္ခသည်တွေအနေနဲ့ အထောက်အပံ့မလုံလောက်တာ ဖြစ်လာတယ်၊ စိုက်ပျိုးရေးလုပ်ရမယ့်အစား စစ်ရှောင်တွေလုပ်ရတော့စားဝတ်နေရေးက အဓိကပြဿနာဖြစ်လာတယ်" ဟု မဖျိုမကိုပြောသည်။

ပလောင်ဒေသတွင် ၂၀၁၂ ခုနှစ်က မြို့နယ်နှစ်ခုတွင် ဒုက္ခသည်စခန်းနှစ်ခုရှိရာမှ ၂၀၁၃ ခုနှစ်တွင် စခန်း ကိုးခုအထိရှိလာခဲ့သော်လည်း တိုက်ပွဲများဖြစ်ပွားနေခြင်းအပြင် လမ်းပန်းဆက်သွယ်ရေး အခက်အခဲများရှိနေသောကြောင့် ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ ဝင်ရောက်လာနိုင်ရန် လွယ်ကူသောအနေအထားမဟုတ်ကြောင်း သိရသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် တအာင်း အမျိုးသားလွတ်မြောက်ရေးတပ်မတော်တို့ ၂၀၁၃ ခုနှစ် ဇူလိုင် ၃၁ ရက်က ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့တွင် ပထမဆုံးအကြိမ် တွေ့ဆုံဆွေးနွေးခဲ့ကြသော်လည်း ၂၀၁၄ ခုနှစ်အထိ ပဏာမအဆင့် အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်း မရှိသေးပေ။ ■



နေပြည်တော်တွင်ပြုလုပ်သည့် ၆၉ နှစ်မြောက် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်လာသော ဒေါ်အောင်ဆန်းစုကြည်ကို တွေ့ရစဉ်။ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က မိန့်ခွန်းပြောရာတွင် တိုင်းရင်းသားလက်နက်ကိုင်များနှင့် နိုင်ငံရေးဆွေးနွေးပွဲများပြုလုပ်ခြင်းထက် အပစ်အခတ်ရပ်စဲရေးကို ဦးစားပေးသင့်သည်ဟု ပြောသွားသည်။ ***(ဓာတ်ပုံ-ခင်မောင်ဝင်း)***

# အပစ်ရပ်ရေးထက် နိုင်ငံရေးဆွေးနွေးပွဲများ ဦးစားပေးပါက လက်နက်ကိုင်ပဋိပက္ခ . . .

**မျက်နှာဖုံးမှ . . .**

■ ဝင်းကိုကိုလတ်
**နေပြည်တော်၊ မတ် ၂၇**

ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်ရာတွင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို ဦးစွာမဆောင်ရွက်ဘဲ နိုင်ငံရေး ဆွေးနွေးပွဲများ ဆောင်ရွက်နေလျှင် သဘောထားမတိုက်ဆိုင်မှုများကြောင့် မလိုအပ်ဘဲ အချိန်ကြန့်ကြာနိုင်သလို ရရှိထားသည့် ညှိနှိုင်းသဘောတူညီမှုများပါ ပျက်ပြယ်သွားနိုင်ပြီး လက်နက်ကိုင်ပဋိပက္ခများသို့ ပြန်လည်ဦးတည်သွားနိုင်သည်ကို သတိထားရမည်ဟု တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မတ်လ ၂၇ ရက်တွင် ပြောကြားလိုက်သည်။

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်ရှိ တပ်မတော်စစ်ရေးပြကွင်း၌ကျင်းပသည့် ၆၉ နှစ်မြောက်၊ တပ်မတော်နေ့အခမ်းအနား မိန့်ခွန်းပြောကြားစဉ် ပြည်တွင်းငြိမ်းချမ်းရေးနှင့် ပတ်သက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

"လက်နက်ကိုင်ပဋိပက္ခတွေ ချုပ်ငြိမ်းဖို့ဆိုရင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေအတိုင်း အဆင့်ဆင့်လိုက်နာဆောင်ရွက်သွားဖို့ လိုအပ်သလို အရေးအကြီးဆုံးအချက်ကတော့ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးပဲဖြစ်တယ်" ဟု ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဆိုသည်။

ထို့ကြောင့် ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့အစည်းများဥပဒေနှင့်အညီ ဖြစ်စေရေးသည် အရေးကြီးသည့်အတွက် မဖြစ်မနေ အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဟု ၎င်းကပြောသည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်၏ မတ်လ ၂၆ ရက် ပြည်ထောင်စုလွှတ်တော်၌ ဟောပြောခဲ့သည့် မိန့်ခွန်းတွင် "မကြာခင်အချိန်မှာ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူလက်မှတ်ရေးထိုးကြဖို့အထိ အစိုးရနဲ့ လက်နက်ကိုင်တိုင်းရင်းသားခေါင်းဆောင်တွေအကြား သဘောတူညီချက်တွေ ရရှိထားပြီဖြစ်ပါတယ်။ နယ်မြေဒေသ မငြိမ်းချမ်းမှုရဲ့ အကျိုးဆက်အနေနဲ့ မူးယစ်ဆေးဝါးရောင်းဝယ်မှုတွေ၊ ဘိန်းစိုက်ပျိုးမှုတွေ၊ လူကုန်ကူးမှုတွေ ဖြစ်ပေါ်နေဆဲပဲဖြစ်ပါတယ်။ လူငယ်အချို့ အနာဂတ်ပျောက်နေဆဲ ဖြစ်ပါတယ်။ ဒီကနေ့ ဒီအချိန်မှာ ငြိမ်းချမ်းရေးကို အမှန်တကယ်ရယူနိုင်မယ့် အကောင်းဆုံးအချိန်ကို ကျွန်တော်တို့ ရောက်ရှိနေပါပြီ။ အနာဂတ်မျိုးဆက်သစ်တွေအတွက် အေးချမ်းတည်ငြိမ်ပြီး မျှော်လင့်ချက်ပြည့်ဝတဲ့ လူနေမှုဝန်းကျင်သစ်ကို ပူးပေါင်းဖော်ဆောင်ကြဖို့ တိုက်တွန်းအပ်ပါတယ်" ဟု ဆိုသည်။

တိုင်းရင်းသားရင်ကြားစေ့ရေး လုပ်ငန်းစဉ်များနှင့်ပတ်သက်ပြီး တပ်မတော်အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ပြည်ထောင်စုသားအားလုံးနှင့် တက်ညီလက်ညီ လက်တွဲကာ ဆောင်ရွက်သွားကြရမည်ဟုလည်း ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဆိုသည်။

ငြိမ်းချမ်းရေး ဖော်ဆောင်မှုများအပေါ် ကယန်းပြည်သစ်ပါတီမှ တွဲဖက်အတွင်းရေးမှူး ဗိုလ်မှူးကြီး စောလွင်က အပစ်အခတ်ရပ်စဲရေးနှင့် နိုင်ငံရေးဆွေးနွေးပွဲများကို သီးခြားမလုပ်စေချင်ကြောင်း သုံးသပ်ပြောဆိုသည်။

"အပစ်အခက်ရပ်ရေး အရင်လုပ်တယ်ဆိုရင်လည်း နိုင်ငံရေးပြဿနာကို ဘယ်လိုဖြေရှင်းမယ်၊ ဘယ်အချိန်မှာဖြေရှင်းမယ်ဆိုတာကို ထည့်သင့်ပါတယ်" ဟု ဆိုသည်။

ရခိုင်အမျိုးသားပါတီခေါင်းဆောင် ဦးအေးသာအောင်က အပစ်အခတ်ရပ်စဲရေးလုပ်ပါက နိုင်ငံရေးအရ သဘောတူညီချက်များထည့်သွင်းများ၊ ကြိုတင်ညှိနှိုင်းချက်များထည့်သွင်းပါက ကောင်းမွန်မည်ဟု အကြံပြုသည်။

"အပစ်ရပ်ပြီး သုံးလလောက်ဆို နိုင်ငံရေးဆွေးနွေးပွဲစလို့သင့်တော်မယ်ထင်ပါတယ်" ၎င်းက မှတ်ချက်ပြုသည်။ ■

## ယနေ့မိုးလေဝသခန့်မှန်းချက်

မတ်လ ၂၈ ရက် (သောကြာနေ့)
မိုးဇလမှကူးယူဖော်ပြသည်။

| တည်နေရာ | စင်တီဂရိတ် | မိုးလေဝသ |
|---|---|---|
| ကချင်ပြည်နယ် | ၃၀-၁၆ | |
| ရှမ်းပြည်နယ်(မြောက်ပိုင်း) | ၃၃-၁၂ | |
| ရှမ်းပြည်နယ် (အရှေ့ပိုင်း) | ၃၂-၁၄ | |

| တည်နေရာ | စင်တီဂရိတ် | မိုးလေဝသ |
|---|---|---|
| ရှမ်းပြည်နယ် (တောင်ပိုင်း) | ၂၉-၁၁ | |
| ချင်းပြည်နယ် | ၃၀-၁၂ | |
| စစ်ကိုင်းတိုင်း(အထက်ပိုင်း) | ၃၅-၁၈ | |
| စစ်ကိုင်းတိုင်း(အောက်ပိုင်း) | ၃၈-၂၁ | |
| မန္တလေးတိုင်း | ၃၇-၁၉ | |

| တည်နေရာ | စင်တီဂရိတ် | မိုးလေဝသ |
|---|---|---|
| နေပြည်တော် | ၃၉-၂၂ | |
| မကွေးတိုင်း | ၄၀-၂၁ | |
| ရခိုင်ပြည်နယ် | ၃၆-၂၁ | |
| ပဲခူးတိုင်း | ၃၉-၂၁ | |
| ရန်ကုန်တိုင်း | ၃၈-၂၁ | |

| တည်နေရာ | စင်တီဂရိတ် | မိုးလေဝသ |
|---|---|---|
| ဧရာဝတီတိုင်း | ၃၈-၂၁ | |
| ကယားပြည်နယ် | ၃၇-၁၇ | |
| ကရင်ပြည်နယ် | ၃၉-၂၀ | |
| မွန်ပြည်နယ် | ၃၇-၂၂ | |
| တနင်္သာရီတိုင်း | ၃၆-၂၃ | |

နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင် | နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင် | နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင် | တိမ်အသင့်အတင့်ဖြစ်ထွန်း | အများအားဖြင့်သာယာမည် | တိမ်ထူ၍ မိုးအုံ့မည် | တိမ်ထူထပ်မည်

# ရန်ကုန် မြို့ပတ်ရထားလမ်းတစ်လျှောက် တရားမဝင် ကားလမ်းကူးနေရာများ စည်းရိုးခတ်ရန် ကျပ်သန်း ၆၀၀ သုံးမည်

■ အေးမြင့်စန်း

**ရန်ကုန်၊ မတ် ၂၇**

ရန်ကုန် မြို့ပတ်ရထားလမ်းတစ်လျှောက်ရှိ တရားမဝင် ကားလမ်းကူးများကို အုတ်ခြံစည်းရိုးခတ်ရန်အတွက် ကျပ်သန်း ၆၀၀ အသုံးပြုသွားမည်ဖြစ်ပြီး လာမည့်ဘဏ္ဍာနှစ်တွင် စတင်ဆောင်ရွက်မည်ဖြစ်သည်ဟု မြန်မာ့မီးရထားလက်ထောက်အထွေထွေမန်နေဂျာ(မြို့ပြ) ဦးမောင်မောင်သန်းက မဇ္ဈိမကို မတ် ၂၇ တွင် ပြောသည်။

ဦးမောင်မောင်သန်းက "ဝန်ကြီးရုံးက ဘတ်ဂျက်မှာ အသုံးပြုဖို့ ခွင့်ပြုလိုက်ပြီ၊ ရထားလမ်းပတ်လည် လေးမိုင်ခွဲဧရိယာအတွင်း အကုန်လုံးကို အုတ်တံတိုင်းခတ်သွားမှာပါ" ဟု ပြောသည်။

မြို့ပတ်ရထားလမ်းတစ်လျှောက်တွင် တရားမဝင် ကွန်ကရစ်ကားလမ်းကူးများ ရှိနေသဖြင့် မြို့ပတ်ရထားစီး ခရီးသွားပြည်သူများကို မလိုလားအပ်သော ထိခိုက်ဒဏ်ရာရမှုများ၊ သေဆုံးမှုများဖြစ်ပေါ်နေသောကြောင့် ယင်းသို့ဆောင်ရွက်ခြင်းဖြစ်သည်ဟုလည်း ဦးမောင်မောင်သန်းက ဆိုသည်။

တရားမဝင်ကားလမ်းကူးများကို ပုရွက်ဆိတ်ကုန်း၊ ကံဘဲ့၊ တံတားလေးဘူတာ၊ မရမ်းကုန်း၊ သမိုင်းနှင့် အင်းစိန်ဘူတာများအပါအဝင် မြို့ပတ်မီးရထားလမ်း တစ်လျှောက်တွင် ဖျက်သွားမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်နေစဉ်တွင် မီးရထားရဲတပ်ဖွဲ့များနှင့် သက်ဆိုင်ရာမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးများနှင့် မြန်မာ့မီးရထားအဖွဲ့ဝင်များ ဆောင်ရွက်သွားမည်ဖြစ်သည်။

ယင်းသို့ အုတ်တံတိုင်းများခတ်ကာ ပိတ်သွားမည့်အပြင် မီးရထားပိုင်နယ်မြေဧရိယာအတိအကျကို မှတ်တမ်းတင်နိုင်ရန် စည်ပင်သာယာရေးအဖွဲ့များနှင့် ပူးပေါင်းကာ တိုင်းတာခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ဦးမောင်မောင်သန်းက "မီးရထားပိုင်မြေထဲမှာ လုံခြုံရေးအတွက် အုတ်တံတိုင်းနဲ့ပိတ်တဲ့အခါ လိုအပ်ရင် တရားမဝင် ကွန်ကရစ်ကားလမ်းကူးတွေကို ဖျက်ပစ်ရမှာဖြစ်ပါတယ်။ ရပ်ကွက်အုပ်ချုပ်ရေးမှူးတွေကို အသိပေးပြီး ဆောင်ရွက်သွားမှာပါ" ဟု ပြောသည်။

ရန်ကုန် မြို့ပတ်ရထားလမ်းဧရိယာ ၂၉ မိုင်အတွင်း၌ တရားဝင်ကားလမ်းကူး ၂၆ ခုနှင့် လူကူးခုံးကျော်တံတား ၂၂ ခုကို ခရီးသွားပြည်သူများအနေဖြင့် အသုံးပြုရန် မြန်မာ့မီးရထားက ကြေညာချက်ထုတ်ပြန်ထားသည်။

မြန်မာ့မီးရထားက လက်ထောက်အထွေထွေမန်နေဂျာ ဦးစံမြင့်(စက်မှု)က "ရထားဖြတ်လမ်းပေါ် တရားမဝင် ကားလမ်းကူးတွေကနေ ဆိုင်ကယ်တွေက လွတ်မယ်ထင်ပြီး ဖြတ်မောင်းတာတွေက အန္တရာယ်များတယ်။ ရထားဘရိတ်ဆိုတာကလဲ အချိန်မီမထိန်းနိုင်ရင် ကြိတ်မိသွားမှာပဲ" ဟု ပြောသည်။

ရန်ကုန်မြို့ပတ်လမ်းဧရိယာ အရှေ့ပိုင်းခရိုင်တွင် မင်္ဂလာတောင်ညွန့်၊ တာမွေ၊ ရန်ကင်း၊ မြောက်ဥက္ကလာပ၊ တောင်ဥက္ကလာပနှင့် အနောက်ပိုင်းခရိုင်တွင် ပန်းဘဲတန်း၊ လမ်းမတော်၊ ဒဂုံ၊ အလုံ၊ စမ်းချောင်း၊ ကြည့်မြင်တိုင်၊ လှိုင်၊ ကမာရွတ်၊ မရမ်းကုန်း၊ မြောက်ပိုင်းခရိုင်တွင် အင်းစိန်၊ မင်္ဂလာဒုံ အစရှိသည့် မြို့နယ် ၁၆ မြို့နယ် ပါဝင်သည်။ ■



*ရန်ကုန်မြို့ပတ်ရထားလမ်းနှင့် ကားလမ်းဖြတ်ကူးရာနေရာတစ်ခုကို တွေ့ရစဉ်။ ရန်ကုန်မြို့ပတ်ရထားလမ်းဖြတ် တရားဝင်ကားလမ်းကူး ၂၆ ခုရှိသည်။* ***(ဓာတ်ပုံ-ငြိမ်းသစ်ညီ)***

# ဟက်ကြီးရေကာတာအနီး ငလျင်ကြော အချိန်မရွေး လှုပ်ခတ်နိုင်ပြီး အာရှတွင် အကြီးဆုံး ငလျင်ဖြစ်လာနိုင်ဟုဆို

■ လပြည့်ဝန်း

**ရန်ကုန်၊ မတ် ၂၇**

ကရင်ပြည်နယ်၊ လှိုင်းဘွဲ့နှင့် ဖာပွန်မြို့နယ် နယ်နိမိတ်ထိစပ်သည့် သံလွင်မြစ်နံဘေးရှိ ဟက်ကြီးရေကာတာ စီမံကိန်းတည်ရှိရာနေရာအနီး ကျောက်ကြော-ဖာပွန် ငလျင်ကြောသည် အချိန်မရွေး လှုပ်ခတ်နိုင်သော ငလျင်ကြောဖြစ်နေပြီး လှုပ်ခတ်မည်ဆိုပါက အာရှတွင် အကြီးဆုံး ငလျင်ဖြစ်လာနိုင်သည်ဟု မြန်မာနိုင်ငံ ငလျင်ကော်မတီ အတွင်းရေးမှူး ဦးစိုးသူရထွန်းက မတ် ၂၇ တွင် ပြောသည်။

"အခုတည်ဆောက်မယ့် ဟက်ကြီးရေကာတာစီမံကိန်းက ဘယ်လောက်ထိ လေ့လာမယ်၊ ဘယ်သူတွေက လေ့လာမယ်ဆိုတာ ဘာတစ်ခုမှ မသိရဘူး။ လေ့လာမယ်ဆိုရင်လည်း ဒီနေရာက ငလျင် ဘယ်တုန်းကလှုပ်သွားတယ်ဆိုတာကိုပဲ ကြည့်ပြီးတော့ လုပ်ကြမှာဆိုတော့ ဒါက စိုးရိမ်စရာကိစ္စတစ်ခုဖြစ်နေတယ်" ဟု ပြောသည်။

အဆိုပါ ငလျင်ကြောသည် ၁၉၁၂ ခုနှစ်တွင် မြန်မာနိုင်ငံ၌ အကြီးဆုံးငလျင်အဖြစ် တစ်ကြိမ်သာလှုပ်ခတ်ခဲ့ပြီး ဟက်ကြီး ရေကာတာနှင့် ၁၅ မိုင်ခန့်အကွာတွင် တည်ရှိသည်။ ၎င်းငလျင်ကြောသည် အနိမ့်ဆုံး ရစ်ချက်စတာ စကေး ခုနစ်မှစ၍ အချိန်မရွေးလှုပ်ခတ်နိုင်သည့် အလားအလာရှိနေသည်ဟု ၎င်းကဆိုသည်။

ဟက်ကြီးရေကာတာ တည်ဆောက်မည့် နေရာပတ်ဝန်းကျင်သည် DKBA တပ်မဟာ-၅၊ တပ်မဟာ-၇ နယ်မြေအတွင်း ဧရိယာများပါဝင်ပြီး စီမံကိန်းသည် သံလွင်မြစ်ကြောင်းတစ်လျှောက် (မြန်မာနိုင်ငံအတွင်း)ရှိ ရေကာတာစီမံကိန်းများတွင် မြစ်အောက်ပိုင်းရှိ နောက်ဆုံးရေကာတာ စီမံကိန်းဖြစ်သည်။ စီမံကိန်းကို ထိုင်းအစိုးရပိုင် The Electricity Generating Authority of Thailand (EGAT)၊ တရုတ်ပိုင် Sino-hydro Corporation နှင့် မြန်မာနိုင်ငံ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့က ပူးပေါင်းတည်ဆောက်မည်ဖြစ်ပြီး ၂၀၀၆ ခုနှစ် လက်မှတ်ရေးထိုးခဲ့သည်။

"ရေကာတာ တည်ဆောက်မယ်ဆိုရင် တစ်နေရာထဲမှာ ရေ weight က ပိနေမှာဆိုတော့ မြေလွှာတွေကြားထဲမှာ ပွတ်တိုက်မှုတွေဖြစ်လာပြီး ငလျင်လှုပ်ခတ်နိုင်ခြေတွေ ပိုများလာမယ်။ ငလျင်လှိုင်းကြောင့် ကွန်ကရစ်တွေ ပြိုလာနိုင်မယ်။ သံလွင်မြစ်ပေါ်မှာတည်ဆောက်မယ့် ရေကာတာတွေနဲ့ ပတ်သက်ပြီးတော့ လုံးဝရပ်တန့်ဖို့ campaign တွေ လုပ်ဆောင်သွားဖို့ရှိတယ်" ဟု Karen River Watch က ကိုစောသာဘိုးက မဇ္ဈိမကိုပြောသည်။

> ငလျင်လှုပ်ခတ်နိုင်ခြေတွေ ပိုများလာမယ်။ ငလျင်လှိုင်းကြောင့် ကွန်ကရစ်တွေ ပြိုလာနိုင်မယ်။

ရေကာတာသည် ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် သံလွင်မြစ်နှင့် သောင်းရင်းမြစ်ဆုံ၏ အောက်ဘက် ၂၉ မိုင်အကွာတွင် တည်ရှိသည်။ စီမံကိန်းမှရရှိလာမည့် လျှပ်စစ်ဓာတ်အား ၁,၃၆၀ မဂ္ဂါဝပ်အားလုံးမှ ၁၀ ရာခိုင်နှုန်းသည် မြန်မာပြည်အတွက်ဖြစ်ပြီး ကျန်ရှိသောဓာတ်အားများကို ထိုင်းနှင့်တရုတ်သို့ ရောင်းချမည်ဖြစ်သည်။ ■

# ထိုင်းထံမှ မြန်မာ ရေဝယ်သုံးနေရ

■ Dawei Watch

**ကော့သောင်း၊ မတ် ၂၇**

မြန်မာနိုင်ငံတောင်ပိုင်း ကော့သောင်းခရိုင်၊ ခမောက်ကြီးမြို့နယ်ပိုင် ဆိတ်ဖူးကျေးရွာတွင် မတ်လ ပထမပတ်မှစ၍ ရေတွင်းများ ရေခမ်းခြောက်လာမှုကြောင့် ထိုင်းနိုင်ငံ ကရပူရီမြို့နယ်မှတစ်ဆင့် သောက်ရေသုံးရေများ စက်လှေဖြင့် သွားရောက်ဝယ်ယူအသုံးပြုနေရကြောင်း ဆိတ်ဖူးကျေးရွာသားများက ပြောကြားသည်။

ပုံမှန်အားဖြင့်သောက်ရေကိုသာ ထိုင်းမှ ဝယ်ယူအသုံးပြုသော်လည်း ယခုနှစ်နွေတွင် ရာသီဥတုပူပြင်းပြီး ကျေးရွာအတွင်းနှင့် အနီးဝန်းကျင်ရှိ ရေတွင်း ၂၀ စလုံး ခမ်းခြောက်သွားသဖြင့် သုံးစွဲသည့်ရေကိုပါ ဝယ်ယူအသုံးပြုနေရကြောင်း ယင်းကျေးရွာသားများက ပြောသည်။

"ရေဝယ်သူများလာရင် ထိုင်းမှာလည်း ရေပြတ်တာကြောင့် ရေကို လိုသလောက် မရောင်းတော့တဲ့အခါမျိုးမှာ ရေအခက်အခဲ နှစ်တိုင်း ကြုံရတယ်။ ဒီနှစ်တော့ အရင်နှစ်တွေကထက် ပိုပြီးဒုက္ခရောက်တယ်" ဟု ဆိတ်ဖူးကျေးရွာမှ ဦးဝင်းမြင့်က ပြောသည်။

ပင်လယ်ကမ်းစပ်နှင့် နီးသောရွာများတွင် ရေအခက်အခဲပိုဖြစ်ပြီး ရွာအနီးတောင်ပေါ်တွင် လုပ်ငန်းရှင်သုံးဦး ပေးဝေနေသော ရေတွင်းများသည်လည်း ခမ်းခြောက်နေကြောင်း ယင်းရွာမှ ဦးအောင်ထွေးကဆိုသည်။

"ရေအတွက် ထိုင်းကို အားမကိုးချင်ဘူး။ အစိုးရက တစ်ခုခုဖြေရှင်းပေးစေချင်တယ်" ဟု ရွာသားတစ်ဦးကဆိုသည်။

ဆိတ်ဖူးကျေးရွာတွင် အိမ်ထောင်စု ၂၄၈ စုနှင့် လူဦးရေ ၁,၃၄၂ ဦး နေထိုင်ကြောင်း ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ထံမှ သိရသည်။ ■



mizzima Daily
www.mizzima.com,
www.mizzimaburmese.com,
www.mzineplus.com

**အမှုဆောင်အရာရှိချုပ်** ဆန်နီဆွေ
**အထွေထွေမန်နေဂျာ** ဝေလင်း
**အယ်ဒီတာချုပ်** စိုးမြင့်
**တာဝန်ခံအယ်ဒီတာ (အင်္ဂလိပ်)** ဂျက်ဖရီဂေါ့ဒတ်
**တာဝန်ခံအယ်ဒီတာ (မြန်မာ)** မျိုးသန့်
**ရုပ်သံတာဝန်ခံ** ရဲမင်း
**အတိုင်ပင်ခံအယ်ဒီတာ (ကျား/မရေးရာနှင့် မတူကွဲပြားမှု)** သင်းသင်းအောင်
**အတိုင်ပင်ခံ အယ်ဒီတာ** ဂျူလီယန် ဂဲရင်း
ခရစ္စတိုဖာ ရှီရား
**အယ်ဒီတာများ** မြင့်စိုး၊ ကိုကိုအောင်၊
လင်းကိုကိုထက်၊ ငြိမ်းဝေ၊ ဖြူဖြူဇင်၊ တင်ဇာအောင်၊ တည်ကြည်အေး၊ ဝေမာသိမ့်၊ သဲနှင်းအေး၊ စုမြတ်ဝေ၊ ဝင်းကိုကိုလတ်၊ နီနီမြင့်၊ မြတ်ကျော်သူ၊ ဘုန်းနေလ၊ ဉာဏ်လှိုင်လင်း၊ သီဂီထွန်း
**စာတပ်ပုံအယ်ဒီတာ** ဟောင်ဆာ(ရာမည)
**လက်ထောက်အယ်ဒီတာများ** ရဲရင့်ငွေ၊ ဇေယျာဖြိုး
**သတင်းထောက်များ**
ထင်လင်းအောင်၊ နန်းမြင့်သင်းသင်းဟိန်း၊ ဇော်ဇော်ထွေး၊ ပန်းမြတ်ဇော်၊ မင်းမင်း၊ ကေဇင်ဦး၊ သီဟကိုကို ၊ စ,ချိုကိုကို၊ ယုဝေ၊ နန်းလွင်နှင်းပွင့်၊ အေးမြင့်စန်း၊ ဖိုးစိုးသူ၊ သီဟဇော်၊ ချစ်ကိုကို၊ မိုးသူ၊ ကြယ်ပြာ၊ ခင်မြတ်မြတ်ဝေ၊ ဖနိဒါ၊ ကိုကိုကြီး၊ ဟိန်းကိုစိုး၊ ရွှေရည်ဝင်းထက်၊ အေးအေးကျော်၊ မေနှင်းကြည်
**နယ်သတင်းထောက်များ**
ကွန်းချမ်း၊ ဟသ်ာနီ(မွန်မြေ)၊ ရေခဲ(ပြည်)၊ ဂျွန်ချစ်ငြိမ်း၊ တိုးကြီး(မုံရွာ) ၊ ဝိုင်းအောင်
**သုတေသနနှင့်ဖွံ့ဖြိုးရေး၊ဥပဒေအကြံပေး** ဦးသန်းထိုက်
**ဘာသာပြန်** ဦးကိုကို (ဌာနမှူး)
ဗိုလ်မှူးကြီးလှမိုး(ငြိမ်း)၊ ဦးတင်ဦး(ကျူရှင်)၊ ကောင်းကင်ကို၊ ညိုထွန်း၊ အောင်မင်း၊ ဆုလာဘ်ရတနာ၊ ခိုင်ခိုင်ဝင်း၊ စောရည်မွန်၊ ဖြိုးဝင်းကိုကို
**ဓာတ်ပုံ** ရန်နောင်ဘို
ဟိန်းထက်ငွေဝင်း၊ ငြိမ်သစ်ညီ
**ရုပ်သံသတင်းထောက်** အောင်သူရ
**ရုပ်သံကင်မရာ** စည်သူအောင်
**ရုပ်သံအထူးပြုလုပ်ချက်** နေလင်းထက်
**စာပြင်ဆရာ** လေပြေသုန်၊ ဖြိုးဝေလင်း
**ထုတ်လုပ်ရေးမန်နေဂျာ** အောင်ကျော်ဦး
**အကြီးတန်းစာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း** ထွန်းမင်းစိုး
**စာမျက်နှာဖွဲ့စည်းမှုအဖွဲ့** ကျော်ကျော်ထွန်း
ကျော်ဇင်ဦး၊ နိုင်နိုင်အေး၊ဝါဝါလွင်၊ မြသန္တာ၊ မဟော်၊ ကျော်လင်းဦး
**ဈေးကွက်နှင့် ကြော်ငြာအရောင်းဒါရိုက်တာ** ခင်သန္တာငွေ
**ဈေးကွက်နှင့် ကြော်ငြာအရောင်းမန်နေဂျာ** ပြည့်ဖြိုးအောင်၊ မျိုးသီတာ
**ဈေးကွက်နှင့် ကြော်ငြာအရောင်းလက်ထောက်** အိခိုင်ဇာ၊ ဟန်သီအောင်၊ ဇင်မျိုးအေး၊ လူအေးချမ်း
**ဖြန့်ချိရေး မန်နေဂျာ** ရဲလင်းငွေ
**ဝန်ထမ်းရေးရာဌာနမန်နေဂျာ** နန်းမေစီကျော်
**အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုမန်နေဂျာများ** အဟောင်း
စောရွှေလင်း
**ပုံနှိပ်ဌာနမှူး** ငွေမောင်
**ငွေစာရင်းအရာရှိ** သဇင်နီ
**စာရင်းကိုင်** ကေသွယ်အောင်၊ ပပထွန်း
**ပြင်ပဆက်သွယ်ရေး** ဖူးပွင့်ဝေ
**နေပြည်တော် ရုံးခွဲတာဝန်ခံ** စိုးသန်းလင်း
**သတင်းထောက်များ** မြတ်သူရဦး၊ အောင်သူရထွန်း
**မန္တလေး ရုံးခွဲတာဝန်ခံ** ရွှေစင်ခိုင်
**သတင်းထောက်များ** အောင်ကိုဦး၊ ဖြိုး၊ မျိုးသန့်
**စီမံ/ဝန်ထမ်းရေးရာမန်နေဂျာ** သွေးသွေးတင်
**ဈေးကွက်နှင့်ကြော်ငြာအရောင်းလက်ထောက်** သက်ဝါဝါဆွေ
**ဖြန့်ချိရေးတာဝန်ခံ (မန္တလေး)** ရဲထွန်းနိုင်
**ထုတ်ဝေသူ** ဦးမြတ်ဆွေ
(ယာယီမှတ်ပုံတင်အမှတ် ၂၁၅၃)
**ပုံနှိပ်သူ** ဒေါ်စုစုစိုးညွန့်(မှတ်ပုံတင်အမှတ်-၁၂၂၃၁)
7 Day ပုံနှိပ်တိုက်၊ အမှတ်-၂၈၉/၂၉၁၊ စက်မှုဇုန်လမ်းမကြီးနှင့် မကွေးလမ်းထောင့်၊ စက်မှုဇုန်(၁)၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်။
**ဆက်သွယ်ရန် - မဇ္ဈိမ မီဒီယာ ဂရု(ပ်)**
အခန်းအမှတ် ၄၀၇ ၊ ၄လွှာ၊ ပုလဲ ကွန်ဒို၊ (စီ)ဆောင် ကမ္ဘာအေးစေတီလမ်း၊ ဗဟန်းမြို့နယ်။ ရန်ကုန် ၁၁၂၀၁၊ မြန်မာ။
အီးမေးလ် mizzima@mizzima.com
ဈေးကွက်နှင့် ကြော်ငြာအရောင်းဌာန
adsales@mizzima.com
မိုဘိုင်းလ် + ၉၅- ၉ ၄၂၁၀၁၀ ၁၁၁၊ ဖုန်း + ၉၅-၁- ၅၅၈၆၇၅
**မန္တလေးရုံးခွဲ –** အမှတ်(၂၇၃)၊ ၇၆ လမ်း၊ ၃၂လမ်း နှင့် ၃၃ လမ်းကြား၊ မောရဂီဝါရပ်၊ ချမ်းအေးသာစံ၊ မန္တလေးမြို့။ ဖုန်း - ၀၂-၃၆၈၃၅
**နေပြည်တော်ရုံးခွဲ –** အမှတ်(ပ/၇၀)၊ သပြေကုန်းပွဲရုံတန်း၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်။ ဖုန်း - ၀၆၇-၄၃၂၀၅၅

# SNDP လွှတ်တော်ကိုယ်စားလှယ်သုံးဦးအပါအဝင် အဖွဲ့ဝင်တစ်ထောင်ကျော်ပါ နုတ်ထွက်ဟုဆို

■ ဂျွန်ချစ်ငြိမ်း
**တောင်ကြီး၊ မတ် ၂၇**

ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (SNDP)၏ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်သုံးဦးသည် ပါတီဝင်အဖြစ်မှ နုတ်ထွက်လိုက်ပြီဖြစ်ကြောင်း ကာယကံရှင်သုံးဦးက မတ်လ ၂၇ရက် နံနက်ပိုင်းတွင် ထုတ်ဖော်ပြောဆိုလိုက်သည်။

ရှမ်းပြည်နယ် အရှေ့ပိုင်းမိုင်းတုံ မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝင်းမြတ်ဦး၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ မိုင်းရယ် မဲဆန္ဒနယ်၊ အမှတ်(၁)မှ ဦးစိုင်းစံဖေနှင့် ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲ မဲဆန္ဒနယ် အမှတ်(၁)မှ ဦးစိုင်းသန်းမောင်တို့ဖြစ်ပြီး ၎င်းတို့ပါတီမှ နုတ်ထွက်ရသည့်အကြောင်းရင်းနှင့် ပတ်သက်ပြီး တောင်ကြီးမြို့ရှိ ကလပ်စစ်စ်စားသောက်ဆိုင်တွင် မီဒီယာတွေ့ဆုံပွဲပြုလုပ်ခြင်းဖြစ်သည်ဟု ဆိုသည်။

"ကျွန်တော်တို့ ရှမ်းအရှေ့ပိုင်းမှာ မတ်လဆန်းက ရှမ်းရှေ့ပိုင်းခေါင်းဆောင်က ဥက္ကဋ္ဌ ညွှန်ကြားချက်နဲ့ မြို့နယ်ရုံးခွဲလာဖွင့်တယ်။ မြို့နယ်အမှုဆောင်၂၁ဦးလုံးကိုအသိမပေးဘဲ ဖွင့်သွားတဲ့အတွက် မလိုအပ်တော့ဘူးလို့ ယူဆရတဲ့အတွက် နုတ်ထွက်ရခြင်းဖြစ်တယ်"ဟု ဦးစိုင်းဝင်းမြတ်ဦးက မဇ္ဈိမကို ပြောသည်။

၎င်းနှင့်အတူ မိုင်းတုံမြို့နယ်၊ အလုပ်



SNDPမှ နုတ်ထွက်သွားသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်သုံးဦး။

အမှုဆောင် အဖွဲ့၂၁ဦးရှိသည့် အနက် ၁၄ ဦးက နုတ်ထွက်စာတင်ပြီး အခြားပါတီဝင် တစ်ထောင်ကျော်ပါ နုတ်ထွက်လိုက်ပြီဖြစ်သည်ဟု ဦးစိုင်းဝင်းမြတ်ဦးက ပြောဆိုသည်။

ရှမ်းပြည်နယ် မြောက်ပိုင်း မိုင်းရယ် မဲဆန္ဒနယ် အမှတ်(၁)မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစံဖေက "SNDPပါတီရဲ့ ၁၄ယူနစ်ကို အခြေခံထားတဲ့ သဘောထားဟာ ကျွန်တော်တို့ မျှော်မှန်းထားတဲ့ ဖက်ဒရယ်ပင်လုံစာချုပ် (၈)ပြည်နယ်မူနဲ့ ဆန့်ကျင်နေတဲ့အတွက် အလုပ်အမှုဆောင်အဖွဲ့ကို ဖျက်သိမ်းပြီး ပါတီဆိုင်းဘုတ်လည်း ဖြုတ်ချလိုက်ပြီး နုတ်ထွက်ခြင်းဖြစ်တယ်"ဟု ဆိုသည်။

"ကျွန်တော့်အနေနဲ့ မိခင်ပါတီ တစ်ခုဖြစ်တဲ့ ကျားခေါင်းပါတီ SNLDကို ပြန်လည်ဝင်ရောက်ပြီး လက်တွဲဆောင်ရွက်သွားမှာဖြစ်တယ်"ဟု ၎င်းက ဆက်ပြောသည်။ ရှမ်းပြည်နယ် မြောက်ပိုင်း ကျောက်မဲ မဲဆန္ဒနယ် အမှတ်(၁)မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသန်းမောင်က ၂၀၁၀ ရွေးကောက်ပွဲကာလတွင် SNDPအတွက် အောင်မြင်နိုင်ရန် ဦးဆောင်ပေးခဲ့သော်လည်း ယခုနောက်ပိုင်းတွင် SNDP ဥက္ကဋ္ဌက တက္ကသိုလ်ဝင်တန်း မအောင်မြင်သူများ ၂၀၁၅ ရွေးကောက်ပွဲတွင် လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးချယ်နိုင် ဝင်ရောက်ယှဉ်ပြိုင်ရန်ခွင့်မပြုဘဲ တက္ကသိုလ်ဘွဲ့ရမှုဆိုသည့် အဟန့်အတားဖြစ်နေသည့်အတွက် နုတ်ထွက်လိုက်ခြင်းဖြစ်သည်ဟု ၎င်းက ရှင်းလင်းပြောဆိုသည်။

ယခုကဲ့သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ပါတီမှနုတ်ထွက်လိုက်ခြင်းသည် ပထမဆုံးအကြိမ်ဖြစ်ပြီး နုတ်ထွက်ခဲ့သည့် မတ်လ ၂၆ ရက်တွင် ပြည်နယ်ရွေးကောက်ပွဲ ကော်မရှင်ကို အကြောင်းကြားစာပေးပို့ပြီးဖြစ်သည်ဟု ၎င်းတို့သုံးဦးက ရှင်းလင်းပြောကြားသည်။

SNDPပါတီဝင်အဖြစ်မှ နုတ်ထွက်ရခြင်းနှင့်ပတ်သက်ပြီး နုတ်ထွက်သူ လွှတ်တော်ကိုယ်စားလှယ်သုံးဦး၏ဘုံသဘောတူညီချက်ဖြစ်သည့် အဓိကအကြောင်းရင်းတစ်ခုမှာ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် (SNLD)နှင့် ပူးပေါင်းဆောင်ရွက်သွားရန် ဖိအားပေးခြင်းလည်း ဖြစ်သည်ဟု ဆိုသည်။

နုတ်ထွက်လိုက်သည့် လွှတ်တော်ကိုယ်စားလှယ်များသည် SNLD ပါတီနှင့် ပူးပေါင်းဆောင်ရွက်သွားရန် ဆန္ဒရှိပြီး မိမိတို့ဒေသခံတိုင်းရင်းသားများ၏ အကျိုးအတွက် SNLDကို ဦးစားပေးကူညီသွားမည်ဟုလည်း ၎င်းတို့က သတင်းစာရှင်းလင်းပွဲတွင် ပြောဆိုသည်။

SNDP (ကျားဖြူ)ပါတီ၏ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်သုံးဦး ပါတီမှ နုတ်ထွက်မှုနှင့် ပတ်သက်ပြီး အဆိုပါပါတီ၏ သဘောထားမှတ်ချက် သိရှိနိုင်ရန် ပါတီဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်၊ သတ္တုနှင့် သစ်တောရေးရာဝန်ကြီးထံ ဖုန်းဖြင့်ဆက်သွယ်မေးမြန်းသော်လည်း ဆက်သွယ်၍ မရရှိခဲ့ပေ။ ■

# လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီတွင် လယ်ယာမြေသိမ်းဆည်းထားသူများ ပါဝင်နေ

■ စည်သူမောင်မောင်
**ပုသိမ်၊ မတ်လ ၂၆**

ကျေးရွာလယ်ယာမြေစီမံခန့်ခွဲမှုကော်မတီများတွင် လယ်သိမ်းသူများ ပါဝင်နေသည့်အတွက် ၎င်းတို့ကို အဆိုပါကော်မတီအဖွဲ့မှ ဖယ်ရှားပေးရန် အပါအဝင် အချက်(၇)ချက်ပါ ကြေညာချက်တစ်စောင်ဖြင့် ဧရာဝတီတိုင်းအတွင်းရှိ တောင်သူလယ်သမားများဖြင့် ဖွဲ့စည်းထားသည့် "ပေါင်းစုအင်အား ဧရာဝတီသား" အင်အားစုအဖွဲ့က မတ်လ ၂၅ရက်တွင် ထုတ်ပြန်တောင်းဆိုသည်။

ဧရာဝတီတိုင်းရှိ လယ်ယာမြေသိမ်းဆည်းခံတောင်သူလယ်သမားများက ပုသိမ်မြို့၊ ပြည်ထောင်စုကွင်းတွင် တွေ့ဆုံကာ လယ်ယာမြေများနှင့်ပတ်သက်သည့် အငြင်းပွားပြဿနာများအရေး ညှိနှိုင်းဆွေးနွေးအပြီးတွင် ယင်းကဲ့သို့ ကြေညာချက်ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။

"ဧရာဝတီတိုင်းအတွင်းမှာတော့ လယ်သမားတွေ အခွင့်အရေးတွေ ဆုံးရှုံးနေတယ်။ ကျေးရွာလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့တွေမှာ လယ်သိမ်းထားသူတွေ ပါဝင်နေတော့ လယ်သမားတွေ လယ်မြေကို ပြန်ရဖို့ဆိုမဖြစ်နိုင်သလိုဖြစ်နေတယ်။ ဧရာဝတီက လယ်တွေ ပြန်ပေးပေမယ့် အခုထိမူလ လက်ငုပ်ဆီ မရောက်ဘူး။ လယ်ယာမြေကိစ္စတွေ ဖြေရှင်းဆောင်ရွက်မှုတွေမှာ နစ်နာဆုံးရှုံးသူတွေကို အရှုံးပေးပြီး ဥပဒေမဲ့ဆုံးဖြတ်ချက်တွေ ချနေတယ်"ဟု ဧရာဝတီတိုင်းလယ်သမားအရေးကို ဆောင်ရွက်နေသူ ဦးထွန်းထွန်းဦးက ဆိုသည်။

လယ်ယာမြေစီမံခန့်ခွဲမှုများတွင် လယ်သမားကိုယ်စားလှယ်များ အချိုးကျပါဝင်ခွင့်ရရန်နှင့် လက်ရှိတွင် ကော်မတီအတွင်း လယ်သမားကိုယ်စားလှယ်တစ်ဦးသာ ပါဝင်ခွင့်ရသည့်အတွက် နစ်နာမှုများရှိနေကြောင်း၊ ယခုနှစ် လယ်စိုက်ပျိုးချိန်မီဖြေရှင်းပေးစေလိုကြောင်း တောင်းဆိုခဲ့သည်။

"ဧရာဝတီတိုင်းတစ်တိုင်းလုံး လယ်သမားတွေ ခံစားနေတာကို သိချင်ယောင်ဆောင်နေတာလား။ ပြည်သူတွေ ပြည်သူတွေဆိုပြီး ငါယူမယ်၊ ငါယူမယ် ဆိုပြီးလုပ်နေတယ်။ ဧရာဝတီတိုင်းအတွင်း ဧရာရွှေဝါက မနှစ်က ပြန်ပေးထားတဲ့အခုထိ သမီးတို့ မရသေးဘူး။ မြို့နယ်အုပ်ချုပ်ရေးမှူးက သူပေးချင် သလောက်ပေးသလိုဖြစ်နေတယ်"ဟု လယ်သမားအစည်းအဝေးပွဲတွင် ဝိတ်သာညောင်ချောင်းမှ လယ်သိမ်းခံရသူ ဒေါ်ဆွေဆွေအောင်က ပြောသည်။

ဧရာဝတီတိုင်းအတွင်း ပုသိမ် ကန်ကြီးထောင့်၊ ငပုတော၊ ပန်းတနော်မြို့နယ်များမှတောင်သူလယ်သမားကိုယ်စားလှယ်များသည် ပုသိမ်ပြည်ထောင်စုကွင်း လယ်သမားအစည်းအဝေးပွဲ ပြုလုပ်ကာ တက်ရောက်သူလယ်သမားကိုယ်စားလှယ်များက "ပေါင်းစုအင်အား ဧရာဝတီသား" လယ်သမားအင်အားစုဖြစ်ဖွဲ့စည်းပြီး တောင်းဆိုချက်(၇)ချက်ပါ ကြေညာချက်ကို ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။

ဧရာဝတီတိုင်းရှိ သိမ်းဆည်းခံ လယ်ယာမြေများ ပြန်လည်ရရှိရန် တောင်းဆိုမှုများနှင့် တောင်သူလယ်သမား မိုးရာသီစိုက်ပျိုးကာလထွန်တုံးတိုက်ပွဲများကြောင့် ပုဒ်မ(၄၄၇)၊ ပုဒ်မ (၄၂၇) များဖြင့် တရားစွဲခံရသည့်အပြင် သာပေါင်းမြို့နယ်ရဲစခန်းတွင်လည်း ဂုံမင်းမှ တောင်သူ၂၆ဦးသည်လည်း ပုဒ်မ(၃၇၉) ဖြင့်အမှုဖွင့်ခံထားရသည်ဟု လယ်သမားကိုယ်စားလှယ်များက ပြောကြားသည်။■

# ကြက်သေဆုံးမှုမြင့်မား၊ ပုသိမ်ကြက်ခြံများ အခက်တွေ့

■ စည်သူမောင်မောင်
**ပုသိမ်၊ မတ်လ ၂၆**

ဧရာဝတီတိုင်း၊ ပုသိမ်မြို့ရှိ ကြက်မွေးမြူရေးခြံများတွင် ဖေဖော်ဝါရီ ဒုတိယပတ်မှစတင်ကာ ၆၀ရာခိုင်နှုန်းကျော် အသေအပျောက်ဖြစ်ပြီး၊ ကြက်ခြံလုပ်ငန်းရှင်များအနေဖြင့် ကြက်မွေးမြူရေး ထပ်မံရင်းနှီးမြှုပ်နှံရန် အခက်အခဲရှိကြောင်း ကြက်ခြံလုပ်ငန်းရှင်များက ပြောသည်။

"ဘာရောဂါလည်း မပြောနိုင်ဘူး။ တချို့ခြံတွေဆို ခြံလိုက်ကုန်သွားတယ်။ ဆောင်းအကုန်မှာ အအေးလွန်ကဲလို့ဖြစ်နေတာ။ တချို့ကြက်ပြန်တင်ဖို့ ရာသီဥတုကို စောင့်ကြည့်နေတယ်" ဟု ကြက်မွေးမြူရေးခြံပိုင်ရှင်တစ်ဦးဖြစ်သူ ဒေါ်တင်တင်အေး ပြောသည်။

မွေးမြူရေးအသားတိုးကြက်များသည် အပူပေးမွေးမြူရပြီး ၄၅ရက်ကြာမြင့်သည်။ "ဘာကြောင့်သေတယ်ဆိုတာ ဒီမှာတော့ စမ်းသပ်တာမျိုး မရှိဘူး။ တချို့ ကြက်အသေတွေကို ဈေးကွက်ပို့ပြီး ရောင်းကြတာရှိနေတယ်။ ဈေးကွက်ထဲဝင်တော့ ပိုပြန့်သွားသလိုဖြစ်တယ်"ဟု ကြက်မွေးမြူရေးလုပ်ငန်းရှင် ကိုထွဋ်ထွဋ်က ပြောသည်။ ■






## ANA flies you to Tokyo and USA daily.

From the country of Golden Land to the country of Rising Sun.
Enjoy our true Japanese Hospitality to Japan and 9 cities in North America.

**And it's all By Design.**

Summer schedule (from 30 March, 2014 to 25 October, 2014)

NH914 YANGON 21:45 Departure → TOKYO 6:50+1 Arrival
NH913 TOKYO 11:00 Departure → YANGON 15:40 Arrival

Contact your travel agent or ANA Yangon Office **01 255 412/413**

**anaskyweb.com**

ANA Inspiration of JAPAN

A STAR ALLIANCE MEMBER

mizzima Daily
မတ် ၂၈ ရက်၊ ၂၀၁၄ (သောကြာနေ့)

# အာဆီယံတွင် ဒုတိယအနိမ့်ကျဆုံးဖြစ်သည့် မြန်မာ့ပညာရေးစနစ် အမြန်ဆုံးပြုပြင်ရန်လိုအပ်

■ ဇာနည်အောင်
**ရန်ကုန်၊ မတ် ၂၇**

ဗဟိုစီမံကိန်းချ ပညာရေးစနစ်မှ ကျောင်းသားဗဟိုပြုပညာရေးစနစ်ဖြစ်လာမှသာ မြန်မာ့ပညာရေးအဆင့်အတန်း မြင့်မားလာနိုင်မည်ဟု Victorial University collage နာယက ဒေါက်တာနေဝင်းနိုင်က "ကြိုတင်ပြင်ဆင်-ပညာသင်" ခေါင်းစဉ်ဖြင့် မတ်လ ၂၆ ရက်က ကုန်သည်ကြီးများ ဟိုတယ်၌ပြုလုပ်သည့် ပညာရေးဆွေးနွေးပွဲတွင် ပြောကြားသည်။

"ကျောင်းသား၊ ကျောင်းသူအများစုဟာ မိမိဝါသနာပါတဲ့ ဘာသာရပ်ထက် လူများစု ရွေးချယ်သည့် ဘာသာရပ်ကိုပဲ အဓိကထား ရွေးချယ်ကြတယ်။ ဒါကလည်း ငယ်စဉ်ကတည်းက အညွန့်ကျိုးနေတဲ့ ပညာရေးစနစ်ကြောင့်ဖြစ်တယ်။ ဒါကြောင့် ကျောင်းသားဗဟိုပြု ပညာရေးစနစ်ဖြစ်လာဖို့ လိုပါပြီ"ဟု ဒေါက်တာနေဝင်းနိုင်က မဇ္ဈိမကို ပြောသည်။

ကျောင်းသားဗဟိုပြု ပညာရေးစနစ်ဖြစ်ပေါ်ရာတွင် ကျွမ်းကျင်သည့် ဆရာ၊ ဆရာမများ၏ အခန်းကဏ္ဍမှာ အဓိကအရေးပါပြီး ဆရာ၊ ဆရာမများကိုယ်တိုင် ကျွမ်းကျင်မှုရှိရမည့်အပြင် ဗဟုသုတများစွာ ရှိရမည်ဖြစ်ပြီး လက်တွေ့ထိရောက်သည့် သင်ပြပုံနည်းစနစ်မျိုးဖြစ်ရမည်ဟုဆိုသည်။



ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ။

မြန်မာနိုင်ငံ၏ပညာရေးစနစ်သည် အာဆီယံနိုင်ငံများတွင် ဒုတိယအနိမ့်ကျဆုံးနိုင်ငံဖြစ်ပြီး ပညာရေးစနစ် အမြန်ဆုံး ပြုပြင်ပြောင်းလဲမှုလုပ်ရန် လိုအပ်နေပြီဟုလည်း ၎င်းက ဆိုသည်။

အဆိုပါပညာရေးဆွေးနွေးပွဲတွင် ဖွံ့ဖြိုးပြီး နိုင်ငံများတွင်လိုအပ်သော ပညာရပ်များနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် လိုအပ်သော ပညာရပ်များဖြစ်သည့် အင်ဂျင်နီယာ၊ ဆေးပညာ၊ ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်မှုနှင့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ ဘာသာရပ်များနှင့်ပတ်သက်ပြီး ဟောပြောဆွေးနွေးခြင်းဖြစ်သည်။

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အင်ဂျင်နီယာ၊ ဆေးပညာ၊ Business ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်မှုဆိုင်ရာ ဘာသာရပ်များစသည့်တို့ကို သင်ကြားသင့်သည်ဟုဆိုသော်လည်း မိမိဝါသနာမပါပါက ထူးချွန်ထက်မြက်သော လူရည်ချွန်တစ်ယောက်ဖြစ်လာနိုင်မည်မဟုတ်ဟုလည်း ၎င်းက ထည့်သွင်းဆွေးနွေးခဲ့သည်။

တက္ကသိုလ်ဝင်တန်း အောင်မြင်သည့်အခါ ဘာသာရပ်ရွေးချယ်ရာတွင် ပညာရေးအတိုင်ပင်ခံများနှင့် စနစ်တကျဆွေးနွေးသင့်ပြီး မိမိဝါသနာပါသည့် ဘာသာရပ်ကို ကိုယ်တိုင်သိရှိပြီး ဝါသနာနှင့်ထပ်တူကျသည့် ဘာသာရပ်ကိုသာ ရွေးချယ်သင့်သည်ဟု အကြံပြုဆွေးနွေးခဲ့သည်။ ■

# အပစ်ရပ်ပြီး လုံခြုံရေးအာမခံမှ ကရင်ဒုက္ခသည်များပြန်ခေါ်မည်

■ နန်းလွင်နှင်းပွင့်
**ရန်ကုန်၊ မတ်လ ၂၇**

ကရင်ပြည်နယ်၊ ထိုင်း -မြန်မာ နယ်စပ်တစ်လျှောက် ကရင်ဒုက္ခသည်စခန်းများရှိ ဒုက္ခသည်များကို တစ်နိုင်ငံလုံးအတိုင်းအတာ အပစ်ရပ်ရေးပြုလုပ်ပြီးသည်နှင့် ပြန်ခေါ်မည်မဟုတ်ဘဲ အစိုးရက လုံခြုံရေး၊ နေမှုထိုင်မှုတို့ကို အာမခံချက်ရှိမှသာ ပြန်ခေါ်ရန်စီစဉ်ထားသည်ဟု ဒုက္ခသည်များ ပြန်လည် နေရာချထားရေးစီစဉ်ပေးနေသော အဖွဲ့အစည်းတစ်ခုဖြစ်သည့် ကရင့်ရေးရာကော်မတီ(Karan Affair Committee -KAC) အတွင်းရေးမှူး ဦးစောကျော်စွာက မဇ္ဈိမကို မတ် ၂၇ တွင် ပြောသည်။

"အစိုးရဘက်က သူတို့လုံခြုံရေးအတွက် အိမ်၊ နေရာထိုင်ခင်းတော့ လုပ်ပေးရမယ်။ စနစ်တကျမရှိဘဲနဲ့ ဘာမှပြောလို့မရတဲ့ အခြေအနေမှာ အပစ်ရပ်ပြီးတာနဲ့ ပြန်လာဖို့ဆိုတာ စိတ်ကူးပဲဖြစ်မယ်"ဟု သုံးသပ်ပြောဆိုသည်။

အပစ်အခတ်ရပ်စဲရေး လတ်မှတ်ရေးထိုးရန် အချိန်နီးကပ်လာသည့် အခြေအနေများ၊ ဆွေးနွေးမှုရလဒ်ကောင်းလာသည့် အခြေအနေဖြစ်လာပြီဟု ကြားသိရသဖြင့် မိမိနေရပ်များသို့ ပြန်လည်နေထိုင်လိုသူ ဒုက္ခသည်စခန်းများမှ ကရင်လူမျိုးများရှိနေသည်ဟု ဦးစောကျော်စွာက ဆိုသည်။

ကရင့်ရေးရာကော်မတီမှာ လက်နက်ကိုင်အဖွဲ့များ မပါသည့် ကရင်ပြည်နယ်လူထုကိုယ်စားပြု ခေါင်းဆောင်များဖြင့် ဖွဲ့စည်းထားပြီး ကရင်ပြည်နယ်အတွင်းရှိ အရေးကိစ္စအားလုံးတို့အား စောင့်ကြည့်လေ့လာသည့် အဖွဲ့အစည်းဖြစ်သည်။

ထိုင်း-မြန်မာ နယ်စပ်တစ်လျှောက်မှ ဖာပွန်၊ လှိုင်းဘွဲ့၊ ကြာအင်းဆိပ်ကြီးတို့တွင်ရှိသည့် ကရင်ဒုက္ခသည်စခန်း ကိုးခုတွင် နိုင်ငံတကာ အဖွဲ့အစည်း အထောက်အပံ့ဖြင့် တရားဝင်နေထိုင်နေသူ ဒုက္ခသည် တစ်သိန်းခွဲရှိပြီး တရားမဝင်နေထိုင်သည့် ဦးရေမှာ တစ်သိန်းခွဲနှင့်အထက်တွင်ရှိသည်ဟုလည်း ကရင့်ရေးရာကော်မတီ၏ ၂၀၁၄ မတ်လအတွင်း စာရင်းများအရ သိရသည်။

ဒုက္ခသည်စခန်းများတွင် တတိယနိုင်ငံသို့ သွားလိုသဖြင့် ခိုလှုံနေသူများ၊ စစ်ဘေးဒုက္ခရောက်သဖြင့် နေထိုင်နေသူများ၊စီးပွားရေးအရ သက်သာစေရန် လာရောက်ခိုလှုံနေသူများရှိသည်ဟူ၍ ကရင့် ရေးရာကော်မတီ စစ်တမ်းများအရ သိရသည်။

"ဒီဘက်ကိုပြန်လာမယ်ဆို ဒုက္ခသည်တွေအတွက် လုံးဝစိတ်ချရမှုဖြစ်မယ်"ဟု ဦးစောကျော်စွာက ပြောသည်။

ကရင်ဒုက္ခသည်များကို ပြည်နယ်တွင်း ပြန်လည် ခေါ်ဆောင်ရန် အစိုးရက အဆောက်အအုံ အခိုင်အမာ စီစဉ်ပေးခြင်း၊ နှစ်ဖက် လက်နက်ကိုင်အဖွဲ့အစည်းများက မိုင်းရှင်းလင်းပေးခြင်း၊ တပ်နေရာချထားမှုစသည့် အခြေခံလိုအပ်ချက်များအား လုပ်ဆောင်မှုရရှိရန် ဦးစွာဆောင်ရွက်သွားမည်ဟု ဦးစောကျော်စွာက ပြောသည်။ ■

# နိုင်ငံခြားသားများ တရားမဝင် သတ္တုတူးဖော်နေဟုဆို

■ ဖိုးစိုးသူ
**ရန်ကုန် ၊ မတ် ၂၇**

စစ်ကိုင်းတိုင်းအတွင်း တရားမဝင် သတ္တုတူးဖော်ရေးလုပ်ငန်းများ ရှိနေ၍ အရေးယူပေးစေလိုသည်ဟု စစ်ကိုင်းတိုင်း တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေးအဖွဲ့ဝင် ကိုကျော်သက်ဝင်းက မဇ္ဈိမကကိုပြောသည်။

"နိုင်ငံခြားသားဆိုတဲ့နေရာမှာ တရုတ်တွေက ပိုများတယ်။ ကလေးခရိုင်အတွင်းမှာ တရားမဝင် ရွှေတူးဖော်ရေးလုပ်ငန်းတွေ ၁၈ ခုလောက်ရှိတယ်။ ပြည်နယ်သတ္တုတွင်းဝန်ကြီးဌာနကို အရေးယူဖို့ တိုင်ကြားတဲ့အခါ လဝက က ဝင်ခွင့်ပေးပြီး အလည်အပတ်ရောက်လာကြတာလို့ပဲ ဖြေတယ်။ ဒီလို တရားမဝင် တူးဖော်တာတွေကို သေချာ အရေးယူဆောင်ရွက်ဖို့လိုတယ်"ဟု ကိုကျော်သက်ဝင်းက ဆိုသည်။

စစ်ကိုင်းတိုင်းအတွင်းရှိ ကလေး၊ ခန္တီး၊ မော်လိုက်နှင့် ချင်းတွင်းမြစ်ကြောင်းတစ်လျှောက် တွင် တရားမဝင် ရွှေတူးဖော်ရေးလုပ်ငန်းများ၊ မိုင်းသတ္တုတူးဖော်ရေးလုပ်ငန်းများကို တရုတ်နိုင်ငံသားများ အပါအဝင် အခြားနိုင်ငံခြားသားများ တရားမဝင်တူးဖော်လုပ်ကိုင်မှုများရှိနေ၍ သစ်တောပြုန်းတီးမှု၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု၊ မြစ်ချောင်းပျက်စီးမှုများ ဖြစ်နေသည်ဟု ပြောသည်။

နိုင်ငံခြားသားများ သတ္တုတူးဖော်နေသော ခန္တီးခရိုင်နှင့် ချင်းတွင်းမြစ်ကြောင်းတွင်း ဖမ်းဆီးအရေးယူမှုများပြုလုပ်နေပြီဟု စစ်ကိုင်းတိုင်းဒေသကြီး သတ္တုနှင့်သစ်တောစွမ်းအင်ဝန်ကြီး ဦးသန်းထိုက်က မဇ္ဈိမ၏မေးမြန်းမှုကို ဖြေကြားသည်။

"တရားမဝင်လုပ်တဲ့ တူးဖော်သူတွေကို ပထမအဆင့်အနေနဲ့ ပစ္စည်းသိမ်းတယ်။ သတိပေးတယ်။ မှတ်တမ်းလုပ်ထားပြီး ဒုတိယအကြိမ်တွေ့လို့ရှိရင် သတ္တုတွင်းဥပဒေ ၃၀(ခ)အရ အရေးယူဆောင်ရွက်ပါတယ်။ မတ်လ ၃ ရက်နေ့ကနေစပြီး အရှိန်မြှင့် ဖမ်းဆီးမှုတွေလုပ်နေပါတယ်"ဟု ဦးသန်းထိုက်က ဆိုသည်။

စစ်ကိုင်းတိုင်းအတွင်း တွင်းထွက်သယံဇာတများ တူးဖော်ရာတွင် ပွင့်လင်းမြင်သာမှုရှိလာစေရန် သတ္တုတွင်းတူးဖော်ရေးလုပ်ငန်းများကို လေ့လာရန်အတွက် စစ်ကိုင်းတိုင်းအတွင်းရှိ အထက်ချင်းတွင်းလူငယ်များကွန်ရက်အနေဖြင့် တိုင်းဒေသကြီး သတ္တုတွင်းဝန်ကြီးဌာနသို့ လေ့လာခွင့်ရရန် ဧပြီလအတွင်း စာဖြင့် တင်ပြတောင်းဆိုသွားမည်ဟုလည်း အထက်ချ င်းတွင်းလူငယ်များကွန်ရက် အဖွဲ့ဝင်တစ်ဦးက ဆိုသည် ။

"သတ္တုတူးဖော်ရေးလုပ်ငန်းတွေ ပွင့်လင်းမြင်သာဖို့အတွက် နိုင်ငံတော်သမ္မတကိုယ်တိုင်က EITI အဖွဲ့ဝင်နိုင်ငံဖြစ်အောင်အားပေးတယ်။ အဲတော့ ကျွန်တော်တို့ အရပ်ဘက်အဖွဲ့စည်းအနေနဲ့ တိုင်းသတ္တုတွင်းဝန်ကြီးဌာနကို စစ်ဆေးလေ့လာဖို့ တင်ပြတယ်။ မရရင် ပြည်ထောင်စုသတ္တုအဆင့်၊ သတ္တုတွင်းဝန်ကြီးဌာနအထိ တက်ပြီး တောင်းဆိုသွားမယ်"ဟု အထက်ချင်းတွင်းအဖွဲ့ဝင်တစ်ဦးက ဆက်ပြောသည်။ ■

# နိုင်ငံတကာအကူအညီဖြင့် ဆောက်မည့် အလုပ်သမားဆေးရုံ မြေနေရာမရ

■ ဇာနည်အောင်
**ရန်ကုန်၊ မတ် ၂၇**

ရန်ကုန်တိုင်း၊ ရွှေပြည်သာမြို့နယ်တွင် နိုင်ငံတကာ အကူအညီဖြင့် တည်ဆောက်မည့် ကုတင် ၇၀၀ ဆံ့ အလုပ်သမားဆေးရုံသစ်မြေနေရာ မရဖြစ်နေသည်ဟု လူမှုဖူလုံရေးအဖွဲ့ဥက္ကဋ္ဌ ဦးယုလွင်အောင်က မဇ္ဈိမကို ပြောသည်။

အဆိုပါဆေးရုံသစ်မှာ အလုပ်သမားများ လူမှုဖူလုံရေးခံစားခွင့်တွင် ပါရှိသည့် ကျန်းမာရေး စောင့်ရှောက်မှုပြုနိုင်ရန်ဖြစ်သော်လည်း တိုင်းအစိုးရသို့ ဖေဖော်ဝါရီ ပထမပတ်အတွင်း တင်ပြထားသော်လည်း ယနေ့အထိ မြေနေရာ တစ်စုံတစ်ရာချထားပေးခြင်းမရှိဟု ၎င်းက ဆိုသည်။

ဆေးရုံသစ်တည်ဆောက်ရန် လိုအပ်သည့် မြေငါးဧကအတွက် အလုပ်သမားဝန်ကြီးဌာနအနေဖြင့် မြေနေရာရရှိရန် စက်မှုဇုန်တာဝန်ခံများ၊ ရန်ကုန်တိုင်းအစိုးရထံသို့ ဖေဖော်ဝါရီပထမပတ်တွင် တင်ပြတောင်းဆိုခဲ့သည်။

"ဆေးရုံဆောက်လုပ်ဖို့ စီစဉ်နေဆဲပဲ ရှိသေးတယ်။အဓိကက မြေနေရာအခက်ခဲဖြစ်နေတယ်။ မြေရရင်တော့ ကူညီပေးမယ့်နိုင်ငံက အဆင်သင့်ရှိနေပြီ"ဟု ဦးယုလွင်အောင်က ပြောသည်။

ဆေးရုံသစ်ကို အထပ်မြင့် ငါးထပ်မှ ခုနစ်ထပ်အတွင်း တည်ဆောက်သွားရန် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသို့ တင်ပြထားသည်။ သို့သော် လက်ရှိအချိန်အထိ မြေနေရာမရရှိသေးပေ။

အဆိုပါဆေးရုံသစ်ကို နိုင်ငံတကာအဆင့်မီ တည်ဆောက်နိုင်ရန် ဂျပန်၊ ကိုရီးယား၊ စင်ကာပူ၊ မလေးရှားနှင့်ထိုင်းနိုင်ငံတို့မှအဓိကထားကူညီပေးမည်ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနတိုင်းဦးစီးမှူး ဦးတင်ဇော်မိုးက "အလုပ်သမားများအရေးပေါ်ကျန်းမာရေးပြဿနာကြုံလာရင် နီးစပ်ရာ ဆေးရုံ ဆေးခန်း သွားနေရတယ်။ ဆေးရုံဆောက်လုပ်နိုင်မှ အလုပ်သမားတွေ အဆင်ပြေမှာပါ" ဟု မဇ္ဈိမကို ပြောသည်။

မြန်မာနိုင်ငံတွင် လူမှုဖူလုံရေးစီမံကိန်းကို ၁၉၅၄ ခုနှစ် လူမှုဖူလုံရေးအက်ဥပဒေအရ ၁၉၅၆ ခုနှစ်က စတင်ကျင့်သုံးအကောင်ထည်ဖော်ခဲ့ပြီး အလုပ်သမားများအတွက် လူမှုဖူလုံရေးအဖွဲ့ပိုင် အလုပ်သမားဆေးရုံကြီး သုံးရုံ၊ ဆေးခန်းပေါင်း ၉၃ ခန်းနှင့် ဆေးရုံခွဲပေါင်း ၇၇ ခု ဖွင့်လှစ်ပေးကာ ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးလျက်ရှိသည်။ ■

# ဖွဲ့စည်းပုံအခြေခံဥပဒေသည် တပ်မတော်အတွက် ရေးဆွဲပြဋ္ဌာန်းခဲ့ခြင်းမဟုတ်ဟု ကာချုပ်ပြော

■ ဝင်းကိုကိုလတ်
**နေပြည်တော်၊ မတ် ၂၇**

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေသည် တပ်မတော်အတွက် ရေးဆွဲပြဋ္ဌာန်းခဲ့ခြင်း မဟုတ်ကြောင်းနှင့် ပြင်ဆင်ရန်လိုအပ်ပါက ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်း အခန်း (၁၂)အရ ဥပဒေနှင့်အညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မတ် ၂၇ ရက်တွင် ပြောဆိုလိုက်သည်။



ဇေယျာသီရိမြို့နယ်ရှိ တပ်မတော်စစ်ရေးပြကွင်း၌ ကျင်းပသည့် (၆၉)နှစ်မြောက် တပ်မတော်နေ့အခမ်းအနားတွင် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က တပ်များကို လှည့်လည်စစ်ဆေးနေစဉ်။ **(ဓာတ်ပုံ–ဝင်းကိုကိုလတ်)**

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်ရှိ တပ်မတော်စစ်ရေးပြကွင်း၌ကျင်းပသည့် ၆၉ နှစ်မြောက်၊ တပ်မတော်နေ့ အခမ်းအနားမိန့်ခွန်းတွင် အထက်ပါအတိုင်း ထည့်သွင်းပြောကြားလိုက်ခြင်းဖြစ်သည်။

"လူပုဂ္ဂိုလ်တစ်ဦးချင်းအတွက်၊ ပါတီတစ်ခုအတွက်၊ အဖွဲ့အစည်းတစ်ခုအတွက်၊ တိုင်းရင်းသာလူမျိုးစုတစ်ခုအတွက်၊ တပ်မတော်အတွက် ရေးဆွဲပြဋ္ဌာန်းခဲ့ခြင်းမဟုတ်ဘူး"ဟု ကာကွယ်ရေးဦးစီးချုပ်က ဆိုသည်။

ထို့အပြင် "နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် တပ်မတော်တွင် အဓိက တာဝန်ရှိသည်"ဟု နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ပြဋ္ဌာန်းထားကြောင်း၊ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် အမျိုးသားညီလာခံက အခြေခံမူ ၁၀၄ ချက် ချမှတ်ပြီး ရေးဆွဲခဲ့ခြင်းဖြစ်ကြောင်း၊ လူဦးရေ ၅၇ ဒသမ ၃ သန်း၊ မဲပေးခွင့်ရှိသူ ၂၇ ဒသမ ၂၈ သန်းအနက် မဲပေးသူ ၂၄ ဒသမ ၇၆ရ သန်း ထောက်ခံခဲ့သည့်အတွက် ၉၂ ဒသမ ၄၈ ရာခိုင်နှုန်း ထောက်ခံအတည်ပြုခဲ့သည်ဟု ၎င်းက ဆက်ပြောသည်။

တိုင်းနှင့်ပြည်နယ်များအတွက် ခွဲဝေထားသည့် ဥပဒေပြုစာရင်းနှင့် အခွင့်အရေးများနှင့်ပတ်သက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉(က)နှင့်အညီ ဆောင်ရွက်နိုင်ရန် အဓိက အရေးကြီးကြောင်းလည်း ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ထောက်ပြ ပြောဆိုထားသည်။

အခြေခံဥပဒေအခန်း (၁)၊ နိုင်ငံတော်အခြေခံမူများနှင့် အခန်း(၈) နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များတွင် လက်ရှိဒီမိုကရေစီလိုအပ်ချက်များနှင့် သဟဇာတဖြစ်အောင်ပြဋ္ဌာန်းပြီးဖြစ်သည့်အပြင် အခြေခံဥပဒေပုဒ်မ ၁၁(က)တွင်လည်း နိုင်ငံတော်၏ အချုပ်အခြာအာဏာ ခက်မသုံးဖြာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းခြင်းတို့ ပြဋ္ဌာန်းထားသည်ကို တွေ့ရသည်ဟု ဆိုသည်။

အချုပ်အခြာအာဏာ ခက်မသုံးဖြာကို နည်းလမ်းတကျပိုင်းခြားသုံးစွဲခြင်းနှင့် အပြန်အလှန် ထိန်းကျောင်းခြင်းကို အဟန့်အတားဖြစ်စေမည့်ကိစ္စများ၊ အခြေအနေ အချိန်အခါအရ အခြေခံလိုအပ်ချက်များနှင့် သဟဇာတမဖြစ်သည်များ ရှိလာခဲ့ပါက ပြင်ဆင်ရန်လိုအပ်လာရင်လည်း အခန်း (၁၂) ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်း အခန်းတွင် ပြဋ္ဌာန်းထားသည့် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဟု ၎င်းက ပြောသည်။

ရခိုင်အမျိုးသားပါတီ ခေါင်းဆောင် ဦးအေးသာအောင်က "ကာချုပ်ပြောပုံအရဆိုရင် ပြည်နယ်၊ တိုင်း ၁၄ ခုပဲအသိအမှတ်ပြုမယ်။ ရှစ်ပြည်နယ်မူတို့၊ 'ဝ'ပြည်နယ်တောင်းတာတို့ကို လက်မခံတဲ့သဘော ရပါတယ်။ ကျွန်တော်တို့ကတော့ လူမျိုးစုပေါ်အခြေခံတဲ့၊ တန်းတူအခွင့်အရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိတဲ့ ပြည်ထောင်စုကြီးဖြစ်ဖို့ ပိုလိုလားပါတယ်"ဟု ဆိုသည်။

ကာကွယ်ရေးဦးစီးချုပ်၏ ဖွဲ့စည်းပုံပြင်ရေးသဘောထားနှင့်ပတ်သက်ပြီး မဇ္ဈိမ၏ မေးမြန်းမှုကို ကယန်းပြည်သစ်ပါတီမှ တွဲဖက်အတွင်းရေးမှူး ဗိုလ်မှူးကြီးစောလွင်က "၂၀၀၈ အခြေခံဥပဒေကို မပြင်ချင်ဘဲ ပြည်နယ်၊ တိုင်း အခွင့်အရေးလောက် ပေးတာဟာ စစ်အာဏာရှင်စနစ်ကို မစွန့်လွှတ်သေးတာကို ပြတယ်လို့ မြင်တယ်။ စစ်အာဏာရှင်စနစ်ကို ဆက်လက်ထိန်းသိမ်းထားမယ်ဆိုတာ ပြောတဲ့သဘောပါပဲ"ဟု ပြန်လည် ဖြေကြားခဲ့သည်။ ■

# FUP ကြားဖြတ်ရွေးကောက်ပွဲ ဝင်ပြိုင်မည်

■ ရွှေရည်ဝင်းထက်
**ရန်ကုန်၊ မတ် ၂၇**

တိုင်းရင်းသားပါတီ ၁၆ ပါတီမှ ကိုယ်စားလှယ်များပူးပေါင်းထားသော ဖက်ဒရယ်ပြည်ထောင်စုပါတီ(FUP)သည် လာမည့် ကြားဖြတ်ရွေးကောက်ပွဲတွင် လစ်လပ်နေသော တိုင်းများ၌ ဝင်ရောက်ယှဉ်ပြိုင်မည်ဟု ပါတီဥက္ကဋ္ဌ ဦးဂင်ဂျန်ဒါးက ပြောကြားသည်။

လွှတ်တော်သုံးရပ်မှ လစ်လပ်ကိုယ်စားလှယ် ၃၁ နေရာရှိမည့် ကြားဖြတ်ရွေးကောက်ပွဲတွင် ယှဉ်ပြိုင်မည့် မဲဆန္ဒနယ်များ၌ ဧပြီလ ၁ ရက် အစည်းအဝေးပြုလုပ်ကာ ဆုံးဖြတ်မည်ဖြစ်သည်။

"အဲဒီနေ့အစည်းအဝေးကျရင် ပါတီရဲ့ စီအီးစီတွေနဲ့ ဆုံးဖြတ်ပြီး လုပ်ဆောင်သွားဖို့ ရှိတယ်" ဟု ဦးဂင်ဂျန်ဒါးက ပြောသည်။

FUPကို ညီနောင်တိုင်းရင်းသား ဖက်ဒရေးရှင်းအဖွဲ့ဝင်များဖြစ်သည့် ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ၊တိုင်းလိုင်(ရှမ်းနီ) အမျိုးသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ၊ ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီ၊ မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ၊ ချင်းအမျိုးသားပါတီ၊ ကယန်းအမျိုးသားပါတီ၊ အင်းအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ခနောင်တိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီ၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ တအာင်း(ပလောင်)အမျိုးသားပါတီ၊ အသျှို ချင်းအမျိုးသားပါတီ၊ 'ဝ' ဒီမိုကရက်တစ်ပါတီ၊ 'ဝ'အမျိုးသား စည်းလုံးညီညွတ်ရေးပါတီနှင့် တိုင်းရင်းသားလူမျိုးစုများ ဖွံ့ဖြိုးရေးပါတီတို့မှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ ■

# မြန်မာ့ဈေးကွက်တွင် ရုရှ နည်းပညာမြင့်ပစ္စည်းများ ရောင်းချလိုဟု သံအမတ်ပြော

■ နီနီမြင့်
**ရန်ကုန်၊ မတ် ၂၇**

ရုရှနိုင်ငံထုတ် နည်းပညာမြင့် စက်ပစ္စည်းများ၊ စိုက်ပျိုးရေးထုတ်ကုန်များ၊ အဝတ်အထည်များရောင်းချရန် မြန်မာဈေးကွက်ကို ရုရှနိုင်ငံက အထူးစိတ်ဝင်စားလျက်ရှိသည်ဟု မြန်မာနိုင်ငံဆိုင်ရာ၊ ရုရှသံအမတ် Mr Vasily B.Pospelov က မဇ္ဈိမနှင့်တွေ့ဆုံစဉ် ပြောသည်။

"အာဆီယံနိုင်ငံတွေကတစ်ဆင့် တင်သွင်းပြီး ရုရှနိုင်ငံကနေ အဆင့်မြင့် နည်းပညာစက်ပစ္စည်းတွေကို ပိုမိုရောင်းချဖို့ မျှော်လင့်ပါတယ်"ဟု ပြောသည်။

မြန်မာ-ရုရှ နှစ်နိုင်ငံကြားကုန်သွယ်မှု မြင့်တက်ရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး လာမည့်နှစ်များအတွင်း ကုန်သွယ်ရေးပမာဏ ပိုမိုမြင့်တက်လာရန်မျှော်မှန်းထားသည်ဟုလည်း ၎င်းက ဆိုသည်။

"ရုရှကုမ္ပဏီ အတော်များများက အာဆီယံဈေးကွက်၊ အထူးသဖြင့် မြန်မာနိုင်ငံကို အရမ်းစိတ်ဝင်စားနေကြတယ်။ အနာဂတ်မှာ နှစ်နိုင်ငံကြားကုန်သွယ်မှုကတော့ ဒီ့ထက်ပိုပြီးမြင့်တက်လာမှာ ဖြစ်ပါတယ်။ ကုန်သွယ်မှုပိုမြင့်မားဖို့အတွက်လည်း လွန်ခဲ့တဲ့နှစ် ဩဂုတ်လတုန်းကလည်း မြန်မာနဲ့ရုရှ ကြားမှာ ကုန်သွယ်မှုတိုးတက်လာစေဖို့ အစီအစဉ်တစ်ခုကို ချမှတ်ဆောင်ရွက်ခဲ့တယ်"ဟု ပြောသည်။

၂၀၁၂ နှင့် ၂၀၁၃ ခုနှစ်စာရင်းများအရ ရုရှနိုင်ငံသည် မြန်မာနိုင်ငံအတွင်း တိုက်ရိုက်ရင်းနှီးမြှုပ်နှံသည့် နိုင်ငံခြားတိုင်းပြည်များစာရင်းတွင် အဆင့် ၁၇ နေရာ၌ရှိခဲ့ပြီး အမေရိကန်ဒေါ်လာ ၉၄ သန်းဝန်းကျင်ရှိခဲ့သည်။ မြန်မာနိုင်ငံရှိ ရေနံတူးဖော်ရေးလုပ်ငန်းများ၊ သတ္တုတူးဖော်ရေးလုပ်ငန်းများနှင့် နည်းပညာအဆင့် မြင့်တင်ရေးလုပ်ငန်းများတွင် အထူး စိတ်ဝင်စားလျက်ရှိသည်။

ရုရှကုမ္ပဏီအများစုမှာ မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံရန် ပိုမို စိတ်ဝင်စားလာကြပြီးလက်ရှိတွင် အကြီးဆုံး လျှပ်စစ်



မြန်မာနိုင်ငံဆိုင်ရာ ရုရှသံအမတ် *Mr Vasily B.Pospelov*။

စွမ်းအင်ကုမ္ပဏီများဖြစ်သည့် Inter Rao နှင့် Geo Pro Mining ကုမ္ပဏီများသည် မြန်မာနိုင်ငံရှိ လျှပ်စစ်စွမ်းအင်ကဏ္ဍတွင် ဝင်ရောက်လုပ်ကိုင်နိုင်ရန် ဆွေးနွေးလျက်ရှိသည်။

၎င်းတို့အနေဖြင့် ရေအားလျှပ်စစ်သို့မဟုတ် လက်ရှိလျှပ်စစ်ကဏ္ဍတွင် မြင့်တင်ရေး လုပ်ငန်းများ၊ စွမ်းအင်ဆိုင်ရာ အဆောက်အအုံများ မြှင့်တင်ခြင်းတို့တွင် ပါဝင်လုပ်ကိုင်နိုင်ရန် မျှော်မှန်းထားသည်ဟုလည်းဆိုသည်။

"ဒါပေမဲ့ နှစ်နိုင်ငံကြားကကုန်သွယ်ရေးနဲ့ အခြားကဏ္ဍတွေမှာ တိုးမြှင့်လာနိုင်ဖို့က ကျွန်တော်တို့ လိုလားသလို မြန်နိုင်သလောက် မမြန်ပါဘူး။ အဓိကကတော့ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ ဥပဒေအချက်အလက်တွေ၊ အခြေခံအဆောက်အအုံ အားနည်းမှုတွေကြောင့် ဖြစ်တယ်"ဟု ပြောသည်။

ဥပမာ မြန်မာနိုင်ငံအတွင်း ရုရှခရီးသွားဧည့်သည်များ တိုးတက်လာနိုင်ရေးမှာ ရုရှခရီးသွားများအနေဖြင့် မြန်မာနိုင်ငံတွင် ဆိုက်ရောက်ဗီဇာ မရရှိနိုင်ခြင်း၊ တိုက်ရိုက်ပျံသန်းသည့်လေကြောင်းလိုင်းများ မရှိခြင်းတို့က အခက်အခဲဖြစ်စေသည်။

"ရုရှအရှေ့ပိုင်းမှာရှိတဲ့ ဆိုက်ဘေးရီးယားက လူတွေက မြန်မာနိုင်ငံကို အများဆုံး လာတဲ့အထဲမှာ ပါတယ်။ ဒါပေမဲ့ သူတို့အနေနဲ့ ဗီဇာလိုချင်ရင် မော်စကိုမှာရှိတဲ့ မြန်မာသံရုံးကိုသွားရတယ်။ ခရီးက အရမ်းဝေးတယ်။ မြန်မာပြည်ကိုလာလည်ချင်တဲ့ ရုရှလူမျိုးတွေက ဆိုက်ရောက်ဗီဇာ ရချင်နေတယ်ဆိုတဲ့ တောင်းဆိုမှုတွေ ကျွန်တော်ရထားတယ်"ဟု ရုရှသံအမတ်ကပြောသည်။

ထို့အပြင် မော်စကိုနှင့် ရန်ကုန်မြို့တို့တွင် အပြန်အလှန်ကျင်းပသော ယဉ်ကျေးမှုဖလှယ်ပွဲများ၊ ဓာတ်ပုံပြပွဲများကြောင့် ရုရှလူမျိုးအများစုသည် မြန်မာနိုင်ငံသို့လာရောက်ရန်ပိုစိတ်ဝင်စားကြကြောင်း၊ မြန်မာနိုင်ငံက ကုမ္ပဏီများအနေဖြင့် ရုရှဧည့်သည်များကို ကောင်းမွန်ပြည့်စုံသော ခရီးသွားအစီအစဉ်များဖြင့် ရုရှနိုင်ငံရှိ ခရီးသွားလုပ်ငန်းများနှင့် ပူးပေါင်းလုပ်ဆောင်လျှင် ရုရှနိုင်ငံမှ ခရီးသွားဦးရေမှာ လက်ရှိရှိနေသည်ထက် ၅၀ ရာခိုင်နှုန်း၊သို့မဟုတ် ရာနှုန်းပြည့်အထိ တိုးတက်လာနိုင်ကြောင်း ပြောသည်။

၂၀၁၂ ခုနှစ် စာရင်းများအရ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သည့် ခရီးသွားဧည့်သည် တစ်သန်းနီးပါး ရှိခဲ့ရာတွင် ရုရှနိုင်ငံမှ လာရောက်လည်ပတ်သူ စုစုပေါင်း ၃,၇၄၉ ယောက် (စုစုပေါင်းဦးရေ၏ ၀.၆၃ ရာခိုင်နှုန်း)သာ ရှိခဲ့သည်။ ■

# ဒါကာထရီဗြွန်းသတင်းစာ ရေးသားမှု သံဃာတော်များ ရှုတ်ချ

■ အောင်ကိုဦး

**မန္တလေး၊ မတ် ၂၇**

မန္တလေးမြို့တွင် အထက်မြန်မာပြည် မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃသမဂ္ဂအဖွဲ့ချုပ်(မန္တလေး)မှ ဆရာတော်များ ဦးဆောင်ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံထုတ် နေ့စဉ် သတင်းစာဖြစ်သော Dhaka Tribune သတင်းစာရေးသားမှု ကန့်ကွက်ရှုတ်ချပွဲကို မတ်လ ၂၇ရက် မွန်းလွဲ၁နာရီတွင် ချမ်းမြသာစည်မြို့နယ် ဘုရားကြီးတောင်ဘက်ရှိ ဦးပွားဘုရားမုစတင်၍ စီတန်းလမ်းလျှောက် ဆန္ဒဖော်ထုတ်ကြသည်။

ဆန္ဒဖော်ထုတ်ရာတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံထုတ် နေ့စဉ်သတင်းစာ ဒါကာထရီဗြွန်းမှ မတ်လ ၂၀ရက်ထုတ် သတင်းစာတွင် စစ်တွေမောင်တောကို လူထုဆန္ဒခံယူပွဲပြုလုပ်ကာ ဘင်္ဂလားဒေ့ရှ်နှင့် ပူးပေါင်းသင့်သည်ဟူသော ရေးသားမှုကို ကန့်ကွက်ရှုတ်ချခြင်းသည်။

"မြန်မာနိုင်ငံတွင် ရိုဟင်ဂျာ၊ ဘင်္ဂါလီ မရှိ။ သန်းခေါင်စာရင်းထည့်သွင်းခြင်းကို လုံးဝကန့်ကွက်သည်။ ရခိုင်တိုင်းရင်းသားများတောင်းဆိုချက်များကို အထူးထောက်ခံသည်စသည့် စာသားများပါသော ပိုစတာများ ကိုင်ဆွဲပြီး ပြည်ထောင်စုကြီးငြိမ်းချမ်းရေး၊ ရခိုင်ပြည်ကြီးငြိမ်းချမ်းရေး၊ ငြိမ်းချမ်းရေးကိုဖျက်ဆီးသူ မြန်မာ့ရန်သူ၊ ဒို့ရန်သူ။ မြန်မာ့သမိုင်းမှာ ရိုဟင်ဂျာလုံးဝမရှိ၊ လုံးဝမရှိ။ သမိုင်းလိမ်ညာရိုဟင်ဂျာ မောင်းထုတ်ပြစ်"ဟု ဟစ်ကြွေးခဲ့ကြသည်။

"ရိုဟင်ဂျာကိုလက်ခံသူ မြန်မာ့ရန်သူ၊ ဒို့ရန်သူ။ ရိုဟင်ဂျာ အားပေးအားမြှောက် အမျိုးသားသစ္စာဖောက်။ ဘင်္ဂါလီစာရင်းစစ်စာရင်းကောက် အလိုမရှိ၊ အလိုမရှိ။ ပြည်တွင်းရေးကို စွက်ဖက်သူ မြန်မာ့ရန်သူ၊ ဒို့ရန်သူ"ဟူသော ကြွေးကြော်သံများကိုလည်း ဟစ်ကြွေးကြသည်။

သံဃာအင်အား၃၀၀ခန့်တို့သည် ဦးပွားဘုရားမှ အနောက်ဆင်း၍ ၈၄ လမ်း စစ်ကိုင်း-မန္တလေးလမ်းမှ ၄၅လမ်းအရှေ့တက်ပြီး ၈၁လမ်းမှတောင်ဘက်သို့ ချိုးကာဘုရားကြီးအရှေ့ဘက်မှ တောင်ဘက်သို့တက်ပြီး ဦးပွားခုံးကျော်တံတားကိုဖြတ်ကာ မွန်းလွဲ ၂ နာရီ ၃၀မိနစ်တွင် ဦးပွားဘုရားဝင်း၌ အောင်မြင်စွာ အဆုံးသတ်သည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃသမဂ္ဂအဖွဲ့ချုပ်(မန္တလေး)မှ ဩဝါဒစရိယ ဆရာတော်ဦးပညာနန္ဒက "အမေရိကန် အောက်လွှတ်တော်မှာ ရိုဟင်ဂျာ၊ ဘင်္ဂါလီ တွေကို သန်းခေါင်စာရင်းမှာ ထည့်သွင်းဖို့ ဖိအားတွေပေးနေတယ်။ ဒါကြောင့် ဒီနေ့ ဆန္ဒဖော်ထုတ်တာပါ"ဟု ဆရာတော်က မဇ္ဈိမကို မိန့်ကြားသည်။

ဆက်လက်၍ ဆရာတော်က "သန်းခေါင်စာရင်းမှာ ရိုဟင်ဂျာ ဘင်္ဂါလီမထည့်ဖို့ ကန့်ကွက်ပါတယ်။ ဘုန်းကြီးတို့ကမှ အခုလို မကန့်ကွက်ဘူးဆိုရင် သူတို့က မြန်မာနိုင်ငံကို ဝါးမြိုသွားပါလိမ့်မယ်"ဟု မိန့်သည်။

ဂဠုန်နီဆရာတော် ဦးကာဝိယက "ဘုန်းကြီးတို့က လာပြီးထိန်းတဲ့သဘောပါ။ ပြဿနာမဖြစ်အောင် ထိန်းပေးသွားမယ်။ အခုလိုလုပ်တာ အားပေးတယ်။ ငြိမ်နေရင်တော့ ကြာရင်ကျွန်ဖြစ်လိမ့်မယ်" ဟု မဇ္ဈိမကို မိန့်သည်။

ဆန္ဒပြသံဃာတော်များသည် ကြေညာချက်တစ်စောင်ထုတ်ပြန်ခဲ့ရာ ယင်းကြေညာချက်တွင် သန်းခေါင်စာရင်းကောက်ယူရာတွင် ရိုဟင်ဂျာဟူသော အမည်ကို ထည့်သွင်းကောက်ယူမှု မပြုရန် ရခိုင်တစ်ပြည်လုံးက ဆန္ဒပြနေမှုကို အပြည့်အဝထောက်ခံကြောင်း၊ ရိုဟင်ဂျာအမည် ထည့်သွင်းနိုင်ရန် လုပ်ဆောင်နေမှု မှန်သမျှကို ပြည်ထောင်စုတိုင်းရင်းသား ရဟန်းရှင်လူအများတို့က ကန့်ကွက်နေကြောင်း ရိုဟင်ဂျာ ဟူသောအမည်ကို ကုတ်နံပါတ်(၉၁၄)ဖြင့် ထည့်သွင်းကောက်ခံမည်ကို ကန့်ကွက်ကြောင်း ပါဝင်သည်။

ဆန္ဒပြမှုကို ခွင့်ပြုမိန့်တင်၍ လုပ်ဆောင်ခြင်းမဟုတ်သော်လည်း အာဏာပိုင်များက ဟန့်တားမှုများ မလုပ်ခဲ့ပေ။ ■

# မီတာခတိုးမြှင့်ကောက်ခံမှုကိစ္စ ခွင့်ပြုချက်မရဘဲ ဆန္ဒထုတ်ဖော်ခဲ့သူများ ချက်ချင်း ဖမ်းဆီးခံရ

■ မျိုးသန့်

**မန္တလေး၊ မတ် ၂၇**

လျှပ်စစ်မီတာခ တိုးမြှင့်ကောက်ခံခြင်းနှင့်ပတ်သက်၍ ကုန်စျေးနှုန်းကျဆင်းရေးအဖွဲ့မှ ကိုသိန်းအောင်မြင့်နှင့်အဖွဲ့က မန္တလေး ၇၈လမ်း၊ ၃၃ လမ်းထောင့် ဒိုင်းမွန်းပလာဇာရှေ့တွင် ညနေ ၆ နာရီခွဲခန့်က ခွင့်ပြုချက်မရဘဲ ဆန္ဒထုတ်ဖော်ခဲ့ရာ ချက်ချင်း ဖမ်းဆီးခံခဲ့ရသည်။

ခွင့်ပြုချက်မရဘဲ ဆန္ဒထုတ်ဖော်မှုမပြုရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့က သတိပေးတားမြစ်ခဲ့သော်လည်း အဆိုပါသတိပေး တားမြစ်ချက်ကိုလက်မခံသဖြင့် နေရာတွင်ပင်ချက်ချင်းဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

ဖမ်းဆီးခံရသူများမှာ ၂၀၀၇ ကုန်စျေးနှုန်းကျဆင်းရေးအဖွဲ့မှ ကိုသိန်းအောင်မြင့်နှင့်လိုက်ပါလာခဲ့သော မခက်ခက်ဇော် အပါအဝင် လေးဦးဖြစ်သည်။

ဆန္ဒထုတ်ဖော်ရာတွင် စီမံခန့်ခွဲမှုနှင့် အုပ်ချုပ်မှုညံ့ဖျင်းသော ပြည်ထောင်စုအစိုးရ အလိုမရှိ၊ ပြည်သူနှင့် ပြည်သူ့ဝန်ထမ်းအပေါ် စာနာစိတ်မရှိသော ပြည်ထောင်စုအစိုးရ အလိုမရှိ၊ လျှပ်စစ်မီတာခ တိုးမြှင့်ကောက်ခံခြင်း အလိုမရှိ၊ ၂၄နာရီ လျှပ်စစ်မီးအပြည့်အဝရရှိရေး ဒို့အရေး စသည့် ကြွေးကြော်သံလေးခုကို ဟစ်ကြွေးခဲ့သည်။

ပြည်သူများမှာ လျှပ်စစ်မီးနှင့် စပ်လျဉ်း၍ အပြည့်အဝမခံစားရခြင်း၊အသေးစား အလတ်စားလုပ်ငန်းရှင်နှင့် အကြီးစားလုပ်ငန်းရှင်များမှာ ကိုယ်ပိုင်မီးစက်ဖြင့်သာ အသုံးပြုနေရခြင်း၊ ဖေဖော်ဝါရီလ ၁၈ရက် ပြည်ထောင်စုလွှတ်တော်က အတည်ပြုလိုက်သော မီတာခတိုးမြှင့်သည့် ကိစ္စမှာ စက်မှုလုပ်ငန်းရှင်အချို့သာ ထိခိုက်နစ်နာမည်ဟု ရှင်းလင်းထုတ်ပြန်ခြင်းသည် မှန်ကန်သည့်တွက်ချက်မှုမဟုတ်ဘဲ ထုတ်လုပ်မှုစရိတ်တိုးမြှင့်လာမှုကြောင့် ပြည်သူနှင့် ပြည်သူ့ဝန်ထမ်းများသာလျှင် လူနေမှုစရိတ်တိုးမြှင့်လာပြီး ကုန်စျေးနှုန်းကြီးမြှင့်ဒဏ်ကို ခံစားကြရမည်ဖြစ်ခြင်းတို့ကြောင့် ဖြစ်ကြောင်း ဆိုသည်။

အထွေထွေအကျပ်အတည်းဆိုက်ပြီး ဆင်းရဲဒုက္ခရောက်နေကြရသော ပြည်သူနှင့် ပြည်သူ့ဝန်ထမ်းများ၏ အကျိုးစီးပွားကို စာနာမှုမရှိသော၊ စီမံခန့်ခွဲမှုညံ့ဖျင်းသော၊ အုပ်ချုပ်မှုညံ့ဖျင်းသော အစိုးရအဖြစ်လည်းကောင်း၊ အခွန်တိမ်းရှောင်နေသော ခရိုနီများနှင့် မသမာစီးပွားရေးဖြင့် ကြီးပွားချမ်းသာနေကြသော ဗိုလ်ချုပ်ကြီးမိသားစုအချို့နှင့် အစိုးရအဖွဲ့ကို ကာကွယ်ပေးနေသော ပြည်ထောင်စုအစိုးရအဖွဲ့အား လုံးဝအယုံအကြည်မရှိကြောင်း Movement for Democracy Current Forces (M.D.C.F) ၂၀၀၇ ကုန်စျေးနှုန်းကျဆင်းရေးအဖွဲ့က မတ်လ ၂၁ရက်က ထုတ်ပြန်ခဲ့ပြီးနောက် ပြည်သူများ ပိုမိုသိရှိစေရန် ဆန္ဒထုတ်ဖော်ခဲ့ခြင်းဖြစ်ကြောင်း ဆိုသည်။ ■



ခွင့်ပြုချက်မရဘဲ ဆန္ဒဖော်ထုတ်ခဲ့သူကို ရဲတပ်ဖွဲ့က တားဆီးစဉ်။ (ဓာတ်ပုံ-မျိုးသန့်)

# ဦးပိန်တံတား အကြီးစားပြင်ဆင်လျက်ရှိ

■ မျိုးသန့်

**မန္တလေး၊ မတ် ၂၇**

မန္တလေးခရိုင် အမရပူရမြို့နယ်ရှိ ရှေးဟောင်းအမွေအနှစ်တစ်ခုဖြစ်သည့် ဦးပိန်တံတားမှာ ကြံ့ခိုင်မှုပိုင်း၌ စိုးရိမ်ရသဖြင့် ပြင်ဆင်နေပြီး သက်တန့်မတိုင်မီ စိတ်ချရသည့် အနေအထားရအောင် ပြင်ဆင်သွားမည်ဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့် စာကြည့်တိုက်များဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက မတ်လ ၂၇ ရက်၌ ပြောသည်။

"ပြင်ဆင်မှုကို မတ်လ၁၈ရက်က စတင်ပြီး လုပ်ဆောင်တာ ဖြစ်ပါတယ်။ အောက်ခြေတိုင်တွေ ပျက်စီးလုနီး ရှိနေတာတွေကိုလည်း သစ်သားနဲ့ ပိုးတာတွေ၊ ယက်မ၊ ကြမ်းခင်း၊ ဆင့်တန်းတွေ လဲလှယ်တာတွေ လုပ်နေပါတယ်။ သကြံန် မတိုင်မီ လုံးဝကြံ့ခိုင်ပြီး စိတ်ချရတဲ့ အနေအထား ရောက်အောင် ရှေးမူမပျက်ပြင်ဆင် သွားမှာ ဖြစ်ပါတယ်" ဟု ၎င်းကပြောသည်။

ပြင်ဆင်မှုများကို အလုပ်သမား ၃၀ ဖြင့် ကနဦးစတင်လုပ်ကိုင်လျက်ရှိကြောင်း၊ ရှေးမူမပျက် ပြင်ဆင်နိုင်ရန် မြန်မာမှုကျွမ်းကျင်သူများ၏ လမ်းညွှန်မှုဖြင့် လုပ်ဆောင်လျက်ရှိကြောင်း ဆိုသည်။

"ပြင်ဆင်ရာမှာ ရှေးမူမပျက်အောင် လုပ်ရတဲ့အတွက် အခက်အခဲတော့ နည်းနည်း ရှိပါတယ်။ အောက်ခြေတိုင်တွေကိုဆိုရင် ရှေးမူမပျက်အောင် တိုင်အောက်ခြေအခေါင်းထဲကနေ သစ်သားတိုင်တွေ ထည့်သွင်းပြီး ပြန်ပြင်ပါတယ်"ဟု ပြင်ဆင်မှုပိုင်း အလုပ်သမားခေါင်းဆောင် ကိုတင်မောင်ဆွေက ပြောသည်။

ဦးပိန်တံတားသို့ နေ့စဉ် နိုင်ငံခြားသား ၇၀၀နှင့်အထက် ဝင်ရောက်လျက်ရှိကာ နိုင်ငံခြားသားတစ်ဦးလျှင် မန္တလေး၊ အင်းဝ၊ အမရပူရသုံးမြို့နယ် လှည့်လည်ကြည့်ရှုခွင့် ကျပ်တစ်သောင်း ကောက်ခံသည်။ ■

# ၂၀၁၄-၁၅ ဘဏ္ဍာနှစ်တွင် မီးသတ်တပ်ဖွဲ့အတွက် ယာဉ် ၇၈ စီး ထပ်မံဖြည့်တင်းမည်

■ မျိုးသန့်

**မန္တလေး၊ မတ် ၂၇**

မန္တလေးတိုင်းအတွင်း မီးလောင်ကျွမ်းလျှင် နိုင်နင်းစွာ မီးငြှိမ်းသတ်နိုင်ရန် ၂၀၁၄-၁၅ ဘဏ္ဍာနှစ်တွင် မီးငြှိမ်းသတ်ယာဉ်နှင့် ရေသယ်ယာဉ် စုစုပေါင်း ၇၈ စီး ထပ်မံဖြည့်တင်းနိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရ အသုံးပြုမည့် ဘတ်ဂျက်ထဲတွင် ထည့်သွင်းပေးရန် တောင်းခံထားရှိကြောင်း တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးအောင်ကျော်မိုးက ပြောသည်။

"တိုင်းဒေသကြီးအတွင်းမှာ မီးငြှိမ်းသတ်ယာဉ်ထပ်မံဖြည့်တင်းနိုင်ဖို့အတွက် မီးငြှိမ်းသတ်ယာဉ် ၃၁စီး၊ မီးသတ်ရေသယ်ယာဉ်၄၇စီး၊ စုစုပေါင်း၇၈စီး ဝယ်ယူဖြည့်တင်းနိုင်ဖို့ တိုင်းဒေသကြီးအစိုးရဘတ်ဂျက်ထဲမှာ ထည့်သွင်းတောင်းခံထားပါတယ်။ မြို့နယ်အလိုက် မီးငြှိမ်းသတ်ရေးဆိုင်ရာ အကာအကွယ်ပစ္စည်းတွေကို ဘဏ္ဍာနှစ်အလိုက် တောင်းခံဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ဝန်ကြီးက ပြောသည်။

၂၀၁၃ ခုနှစ်တွင် မီးသတ်ယာဉ် သုံးစီးကို မဟာအောင်မြေမြို့နယ်၊ တံတားဦးမြို့နယ်၊ ငါန်းဇွန်မြို့နယ်တို့တွင် ပေးအပ်ထားပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ်၏ ၂၀၁၃-၁၄ ဘဏ္ဍာနှစ် ခွင့်ပြုငွေထဲမှ တရုတ်နိုင်ငံထုတ် ဒေါင်းဖန်းမီးငြှိမ်းသတ်ယာဉ်သစ် ၂၅ စီး ဝယ်ယူခဲ့ပြီး တိုင်းအတွင်းရှိ မြို့နယ်၂၅ မြို့နယ်သို့ တစ်မြို့တစ်စီးနှုန်း ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း၊ မီးသတ်ရေငုတ်များနှင့် ရေငုတ်မရှိသည့်နေရာများ ရေလုံလောက်စွာ ရရှိရေးအတွက် နေရာအလိုက်ကွင်းဆင်းစစ်ဆေးမှတ်သားပြီး လိုအပ်သည်များကို ပြင်ဆင်ခြင်း၊ ရေကန်မရှိသည့် နေရာများတွင် ရေသိုလှောင်ကန်များ တည်ဆောက်ရန်စီစဉ်ခြင်းများ ဆက်တိုက်ပြုလုပ်လျက်ရှိသည်။

စက်ပစ္စည်းကိရိယာများ အားဖြည့်မှုအပြင် မီးသတ်တပ်ဖွဲ့ဝင်အင်အားကိုလည်း ပြည်ထဲရေးဝန်ကြီးဌာနက နှစ်အလိုက်တိုးချဲ့ခန့်ထားနေပြီး လက်ရှိ အရန်မီးသတ်တပ်ဖွဲ့ဝင် အင်အား ၃၁,၂၅၀ဦးအား လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

မီးသတ်ပညာသင်တန်းများဖြစ်သည့် အခြေခံမီးသတ်ပညာသင်တန်း၊ အခြေခံဆေးတပ်စုသင်တန်း၊ အသက်ကယ်နည်းစနစ်သင်တန်း၊ တန်းမြင့်မီးသတ်ပညာသင်တန်း၊ အဆင့်မြင့်မီးသတ်ပညာသင်တန်း၊ မီးသတ်ပညာ နည်းပြသင်တန်းများကို မြို့နယ်အလိုက် စွမ်းဆောင်ရည်မြင့်မားစေရန် လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိသည်။

မန္တလေးမြို့သည် ပူပြင်းသော ရာသီဥတုဒဏ်ကို ခံစားရသည့်ဒေသဖြစ်သဖြင့် မီးလောင်ကျွမ်းမှုနှုန်းမြင့်သောကြောင့် မြို့အတွင်း ချက်ပြုတ်ချိန်သတ်မှတ်ခြင်း၊ မီးလောင်ကျွမ်းနိုင်သော နေရာများကို ကွင်းဆင်းစစ်ဆေးကာ ထိန်းသိမ်းမှုများ လုပ်ဆောင်ခြင်းနှင့် ဥပဒေပြဋ္ဌာန်းချက်အတိုင်း မီးဘေးအန္တရာယ်ကာကွယ်တားဆီးရေးဆိုင်ရာလုပ်ငန်းစဉ် ချမှတ်ဆောင်ရွက်ခြင်းများ လုပ်ကိုင်လျက်ရှိသည်။

မန္တလေးခရိုင်အတွင်း မီးလောင်ကျွမ်းမှုကို သိရှိနိုင်သော ၃၈ဆ ချဲ့ထွင်ကြည့်နိုင်သည့် ကင်မရာတစ်ခုကိုလည်း မန်းမြန်မာပလာဇာပေါ်တွင် ပြည်သူများ၏လှူဒါန်းမှုဖြင့် တပ်ဆင်ထားရှိကာ မီးလောင်ကျွမ်းမှုအခြေအနေများကို စောင့်ကြည့်ဆောင်ရွက်လျက်ရှိသည်။

ထို့ထက်ပို၍ တိကျစေရန် ဂျီပီအက်စ် (GPS)စနစ်ကို အသုံးပြုကာ မီးလောင်ကျွမ်းသည့်ပမာဏ ခန့်မှန်းတွက်ချက်ခြင်း၊ မီးသတ်ကားသွားလမ်းကြောင်းများ သတ်မှတ်ကာ မီးငြှိမ်းသတ်စေခြင်းနှင့် မီးသတ်ရေငုတ်များ တည်နေရာကို ဖော်ပြကာ မီးငြှိမ်းသတ်နိုင်မှု ပိုမိုထိရောက်စေရန်လည်း မန္တလေးတိုင်းမီးသတ်တပ်ဖွဲ့ရုံးက စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ■

# မြို့နယ်အဆင့်မှာပင် မူဝါဒမှအပ ကျန်ကိစ္စရပ်များ ပြေလည်အောင်ဖြေရှင်း

■ ဖြိုး
**မန္တလေး၊ မတ် ၂၇**

သန်းခေါင်စာရင်း ကောက်ယူရာတွင် မူဝါဒနှင့်သက်ဆိုင်သည့် ကိစ္စများမှအပ အခြားကိစ္စရပ်အားလုံးကို မြို့နယ်အဆင့်မှာပင် ပြေလည်အောင် ချက်ချင်းအဖြေပေးနိုင်ရန် ပြင်ဆင်ထားရှိရမည်ဖြစ်ကြောင်း မန္တလေးတိုင်းသန်းခေါင်စာရင်း ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဦးရဲမြင့်က သက်ဆိုင်ရာဌာနများကို ပြောဆိုမှာကြားသည်။



မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်ဦးရဲမြင့်က သန်းခေါင်စာရင်းကောက်ယူခြင်းဆိုင်ရာ လိုအပ်သည့်အခြေအနေများကို လမ်းညွှန်မှာကြားနေစဉ်။ **(ဓာတ်ပုံ-ဖြိုး)**

လူဦးရေနှင့် အိမ်အကြောင်းအရာများ သန်းခေါင်စာရင်းကောက်ယူရန် ရက်ပိုင်းသာလိုတော့သဖြင့် သက်ဆိုင်ရာဌာနများက ပြင်ဆင်ထားမှုများနှင့် မြို့နယ်၊ ခရိုင်အတွင်း လိုအပ်ချက်များကို တိုင်းအဆင့်က ဖြည့်ဆည်းပေးနိုင်ရန် မတ်လ ၂၆ ရက်က တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် သန်းခေါင်စာရင်းကော်မတီဝင်များနှင့် တွေ့ဆုံပွဲတွင် ဝန်ကြီးချုပ်က ထိုသို့မှာကြားခဲ့ခြင်းဖြစ်သည်။

"မူဝါဒနဲ့ ဆိုင်တဲ့ကိစ္စရပ်တွေကလွဲလို့ ကျန်တဲ့ ကိစ္စတွေအားလုံးကို မြို့နယ်အဆင့်နဲ့ အဆက်အသွယ်လုပ်ပြီး ချက်ချင်းအဖြေပေးရမယ်။ ဇဝေဇဝါသံသယဖြစ်စရာကိစ္စမျိုးရှိလာရင်လည်း စီမံခန့်ခွဲရေးကော်မတီနဲ့ တိုင်ပင်ပြီး ချက်ချင်းဖြေရှင်းနိုင်အောင်လုပ်ပါ" ဟု ၎င်းက ဆိုသည်။

လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူချိန်၌ စာရင်းစစ်၊ စာရင်းကောက်များနှင့် ရပ်ကွက်ကျေးရွာ၊ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးအဆင့် သက်ဆိုင်ရာတို့နှင့် အချိန်မရွေး ဆက်သွယ်နိုင်ရန် ဖုန်းနံပါတ်၊ အမည်များကို ကြိုတင်မှတ်သားထားရန်၊ လုံခြုံရေးမှ ကျန်းမာရေးအထိ ဂရုပြုကြရန်နှင့် သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်အောင် ဆောင်ရွက်သွားကြရန် ဝန်ကြီးက ပြောကြားသည်။

ဆက်လက်၍ ၎င်းက "တစ်စုံတစ်ရာ အခက်အခဲရှိတာနဲ့ ချက်ချင်းဖြေရှင်းလို့ရအောင် ကျေးရွာကနေ တိုင်းအဆင့်ထိ အချိတ်အဆက်မိမိ ဆောင်ရွက်သွားဖို့ လိုပါတယ်။ အောက်ခြေကစပြီး Contact Point (ဆက်သွယ်ရေးလမ်းကြောင်း) တွေ့ရှိအောင် သေချာလုပ်ထားပါ"ဟု ဆိုသည်။

သန်းခေါင်စာရင်းကောက်ယူရာတွင် အိမ်ထောင်စု ၁၀၀မှ ၁၂၀ကြားကို ကောက်ကွက်တစ်ကွက်အဖြစ် သတ်မှတ်ထားပြီး ကောက်ကွက်တစ်ကွက်လျှင် စာရင်းကောက်တစ်ဦးထားရှိမည်ဖြစ်ရာ မန္တလေးတိုင်းအတွင်းတွင် ကောက်ကွက်ပေါင်း ၉,၃၀၆ ကွက်နှင့် အဖွဲ့အစည်းစာရင်းကောက်ကွက် ၂၀၁ကွက် စုစုပေါင်း၉,၅၀၇ ကွက်ရှိသည်။

တိုင်းဒေသကြီးအတွင်း၌ တိုင်းရင်းသားမျိုးနွယ်စုများ နေထိုင်မှုများသဖြင့် ဘာသာစကားအရ အခက်အခဲဖြစ်နိုင်သော မိုးကုတ်၊ ပြင်ဦးလွင်၊ ရမည်းသင်း၊ သာစည်၊ ပျော်ဘွယ်မြို့များတွင်လည်း အခက်အခဲမရှိနိုင်အောင် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာနတို့က ပြင်ဆင်ထားရန် လိုအပ်ကြောင်း ၎င်းကဆိုသည်။

ထို့အပြင် လုံခြုံရေးအရ သံသယဖြစ်ဖွယ်ရှိသော နေရာများတွင်လည်း ဂရုပြုရန်နှင့် သက်ဆိုင်ရာ နယ်မြေရဲတပ်ဖွဲ့က လုံခြုံရေးအတွက် ဆောင်ရွက်ပေးရန်နှင့် မတ်လ၂၇ရက်မှစ၍ သန်းခေါင်စာရင်းကောက် ယူရေးအတွက် မြို့နယ်များတွင် မြို့နယ်ဦးစီးကွပ်ကဲရေးအဖွဲ့က အချိန်ပြည့်တာဝန်ယူထားရန် ဝန်ကြီးချုပ်က မှာကြားပြောဆိုသည်။ ■

# သင်္ကြန်မဏ္ဍပ်များအပြင် သီးခြားအဆောက်အအုံ ဆောက်ခွင့်မပြု

■ မျိုးသန့်
**မန္တလေး၊ မတ် ၂၇**

မန္တလေးမြို့၊ မဟာသင်္ကြန်ပွဲတော် ရေကစားမဏ္ဍပ်များတည်ဆောက်ရာ၌ ခွင့်ပြုဧရိယာအတွင်း မဏ္ဍပ်နှင့်အိမ်သာမှလွဲ၍ အခြား မည့်သည့်အဆောက်အအုံကိုမျှ ထည့်သွင်းတည်ဆောက် ခွင့်ပြုမည်မဟုတ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအခွန်ဌာန ဌာနခွဲမှူး ဦးမောင်မောင်မြင့်က မဇ္ဈိမကို ပြောသည်။

"မဏ္ဍပ်တည်ဆောက်ဖို့ သတ်မှတ်တဲ့ဧရိယာထဲမှာ မဏ္ဍပ်အိမ်သာက လွဲပြီး မည့်သည့် အဆောက်အအုံကိုမျှ ထည့်သွင်းတည်ဆောက်ခွင့်မပေးပါဘူး။

"စစ်ဆေးမှုတွေကိုလုပ်သွားမှာ ဖြစ်ပါတယ်။ သီးခြားအခန်းတည်ဆောက်ခြင်းကြောင့် မလိုလားအပ်တဲ့ပြဿနာတွေ လျော့ကျသွားအောင် ဆောင်ရွက်ရတာ ဖြစ်ပါတယ်"ဟု ဌာနခွဲမှူး ဦးမောင်မောင်မြင့်က ပြောသည်။

မဏ္ဍပ်အတွင်း သီးခြားအခန်းများတည်ဆောက်ခြင်းကြောင့် မလိုလားအပ်သောပြဿနာများပေါ်ပေါက်လာနိုင်ခြင်း၊ အခန်းပိုများတည်ဆောက်ခွင့် နှစ်စဉ်မပေးသော်လည်း ထည့်သွင်းတည်ဆောက် နေကြခြင်းနှင့် လူငယ်များမူးယစ်သောက်စားသည့်နေရာတစ်ခုကဲ့သို့ လုပ်ဆောင်နေမှုများကို ပပျောက်စေလိုခြင်းတို့ကြောင့် ယခုကဲ့သို့ လုပ်ဆောင်ခြင်းဖြစ်သည်။

လုံခြုံရေးအတွက် မဏ္ဍပ်တိုင်းတွင် ကင်မရာများကို တပ်ဆင်ရမည်ဖြစ်ပြီး သက်ဆိုင်ရာ စီမံခန့်ခွဲရေး၊ လုံခြုံရေးနှင့် ထိန်းသိမ်းရေးလုပ်ငန်းကော်မတီက လမ်းညွှန်ချက်များပေးမည်ဖြစ်သည်။ လမ်းညွှန်ချက်များအတိုင်း လုပ်ဆောင်ရမည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောသည်။

ယခုကဲ့သို့မဏ္ဍပ်များကို တည်ဆောက်ခြင်းစည်းကမ်းချက်များ ထုတ်ပြန်သည့်အတိုင်း ဝတ်စားဆင်ယင်မှုပိုင်းဆိုင်ရာနှင့် ကြေညာမှုပိုင်းဆိုင်ရာတို့ကိုလည်း စည်းကမ်းသတ်မှတ်ထားမည်ဖြစ်သည်။

အဆိုပါစည်းကမ်းချက်များမှာ သရုပ်ပျက်အဝတ်အစားများ ဝတ်ဆင်ခြင်း၊ နိုင်ငံရေး၊ ဘာသာရေးနှင့် ပတ်သက်သောစာသား၊ ပို့စတာများ၊ အရက်၊ဘီယာ၊ စီးကရက်၊ဆေးလိပ်စသည့် ကြော်ငြာများကို ချိတ်ဆွဲကြော်ငြာခွင့်များကို ပေးအပ်မည် မည် မဟုတ်ကြောင်း၊ မြန်မာယဉ်ကျေးမှုကို သွေဖည်ကာ လူအမြင်မတော်သော အဝတ်အစားများ ဝတ်ဆင်ခြင်းပြုလျှင်လည်း သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းအသိပေးခြင်းများ ပြုလုပ်သွားမည် ဖြစ်သည်။

ရေပက်မဏ္ဍပ်များ ရေကစားချိန်ကို နံနက် ၇ နာရီမှ ၁၂ နာရီ၊ နေ့လယ် ရေကစားချိန် မွန်းလွဲ ၂ နာရီမှ ညနေ ၅ နာရီအထိ သတ်မှတ်ပေးထားသည်။ ကျုံးဘေးပတ်လည် မဏ္ဍပ်တည်ဆောက်ခွင့်အတွက် လူဦးရေ ၃၀၀ နီးပါး မဲနှိုက်ခဲ့ရာ လတ်တလော ၃၀ ကျော်အား မဏ္ဍပ်ဆောက်လုပ်ခွင့်ချထားပေးခဲ့ပြီး မဏ္ဍပ်နည်းနေသည့်နေရာများဖြစ်သည့် ကျုံးမြောက်နှင့်အနောက်ဘက်တို့တွင် တည်ဆောက်ခွင့် ထပ်မံတောင်းဆိုနိုင်ပြီး ချထားပေးရန်လည်း စီစဉ်ထားသည်။ ■

# သပိတ်ကျင်းမြို့နယ်မှ ကမ္ဘာအေးမြို့ကွက်သစ်စီမံကိန်း ၇၅ ရာခိုင်နှုန်းပြီးစီး

■ ဖြိုး
**မန္တလေး၊ မတ် ၂၇**

သပိတ်ကျင်းမြို့နယ်၌ အသစ်တိုးချဲ့လျက်ရှိသော ကမ္ဘာအေးမြို့ကွက်သစ် စီမံကိန်းသည် ၇၅ရာခိုင်နှုန်းခန့် ပြီးစီးသွားပြီဖြစ်ကြောင်း ၎င်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကိုကိုလှိုင်က မဇ္ဈိမကို ပြောသည်။

"မြို့ကွက်သစ်က အားလုံးပြီးပြီဆိုပေမယ့် လျှပ်စစ်မီးတို့ ရေတို့ ကျန်သေးတယ်။ အိမ်တွေကတော့ အပ်ပြီးသွားပြီ။ တိုးချဲ့တဲ့ မြို့ကွက်သစ်ဆိုပေမဲ့ ရပ်ကွက်တစ်ခုလိုပါပဲ။ လျှပ်စစ်မီးကလည်း ကိုယ့်အားကိုယ်ကိုးမှုလရှိတဲ့မြို့မှာရော၊ အခုအသစ်ဖော်ထုတ်တဲ့မြို့ကွက်သစ်မှာပါ အသုံးပြုနိုင်ပါပြီ။ ရေရဖို့နဲ့ လမ်းလုပ်ငန်းနည်းနည်းပဲ ကျန်ပါတော့တယ်"ဟု ၎င်းက ပြောသည်။

မတ်လမှစ၍ တည်ဆောက်ပြီးစီးသွားသည့် လူနေအိမ်၆၉လုံးတွင် မဲနှိုက်နေရာချထားပေးပြီးဖြစ်ရာ အိမ်ထောင်စုများ ပြောင်းရွှေ့နေထိုင်နိုင်ပြီဖြစ်ပြီး ရုံးပေါင်းစုံ၁၄ ရုံးကိုမူ ကုမ္ပဏီက အချောသတ် လုပ်ငန်းအချို့လုပ်ကိုင်ရန်သာကျန်ရှိသည်။

၂၀၁၃ခုနှစ်မှ စတင်အကောင်အထည်ဖော်ခဲ့သည့် ကမ္ဘာအေးမြို့ကွက်သစ် စီမံကိန်းတွင် လူနေအိမ်၆၉လုံး၊ ရုံးပေါင်းစုံအဆောက်အအုံ၁၄လုံးနှင့် ဂျက်လီဖောင်ဒေးရှင်းက လှူဒါန်းထားသော ကလေးအားကစားကွင်းငယ်များ တည်ဆောက်ပြီးစီးသွားပြီဖြစ်သည်။

၎င်းမြို့ကွက်သစ်စီမံကိန်းအကောင်အထည်ဖော်ရန် မန္တလေးတိုင်းအစိုးရအ ဖွဲ့က ဆောက်လုပ်ရေးကုမ္ပဏီများကို တင်ဒါစနစ်ဖြင့် ခေါ်ယူခဲ့သည်။

ကမ္ဘာအေးမြို့ကွက်သစ်တွင် မြို့နယ်တိုင်းရင်းဆေးကုဌာနခွဲ၊ မီးသတ်ရုံးတို့ တည်ဆောက်ရန် ဘတ်ဂျက်ရထားပြီဖြစ်ရာ ၂၀၁၄ခုနှစ်အတွင်း ပြီးစီးအောင် တည်ဆောက်သွားမည်ဖြစ်ပြီး ရေပေးဝေရေးအတွက်လည်း ဖြည့်စွက်ရန်ပုံငွေတင်ပြတောင်းခံပြီး ဧပြီကုန်ပိုင်းတွင် စတင်နိုင်မည်ဖြစ်သည်။

၂၀၁၁ခုနှစ်၊ နိုဝင်ဘာလကအင်အားပြင်းငလျင်လှုပ်ခတ်ခဲ့မှုကြောင့် မန္တလေးတိုင်းရှိ စဉ့်ကူးမြို့နယ်၊ သပိတ်ကျင်းမြို့နယ်တို့တွင်လူနေအိမ်ခြေအများအပြား ပျက်စီးဆုံးရှုံးခဲ့ရပြီးနောက် မြို့ပြန်လည်ထူထောင်ရေးကာလအဖြစ် ဆောင်ရွက်လျက်ရှိသည်။■



# ခရီးသည်တွေကိုလက်မှတ်ခနဲ့ပတ်သက်ပြီး စိတ်ကျေနပ်မှုရှိ မရှိမေးမယ် . . .

## မထသ (အဝေးပြေး) ဥက္ကဌ ဦးညွန့်ဝေနှင့် တွေ့ဆုံခြင်း

**သင်္ကြန်ကာလနီးတိုင်းဖြစ်ပေါ်လေ့ရှိသည့် အဝေးပြေးကားလက်မှတ်မှောင်ခိုဈေးကွက်၊ မှောင်ခိုလက်မှတ်ရောင်းချသည့် ယာဉ်လိုင်းများကို သက်ဆိုင်ရာကအရေးယူအပြစ်ပေးမှု၊ သင်္ကြန်မတိုင်မီခရီးသွားကြမည့်ခရီးသွားမိဘပြည်သူများသိရှိထားရမည့် အချက်အလက်များ စသည့်အကြောင်းအရာများနှင့်ပတ်သက်ပြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ မထသ (အဝေးပြေး) ဥက္ကဌ ဦးညွန့်ဝေကို မဇ္ဈိမသတင်းထောက် သိမ့်သဥ္ဇာဇင်ကတွေ့ဆုံမေးမြန်းထားပါသည်။**



**သင်္ကြန်ကာလနီးလာပြီဖြစ်လို့ အဝေးပြေးယာဉ်လိုင်းတွေနဲ့ပတ်သက်ပြီး စည်းမျဉ်းစည်းကမ်းအသစ် ထုတ်ထားတာမျိုးရှိပါသလားဆရာ။**

သင်္ကြန်အကြိုကာလနဲ့ မဟာသင်္ကြန်ရက်အတွင်း ရန်ကုန်ကနေတခြားတိုင်းဒေသကြီးနဲ့ ပြည်နယ်များကို ပြေးဆွဲနေတဲ့ အဝေးပြေးယာဉ်လိုင်းတွေအချင်းချင်း ခိုက်ရန်မဖြစ်ပွားဖို့၊ သတ်မှတ်စည်းကမ်းအတိုင်း စနစ်တကျ အန္တရာယ်ကင်းရှင်းစွာမောင်းနှင်ပြေးဆွဲနိုင်ဖို့၊ ကားလက်မှတ်တွေကို ဈေးတင်မရောင်းဖို့စတဲ့ အချက်အလက်တွေပါတဲ့စည်းကမ်းချက်တွေကို ကျွန်တော်ကိုယ်တိုင်လက်မှတ်ထိုးပြီး ဒီနှစ် မတ်လ ၆ ရက်မှာ ယာဉ်လိုင်းတွေအကုန်လုံးကို ပေးဝေခဲ့ပါတယ်။ အစိုးရအဖွဲ့၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ ပို့ဆောင်ရေးစီမံကိန်းတိုင်းဦးစီးမှူးနဲ့ မ. ထ. သ ဗဟို တို့ကိုလည်း မိတ္တူပေးထားပါတယ်။

**ဆရာတို့ဘက်က စည်းမျဉ်းထုတ်ပေမယ့် အဲဒီစည်းကမ်းတွေကို ယာဉ်လိုင်းတွေက လိုက်နာမှုမရှိရင် ဘယ်လိုအရေးယူမှာပါလဲ။**

ကျွန်တော်တို့က မတ်လ ၃၁ ရက်နဲ့ ဧပြီလ ၇ ရက်တွေကျရင် ယာဉ်လိုင်းတွေကို သီးသန့်ခေါ်ပြီး စည်းမျဉ်းစည်းကမ်းတွေကိုရှင်းပြဦးမှာပါ။ ကျွန်တော်တို့ရဲ့ ညွှန်ကြားချက်တွေကို သေချာဖတ်ပြီးလိုက်နာအောင်ပြောမှာပါ။ ပြီးတော့ သင်္ကြန်ကာလမတိုင်ခင်ရက်တွေမှာ ကျွန်တော်တို့က အထွက်ဂိတ်တွေမှာ ကားပေါ်တက်စစ်မယ်။ ခရီးသည်တွေကို လက်မှတ်ခနဲ့ပတ်သက်ပြီး စိတ်ကျေနပ်မှုရှိမရှိမေးမယ်။ မေးလို့တိုင်တန်းမှုရှိလာပြီဆိုရင် စစ်ဆေးမယ်။ စစ်ဆေးလို့ဟုတ်တယ်ဆိုရင် အဲ့ဒီယာဉ်လိုင်းကို ဒဏ်တပ်မယ်။ ပြီးရင်ပိုယူထားတဲ့ ခရီးသည်ရဲ့ ပိုက်ဆံကိုပြန်ပေးခိုင်းမယ်။ ကျွန်တော်တို့ရဲ့ လုပ်ပိုင်ခွင့်နဲ့စည်းမျဉ်းစည်းကမ်းက တော့ဒါပဲရှိတယ်။ ယဉ်လိုင်းပိတ်သိမ်းတဲ့ အထိတော့ ကျွန်တော်တို့အရေးယူလို့မရဘူး။ ယာဉ်လိုင်းပိတ်သိမ်းတဲ့အထိ အရေးယူချင်ရင်တော့ တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုတင်ပြလို့ပဲရတယ်။ လက်ရှိမှာတော့ လက်မှတ်ဝယ်တဲ့ဂိတ်ကနေ ခရီးသည်က တိုင်ရင်သွားစစ်ပေးတယ်။ အဲဒီလိုသွား စစ်ရင်ဂိတ်တွေလည်း မဟုတ်ဘူးဆိုပြီး ငြင်းကြတယ်။ ယာဉ်လိုင်းဝန်ထမ်းတွေကလည်း ကျွန်တော်ခန့်ထားတာမဟုတ်တဲ့အတွက် ဖြုတ်လို့မရဘူးဖြစ်နေတယ်။

**သင်္ကြန်နီးလာတဲ့အချိန်မှာ ကားလက်မှတ်မှောင်ခိုဈေးကွက်မဖြစ်အောင် ထိန်းချုပ်လို့ရလားဆရာ။**

မှောင်ခိုကားလက်မှတ်ရောင်းတာနှစ်မျိုးရှိတယ်။ တစ်ခုက ကားလက်မှတ်ပေါ်မှာတစ်ခါတည်းရေးပြီး ပိုက်ဆံပိုတောင်းလိုက်တာ။ တစ်ခုကသတ်မှတ် ဈေးနှုန်းပဲရေးပြီး ပိုက်ဆံကျတော့ပိုယူလိုက်တာ။ ဘယ်လိုပဲယူယူ မသာမာမှုကတော့မသမာမှုပါပဲ။ လာတိုင်တဲ့ခရီးသည်တွေကလည်း မဟုတ်ဘဲလာမတိုင်ဘူး။ လာတိုင်ရင်တော့ အဲ့ဒီယာဉ်လိုင်းကို ကျပ် ၁၀,၀၀၀ ဒဏ်တပ်တယ်။ မှောင်ခိုဈေးကွက် မဖြစ်အောင်ကြိုတင်ကာကွယ်လို့တော့မရဘူး။ ဖြစ်လာရင်ဖြေရှင်းပေးလို့ပဲရတယ်။

**အခုလက်ရှိတချို့ကားဂိတ်တွေမှာ သင်္ကြန်တွက် လက်မှတ်မရောင်းသေးဘူး၊ ငါးရက်နေ့အထိပဲ ရောင်းပေးတယ်လို့ သိရတယ်။ ဘာကြောင့်ပါလဲဆရာ။**

အဲ့ဒါကလည်း ကျွန်တော်တို့က ဘယ်နေ့ထိပဲရောင်းပါ။ ဘယ်နေ့ကိုတော့မရောင်းပါနဲ့လို့ပြောလို့မှမရတာ။ တချို့ယာဉ်လိုင်းတွေက ကားလက်မှတ်ကုန်သွားတာမျိုးရှိတတ်တယ်လေ။ အဝေးပြေးယာဉ်လိုင်းကတော့မြို့ထဲမှာပြေးနေတဲ့ ဘတ်စ်ကားတွေနဲ့တော့ မတူဘူးပေါ့။

**မနှစ်ကကားလက်မှတ်ကိစ္စနဲ့ပတ်သက်ပြီး တိုင်ကြားမှုဘယ်လောက်ရှိခဲ့ပါလဲ၊ ဆရာတို့ဘက်ကရောဘယ်လိုအရေးယူခဲ့ပါလဲ။**

မနှစ်ကတိုင်ကြားမှုကတော့ တိတိကျကျမဟုတ်ပေမဲ့ ၁၅မှု၊ ၂၀ မှုလောက်တော့ရှိတယ်။ အရေးယူတာကတော့ အထက်ကပြောခဲ့တဲ့အတိုင်းအရေးယူခဲ့ပါတယ်။

**တိုင်ကြားရင် အမှန်တကယ်အရေးယူမယူ ဘယ်လိုသိနိုင်မှာလဲ။**

တိုင်ကြားထားတဲ့ ခရီးသည်ကိုယ်တိုင် ဖုန်းပြန်ဆက်ပြီး မေးလို့ရပါတယ်၊အမှန်တကယ်အရေးယူလား မယူဘူးလားဆိုတာကို။

**တိုင်ကြားရမယ့်ပုံစံ၊ တိုင်ကြားရမယ့် လိပ်စာနဲ့ဖုန်းနံပါတ်တွေပြောပြပေးပါဦး။**

အဝေးပြေး မ. ထ. သ ရုံးချုပ်မှာရှိတဲ့ ဌာနမှူး ဦးစိုးနိုင် ဖုန်း-၆၃၆၈၄၁၊ ဒု-ဌာနမှူး ဦးမျိုးဝင်းဖုန်း- ၆၃၆၈၄၂ တို့ကိုဖုန်းဆက်ပြီးတိုင်ကြားနိုင်ပါတယ်။

**ဒီနှစ်သင်္ကြန်မှာနယ်ပြန်မဲ့ ခရီးသည်တွေကို ဘာများပြောချင်ပါသေးလဲ ဆရာ။**

ကျွန်တော်တို့ မ. ထ. သ အဝေးပြေးရဲ့ဆောင်ပုဒ်ရှိပါတယ်၊ "ခရီးသွားလုပ်သားပြည်သူများ လိုရာခရီးသို့လုံခြုံချောမွေ့စွာရောက်ရှိစေရမည်" ဆိုတဲ့ဆောင်ပုဒ်ပါ။ အဲဒီဆောင်ပုဒ်နဲ့အညီ စီစဉ်ဆောင်ရွက်နေပါတယ်လို့ ပြောချင်ပါတယ်။ ■

---

# သင်္ကြန်ရက်အတွင်း ယာဉ်လိုင်းလေးလိုင်းပြေးဆွဲမည်

■ သိမ့်သဥ္ဇာဇင်
**ရန်ကုန်၊ မတ် ၂၇**

၂၀၁၄ ခုနှစ်မဟာသင်္ကြန်ပွဲ တော်ရက်အတွင်း အောင်မင်္ဂလာအဝေးပြေးကားဝင်းမှအဝေးပြေးယာဉ်လိုင်း လေးလိုင်းပြေးဆွဲမည်ဖြစ်ကြောင်း အောင်မင်္ဂလာအဝေးပြေးဝင်းအတွင်းရှိ မထသ အဝေးပြေးရုံးမှ တာဝန်ရှိသူတစ်ဦး က ပြောသည်။

အဆိုပါယဉ်လိုင်းများမှာ စည်းစိမ်ရှင်၊ မိဟာရ၊ မန်းရာဇာနှင့် မန္တလာမင်းတို့ဖြစ်ပြီး မိဟာရ ယာဉ်လိုင်းတစ်လိုင်းသာ ရန်ကုန်-မော်လမြိုင် ခရီးစဉ်ကိုပြေးဆွဲမည်ဖြစ်ပြီး ကျန်ယာဉ်လိုင်းသုံးလိုင်းမှာ ရန်ကုန်- မန္တလေးခရီးစဉ်ကို ပြေးဆွဲမည်ဖြစ်သည်။

သင်္ကြန်ကာလ အတွင်းဓာတ်ဆီဈေးနှုန်းမြင့်မားမှုကြောင့် ကားလက်မှတ်ခ မြင့်တက်နိုင်ဖွယ်ရှိသော်လည်း ကားလက်မှတ်နှုန်းထားကို အတိအကျ မဆုံးဖြတ်ရသေးကြောင်း မန်းရာဇာ ယာဉ်လိုင်းမှတာဝန်ရှိသူတစ်ဦးက မဇ္ဈိမကိုပြောသည်။လက်ရှိတွင်ရန်ကုန်-မန္တလေး ခရီးစဉ်အတွက် ကားလက်မှတ် နှုန်းထားမှာ ကျပ် ၁၀,၄၀၀ ဖြစ်ပြီး သင်္ကြန်တွင်းကာလအတွက် ကားလက်မှတ်များရောင်းချသေးခြင်းမရှိဟုလည်း ၎င်းကပြောသည်။

မန္တလာမင်းယာဉ်လိုင်းမှ တာဝန်ရှိသူတစ်ဦးကလည်း "ကျွန်တော်တို့ယဉ်လိုင်းက ပိတ်ရက်မရှိပါဘူး။ သင်္ကြန်တွင်းလေးရက်ပါပြေးဆွဲမှာပါ။ မန္တလေးတစ်ကြောင်းပါပဲ။ မနက် ၈ နာရီတစ်ချိန်နဲ့ ည ၉ နာရီတစ်ချိန်ပါ။ သင်္ကြန်တွင်း ဓာတ်ဆီဈေးတက်တယ်ဆိုပြီး ကားခတက်ဖို့အစီအစဉ်မရှိပါဘူး။ ပုံမှန်ဈေးပါပဲ"ဟု မဇ္ဈိမကို ပြောသည်။

မဟာသင်္ကြန်ပွဲတော်ရက်အတွင်း မြို့နယ်အသီးသီးတွင် ရေကစားကြမည်ဖြစ်ရာ ရေကစားမည့်နေရာများတွင် ယာဉ်များကိုအရှိန်လျော့မောင်းနှင်ရန် ညွှန်ကြားထားသည်ဟု မထသ (အဝေးပြေး) ဥက္ကဌဦးညွန့်ဝေကမဇ္ဈိမကို ပြောသည်။

အဝေးပြေးရပ်နားစခန်းမှ ယာဉ်များစတင် ထွက်ခွာချိန်နှင့် ပြန်လည်ဝင်ရောက်ချိန်များကို တာဝန်ရှိသူအဆင့်ဆင့်က ကြပ်မတ်ဆောင်ရွက်သွားရန်ညွှန်ကြားထားသည်ဟုလည်း မထသ (အဝေးပြေး) ယဉ်လိုင်းဥက္ကဌ ဦးဝေညွှန့်က မဇ္ဈိမ ကို ပြောသည်။ ■

---

**စားသောက်ကုန် ဈေးနှုန်းများ**

| ဆန် (တစ်အိတ်နှုန်း) | |
|---|---|
| ပေါ်ဆန်းမွှေး (မြောင်းမြ) | ၂၈,၀၀၀ |
| ပေါ်ဆန်းမွှေး (ဖျာပုံ) | ၂၆,၀၀၀ |
| ဧယာ | ၁၇,၂၀၀ |
| တောင်ပျံ | ၂၅,၀၀၀ |

ရွှေရောဆန်ပွဲရုံမှ ကူညီသည်။

ဘုရင့်နောင် ကုန်စည်ဒိုင်ဈေးနှုန်း

| ဆီ (တစ်ပိဿာနှုန်း) | |
|---|---|
| မြေပဲဆီ | ၃,၆၀၀ |
| နှမ်းဆီ | ၄,၆၀၀ |
| စားအုန်းဆီ | ၁,၆၅၅ |
| **ပဲမျိုးစုံ (တစ်ပိဿာနှုန်း)** | |
| ကုလားပဲလုံး | ၇၈၀ |
| စားတော်ပဲလုံး | ၁,၅၀၀/၁,၅၇၀ |
| မတ်ပဲ RAW | ၁,၀၀၀ |
| ကုလားပဲခြမ်း | ၉၇၅ |
| **ကြက်သွန်နီ (တစ်ပိဿာနှုန်း)** | |
| ဆိပ်ဖြူရှယ် | ၄၂၅ |
| ဆိပ်ဖြူလတ်ကြီး | ၄၀၀ |
| ဆိပ်ဖြူလတ်သန့် | ၃၇၅ |
| ဆိတ်ဖြူလတ်ချော | ၂၇၅ |
| **ကြက်သွန်ဖြူ (တစ်ပိဿာ)** | |
| အောင်ပန်း ထူး-၂ | ၁,၁၅၀ |
| အောင်ပန်း ထူး-၃ | ၁,၂၇၅ |
| အောင်ပန်း ထူး-၄ | ၁,၆၀၀ |
| တောင်ကြီး ထူး-၅ | ၁,၈၀၀ |
| **ထန်းလျက် (တစ်ပိဿာနှုန်း)** | |
| တောင်သာထန်းလျက် | ၉၂၀ |
| ညောင်ဦးဆေးရှယ် | ၁,၁၀၀ |
| **မန်ကျည်း (တစ်ပိဿာနှုန်း)** | |
| ရမည်းသင်းပွင့်ကပ် | ၇၀၀ |
| ကျောက်ပန်းတောင်း (အသား) | ၁,၀၀၀ |
| **သကြား (တစ်ပိဿာနှုန်း)** | |
| သကြား (ရှယ်) | ၉၁၀ |
| သကြား (ရိုးရိုး) | ၈၆၀ |
| **အာလူး (တစ်ပိဿာနှုန်း)** | |
| ဆင်ဖြူကျွန်း A1 | ၄၀၀ |
| ဆင်ဖြူကျွန်း OK | ၅၁၀ |
| ဆင်ဖြူကျွန်း S1 | ၆၁၀ |
| **ပုစွန်ခြောက် (တစ်ပိဿာနှုန်း)** | |
| ဖျာပုံရွှေပုစွန်ရှယ် | ၂၃,၀၀၀/၂၄,၀၀၀ |
| မြိတ် ပုစွန်လတ် | ၁၅,၀၀၀/၁၆,၀၀၀ |
| ရခိုင်ရွှေပုစွန် ရှယ် | ၁၄,၀၀၀/၁၅,၀၀၀ |
| **ငါးခြောက် (တစ်ပိဿာနှုန်း)** | |
| ငါးကျည်းကျပ်တိုက်ကြီး | ၂၀,၀၀၀/၂၂,၀၀၀ |
| ငါးရံ့ခြောက်ကြီး | ၁၈,၀၀၀/၁၉,၀၀၀ |
| ငါးကွမ်းရှပ် | ၉,၅၀၀/၁၀,၀၀၀ |

မှတ်ချက်
မတ်လ ၂၆ ရက်တွင် ကောက်ယူထားခြင်းဖြစ်၍ဈေးနှုန်းအတက်အကျရှိနိုင်သည်။

**မတ် ၂၆ ရက် ငွေလဲနှုန်း**

| ငွေကြေး | ဝယ် | ရောင်း |
|---|---|---|
| အမေရိကန် | ၉၆၂ | ၉၆၆ |
| ယူရို | ၁,၃၂၂ | ၁,၃၃၇ |
| စင်ကာပူ | ၇၅၅ | ၇၆၃ |
| ဂျပန် | ၉.၀၂ | ၉.၅၂ |
| ထိုင်း | ၂၈.၅၇ | ၃၀.၀၇ |

ဘုရင့်နောင် ကုန်စည်ဒိုင်မှ ရရှိသော ဈေးနှုန်းများဖြစ်ပါသည်။

**မတ်လ ၂၇ ရက် ရွှေဈေး**

၁၅ ပဲ - ၆၂၆,၅၀၀ ကျပ်
၁၆ ပဲ - ၆၆၆,၅၀၀ ကျပ်

**ကမ္ဘာ့ရွှေဈေး**

၁,၃၀၅ ဒေါ်လာ (အမေရိကန်)
တိတ်စိန်ရတနာရွှေဆိုင်မှ ရရှိသော ဈေးနှုန်း ဖြစ်ပါသည်။

# ကျောက်စိမ်းမှ နှစ်စဉ်အမေရိကန်ဒေါ်လာ ရှစ်ဘီလီယံရရှိ

■ ဘလွန်းဘတ်
**ဝါရှင်တန်၊ မတ် ၂၇**

မြန်မာနိုင်ငံ၏ ကျောက်စိမ်းတင်ပို့မှုမှ ရရှိသောငွေကြေးသည် ၂၀၁၃ ခုနှစ် နောက်ဆုံး တတိယ သုံးလပတ်ကာလ အတွင်း အမေရိကန်ဒေါ်လာ သန်း ၉၂၀ ရရှိခဲ့ကြောင်း အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနမှ ထုန်ပြန်ခဲ့သော်လည်း ၂၀၁၁ ခုနှစ်တွင် အမေရိကန်ဟားဗတ်အက်ရှ်စင်တာ ( Harvart Ash Centre) ၏ လေ့လာမှုအရ မြန်မာနိုင်ငံ၏ နှစ်စဉ်ကျောက်စိမ်းကုန်သွယ်မှုတန်ဖိုးသည် အမေရိကန် ဒေါ်လာ ရှစ်ဘီလီယံရှိသည်ဟု ခန့်မှန်းထားကြောင်း ဘလွန်းဘတ် သတင်းဌာနက မတ်လ ၂၅ ရက်တွင် ရေးသားဖော်ပြသည်။



*ပြည်တွင်း ပြပွဲတစ်ခုတွင်တွေ့ရသည့် ကျောက်စိမ်းတုံး။ တရားမဝင်ရောင်းဝယ်ခြင်းမှ ရရှိသည့်ငွေကြေးက တရားဝင်ရောင်းဝယ်ခြင်းမှရရှိသည့်ငွေကြေးထက် အဆမတန်များပြားနေသည်။* **ဓာတ်ပုံ-ဟောင်ဆာ(ရာမည)**

သို့သော်လည်း ကျောက်စိမ်းများမှာ မြန်မာနိုင်ငံအတွင်းမှ ပြည်ပသို့တရားမဝင် မှောင်ခိုတင်ပို့မှု ရှိခြင်းနေခြင်းကြောင့် အစိုးရကထုတ်ပြန်သည့် ငွေကြေးပမာဏ သည် အမှန်တကယ်ရောင်းဝယ်သည့် ကျောက်စိမ်း တန်ဖိုးစုစုပေါင်းထက် အလွန်ကွဲလျော့နည်းနေသည်ဟုလည်း အထက်ပါ သတင်းတွင်ဖော်ပြသည်။

အမေရိကန် သမ္မတအိုဘားမားသည် စစ်တပ်အုပ်ချုပ်မှု ခေတ်အတွင်း မြန်မာနိုင်ငံအပေါ်ပြဋ္ဌာန်းထားသော ကုန်သွယ်ရေးဆိုင်ရာအရေးယူပိတ်ဆို့မှုအများစုကိုဖြေလျှော့ပေးခဲ့သော်လည်း လူ့အခွင့်အရေးဆိုင်ရာညှဉ်းပန်းနှိပ်စက်မှုများကြောင့် မြန်မာနိုင်ငံမှ အမေရိကန်နိုင်ငံသို့ကျောက်စိမ်းတင်သွင်းမှုအပေါ် တားမြစ်ထားပိတ်ပင်ထားဆဲဖြစ်သည်။

မြန်မာနိုင်ငံတွင် တန်ကြေးရှိသော ကျောက်စိမ်းများကို ကချင်ပြည်နယ် မြောက်ပိုင်းမှ ရရှိသည်။ ကချင်ပြည်နယ် မြောက်ပိုင်းသည် တပ်ဖွဲ့ဝင် ၈,၀၀၀ အင်အားရှိသော ကချင်လွတ်မြောက်ရေးတပ်မတော်တိုက်ပွဲဝင်နေသော နေရာတစ်ခုဖြစ်သည်။ မိုင်းတွင်းများပိုင်ဆိုင်မှုသည် ရှင်းလင်းမှုမရှိခြင်းနှင့် မိုင်းတွင်းများကိုတာဝန်ယူကြည့်ရှုနိုင်သည့် အခြေအနေမရှိခြင်းတို့ကြောင့် ယင်းဒေသရှိမိုင်းတွင်းများကို နိုင်ငံတကာအဖွဲ့အစည်းများက ဝင်ရောက်လုပ်ကိုင်နိုင်မှု မရှိသေးပေ။ အိမ်နီးချင်း တရုတ်နိုင်ငံသည် မြန်မာနိုင်ငံမှ ကျောက်စိမ်းများကိုအများဆုံးဝယ်ယူသည့် နိုင်ငံတစ်ခုဖြစ်သည်။ အမေရိကန်ပြည်ထောင်စုသည် ၂၀၀၀ ခုနှစ်မှစ၍မြန်မာနိုင်ငံမှ ကျောက်စိမ်းနှင့် အခြားသောကျောက်မျက်ရတနာ များတင် သွင်းခြင်းကိုပိတ်ပင်တားမြစ်ခဲ့သည်။ ထိုချိန်မှစ၍ မြန်မာ့ကျောက်စိမ်းများ တရားမဝင်နယ်စပ်ဖြတ်ကျော်ရောင်းဝယ်သည့်လုပ်ငန်းများလည်း အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာခဲ့ခြင်းဖြစ်သည်ဟု အထက်ပါသတင်းကဆိုသည်။ ■

## မြန်မာ့ဆန် တရုတ်ပြန်ဝယ်ယူ

■ သီဟကိုကို
**ရန်ကုန်၊ မတ် ၂၇**

ပြည်တွင်းဆန်ဈေး ပြန်လည်ကျဆင်းလာသောကြောင့် တရုတ်နိုင်ငံကကုန်သည်များက မြန်မာဆန်များကို ပြန်လည်ဝယ်ယူနေသည်ဟု မူဆယ်၊ ဆန်လုပ်ငန်းရှင်များအသင်း၊ ဒုတိယဥက္ကဋ္ဌ ဦးချမ်းသာဦး က မဇ္ဈိမကိုပြောသည်။ ပြီးခဲ့သည့် ရက်သတ္တပတ်ခန့်တွင် ဗီယက်နမ်ဆန်ဈေး ကွက်ဖွင့်ခြင်းကြောင့် တရုတ်ကုန်သည်များက မြန်မာနိုင်ငံဘက်မှ ဆန်များအားဝယ်ယူမှုနည်းပါးသွားခဲ့ရခြင်းဖြစ်သည်ဟုလည်း ၎င်းကပြောသည်။ မြန်မာနိုင်ငံမှဆန်များကို တရုတ်သို့အဓိကတင်ပို့နေသည့် မူဆယ်ကုန်သွယ်ရေးလမ်းကြောင်းမှ တရုတ်နိုင်ငံသို့နေ့စဉ်ဆန်တန်ချိန် ၂,၀၀၀ နှင့် ၂,၅၀၀ အကြားတင်ပို့လျက်ရှိကာ ယခုရက်ပိုင်းတွင် အရောင်းအဝယ်ပြန်လည် ကောင်းမွန်လာသည်ဟု ဒေသခံဆန်ကုန် သည်များက ပြောသည်။

ရန်ကုန်ဆန်ဈေးကွက်တွင် ပြီးခဲ့သည့် ရက်ပိုင်းက ငါးမှတ် ဧည့်မထဆန်တစ်အိတ် ကျပ် ၁၇,၀၀၀ ဈေးရှိခဲ့ရာမှ မတ်လ ၂၇ ရက်တွင်ကျပ် ၁၆,၀၀၀ ဝန်းကျင်သို့ ကျဆင်းခဲ့ပြီး မူဆယ်ဆန်ဈေးကွက်တွင် ဧည့်မထ တစ်အိတ်လျှင် ၁၅၆ယွမ် မှ ၁၄၇ ယွမ်အထိ ဈေးနှုန်းများကျဆင်းလာခဲ့သည်ဟု ဆန်ကုန်သည်များကပြောသည်။ ■

# ပြောင်းဆန်ဈေးနှုန်းကျဆင်း

■ မိုမို့သန္တာ
**ရန်ကုန်၊ မတ် ၂၇**

မတ်လအတွင်း ပြည်ပမှပြောင်းဆန်ဝယ်လိုအားကျဆင်းမှုကြောင့် ပြည်တွင်း မွေးမြူရေးသမားများအတွက် လက်ရှိကာလတွင် အဆင်ပြေမှုများရှိနေသည်ဟု မြန်မာနိုင်ငံ ငါး၊ ပုစွန်အစာထုတ်လုပ်ရောင်းချသူများ အသင်းဥက္ကဋ္ဌ ဒေါက်တာသက်မျိုးက မဇ္ဈိမကို ပြောသည်။

သို့သော်လာမည့် မေလနှင့် ဇွန်လများတွင် ပြောင်းဆန်ဈေးနှုန်းများပြန်လည်မြင့်တက်လာနိုင် သောကြောင့် ပြည်တွင်းမွေးမြူရေးလုပ်ငန်းရှင်များ သတိထားသင့်သည်ဟုလည်း ၎င်းကဆိုသည်။

လက်ရှိတွင် တရုတ်နိုင်ငံမှလည်း ဝယ်လိုအားကျဆင်းနေပြီး ဒေါ်လာဈေး ကိုက်ညီမှုမရှိခြင်းများကြောင့် ပြည်ပ Export လည်းကျဆင်းနေခဲ့သည်ဟု ၎င်းက ပြောသည်။ ယင်းသို့ကျဆင်းချိန်တွင် ဝယ်လက်များက ဝယ်ယူသိုလှောင်ထားတတ်ကြပြီး ပြောင်းစာရှားပါးချိန်တွင် ဈေးနှုန်းအမြင့်ဖြင့်ပြန်လည် ရောင်းချနိုင်သောကြောင့် ပြောင်းဆန်ဈေးများ ပြန်လည်မြင့်တက်လာနိုင်ကြောင်း ဒေါက်တာသက်မျိုး က ဆက်လက်ပြောကြားသည်။

ဒေါက်တာ သက်မျိုးက "ပြောင်းဈေးတွေကျတာက ငါးတစ်မျိုးထဲ အတွက် မဟုတ် ပါဘူး။ တခြား ကြက်၊ ဝက်စတဲ့ မွေးမြူရေးလုပ်ငန်းတွေအတွက်လဲ ကောင်းတာပေါ့။ ဒါပေမဲ့ သိုလှောင်တဲ့လူတွေကြောင့် ဈေးပြန်တက်လာနိုင်တယ် ဆိုတာ မမေ့ သင့်ဘူး" ဟုပြောသည်။

ရှမ်းပြည်နယ်တောင်ပိုင်း၊ မြောက်ပိုင်းနှင့် ဧရာဝတီတိုင်းဒေသရှိ ဟင်္သာတ၊ ဇလွန်၊ ဓနုဖြူမြို့များတွင်ပြောင်းများ တစ်ပြိုင်နက်ဖြစ်ထွန်းသောကြောင့် ပြောင်းဈေးများပိုမိုကျဆင်းရခြင်းဖြစ်ပြီး Expor ဝယ်လိုအားကျဆင်းခြင်းကြောင့်လည်း ပြောင်းဈေးနှုန်း များမြင့်တက်လာခြင်းမရှိဟု ဒေါက်တာသက်မျိုးက ဆိုသည်။

တောင်သူများအနေဖြင့်လဲ ရာသီဥတုဖောက်ပြန်ခြင်းနှင့် မြေဆီမြေနှစ်ခန်းခြောက်ခြင်းများကြောင့် ငရုတ်၊ ကြက်သွန်များအစား ပြောင်းစိုက်ပျိုးခြင်းကိုသာ ပိုမိုလုပ်ကိုင်လာကြသော်လည်း ပြောင်းမျိုးစေ့ဈေးကြီးခြင်း၊ စိုက်ပျိုးစရိတ်ကြီးမြင့်ခြင်းစသော အကြောင်းအရင်းများကြောင့် တောင်သူများအနေဖြင့် ထွက်ရှိလာသော ပြောင်းများကို အချိန်ဆွဲ၍ သိုလှောင်ထားနိုင်ခြင်းမရှိဘဲ သိုလှောင်သူများလက်သို့ သာလွှဲပြောင်းရောင်းချရလေ့ရှိသည်ဟု ဟင်္သာတမြို့မှပဲ၊ ပြောင်းစိုက်ပျိုးထုတ်လုပ်သူ ဦးအောင်ကြည် က ပြောသည်။

"စိုက်ပျိုးစရိတ်ကလဲကြီးတော့တောင်သူတွေက ငွေမြန်မြန်ပေါ်ချင်တယ်" ဟု ၎င်းကပြောသည်။ ပြီးခဲ့သည့်တစ်လခန့်က တစ်ပိဿာလျှင် ကျပ် ၄၀၀ ဈေးရှိခဲ့သည့် ပြောင်းဆန်များမှာ လက်ရှိကာတွင် တစ်ပိဿာလျှင် ကျပ် ၃၀၀ ဝန်းကျင်သာဈေးရှိတော့သည်ဟု ဒေါက်တာသက်မျိုးက ပြောသည်။ ■



တက်ကြွ၍မိမိကိုယ်ကိုယုံကြည်မှုရှိသော လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ လစ်လပ်လျက်ရှိပါသည်။

**Web Designer** M-2
CMS, HTML, CSS, CSS3, HTML5, Jquery, Photoshop, Illustrator Software များကို ကောင်းစွာ အသုံးပြုနိုင်သူ၊ (*C Panel, Web Hosting ပိုင်းဆိုင်ရာကို နားလည်သူ၊ Web Design နှင့် ပတ်သက်၍ အတွေ့အကြုံရှိသူကို ဦးစားပေးမည်။)

**Marketing Executive** F-10
လမ်းညွှန်စာအုပ်ထုတ်ဝေရေးတွင် တာဝန်ထမ်းဆောင်ရန် ရုပ်ရည်အသင့်အတင့်ရှိ၍ စကားပြောပြေပြစ်သူ၊ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိထားသူ၊ လမ်းညွှန်စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွေ့အကြုံရှိသူ (သို့) ကြော်ငြာရောင်းအတွေ့အကြုံ (၂)နှစ်ရှိသူ။ (*နယ်ခရီးသွားနိုင်ရမည်။)

**Marketing Assistant** F-20
ရုပ်ရည်အသင့်အတင့်ရှိပြီးစကားပြော ပြေပြစ်သူ၊ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိထားသူ၊ ကြော်ငြာအရောင်းအတွေ့အကြုံရှိသူ (သို့) လမ်းညွှန်စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။

**Tele Advertising Sales** F-2
စကားပြောပြေပြစ်ပြီး တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိထားသူ၊ တယ်လီဖုန်းဖြင့် ကြော်ငြာရောင်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။

**Data Entry** F-3
တက္ကသိုလ်ဝင်တန်းအောင်မြင်ထားပြီး၊ English/ မြန်မာလက်ကွက်ကျွမ်းကျင်စာရိုက်တတ်ရမည်။ Microsoft Office, Pagemaker ကျွမ်းကျင်စွာအသုံးပြုနိုင်သူဖြစ်ရမည်။

**Data Collector** M-10
အသက် (၂၀)မှ(၂၅)နှစ်အတွင်း၊ တက္ကသိုလ်ဝင်တန်း အောင်မြင်ထားသူ၊ စကားပြောပြေပြစ်ပြီး၊ ရန်ကုန်မြို့တွင်းရှိ နယ်မြေများကို ကောင်းမွန်စွာသွားလာနိုင်သူ။ (*နယ်ခရီးသွားနိုင်သူဖြစ်ရမည်)

**Driver** M-1
အသက် (၂၅-၄၅) အတွင်း၊ ယာဉ်မောင်းအတွေ့အကြုံ (၃)နှစ် အထက်ရှိပြီး ယာဉ်မောင်းလိုင်စင် အနက်ရှိရမည်။ ရန်ကုန်မြို့အတွင်း ကျွမ်းကျင်စွာ သွားလာနိုင်ပြီး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာနိုင်ရမည်။

လျှောက်ထားလိုသူများသည် CV နှင့်အတူ (ဓါတ်ပုံနှစ်ပုံ)၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ မှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်းဆိုင်ရာမိတ္တူများနှင့်အတူ (၁၀.၄.၂၀၁၄) နောက်ဆုံးထား၍ လာရောက်လျှောက်ထားနိုင်ပါသည်။

LOGIMEDIA
Logistics Media Services Co.,Ltd.
HR / Admin Department
No.2, Room (9 / D-E), Zagawar Condo, Moe Kaung Rd, Yankin Tsp, Yangon. Tel :01-559768,01-554776
Email : admin@logimedia.com.mm

# မြန်မာနှစ်သစ်ကူး မင်္ဂလာအချိန်အခါသမယ မှာ ဆုမွန်ကောင်း တောင်းလိုသူများအတွက်

## Mizzima Daily နှင့် Mizzima Business Weekly တွင်

## တပြိုင်တည်း ကြော်ငြာထည့်သွင်းနိုင်မည့် အထူးအခွင့်အရေး

## Special Package

**Full Page** $ ~~1115~~ Only $ 400

**Half Page** $ ~~553~~ Only $ 220



(ဧပြီ ၁ ရက်နေ့ မှ ဧပြီ ၃၀ ရက် ထိသာ)

**ရန်ကုန်**

ပြည့်ဖြိုးအောင် ၀၉ ၄၂၀၀ ၃၄၆၁
မျိုးသီတာ ၀၉ ၇၃၀၈၆၈၆၄
အိခိုင်ဇာ ၀၉ ၃၁၀၅၁၆၇၃
ဟန်သီအောင် ၀၉ ၄၂၅၃၁၁၇၁
ဇင်မျိုးအေး ၀၉ ၂၅၄၂၆၃၁၂၄
လှုအေးချမ်း ၀၉ ၃၁၆၇၁၂၁၉
ရန်ကုန် ရုံးဖုန်း ၀၉ ၄၂၀၁၀၁၁၁

**မန္တလေး**

သက်ဝါဝါဆွေ ၀၉ ၄၀၂၅၅၀၅၄၀
မန္တလေး ရုံးဖုန်း ၀၂ ၃၆၈၃၅

email : adsales@mizzima.com

# စင်ကာပူ ချန်ဂီလေဆိပ် ကမ္ဘာ့အကောင်းဆုံး နိုင်ငံတကာလေဆိပ်အဖြစ် ရွေးချယ်သတ်မှတ်ခံရ

■ သည်ဩစတြေးလျ
**မဲလ်ဘုန်း၊ မတ် ၂၇**

ညင်သာ ချောမွေ့သော စစ်ဆေးမှုများ၊ ကောင်းမွန်ပြည့်စုံသော ဝန်ဆောင်မှုများနှင့်အတူ ချစ်စဖွယ်ရေကူးကန်နှင့် ရုပ်ရှင်ရုံတစ်ရုံပါရှိသော စင်ကာပူနိုင်ငံ၏ ချန်ဂီနိုင်ငံတကာလေဆိပ်သည် ၂၀၁၄ ခုနှစ်အတွက် ကမ္ဘာ့အကောင်းဆုံးနိုင်ငံတကာလေဆိပ်အဖြစ် ရွေးချယ်ခြင်းခံခဲ့ရကြောင်း The Australian သတင်းဌာနက မတ်လ ၂၈ ရက်တွင် ရေးသားဖော်ပြသည်။

မတ်လ ၂၆ ရက်ညကစပိန်နိုင်ငံ ဘာစီလိုနာမြို့တွင်ကျင်းပသော ကမ္ဘာ့အကောင်းဆုံးလေဆိပ်ဆု ပေးအပ်ချီးမြှင့်သည့်အခမ်းအနားတွင် ချန်ဂီလေဆိပ်သည် တောင်ကိုရီးယားနိုင်ငံ၏ အင်ချွန်းလေဆိပ်နှင့် ဂျာမနီနိုင်ငံ၏မြူးနစ်လေဆိပ်တို့ကို ကျော်ဖြတ်၍ ကမ္ဘာ့အကောင်းဆုံးလေဆိပ်အဖြစ် နှစ်နှစ်ဆက်တိုက် ရွေးချယ်ခြင်းခံခဲ့ရခြင်းဖြစ်သည်။

ချန်ဂီလေဆိပ်သည် ငါးအလှမွေးကန်များ၊ လှပသောပန်းဥယျာဉ်များနှင့် ကလေးကစားကွင်းများအပြင် အခမဲ့အင်တာနက်သုံးစွဲနိုင်ခြင်းတို့ကြောင့် လေယာဉ်စီးခရီးသည်များအကြား ရေပန်းစားနေခြင်းဖြစ်သည်ဟု သိရသည်။

ဗြိတိန်နိုင်ငံအခြေစိုက် လေကြောင်းဆိုင်ရာ အတိုင်ပင်ခံအဖွဲ့အစည်း SkyTrax က ကောက်ယူသည့် ခရီးသည် ၁၂ ဒသမ ၈၅ သန်း၏ဆန္ဒမဲများပေါ်မူတည်၍ ကမ္ဘာ့အကောင်းဆုံးလေဆိပ်ဆုကို ပေးအပ်ခြင်းဖြစ်သည်။

"ချန်ဂီလေဆိပ်ဟာ လေဆိပ်တစ်ခုမှာရှိသင့်တာထက်ပိုပြီး ကောင်းကောင်းလုပ်ဆောင်ပြနိုင်ခဲ့ပါတယ်။ ခရီးသွားလာရေးလုပ်ငန်း အတွေ့အကြုံတွေပြည့်ဝတဲ့အပြင် အရည်အသွေး စံချိန်စံညွှန်းတွေကိုလည်းအမြဲတိုးတက်အောင် လုပ်ဆောင်နိုင်ခဲ့ပါတယ်" ဟု Skytrax ၏ အမှုဆောင်အရာရှိချုပ် အက်ဝဲဒ်ပလိုင်စတက် က ပြောသည်။

၎င်းက ချန်ဂီလေဆိပ်သည် နိုင်ငံတကာလေဆိပ်အားလုံးထဲတွင် ထူးခြားဆန်းသစ်မှုများဖြင့် ထင်ပေါ်ကျော်ကြားကြောင်း၊ လိုက်ပါစီးနင်းသည့် ခရီးသည်များအတွက် ပြီးပြည့်စုံသောဝန်ဆောင်မှုများကို ပေးအပ်နိုင်ကြောင်း၊ တိုးတက်ပြောင်းလဲလျက်ရှိသော မျက်မှောက်ခေတ်ကာလတွင် အရေးကြီးသည့် ပျော်ရွှင်စရာလေကြောင်း ခရီးစဉ်များကို ချန်ဂီလေဆိပ်က အကောင်းဆုံးဖြစ်အောင် ဖန်တီးပေးနိုင်ကြောင်းပြောကြားသည်။

ယခုနှစ်အတွက် ကမ္ဘာ့အကောင်းဆုံးလေဆိပ်များစာရင်းတွင် အာရှနှင့် ဥရောပတို့မှ နိုင်ငံတကာလေဆိပ်များကသာ လွှမ်းမိုးထားခဲ့ပြီး ဩစတြေးလျနိုင်ငံ၏ ဆစ်ဒနီလေဆိပ်မှာ ယခုနှစ်အတွက်အကောင်းဆုံးလေဆိပ်စာရင်းတွင် ပါဝင်ခြင်းမရှိခဲ့ဘဲ ပြည်တွင်းထိပ်တန်းလေဆိပ် ၁၀ ခု စာရင်းတွင်သာ နံပါတ်ကိုးနေရာဖြင့် ရပ်တည်နိုင်ခဲ့သည်။

ချန်ဂီလေဆိပ်မှ ဩစတြေးလျနိုင်ငံလေဆိပ်များသို့ တစ်လလျှင် ခရီးစဉ်စုစုပေါင်း ၉၂၉ ခု ပြေးဆွဲလျက် ရှိသည်ဟု သိရသည်။ ထို့ပြင် ဩစတြေးလျနိုင်ငံ၏ မြို့များဖြစ်သော အဒီလိုင်ဒီ (Adelaide) ဘရစ်ကိန်း (Brisbane)နှင့် ဆစ်ဒနီ (Sydeny) မြို့များမှ ခရီးသွားများအတွက် စင်ကာပူ နိုင်ငံသည် အာရှပစိဖိတ်ဒေသအတွင်း ခရီးသွားလာရန်အကောင်းဆုံးနေရာတစ်ခုဖြစ်သည်ဟု သိရသည်။

၎င်းအပြင် ၂၀၁၇ ခုနှစ်တွင် ချန်ဂီလေဆိပ်၌ အဆောက်အအုံသစ် လေးခုနှင့် မိုးလုံလေလုံပန်းဥယျာဉ်ပါဝင်သော အပန်းဖြေနေရာများကို ထပ်မံဖွင့်လှစ်မည်ဖြစ်သည်။ ချန်ဂီလေဆိပ်သည် ၂၀၁၈ မတိုင်မီ နှစ်စဉ်ခရီးသည် ၈၅ သန်းကို ဝန်ဆောင်မှုပေးနိုင်တော့မည် ဖြစ်သည် ■



*စင်ကာပူချန်ဂီလေဆိပ်သည် ၂၀၁၈ မတိုင်မီ နှစ်စဉ်ခရီးသည် ၈၅ သန်းကို ဝန်ဆောင်မှု ပေးနိုင်တော့မည် ဖြစ်သည်။*

# ဂျပန် ဆူဇူကီးကုမ္ပဏီက ထိုင်းတွင် ဆယ်လီရီယိုကားများ တပ်ဆင်ထုတ်လုပ်မည်

■ ဂျက်အောင်တို
**တိုကျို၊ မတ် ၂၇**

ဂျပန်နိုင်ငံ ဆူဇူကီးမော်တော်ကား ထုတ်လုပ်ရေး ကော်ပိုရေးရှင်း၏ ထိုင်းနိုင်ငံကုမ္ပဏီခွဲတစ်ခုဖြစ်သော ဆူဇူကီးမော်တာ ထိုင်းလန် SMT ကုမ္ပဏီသည် လာမည့်မေလမှ စတင်၍ ဆယ်လီရီယို Celerio ကားများကို ထိုင်းနိုင်ငံတွင် တပ်ဆင်ထုတ်လုပ်သွားမည်ဟု ဂျက်အောင်တိုသတင်းဌာနက မတ်လ ၂၅ ရက်တွင်ရေးသားဖော်ပြသည်။

၎င်းအပြင် ကုမ္ပဏီသည် ယခုနှစ်နှစ်ဝက်ပိုင်းမှစတင်၍ ဥရောပတိုက်တွင်လည်း Celerio ကားများကို ရောင်းချပေးသွားရန် စီစဉ်ထားသည်ဟုလည်း ဂျက်အောင်တိုသတင်းဌာနက ရေးသားဖော်ပြသည်။

SMTကုမ္ပဏီသည် ၂၀၁၂ ခုနှစ်မတ်လက Suzuki Swift eco-car များကို စတင်ထုတ်လုပ် ရောင်းချခဲ့ပြီးနောက် ယခုထုတ်လုပ်မည့် ဆယ်လီရီယို Celerio ကားအမျိုးအစားမှာ ဒုတိယမြောက်မော်ဒယ်လ်ကားအမျိုးစားဖြစ်သည်ဟု သိရသည်။

ဆူဇူကီးကုမ္ပဏီက ၎င်းတို့ထုတ်လုပ်သည့် ဆယ်လီရီယို Celerio ကားများမှာ ကမ္ဘာပေါ်တွင် ကျစ်လျစ်သပ်ရပ်မှုအရှိဆုံးကားအမျိုးအစားဖြစ်သည်ဟု ဆိုသည်။

လက်ရှိထိုင်းနိုင်ငံတွင် တပ်ဆင်ထုတ်လုပ်မည့် ၎င်းကားများသည်ပြီးခဲ့သည့် နိုဝင်ဘာလက ထိုင်းနိုင်ငံတကာ မော်တော်ကားပြပွဲတွင်ပြသခဲ့သော Wind concept အပေါ်တွင် အခြေခံထားသည်ဟုသိရသည်။

၎င်းမော်တော်ကား ထုတ်လုပ်သူများ၏ အဆိုအရ ဆယ်လီရီယို ကားများသည် အပြင်ပုံသဏ္ဌာန်အရ သေးသွယ် ကျစ်လျစ်မှုရှိသော်လည်း အတွင်းပိုင်းတွင်နေရာချောင်ချိမှုရှိစေရန်အတွက် ကိုယ်ထည်တည်ဆောက်မှုနှင့် အပြင်အဆင်အပိုင်းကို အထူးဂရုပြုထုတ်လုပ်ထားသည်ဟု ဆိုသည်။

ထို့ပြင် ၎င်းကားများတွင် အသစ်တပ်ဆင်ထားမည့် အင်ဂျင်ကြောင့် လောင်စာဆီသုံးစွဲမှုမှာ ကီလိုမီတာ ၁၀၀ တွင် ၅ လီတာသာ ကုန်ကျမည် ဖြစ်သည်ဟုလည်း SMT ကဆိုကြောင်း ဂျက်အောင်တိုသတင်းဌာနက ရေးသားဖော်ပြသည်။ ■

mizzima Daily



ရန်ကုန်မြို့တွင်း မြို့နယ်စုံမှ အရောင်းကိုယ်စားလှယ်များ
နယ်မြို့များမှ အရောင်းကိုယ်စားလှယ်များကို နေ့စဉ်
သတင်းစာဖြန့်ချိရန် ဖိတ်ခေါ်အပ်ပါသည်။
တနင်္လာ မှ သောကြာထိ
တစ်ပတ် (၅)ရက်ထုတ်ဝေပါသည်။

ဆက်သွယ်ရန်ဖုန်း
၀၉ - ၄၂၁၀၁၁၆၅၁ - ဦးရဲလင်းငြေး
၀၉ - ၂၅၀၃၉၈၄၈၈ - ဦးဝေလင်း

မဇ္ဈိမမီဒီယာကုမ္ပဏီလီမိတက်၊ အမှတ် ၄၀၇၊ တိုက်(စီ)၊ ပုလဲကွန်ဒို၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
စာတိုက်သေတ္တာအမှတ် - ၁၀၀၀၂၊ ဖုန်း ၀၁ - ၅၅၈၆၇၅။

# သာခွေယိုင် ပြည်သူ့ရဲ

■ ကောင်းဇော်ဟိန်း (ဇေယျာဝတီ)



ကျွန်တော်သည် နိုင်ငံရေးပါတီဝင် တစ်ဦး မဟုတ်သလို နိုင်ငံ့ဝန်ထမ်းတစ်ဦး လည်း မဟုတ်ပါ။ သာမန် ပြည်သူစီးပွား ရေးသမားတစ်ဦး ဖြစ်ပါသည်။ ကျွန်တော် နေထိုင်ရာပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ဇေယျာဝတီမြို့တွင် လက်ဖက်ရည်ဆိုင်လုပ် ငန်းနှင့် အထည်ဆိုင်လုပ်ငန်း လုပ်ကိုင်သူ ဖြစ်ပါသည်။

ယခုလ ၁ ရက်ညက ကျွန်တော့် အထည်ဆိုင် ဖောက်ထွင်းခံရပါသည်။ ကျွန်တော့်ဆိုင် အဖောက်ခံရကြောင်းကို ကျွန်တော်က မတ်လ ၂ ရက်၊ နံနက် စောစော ၅ နာရီလောက်မှ သိရပါသည်။ ဆိုင်တံခါး တစ်ချပ်ကို ဖျက်ဆီးပြီး ဖောက်ထားကြောင်း ကို ဆိုင်နီးနားချင်း အဒေါ်ကြီး တစ်ယောက် က လာပြောပြမှ သိရခြင်းဖြစ်သည်။ သူ လာပြောသည့်အချိန်တွင် ကျွန်တော်က လက်ဖက်ရည်ဆိုင်တွင် ကျွန်တော်တို့မြို့က အုပ်ချုပ်ရေးမှူးနှင့် စကားပြောနေချိန် ဖြစ်သည်။ ထို့နောက် ကျွန်တော်နှင့် အုပ်ချုပ်ရေးမှူး တို့ ကျွန်တော့်ဆိုင်ကို အတူသွားကြည့်ကြ ပါသည်။ ကျွန်တော်က ဆိုင်ကို လှည့်ပတ် ကြည့်နေစဉ် အုပ်ချုပ်ရေးမှူးက ရဲစခန်းကို ဖုန်းဆက်အကြောင်းကြားပေးပါသည်။ သို့ပေမယ့် တစ်နာရီလောက်ကြာသည်အထိ မည်သူမျှ ရောက်မလာချေ။ ထို့ကြောင့် ကျွန်တော်ကိုယ်တိုင်ပဲ ရဲစခန်းကိုသွားပြီး သတင်းပို့ပါသည်။

ရဲစခန်းကိုရောက်တော့ နံနက် ခြောက် နာရီကျော်ပြီ ဖြစ်သည်။ စခန်းတစ်ခုလုံး တာဝန်ကျသူအားလုံး အိပ်နေကြဆဲ ဖြစ်သည်။ စခန်းမှူးကတော့ နိုးနေသည်။ သူက အိမ်မှာသန့်ရှင်းရေးလုပ်နေစဉ် ဖြစ်သည်။ ကျွန်တော်က တာဝန်မှူးကို ကိုယ်တိုင်နှိုးပြီး အကျိုးအကြောင်း ပြောပြရပါသည်။ စခန်းမှူးကိုလည်း တစ်ပါတည်း ပြောပြရပါသည်။ စခန်းမှူးက နယ်ထိန်းခေါင်းဆောင်ကိုနှိုးပြီး ကျွန်တော်နှင့် ထည့်ပေးလိုက်ပါသည်။ စခန်း တစ်ခုလုံးကို နှိုးခိုင်းပြီး ခုနစ်နာရီတန်းစီဖို့ ပါအမိန့်ပေးနေသံကိုလည်း ကျွန်တော် ကြားရသည်။

ကျွန်တော်လည်း လိုက်လာသည့် နယ်ထိန်းနှင့် ရဲတပ်ကြပ်တစ်ယောက်ကို အခင်းဖြစ်ပွားရာနေရာကိုပြပြီး သူတို့မေးမြန်းတာလေးတွေကို ဖြေကြားရသည်။ သူတို့လက်ထဲ ဘာမှမပါဘဲလိုက်လာကြလို့လိုအပ်သည့် မှတ်တမ်းရေးဖို့စာအုပ်နဲ့ ဓာတ်ပုံကိုပါ ကျွန်တော်ကပဲ စီစဉ်ပေးလိုက်ရပါသည်။ သူတို့လည်း ခဏတဖြုတ် ကြည့်ကြ စစ်ဆေးကြပါသည်။ ထို့နောက် ညနေလောက်မှာ အမှုလာဖွင့်ဖို့နှင့် ပျောက်ဆုံးပစ္စည်းစာရင်း အတိအကျလုပ် ပေးဖို့ပြောပြီး ပြန်သွားကြပါသည်။

ညနေစောင်းသောအခါကျွန်တော်လည်း ပျောက်ဆုံးပစ္စည်းစာရင်းလုပ်၊ ကာလတန်ဖိုးပါတွက်ချက်ပြီး အမှုဖွင့်ဖို့ရဲစခန်းကို သွားရပြန်သည်။ ပစ္စည်းအားလုံး ၂၅ သိန်းဖိုး ပါသွားကြောင်း ပြောပြသည်။ ထိုညနေ ကျွန်တော်ရောက်သွားသည့်အချိန်က ရဲစခန်း တစ်ခုလုံးတွင် ရဲတပ်သားလေးတစ်ယောက် နှင့် အလုပ်တာဝန်ဖြင့် ရောက်နေသည့် စစ်သားလေးတစ်ယောက်ပဲ ရှိပါသည်။ ကျွန်တော်က အမှုဖွင့်ဖို့လာကြောင်းပြောတော့ တပ်ကြပ်ကြီးစာရေး မရှိကြောင်း အပြင်ထွက်သွားကြောင်းနှင့် စောင့်နေပါလို့ ပြောပါသည်။ ကျွန်တော့်စိတ်ထဲ အဲဒီ ရဲတပ်သားလေးမှာ မနက်စောစောစီးစီး ထွေနေပုံ ပေါက်သည်ဟု ထင်မိသည်။ စစ်သားလေးကလည်း တပ်ခွဲမှ လွှတ်လိုက်တာဖြစ်ကြောင်း၊ စခန်းရဲ့ ဖွဲ့စည်းပုံ၊ အမည်နှင့်တကွ ဆက်သွယ်ရန်ဖုန်း၊ အင်အားစာရင်း ယူခိုင်းလိုက်ကြောင်း ပြောသံကြားလိုက်ရ၏။ ထိုအချိန်မှာ ပင် စစ်သားလေးကို ရဲတပ်သာလေးက စစ်သားဘဝကိုသာ အားကျကြောင်း ရဲမလုပ်ချင်တော့ကြောင်း ပြောနေသံကိုလည်း ကျွန်တော်ကြားနေရပါသည်။ စစ်သားကလည်း စစ်သားဘဝက မသက်သာလှကြောင်း၊ အနေအစား ဆင်းရဲကြောင်းနှင့် ရဲသားက ပိုပြီး အနေချောင်ကြောင်း အပြန်အလှန် ပြောသံကိုလည်း ကြားရပါသည်။

> စစ်သားဘဝကိုသာ အားကျကြောင်း ရဲမလုပ်ချင်တော့ ကြောင်း ...

အခုလိုပြောဆိုနေကြရင်းက "အစ်ကို ကျွန်တော့်ကို စခန်းခဏလောက် စောင့်ပေးပါဗျာ။ ဖုန်းလာရင်လည်းကိုင်လိုက်ပါ။ ကျွန်တော် နှစ်ပက်လောက်ပြေးချလိုက်ဦး မယ်" ဟုပြောပြီး ပြောပြောဆိုဆို ထွက်သွား၏။ ထိုအခါ ကျွန်တော့်မှာ အမှုဖွင့်လာရင်းက အလိုလိုနေရင်း စခန်းစောင့် ဖြစ်သွားရတော့သည်။

ကျွန်တော်လည်း ထိုင်စောင့်ရင်းက ကျွန်တော်နှင့်အတူ ကျန်ရစ်သည့် စစ်သားလေးနှင့် စကားပြောကြည့်မိသည်။ "အစ်ကို အခုနေစခန်းမှာ ပြဿနာတစ်ခုခု ဥပမာ အချုပ်သားထွက်ပြေးတာတို့ဘာတို့ ဖြစ်ရင် ကျွန်တော်တို့အပြစ် ကျွန်တော်တို့တာဝန် ဖြစ်နိုင်သလား" လို့ စိတ်ထဲရှိတာ မေးလိုက်မိပါသည်။ ထိုအခါ စစ်သားလေးက "ကျွန်တော်ပြန်တော့မယ်။ ကျွန်တော်က စစ်သားဗျ ပြဿနာဖြစ်ရင် ကျွန်တော်က အလုပ်ပြုတ်မှာ၊ တပ်အချုပ်ပါကျနိုင်တယ်" ဆိုပြီး ချက်ချင်း ပြန်ဖြေပါသည်။ ထို့နောက် ထိုင်ရာကထပြန်ဖို့ပြင်ပါတော့သည်။ ကျွန်တော်ကလည်း "အစ်ကိုပြန်ရင် ကျွန်တော်လည်း ပြန်မယ်ဗျာ" ဟု ပြောသည့်အခါ "စခန်းကို ထားခဲ့မလို့လား။ ခင်ဗျားနေခဲ့ရမယ်" လို့ ပြောပါသည်။ ကျွန်တော်ကလည်း မိမိမှာ အမှုလာဖွင့်သည့် ပြည်သူတစ်ဦးသာ ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းလည်းဖြစ် တပ်မတော်သားလည်း ဖြစ်တဲ့အစ်ကိုက ပိုပြီး တာဝန်သိသင့်ကြောင်း၊ ပြန်ပြောရင်း အနည်းငယ် အခြေအတင် ပြောကြရပါသည်။ သည်အချိန်မှာပဲ တပ်ကြပ်ကြီးစာရေး ပြန်လာသည့်အတွက် ကျွန်တော်တို့လည်း စကားစပြတ်သွားရ၏။ မနက်တုန်းကလည်း အုပ်ချုပ်ရေးမှူး ကိုယ်တိုင်သတင်းပို့လည်း မလာ၊ အခု ကိုယ်တိုင်လာတိုင်တော့လည်း အိပ်ရာကနှိုးတိုင်ရနဲ့ စိတ်ကုန်ကြောင်း တပ်ကြပ်ကြီးစာရေးကို ပြောလိုက်မိပါသည်။ အခုလည်း စခန်းစောင့်ကျနေကြောင်း ပြောတော့သူကရယ်ပြီး တောင်းပန်ပါကြောင်း စခန်း၏ လူအင်အားနှင့် ဖွဲ့စည်းပုံအကြောင်းကို ရှင်းပြပါသည်။

ဇေယျာဝတီမြို့ ရဲစခန်းတွင် စခန်းမှူး၊ ရဲအုပ်အဆင့်တစ်ဦး၊ ဒု-ရဲအုပ်နှစ်ဦး၊ တပ်ကြပ်ကြီးစာရေးတစ်ဦးနှင့် အခြားအဆင့် ၁၀ ဦးရှိကြောင်း၊ ထို ၁၀ ဦးထဲတွင် အားကစားသမားခြောက်ဦးပါကြောင်း၊ သူတို့ကို အလုပ်ခိုင်းလို့မရကြောင်းနှင့် လစာသာ လာထုတ်ကြကြောင်း ရှင်းပြပါသည်။ ကျန် ရဲတပ်သားလေးဦးမှာ နေ့စဉ် မြို့နယ်ရုံးထုတ် တစ်ယောက်၊ လမ်းရှင်း (လူကြီးခရီးစဉ်များအတွက်)နှစ်ယောက်အသုံးချရကြောင်း၊ ကျန်တစ်ဦးမှာ အရက်စွဲနေသောကြောင့် စခန်းစောင့်ထားရကြောင်း ရှင်းပါသည်။ ဒု-ရဲအုပ်တစ်ဦးမှာ နယ်ထိန်းခေါင်းဆောင်ဖြစ်ပြီး အလွန်အလုပ်များကြောင်းနှင့် ကျန်တစ်ဦးမှာ အမှုစစ်ဖြစ်သောကြောင့် တရားခံစစ်သည့်အလုပ်နှင့် တရားရုံးသက်သေကိစ္စများကြောင့် လုံးဝမအားကြောင်း ရှင်းပြပါသည်။ စခန်းမှူးမှာလည်း လိုအပ်သည့်နေရာ ဝင်နေရကြောင်းလည်း ပြောပါသည်။ ထို့ကြောင့် စခန်းလုပ်ငန်းတာဝန်များ ဖြစ်သည့် လှည့်ကင်း၊ တိုက်ကင်း၊ ကင်းပုန်းချခြင်း၊ တရားခံနောက်လိုက်ခြင်းများ လုံးဝမလုပ်နိုင်ကြောင်း ရှည်ရှည်ဝေးဝေး ရှင်းပြပါသည်။ ယခုလို ဖြစ်နေသည်ကို သက်ဆိုင်ရာလူကြီးတွေဆီ မတင်ပြဘူးလားဟု ကျွန်တော်ကမေးတော့ တင်ပြနေသည်မှာ အကြိမ်ကြိမ် ရှိပြီဖြစ်ကြောင်း ပြန်ရှင်းပြပါသည်။

ထို့ကြောင့် စခန်းက ခိုးမှု၊ လုယက်မှုများ တရားခံပေါ်ပေါက်ရေး ဆောင်ရွက်ရာတွင် လွန်စွာအားနည်းနေကြောင်းပါ ရှင်းပြပါသည်။ ကျွန်တော်လည်း ကျွန်တော့်အမှုဖွင့်ပြီး ပြန်ခဲ့ပါသည်။ ပြန်မယ်လုပ်ပြီးမှ ကျွန်တော်က "အစ်ကိုတို့စခန်းအကြောင်း ကြားရတာ ကျွန်တော်တို့တောင်ဝင်ပြီး လုပ်အားပေးရမယ့်ပုံပေါက်နေပြီ" လို့ ပြောခဲ့မိပါသည်။

ကျွန်တော်နေထိုင်ရာ မြို့ကလေးတွင် ဖောက်ထွင်းမှု မကြာခဏဆိုသလို ဖြစ်ပါသည်။ ကျွန်တော်မှတ်မိသလောက် အသေးအမွှားဖောက်ထွင်းမှု ၁၀ ကြိမ်နှင့် သိန်း၁၇၀ ကျော်တန်ဖိုးရှိ ဖောက်ထွင်းမှုတစ်ကြိမ်၊ တစ်နှစ်အတွင်း ဖြစ်ပွားခဲ့ပါသည်။ ဖောက်ထွင်းခံရသူအားလုံး လိုလိုသည်လည်း ကျွန်တော့်အသိမိတ်ဆွေတွေ များပါသည်။ ကျွန်တော်ကိုယ်တိုင် ကူညီအကြံပေးအမှုဖွင့်ပေးခဲ့တာတွေလည်း ရှိခဲ့ပါသည်။

သို့သော် ယင်းအမှုများအားလုံး တစ်ခုမျှ စုံစမ်းဖော်ထုတ်လို့ မရခဲ့ဟု သိရပါသည်။ ကျွန်တော်ကိုယ်တိုင် ဖွင့်ခဲ့သည့် ကျွန်တော့် အမှုသည်လည်း ယခုအချိန်အထိ အမှုမှန်ဖော်ထုတ်လို့ မရသေးပါ။

ယခု ကျွန်တော်ရေးသားသည့် အဖြစ်အပျက်အပေါ် မူတည်ပြီး မည်သူတစ်ဦး တစ်ယောက်ကိုမျှ ထိခိုက်စေလိုသည့်ဆန္ဒ ကျွန်တော့်တွင် မရှိကြောင်းတော့ တောင်းပန်အပ်ပါသည်။ ကျွန်တော် ရည်ညွှန်းသည်မှာလည်း ကျွန်တော့်မြို့ကလေးတွင် ရှိသည့် ရဲစခန်းတစ်ခုတည်းကိုသာ ရည်ညွှန်းခြင်း ဖြစ်ပါသည်။

တရားဥပဒေစိုးမိုးရေး၊ ပြည်သူတို့ဘဝ လုံခြုံအေးချမ်းရေးအတွက် တာဝန်ယူ ဆောင်ရွက်နေရသော ကျွန်တော်တို့ မြို့ကလေးမှ ရဲစခန်းအပေါ် မူတည်ကာ မိမိတို့တစ်နိုင်ငံလုံး သည်အတိုင်း ဖြစ်နေခဲ့သည်ရှိသော်ဆိုသည့် စိုးရိမ်စိတ်ဖြင့်သာ အခုလို ရေးသားတင်ပြရခြင်း ဖြစ်ပါသည်။ နိဂုံးချုပ်အနေနှင့်ပြောရလျှင် ကျွန်တော်တို့ မြို့ကလေးမှ ရဲစခန်းလိုအဖြစ်မျိုး အခြေအနေမျိုး တစ်နိုင်ငံလုံးက အခြားရဲစခန်းများတွင် မဖြစ်ပါစေနှင့်ဟူ၍သာ ဆုတောင်းရပါတော့သည်။ ■





# ကျိုက်လတ်သူ

■ ထားထားမြင့်

ကျွန်မအမေက အထက် ချင်းတွင်းဘက်က ကလေးဝသူ။ အဖေက အောက်သား ကျိုက်လတ်ကမို့ ကျွန်မမှာ အညာသွေးတစ်ဝက် အောက်သွေးတစ်ဝက် ပါသော်လည်း ကျိုက်လတ်မှာမွေးကာ အောက်ပြည်အောက်ရွာမှာပဲ ကြီးပြင်းခဲ့တာမို့ ကျွန်မကိုယ်ကျွန်မ အောက်သူ ကျိုက်လတ်သူအဖြစ်သာ သတ်မှတ်ပါသည်။ ပြီးတော့ မောင်နှမတွေထဲမှာ အောက်အရပ် ကျိုက်လတ်သူတစ်ယောက်၏စရိုက်လက္ခဏာတွေဖြစ်တဲ့ ငပိရည်ကြိုက်ခြင်း ငါးဟင်းမျိုးစုံကြိုက်ခြင်း၊ အသားဟင်းသိပ်မကြိုက်ခြင်း၊ ဆန်အချောစား အကောင်းစားကိုသာ ကြိုက်တတ်ခြင်း စတာတွေနှင့်လည်း ကျွန်မက အကုန်ညီတာမို့ ကျွန်မကိုယ်ကျွန်မ အတော်ကျိုက်လတ်သွေးပါသည်ဟု ထင်သည်။ ပြီးတော့ နောက်တစ်ခု ရှိသေးသည်။ ဒီ တစ်ခုကတော့ တစ်ခုဆို ဆိုသလောက်ပါပဲ။

ကျိုက်လတ်ကို တစ်ခါတစ်ခါ တခြားအရပ်က ဧည့်သည်တွေလာကြတိုင်း သူတို့တွေ မြင်ကြမှာစိုးရိမ်သည့် အရာတစ်ခု ရှိသည်။ အဲဒါကတော့ အသုဘချတာပါပဲ။ ရှက်စရာမဟုတ်သော်လည်း အဲဒါကိုတွေ့လျှင် ဧည့်သည်တွေက ပြုံးစစနဲ့ ကျွန်မကိုစကြတာမို့ တစ်မြို့တစ်ရွာကလူတွေ ကျိုက်လတ်ကိုလာလည်လျှင် အသုဘချတာကို မြင်မှာစိုးပါသည်။ ဘာလို့လဲဆိုတော့ ကျိုက်လတ်မှာအသုဘချလျှင် ဆိုင်းတွေနှင့် ချတတ်လို့ပါ။ ဆိုင်းဆိုသော်လည်း အတော် လွမ်းလွမ်းဆွတ်ဆွတ်နှင့်တီးသော မောင်းထမ်းဆိုင်းဝိုင်း ဖြစ်ပါသည်။ ထိုဆိုင်းနောက်မှာတော့ အသုဘရှင်က လမ်းလျှောက်ပြီး ငိုယိုကာ လိုက်တတ်ပါသည်။ ဆွေမျိုးများ လျှင်များသလောက် ဆိုင်ထမ်းနောက်မှာ အုပ်စုလိုက်ငိုယိုနေသော လူအုပ်ကြီးကို တွေ့ရတတ်ပါသည်။

ဒါကြောင့်မို့ ကျွန်မ ငယ်ငယ်လေးထဲက ဆွေမျိုးသူငယ်ချင်း မိသားစုတွေ၏အသုဘကိုလိုက်ပို့တိုင်း အသုဘရှင်နဲ့ သိသိမသိသိ ဝင်ငိုတတ်သည့်အကျင့် ရှိပါသည်။ ဆိုင်းကလည်းလွမ်းစရာကောင်း ကိုယ်နှင့်သိတော့ မိတ်ဆွေအပေါင်းအသင်းကငိုနေ အဲဒီတော့ ကျွန်မတို့လည်း အသုဘလိုက်ပို့တဲ့အခါ ငိုကြယိုကြမျက်ရည်သုတ်ရ ဖြစ်ကုန်သည်။ တချို့ အသုဘရှင်တွေထဲမှာ အပြောအဆိုကောင်းကောင်းနှင့် ဖွဲ့ဖွဲ့နွဲ့နွဲ့ ပြောတတ်သည့် မိန်းမကြီးတွေပါရင်တော့ ဘာပြောကောင်းမလဲ။ ကျွန်မတို့တွေသာမဟုတ် ကျွန်မတို့ ဒေါ်လေးအဘွားတွေကလည်း အတူတူပဲ။ သေဆုံးသူကို မြင်ဖူးချင်မှမြင်ဖူးမည်။ သိချင်မှသိမည်။ ဒါပေမဲ့ အသုဘလိုက်ပို့ရင်တော့ဆိုင်ဆိုင်မဆိုင်ဆိုင် ဆိုင်းနှင့်အပြိုင် ဝင်ငိုကြတာချည်းပဲ။

အသုဘချလို့ ငိုတာကထားတော့ တစ်ခါတလေကျတော့ အလှူတွေဘာတွေ လုပ်ရင်လည်း ကျိုက်လတ်မှာက ရေစက်ချသည့်အခါ ကွယ်လွန်ပြီးသူတွေကို တိုင်တယ်ကာ ငိုကြသည်။ တခြားအရပ်က ဆွေမျိုးတွေ လာလည်သည်ဖြစ်စေ ပြန်သည်ဖြစ်စေ ခွဲခွာနှုတ်ဆက်တဲ့အခါ သင်္ဘောဆိပ်မှာ ငိုကြသည်။ တစ်ခါတလေ ဘာမှမရှိရင်တောင် ကျွန်မအဘွားတွေအဒေါ်တွေက ရှေးဖြစ်ဟောင်းတွေပြောပြီး ငိုကြသည်လည်း ရှိသည်။

ကျောင်းနေတော့လည်း တစ်မျိုး။ ကျောင်းက ဆရာဆရာမတစ်ယောက် တခြားနယ်သို့ ပြောင်းကြပြီဆိုပါစို့။ ဆရာဆရာမကျောင်းသူကျောင်းသားတွေမှာ တစ်ကျောင်းလုံးစုပြီး ငိုကြရပြန်သည်။ ပွဲတွေမှာ နောက်ပိုင်းဇာတ်ပြလို့ မင်းသမီးကို လူဆိုး နှိပ်စက်လည်း မျက်ရည်လည်ရွဲဖြစ်ကြသူမှာ ကျိုက်လတ်သူများ ဖြစ်သည်။ ဒါပေမဲ့ ကျိုက်လတ်သူတွေက ပွဲမင်းသမီးတွေလိုပါပဲ။ အခုပဲ ငိုပြီးရင် အခုမျက်ရည်ချက်ချင်းတိတ်ပြီး စားစရာရှိတာစားလုပ်စရာရှိတာ လုပ်ကြပြန်ရော ငိုချင်လို့သာ ငိုချတာသာဖြစ်ပြီး ရင်ထဲမှာ အပူမီးကိုစွဲပြီး နေသူတွေမဟုတ်။

အဲဒီတော့ ကျွန်မ အထက်တန်းကျောင်းသူဘဝကနေ ကျောင်းပြီးသည်အထိ ထစ်ကနဲဆို ငိုကြမျက်ရည်ကျသည့်အထဲမှာ ကျွန်မက ထိပ်ဆုံးကပါသည်။ အနည်းဆုံး သီချင်းနားထောင်ရင်တောင် မျက်ရည်ကျတတ်သေးသည်။ ဒါပေမဲ့ အသက်ကြီးလာတော့ ကျွန်မ အဲဒီအကျင့်ကို မကြိုက်တော့။ ငိုတယ်ဆိုတာ ပျော့ညံ့တာလို့ထင်လာပြီး ငိုရမှာကိုရှက်လာသည်။ စိတ်ထိခိုက်စရာဝမ်းနည်းစရာရှိလည်း အတတ်နိုင်ဆုံး မျက်ရည်မကျအောင်တော့ ထိန်းသည်။ ကျွန်မက ငိုတာယိုတာကို သိပ်မလုပ်တဲ့အချိန်မှာ ငိုတဲ့လူတွေက ကိုယ့်ဆီလာကြသည့် သူငယ်ချင်း မိန်းကလေးတွေကြားမှာ ကိုယ်က ပြဿနာနည်းတော့ တစ်ခုခုဆို သူတို့က ကိုယ့်ဆီလာပြီး ပြောကြသည်။ ရင်ဖွင့်ကြသည် အားကိုးကြသည်။ ငိုကြသည်။ သူတို့တွေ၏တိုင်ပင်တာကိုခံရင်းနှင့် နေရင်းထိုင်ရင်း ကိုယ်က ရဲရင့်သူကြီးလို စိတ်ဓာတ်မာကျောသူကြီးလို အကြံပေးကြီးလို ဖြစ်လာတော့ သူတို့နှင့်အတူ ငိုချဖို့ဆိုတာက ပိုမဖြစ်နိုင်တော့။ ကိုယ်ပြဿနာရှိလည်း ဆရာကြီးပုံဖမ်းထားပြီး ငိုယိုနေသည့်သူတို့ပြဿနာတွေကို တတ်နိုင်သမျှ ကူညီပေးရသည်။

ဒီလိုအချိန်မှာ ကျွန်မ အမေရိကကို ရောက်သည်။ အမေရိကမှာကျတော့

> ပွဲတွေမှာ
> နောက်ပိုင်းဇာတ်ပြလို့
> မင်းသမီးကို
> လူဆိုးနှိပ်စက်လည်း
> မျက်ရည်လည်ရွဲ
> ဖြစ်ကြသူမှာ
> ကျိုက်လတ်သူများ
> ဖြစ်သည် ...

ကျွန်မ အနေအထားကတစ်မျိုး။ မြန်မာပြည်မှာတုန်းက ကျွန်မက အိမ်မှာ အကြီးဆုံး၊ အလုပ်မှာလည်း ငယ်သူတွေနှင့်အတူ လုပ်ရတော့ လူကြီးအနေအထား ဖြစ်နေသည်။ အမေရိကမှာတော့ ကျွန်မကျင်လည်ရာ ပတ်ဝန်းကျင်မှာ ကျွန်မက အငယ်ဆုံး အသက်၊ ပညာ၊ အတွေ့အကြုံတွေကလည်း ကိုယ့် ထက်သာသူတွေချည်းပဲ။ အဲဒီတော့ များသောအားဖြင့် အမေရိကန်မိတ်ဆွေ တွေက ဘာကိုမဆို ကလေးလို အလိုလိုက် အကြိုက်ဆောင်ပေးကြသည်။ ကရုဏာ နှင့် ဆက်ဆံပြီး သူတို့က လူကြီးနေရာမှာ ဝင်ကြသည်။

သိပ်ပြီး လူကြီးလူကျယ် ဟန်ဆောင်စရာမလို။ ပြီးတော့ အမေရိက၏ ရာသီဥတု အခုလိုဆောင်းတွင်းမျိုးဆိုရင် နေမထွက်တဲ့ရက်တွေရှိသည်း တစ်ချိန်လုံးမည်းမှောင်မှုန်းနေတာပါပဲ။ ကျွန်မတို့လို နေရောင်ခြည် ပေါ်ပေါ်များများ အရပ်မှာ နေလာသူတွေက နေမမြင်ရရင်တစ်မျိုး ဖြစ်သည်။ ဒါကြောင့် စိတ်ဓာတ်ကျပြီး စိတ်ဖောက်ပြန်မှုတွေက ဒီဒေသတွေမှာ အဖြစ်များကြသည်။

ကျွန်မ ဆေးရုံတက်တုန်းကဆို နှင်းတွေ တအားကျသောနှစ်။ ရာသီဥတုကလည်း မှောင်ကာ အမြဲညလိုချည်းဖြစ်သည်။ တစ်နေ့မှာတော့ လူက အိမ်ကိုသတိရတာရော၊ နေမမြင်ရတာရော၊ ကိုယ့်ကို ဖေးဖေးမမနဲ့ ကြင်နာသူတွေရှိတာရောပါပေါင်းပြီး ပထမဆုံးအကြိမ် ကျွန်မ အားရပါးရ ငိုချလိုက်သည်။ ကျွန်မငိုတာကို ဆရာဝန်တွေက တစ်ရှူးတွေပေးတာကလွဲလို့ ဘာမှမပြော၊ ကြည့်နေကြသည်။ ကျွန်မ ငိုလို့လည်းဝရော အတော်ရင်ထဲမှာ ပေါ့သွားသည်။ ဆရာဝန်ကြီးကပြုံးပြီး တစ်ခုခုဖြစ်ရင် ကြိတ်မခံစားဘဲ ငိုချလိုက်တာဟာ အကောင်းဆုံးဖြစ်ကြောင်း မငိုတတ်ဘဲ ကြိတ်ခံစားတတ်သူတွေသာ စိတ်ရောဂါ စိတ်ဓာတ်ကျတဲ့ရောဂါ ဖြစ်နိုင်တယ်လို့ ပြောပါသည်။

ဆရာဝန်ကြီးက အဲဒီလိုပြောတော့ ရှက်စရာကောင်းသိမ်ငယ်စရာ ကောင်းတယ်လို့ ကျွန်မအထင် အမြဲရှိသောငိုရခြင်းကို ကျွန်မ သဘောကျသွားပါသည်။ အမြဲတမ်း မဟုတ်ပေမယ့် တစ်ခါတလေ အဲလို ငိုချလိုက်ရတာ စိတ်ဖိစီးတာတွေ ပေ့ါပါးသွားသလို ငိုပြီးရင်လည်း ရင်ထဲမှာ ဘာမှမကျန်တော့။ စိတ်ထွက်ပေါက်တစ်မျိုးဟု ကျွန်မထင်သည်။ နောက်ပေါက်ပေါက်ရှာရှာ အလှအပရေးရာ မဂ္ဂဇင်းတစ်ခုထဲက ကျွန်မတွေ့လာတာခုက ငိုလျှင် မျက်လုံးဟာမျက်ရည်တွေနှင့်စိုစွတ်ပြီး ပိုလှတယ်ဆိုပဲ။ အဲဒီနောက်တော့ ကျွန်မ၏ ကျိုက်လတ်သူစရိုက်ကို ပြန်လည် အသက်သွင်းသည်။

ရာသီဥတုမှိုင်းအေးသလား သီချင်းနားထောင်ပြီး တချိုငိုချင်ငိုမည်။ ရုပ်ရှင်ကြည့်ပြီးလျှင်လည်းငိုမည်။ နန်းခင်ဇေယျာ မယ်ဆုရသွားလို့မျက်ရည်ကျတဲ့ပုံမြင်တော့ တချို။ သီတင်းကျွတ်နားနီးတော့ ဗိုလ်အောင်ဒင်ကားထဲက မမြဝင်းရဲ့ ဆယ့်နှစ်လရာသီသီချင်းကို နားထောင်ပြီးတော့တချို။ တုပ်ကွေးရာသီရောက်လို့ ကာကွယ်ဆေးထိုးလို့ နာသလား ငိုပြီပဲ။ အလီလီအလာလာ အခွန်ဆောင်စရာမလိုတိုင်း ငိုသည်။ စိတ်ထဲမှာဘာမှ အောင့်အည်းခံထားတာမရှိတော့ မအီမသာဖြစ်ကာ ငိုချလိုက်တာပါပဲ။ ငိုတာတောင်မှ လူရှေ့ဆိုလျှင် လှလှပပလေးဖြစ်အောင် သတိထား ငိုတတ်သေးသည်။

တစ်နေ့ကတော့ ပိတ်ရက်မှာ ကျွန်မ အဝတ်လျှော်ပါသည်။ ကျွန်မတို့ဆီမှာ အဝတ်လျှော်တာက အဝတ်လျှော်စက်တွေကို တနေရာမှာထားပြီး အခန်းပိုင်ရှင်တွေက ကိုယ့်ကတ်ပြားနဲ့ကိုယ် လျှော်ရတာပါ။ တနင်္ဂနွေနေ့ဆို လူကျပ်တာမို့ ကျွန်မက များသောအားဖြင့် ရုံးဖွင့်ရက်တွေမှာ အဝတ်လျှော်ပါလည်း အဲဒီနေ့ကလည်း အလုပ်မသွားခင် အဝတ်သွားလျှော်ဖို့လုပ်သည်။ အဝတ်ခန်းထဲမှာတော့ ရုံးဖွင့်ရက်တွေပေမယ့် စက်တွေအကုန်လုံးလိုလို အဝတ်တွေနဲ့ပြည့်နေတာ တွေ့ရသည်။ ကြည့်လိုက်တော့ အမေရိကန် အဖြူလင်မယားစုံတွဲတစ်တွဲ အဝတ်လျှော်ခန်းထဲမှာရှိတဲ့ အဝတ်လျှော်စက် ၁၂ လုံးကို သူတို့ချည်း အပိုင်စီးထားသည်။ ဦးသူသုံးစနစ်ဆိုသော်လည်း လူတစ်ယောက်ကို စက်နှစ်လုံးထက်ပို သုံးခွင့်မရှိ။ ကျမအဝတ်ထည့်ထားခြင်းမရှိသော စက်တစ်လုံးကိုယူကာ အဝတ်ထည့်ပါသည်။ သူတို့မှာ တခြားစက် ၁၁ လုံးတောင်ရှိတာကိုး။

အဲဒီမှာပဲ ကျွန်မ ဘာလုပ်မလဲ စောင့်ကြည့်နေသည့် မိန်းမဝဝက ဒီစက်တွေက သူတို့ဦးထားတာလို့ ကျွန်မကို အော်ဟစ်ပြောဆိုပါသည်။ လူပုံကလည်း ခပ်ထွားထွားဆိုတော့ ကြောက်စရာ။ အမှန်ဆိုလျှင် သူတို့စက်တွေအကုန်သုံးနေတာပဲ လွန်လှပြီ ဖြစ်သည်။ ဒေါသမထွက်သော်လည်း သူကပဲ တစ်ဖန် ကျွန်မကို အော်ဟစ်ပြောနေလို့တစ်ခုခုတော့ ပြန်လုပ်ချင်လာသည်။ ဘာလုပ်ရမလဲ။ ချက်ချင်း ကျွန်မအဝတ်တွေကို ပြန်ထုတ်ပေးပြီး အဲဒီစက်နားမှာ လှလှပပလေး ကျွန်မ ချုံးပွဲချငိုချလိုက်သည်။ ပုံနုံလေးတွေကိုလှုပ်လို့ သူ့အပြုအမူ အလွန်ကြမ်းတမ်းလို့အရမ်းကိုကြောက်သွားတဲ့ သဘော။

ကျွန်မ ရုတ်တရက်ငိုချလိုက်တာကို တွေ့တော့ သူတို့လင်မယားဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ။ လုံခြုံရေးရောက်လာလျှင် ပြဿနာက ပိုရှုပ်မည်။ မှားတာကလည်း သူတို့၊ ပြီးတော့ ကျွန်မဘာသာကျွန်မ ငိုပေမယ့် ကျွန်မက နိုင်ငံခြားသားမှန်း သိသာသည်။ “ဒီမှာက နိုင်ငံခြားသားကို လူမျိုးချင်း ခွဲခြားဆက်ဆံလို့မရ။ ကြီးကြီးကျယ်ကျယ်လုပ်လျှင် ခွဲခြားဆက်ဆံမှု (discrimination) တွေ ဘာတွေနှင့် ကိုင်ပေါက်လို့ရသည်။ ယောက်ျားရောမိန်းမရော ခြေမကိုင်လက်မကိုင်မိ။ ကျွန်မအနားရောက်လာကာ “ငါတို့ မှားပါတယ်။ တောင်းပန်ပါတယ်” လို့ အထပ်ထပ်အခါခါ ဆိုကြသည်။

ကျွန်မကတော့မရပ် အသာလေး ငိုနေတုန်း။ နောက်တော့ နင်တစ်ယောက်တည်း စိတ်ကြိုက်လျှော်နော်။ ငါတို့နောက်မှလျှော်မယ်ဆိုပြီး စက်တွေထဲကအဝတ်တွေ အကုန်ပြန်ထုတ်ပြီး လင်မယားနှစ်ယောက် ခြေကုန်သုတ် လစ်ပြေးသွားကြသည်။

သူတို့လည်းသွားပြီး ငါးမိနစ်လောက်ကြာတော့ ကျိုက်လတ်သူလေးလည်း အဝတ်လျှော်ခန်းထဲမှာ သီချင်းတအေးအေးနဲ့ပေ့ါ။ ■

# ဖိုးမောင်စိတ်ဓာတ် အစွန့်ရှည်ပါစေ


ဆရာကြီး မင်းသုဝဏ်

■ ဒြိမ်းဝေ

(က)

ခေတ်စမ်းစာဆိုကြီး "မင်းသုဝဏ်"မှာ အများအတွက် အနစ်နာခံသူ၊ အများအတွက် အသက်ပေးဖို့ ဝန်မလေးသူနှစ်ဦးကို အဓိကဇာတ်ကောင်ထားပြီး ဖွဲ့တဲ့ကဗျာနှစ်ပုဒ် ရှိပါတယ်။ နှစ်ပုဒ်စလုံး နာမည်အလွန်ကြီးပါတယ်။ "ဖိုးမောင်လာပြီ" ဆိုတဲ့ ကဗျာနဲ့ "သူ့မှာတမ်း" ဆိုတဲ့ ကဗျာနှစ်ပုဒ်ပါ။

ကျွန်တော်ကတော့ ကျွန်တော့်အထွာ၊ ကျွန်တော့်နှလုံးသားအခံအပေါ် မူတည်ပြီး "ဖိုးမောင်လာပြီ" ကဗျာကို ပိုပြီးနှစ်သက်တယ်။ ပိုပြီးခံစားရတယ်။ ဘာပြုလို့လဲဆိုတော့ အဲဒီကဗျာထဲက အဓိကဇာတ်ကောင် "ဖိုးမောင်" က သာမန်အညတရပုဂ္ဂိုလ်တစ်ယောက် ဖြစ်နေတဲ့အတွက်ပါပဲ။

"ဖိုးမောင်လာပြီ" ကဗျာမှာ ကဗျာ့ ပရိယာယ်တွေ၊ အပြောနဲ့အပြတွေကလည်း "သူ့မှာတမ်း" ကဗျာထက် ကျွန်တော့်ကို ပိုပြီး ဆွဲဆောင်နိုင်တယ်။ ဥပမာအနေနဲ့ ပြောရရင် အပြောနဲ့အပြ နှစ်ခုစလုံးရောပြီး ဖော်ပြထားတဲ့ "ဖိုးမောင်" ရွာကို ဝင်လာတဲ့အခန်း၊ ဖိုးမောင်နဲ့ဓားပြတွေ မတွေ့ခင် ဖိုးမောင်ကို ဓားပြတွေကမသတ်ခင်၊ ဖိုးမောင် ဓားပြတွေအသတ်ခံရတဲ့ည၊ ဖိုးမောင်ရွာကို ပြန်လာတတ်တဲ့အချိန် . . . အဲဒီ အချိန်ကလေးကို ဖော်ပြတဲ့အခန်း၊ ပြီးတော့ ဖိုးမောင်က အော်ဟစ်သတိပေးလို့ တစ်ရွာလုံးမောင်းထု အော်ဟစ်ကြတဲ့အခန်း . . .၊ အဲဒီကဗျာပိုဒ်တွေဟာ ဝဏ္ဏတစ်ခုချင်းစီ အရရော၊ ပါဒတစ်ကြောင်းစီအရပါ အင်မတန်ထိရောက်၊ တိကျ၊ ကျစ်လျစ်၊ အားကောင်းတာ တွေ့ကြရပါတယ်။

**ဖိုးမောင့်သံကြား၊ ကင်းသမားက**
**တံခါးကြီးအောက်၊ မလွယ်ပေါက်ကို**
**တစ်ယောက်ဝင်သာ၊ ဖွင့်လိုက်ပါသော်**
**ယာတွင်အုပ်ဆောင်း၊ ဝဲတက်ချောင်းနှင့်**
**ခါးစောင်းကိုယ်ကိုင်း၊ ငါးပလိုင်းကို**
**လွယ်သိုင်းပြီးလျှင်၊ ရွာကိုဝင်သည်**
**လူပင်လေလား၊ တစ္ဆေလား။**

**နောက်ထပ်တစ်ပိုဒ်က . . .၊**
**ဆောင်းတစ်ည၌**
**ချမ်းမြစိမ့်အေး၊ လခြမ်းကွေး၍**
**ရွာဘေးကျီပျက်၊ မှောင်နက်နက်မှ**
**ဇီးကွက်ကအော်၊ တောက်တဲ့ကြော်စဉ်**
**ရွာပေါ်လွှမ်းအောင်၊ ဂုပ်ကျားဟောင်သည်**
**ဖိုးမောင် လာချိန်ပါတကား။**

**နောက်ထပ်တစ်ပိုဒ် . . .၊**
**သို့ဖြစ်သော်ငြား၊ ခါတစ်ပါးသို့**
**တံခါးဝင်လို၊ သူ မဆိုဘဲ**
**"မောင်းကိုထုပါ၊ လူစုပါဟေ့၊**
**ရွာကိုဘေးမှ၊ ကာကွယ်ကြလော့၊**
**ဓားပြ ငါ့အား၊ ဖမ်း၍ထား"ဟု**
**စကားမဆုံး၊ ဟစ်အော်တုန်းတွင်**
**ဒိုင်းဒုန်းဒိန်းသံ ရွာလုံးညံသည်**
**ချောင်းယံပဲ့တင်ထပ်သတည်း။**

ဒီကဗျာသုံးပိုဒ်ဟာ ကဗျာ့ဇာတ်ကောင်တွေရဲ့ လှုပ်နေတဲ့စရိုက်တွေကိုပေါ်အောင် ဖွဲ့တဲ့ အပိုဒ်တွေပါပဲ။ ဇာတ်ကောင်တွေရဲ့ အလှုပ်အရှားအပေါ် မူတည်ပြီး ကဗျာဖတ်သူကို စိတ်မျက်စိနဲ့ မြင်နိုင်အောင်ဖွဲ့တဲ့ ကဗျာပိုဒ်တွေပါ။ ဒီကဗျာပိုဒ်တွေကို အားယူပြီး "ဖိုးမောင်"ရဲ့ ကြေကွဲဖို့ကောင်းတဲ့ ဇာတ်လမ်းနဲ့ ဂုဏ်ပြုဖို့ကောင်းတဲ့ ဖိုးမောင့်စိတ်ဓာတ်ကို ကဗျာဖတ်သူတွေရဲ့ ရင်ထဲအရောက် ပို့လိုက်တာပါ။

သာမန်အားဖြင့်ကြည့်ရင်တော့ "ဖိုးမောင်လာပြီ" ကဗျာဟာ ကြေကွဲစရာကောင်းတဲ့ ဇာတ်လမ်းလေးတစ်ခုကို ပုံပြင်ဆန်ဆန် ပြောပြတဲ့ကဗျာပါပဲ။ ဘဲလက် ကဗျာသဘောပါပဲ။ ဒါပေမဲ့ ကဗျာဖတ်သူက ဖြည့်ပြီးတွေးရမယ့် မြှုပ်ထားတဲ့ကိစ္စတွေ၊ ကဗျာဖတ်သူက ဆင့်ပွားပြီး တွေးယူရမယ့်ဂယက်အနက်တွေကတော့ တစ်တော တစ်တောင်လုံးနှံ့အောင် လိုက်တွေးလို့ရနိုင်မလားပဲ။

"ဖိုးမောင်" ဟာ သာမန်ဆင်းရဲသား၊ လက်လှုပ်မှ ပါးစပ်လှုပ်ရတဲ့ ရွာသားလေးတစ်ဦးပါ။ ကဗျာထဲမှာ ဖော်ပြမထားတော့ သူ့မှာ မိဘနှစ်ပါးမှ ရှိသေးရဲ့လား။ ရှိရင်လည်း အသက်အရွယ်ကြီးရင့်ကြသူတွေ၊ ဒါမှမဟုတ် ကျန်းမာရေး ချွတ်ယွင်းကြသူတွေ၊ ဒါမှမဟုတ် မိစုံဖစုံမှရှိရဲ့လား။ ဖားရှာငါးရှာ ပြီးမှ အသက်မွေးဝမ်းကျောင်းရတဲ့သူ။ ဖိုးမောင်ရဲ့ဆန်တွင်းဟာ သူများတကာထက် ပိုပြီးနက်မှာကတော့ သေချာပြီပေါ့။ ဒါကြောင့်မို့ "ဖိုးမောင်"ဆိုတာ ရွာမှာ လူရာဝင်တဲ့အနေအထား ဘယ်ရှိနိုင်ပါ့မလဲ။ ဖိုးမောင်လို ဆင်းရဲသား လူငယ်တစ်ယောက်၊ ရွာမှာမရှိရင်လည်း ဘာမှပိုပြီး မထူးခြားနိုင်လောက်အောင် တကယ့်ကို အရေးမပါအရာမမြောက်တဲ့ လူတစ်ယောက်။ လူတွေဟာ ဖားရှာငါးရှာစားရတဲ့ "ဖိုးမောင်" ကို ဘယ်ဂရုစိုက်ကြမှာလဲ။ ဘယ်ကွမ်းတောင်ကိုင်၊ ဘယ်ပိုက်ဆံရှိသူ၊ ဘယ်မိသားစုကမှ "ဖိုးမောင်" ကို "ထမင်းလာစားလှည့်ဦး" လို့ တကူးတက ထမင်းဖိတ်ကျွေးကြသူရှိပ့ါမလဲ။

"ဖိုးမောင်"က ကင်းသမားတွေနဲ့တော့ အဆင်ပြေအောင် ဆက်ဆံထားပုံရပါတယ်။ ညကြီးမင်းကြီး အချိန်မတော် ရွာကိုပြန်လာတဲ့ "ဖိုးမောင်"ကို၊ ကင်းသမားတိုင်းက မလွယ်ပေါက်ကို အသာဖွင့်ပေးဖို့ ဝန်မလေးကြဘူး။ တစ်ညမှာတော့ ရွာခြေကိုကပ်ပြီး ဓားပြတိုက်ဖို့ ချောင်းနေကြတဲ့ ဓားပြတစ်သိုက်နဲ့ ငါးရှာပြီးပြန်လာတဲ့ ဖိုးမောင်တို့ ရွာဘေးမှာ ပက်ပင်းတိုးတော့ "ဖိုးမောင်" ကို ဖမ်းထားကြတာပေါ့။ တကယ်တော့ ဓားပြတွေက "ဖိုးမောင်" ကို တမင်သက်သက်လာစောင့်ပြီး ဖမ်းကြတာပါ။ သူတို့က အချိန်မတော် ရွာတံခါးပွင့်ဖို့ဆိုရင် "ဖိုးမောင်" ရဲ့ အကူအညီရမှ ဝင်လို့ရမယ်ဆိုတာ စုံစမ်းထားပြီးသား။ ကင်းသမားက ဖိုးမောင်ဆိုရင် မလွယ်ပေါက်ကို ဖွင့်ပေးနေကျဆိုတာ ဓားပြတွေက သိထားတော့ ဖိုးမောင်ကိုဖမ်းပြီး တံခါးဖွင့်ပေးဖို့ ဖိုးမောင်ကို ပြောကြတာပေါ့။ ပြောမပေးဘူးဆိုရင် သတ်ပစ်မယ်လို့ ဖိုးမောင်ကို ခြိမ်းခြောက်ကြတာပေါ့။

"ဖိုးမောင်" ဟာ ဓားပြတွေက ကြိုးနဲ့တုတ်ပြီး ဖမ်းခံထားရတဲ့အချိန် ဘာတွေ တွေးနေခဲ့သလဲ။ ပထမတော့ သူ့အသက်လွတ်အောင် ရွာတံခါးဖွင့်ပေးဖို့ ပြောလိုက်မယ်ဆိုတဲ့ စိတ်ကူးရှိမယ်။ ပြီးတော့ သူ့ကို ချည်ထားတဲ့ကြိုးကိုပြေအောင် ဘယ်လိုဖြေရပါ့မလဲလို့ တွေးကောင်းတွေးမယ်။ ဒါမှမဟုတ် သူ့ကိုကြိုးနဲ့တုတ်ထားတာ အရေးမကြီးဘူး။ ရွာကို ဒီည ဓားပြတိုက်တော့မယ့်ကိစ္စ၊ ရွာသားတွေသိရအောင် သူဘယ်လို လုပ်ရပါ့မလဲလို့လည်း တွေးမိလိမ့်မယ်။ ရွာအတွက် စိတ်ပူလိမ့်မယ်။ အချိန်တိုအတွင်းမှာ သူဟာ ဆုံးဖြတ်ချက်ချရလိမ့်မယ်။ အဲဒီနောက် "မောင်းထုကြ၊ လူစုကြ၊ ဓားပြတွေ ရွာကို ဝိုင်းထားပြီ။ ငါ့ကိုလည်း ဖမ်းထားပြီဟေ့" လို့ အကြိမ်ကြိမ် အော်တော့တယ်။

ဖိုးမောင်ဟာ သူဒီလိုအော်ရင် သူ့ကို ဓားပြတွေက ထုကြ ထောင်းကြ သတ်ကြမယ်ဆိုတာ ကြိုပြီးသိထားပြီးသားပါ။ သူ့မှာ ကြောက်စိတ် မရှိတော့ဘူးလား။ သူက ရွာကို သတိမပေးဘဲထားလိုက်ရင် ရွာကို ဓားပြ တိုက်ခံရပေမယ့် သူ့အသက်တော့ လွတ်နိုင်တယ်ဆိုတဲ့အတွေးကို သူ မတွေးတတ်ဘူးတဲ့လား။ သူ့အသက်ကို သတ်ချင်သတ်ပါစေ၊ ရွာကိုတော့ ဓားပြရန်က ဝေးရင်ပြီးတာပဲဆိုတဲ့စိတ်ကို သူဘယ်လိုလုပ်ပြီး တွေးနိုင်ခဲ့တာလဲ။ အဲဒီတစ်ချိန်တည်းမှာပဲ ဆင်းရဲသားနင်းပြားသူ့ဘဝကို သူတွေးမိပြီး တစ်ရွာလုံးက ငါ့ကို ဘယ်တုန်းကမှ လူရာမသွင်းခဲ့တာပဲ။ ငါက ဘာပြုလို့ ရွာကို ကာကွယ်နေတော့မလဲ၊ ငါ့အသက်လွတ်ရေးကိုပဲ ဦးစားပေးရမှာပေါ့ဆိုတဲ့ အတွေးရော မတွေးနိုင်ခဲ့ဘူးလား။

ဒီလိုနဲ့ ရွာကို အော်ဟစ်သတိပေးလို့ ဓားပြတွေက "ဖိုးမောင်" ကို သတ်ပစ်လိုက်ကြပါပြီ။ ဖိုးမောင်ရဲ့အော်သံကြားလို့ ရွာသားတွေ မောင်းထုလူစုနိုင်ကြပြီ။ ရွာဟာ ဓားပြရန်က ဝေးခဲ့ပါပြီ။

ဖိုးမောင် ဒီလိုအနစ်နာခံဆောင်ရွက်ခဲ့တာဟာ ရွာထဲက သူကြိုက်ပြီး ပိုးပမ်းခဲ့ရတဲ့ ကွမ်းတောင်ကိုင်မလေးအတွက် မဟုတ်ဘူး။ ရွာကပိုက်ဆံရှိလူချမ်းသာ ရွာ့မျက်နှာဖုံး "ဦးလာဘ" အတွက် မဟုတ်ဘူး။ တစ်ချိန်လုံး သူ့ကို လူလိုသူလို မဆက်ဆံခဲ့တဲ့ ရွာသူကြီး "ဦးစံတင့်" ဆီက မျက်နှာသာလေး ရလိုရငြား သူဒီလိုလုပ်ခဲ့တာ မဟုတ်ဘူး။ သူ့ရည်ရွယ်ချက်က သူ့စေတနာက ပုဂ္ဂလကိစ္စ၊ ပုဂ္ဂလအကျိုးမဟုတ်ဘူး။ ဒီတော့ "ဖိုးမောင်" ဟာ ရွာအတွက်တော့ တကယ့်ကို ကျေးဇူးရှင်ဖြစ်ပြီပေါ့။ ရွာရဲ့သူရဲကောင်းဖြစ်ပြီပေါ့။ ရွာရဲ့ စံပြပုဂ္ဂိုလ်ပေါ့။ ဒီလိုနဲ့ "ဖိုးမောင်" ကို ရွာက မမေ့နိုင်ကြတော့ဘူးပေါ့။ "မှိုင်းညိုညှို့ရိပ်၊ လူခြေတိတ်၍ ရေဆိပ်အနား၊ ရွာတံခါးမှ ဂုပ်ကျားကျယ်လောင်၊ ရမ်းရော်ဟောင်သော် "ဖိုးမောင်လာပြီ" ဆိုဆဲပင် . . . ပေါ့။"

ဆရာကြီးမင်းသုဝဏ်ရဲ့ "ဖိုးမောင်လာပြီ" ကဗျာဟာတကယ့်ကို အလွမ်းဇာတ်ပါ။ ဒါပေမဲ့ မဟာဆန်လွန်းတဲ့ အလွမ်းဇာတ်တစ်ခု။ ကြီးမြင့်ဂုဏ်ထယ်လွန်းတဲ့ လူသားတစ်ယောက်ရဲ့ မဟာအလွမ်းဇာတ်။

(ခ)

"ဖိုးမောင်လာပြီ" ကဗျာထဲက "ဖိုးမောင်" ဟာ သာမန်အညတရလူတစ်ယောက်။ သူဟာ လူသားတွေအတွက် ရတနာတွေ ချန်ပေးမထားနိုင်ခဲ့ဘူး။ ပညာဗဟုသုတတွေ ချန်မထားနိုင်ခဲ့ဘူး။ "မြင့်မြတ်လေးနက်တဲ့ မဟာလူသားစိတ်ဓာတ်" တစ်ခုတည်းကိုပဲ ချန်ထားပြီး ဘဝကူးပြောင်းသွားခဲ့တာပါ။

ဆရာကြီးမင်းသုဝဏ်ဟာ 'ဖိုးမောင်လာပြီ' ကဗျာကို ၁၉၆၂ ခုနှစ်၊ ဒီဇင်ဘာလမှာ ရေးခဲ့တာပါ။ တိုင်းပြည်က ဒီမိုကရေစီနည်းနဲ့ တင်မြှောက်ထားတဲ့ အရပ်သားအစိုးရကို ဗိုလ်ချုပ်ကြီးနေဝင်း ခေါင်းဆောင်တဲ့စစ်တပ်က အာဏာသိမ်းယူတဲ့ ၁၉၆၂ ခုနှစ်ထဲမှာ ဒီကဗျာကို ရေးတာပါ။

ဒါဟာ တိုင်းပြည်အပေါ် နှစ်ပေါင်းများစွာ လက်နက်နဲ့ ဖိနှိပ်အုပ်ချုပ်တော့မယ့် အန္တရာယ်ကို ကျွန်တော်တို့ပြည်သူတွေ သိမြင်နိုင်ကြဖို့ တမင်ရေးဖွဲ့ခဲ့တာလို့ရော မဆိုနိုင်ပေဘူးလား။ ဒီအခြေအနေကို အသက်စွန့်ပြီးအကာအကွယ်ပေးမယ့် ပြည်သူ့သူရဲကောင်းတွေပေါ်ပေါက်ဖို့၊ သူရဲကောင်းတွေ ရှေ့ထွက်တိုက်ပွဲဝင်ကြဖို့ နှိုးဆော်တဲ့သဘောလို့ရော မပြောနိုင်ဘူးလား။

တစ်ရပ်လုံး၊ တစ်ရွာလုံး ဒုက္ခမျိုးစုံကြုံတွေ့နေကြရတဲ့အချိန်မှာတော့ ဖိုးမောင်လိုလူမျိုးတွေ ပေါ်ပေါက်လာဖို့၊ ဖိုးမောင်စိတ်ဓာတ်မျိုး ပြန့်ပွားထွန်းကားဖို့ အမှန်တကယ် လိုအပ်တယ်ဆိုတာကိုတော့ ဘယ်သူမှ မငြင်းနိုင်ပါဘူး။ ။

### ဖိုးမောင်လာပြီ

**မှိုင်းညိုညှို့ရိပ်၊ လူခြေတိတ်၍**
**ရေဆိပ်အနား၊ ရွာတံခါးမှ**
**ဂုပ်ကျားကျယ်လောင်၊ ဆီးကြိုဟောင်သော်**
**"ဖိုးမောင်လာပြီ" ဆိုကြသည်။**

**ဟောင်သံရပ်၍**
**ထက်ကြပ်ပေါ်လာ၊ အသံမှာကား**
**"ညခါငါးထောင်၊ မောင်ဖိုးမောင်သည်**
**ရွာတောင်ချောင်းက ပြန်ခဲ့ပြီ"။**

**ဖိုးမောင့်သံကြား၊ ကင်းသမားက**
**တံခါးကြီးအောက်၊ မလွယ်ပေါက်ကို**
**တစ်ယောက်ဝင်သာ၊ ဖွင့်လိုက်ပါသော်**
**ယာတွင်အုပ်ဆောင်း၊ ဝဲတက်ချောင်းနှင့်**
**ခါးစောင်းကိုယ်ကိုင်း၊ ငါးပလိုင်းကို**
**လွယ်သိုင်းပြီးလျှင်၊ ရွာကိုဝင်သည်**
**လူပင်လေလား၊ တစ္ဆေလား။**

**တစ္ဆေမကြောက်၊ မြွေမကြောက်ဘဲ**
**တစ်ယောက်တည်းပင် ညဉ့်မှောင်တွင်၌**
**သူလျှင်ငါးရှာ၊ မကျွေးပါက**
**ထိုရွာသူသား၊ လူအများတို့**
**ငါးစို ငါးစိမ်း ငတ်ပေလိမ့်။**

**ဆောင်းတစ်ည၌**
**ချမ်းမြစိမ့်အေး၊ လခြမ်းကွေး၍**
**ရွာဘေးကျီပျက်၊ မှောင်နက်နက်မှ**
**ဇီးကွက်ကအော်၊ တောက်တဲ့ကြော်စဉ်**
**ရွာပေါ်လွှမ်းအောင်၊ ဂုပ်ကျားဟောင်သည်**
**ဖိုးမောင် လာချိန်ပါတကား။**

**သို့ဖြစ်သော်ငြား၊ ခါတစ်ပါးသို့**
**တခါးဝင်လို၊ သူ မဆိုဘဲ**
**"မောင်းကိုထုပါ၊ လူစုပါဟေ့၊**
**ရွာကိုဘေးမှ၊ ကာကွယ်ကြလော့၊**
**ဓားပြငါ့အား၊ ဖမ်း၍ထား"ဟု**
**စကားမဆုံး၊ ဟစ်အော်တုန်းတွင်**
**ဒိုင်းဒုန်းဒိန်းသံ ရွာလုံးညံသည်**
**ချောင်းယံပဲ့တင်ထပ်သတည်း။**
**ဖိုးမောင့်နိဂုံး၊ ဤတွင်ဆုံးလည်း**
**ရွာလုံးစိတ်တွင်၊ ဖိုးမောင်ဝင်၍**
**ပဲ့တင်ထပ်ကာ၊ ဟည်းလျက်ပါတည့်**
**ဘယ်ခါမဆို၊ ဆီးလင့်ကြိုသို့**
**မှိုင်းညိုညှို့ရိပ်၊ လူခြေတိတ်၍**
**ရေဆိပ်အနား၊ ရွာတံခါးမှ**
**ဂုပ်ကျားကျယ်လောင်၊**
**ရမ်းရော်ဟောင်သော်**
**"ဖိုးမောင်လာပြီ" ဆိုဆဲပင်။**

မင်းသုဝဏ်

ကိုးကား ။ ။
မြဝတီမဂ္ဂဇင်း၊ဇန်နဝါရီ၊ ၁၉၆၃။

## သတင်းတိုများ

■ မေနှင်းကြည် စုစည်းရေးသားသည်။
**ရန်ကုန်၊ မတ် ၂၇**

### မေဂရေ့စ်

လက်ရှိ ဩစတြေးလျမှာ ကျောင်းတက်နေတယ်။ ဇွန်လမှာ ကျောင်းနားရင် မြန်မာပြည်ပြန်လာပြီး ကြော်ငြာနဲ့ မဂ္ဂဇင်းတွေအတွက် ဓာတ်ပုံရိုက်ဖြစ်မယ်။ ဩစတြေးလျမှာ အနုပညာအလုပ်မလုပ်ဖြစ်ပါဘူး။ ပညာရေးကိုပဲ အာရုံစိုက်နေတယ်။ သင်္ကြန်ရောက်ရင် မြန်မာပြည်ကိုလွမ်းတယ်။ ■

### ဝါဆိုမိုးဦး

နယ်တွေမှာ သီချင်းဆိုနေတယ်။ သင်္ကြန်ပြီးမှ ဇာတ်ကားရိုက်ကူးဖို့ ကမ်းလှမ်းထားတယ်။ သင်္ကြန်ကတော့ ရန်ကုန် Sky Net မှာ သီချင်းဆိုဖြစ်မယ်။ သင်္ကြန်မှာ နှစ်တိုင်း သီချင်းဆိုနေကြပါ။ ထူးထူးခြားခြားလုပ်ဖို့တော့ အစီအစဉ်မရှိပါဘူး။ ■

### နန်းသူဇာ

ထိုင်း-မြန်မာ ချစ်ကြည်ရေးပွဲမှာ လူရွှင်တော်တစ်ယောက်အနေဖြင့် ဖျော်ဖြေမယ်။ Hello Music သင်္ကြန်အတွက်လည်း နယ်တွေမှာ ဖျော်ဖြေနေတယ်။ လူရွှင်တော်အဖြစ် တင်ဆက်တာ ပထမဆုံးပါ။ အမှားမပါအောင် အကောင်းဆုံးလေ့ကျင့်နေတယ်။ ■

### ကက်သရင်းမီးမီး

သင်္ကြန်စီးရီး 'အမုန်းများနှင့်ဝေးရာ' မှာ သီချင်းတစ်ပုဒ်ဆိုထားတယ်။ တခြားအတွဲစီးရီးတွေမှာလည်း ဆိုထားတယ်။ သင်္ကြန်မှာ နှစ်တိုင်း ပျော်နေကျဆိုတော့ ဒီနှစ်လည်း ပျော်ရွှင်ရမှာပါပဲ။ သင်္ကြန် ဘယ်မှာရှိမယ်လို့ မဆုံးဖြတ်ရသေးဘူး။ အနုပညာအလုပ်တွေကို ကြိုးစားပြီး အကောင်းဆုံးလုပ်သွားမှာပါ။ ■

### "Shell of the Tortoise" လိပ်ခွံ

Sarch Band ၏ ပထမဆုံးစီးရီးဖြစ်သည့် "Shell of the Tortoise" လိပ်ခွံစီးရီးကို မေလ ၁ ရက်တွင် The Sun Music Production မှ ဖြန့်ချိမည်ဖြစ်သည်။ အဆိုပါစီးရီး၏ မိတ်ဆက်ပွဲအခမ်းအနားကိုလည်း မေလ ၁ ရက်တွင် ကန်တော်ကြီး၌ ကျင်းပမည်ဖြစ်ပြီး အနုပညာရှင်များ တက်ရောက်ကြမည်။ ■

# "အာဘွား" စီးရီးကို အမ်တီဗီအဖြစ် အသက်သွင်းမည့် ဝိုင်းစုခိုင်သိန်း

■ ပန်းမြတ်ဇော်
**ရန်ကုန်၊ မတ် ၂၇**

အဆိုတော်၊ သရုပ်ဆောင် ဝိုင်းစုခိုင်သိန်း သီဆိုထားသည့် 'အာဘွား' စီးရီးကို ဧပြီ ၅ ရက်တွင် ဗီစီဒီစတင်ရိုက်ကူးမည်ဖြစ်သည်။ ယင်းစီးရီးတွင်ပါဝင်သည့် 'မင်းရဲ့ရွေးချယ်မှု' သီချင်းနှင့် တခြားသီချင်းများကိုလည်း ဒါရိုက်တာအောင်မြတ်နှင့် ဝင်းလွင်ထက်တို့ကို ရိုက်ကူးပေးရန် ကမ်းလှမ်းထားသည်ဟု ဝိုင်းစုခိုင်သိန်းက ပြောသည်။

"ဆန်းဆန်းပြားပြားရိုက်ရလောက်တဲ့ သီချင်းအမျိုးအစား မပါဘူး။ သီချင်းအမြူးဆိုလည်း မြူးမြူးလေးရိုက်မယ်။ အနှေးဆိုရင်လည်း ပုံမှန်ရိုက်နေတာထက် ဘယ်လိုထူးထူးခြားခြားရိုက်မလဲပေါ့။ အဲဒါမျိုးပဲစဉ်းစားဖြစ်မှာပါ"ဟု ပြောသည်။

အဆိုပါစီးရီးရိုက်ကူးမှုတွင် 'မင်းရဲ့ရွေးချယ်မှု' သီချင်းကို ဝိုင်းစုခိုင်သိန်းအပါအဝင် တခြားမင်းသားတစ်ယောက်နှင့် မင်းသမီးတစ်ယောက်လည်း ထပ်မံပါဝင်မည်ဖြစ်ပြီး ၎င်းစီးရီးတွင်ပါရှိသည့်သီချင်းများတွင် ပါဝင်သရုပ်ဆောင်မည့် မင်းသား၊ မင်းသမီးများကိုလည်း မရွေးချယ်ရသေးဟု ၎င်းက ဆိုသည်။

တစ်ကိုယ်တော်သီချင်းစီးရီး ထွက်ရှိသည့်အချိန်တိုင်းတွင် အမျိုးသမီးပရိသတ်များ တစ်ခဲနက်အားပေးမှုရရှိထားသည့် ဝိုင်းစုခိုင်သိန်းသည် ယခုထွက်ရှိမည့် 'အာဘွား' အမ်တီဗီကိုလည်း ပရိသတ်များထံ အကောင်းဆုံးပေးနိုင်ရန်အတွက် ပြင်ဆင်လျက်ရှိသည်။

အဆိုတော်ဝိုင်းစုခိုင်သိန်းသည် 'မက်လောက်စရာ'၊ 'မျက်လှည့်' စသည့် မိန်းကလေးများ၏ အချစ်ခံစားချက် အဆွေးသီချင်းများကို သီဆိုအောင်မြင်ခဲ့သူဖြစ်ပြီး ၎င်းထွက်ရှိခဲ့သည့်စီးရီးတိုင်းကိုလည်း ဗီစီဒီ ကာရာအိုကေနှင့် အမ်တီဗီများအဖြစ် ပြန်လည်ထွက်ရှိပါက သီချင်းစာသားနှင့်အတူ ထူးခြားစွာရိုက်ကူးတင်ဆက်သူဖြစ်သည်။ ယင်းစီးရီးများတွင် ပါရှိသည့်သီချင်းများသည် ဖြစ်ရပ်မှန်များကို ခံစားကာ သီဆိုထားခြင်းဖြစ်သည်။

၎င်းသည် 'မက်လောက်စရာ'၊ 'မျက်လှည့်'၊ 'အာဘွား' တစ်ကိုယ်တော်စီးရီး သုံးခွေကို ထွက်ရှိထားသူဖြစ်ပြီး အတွဲစီးရီးများတွင်လည်း ပါဝင်သီဆိုထားသူဖြစ်သည်။ ဝိုင်းစုခိုင်သိန်းသည် တစ်ကိုယ်တော်စီးရီးနှင့် အတွဲစီးရီးများကိုလည်း ဆက်လက်ထွက်ရှိသွားမည်ဖြစ်သည်။ ■



ဓာတ်ပုံ ဘိုဘို

*ဝိုင်းစုခိုင်သိန်း၏ အနုပညာလုပ်ရှားမှုများကို မီဒီယာများ စိတ်ဝင်စားလျက်ရှိသည်။*

# ၂၀၁၅ မှသာ ရုံတင်ခွင့်ရသည့် "လော်မင်္ဂလာ"ရုပ်ရှင်



■ ပန်းမြတ်ဇော်
**ရန်ကုန်၊ မတ် ၂၇**

၂၀၁၁ ခုနှစ်က ရိုက်ကူးထားသည့် 'လော်မင်္ဂလာ' ရုပ်ရှင်ဇာတ်ကားသည် ၂၀၁၅ ခုနှစ်မှသာ ရုံတင်ပြသခွင့်ရရှိသည်ဟု ရီမြင့်ရုပ်ရှင်ထုတ်လုပ်ရေးမှ ဦးဇော်မြင့်က မဇ္ဈိမသို့ ပြောသည်။

"ရုံတင်ရက်နောက်ကျတဲ့အတွက် အနုပညာအရတော့ ခေတ်မမီပါဘူး။ နိုင်ငံခြားမှာ ဘယ်နေ့ရုံတင်မယ်ဆိုတာကို တစ်ခါတည်းပြောလိုက်တာ။ ဒီမှာတော့ အဲဒီလိုမဟုတ်ဘဲ ကုန်ထားသလောက် ပြန်ရှာဖို့မလွယ်ပါဘူး"ဟု ၎င်းကပြောသည်။

မြန်မာနိုင်ငံတွင် ရုပ်ရှင်ဇာတ်ကားတစ်ကား ရိုက်ကူးပြီးစီးပါက ရှေ့တွင် အရင်ရိုက်ကူးပြီးစီးထားသည့်ဇာတ်ကားများ၏ ရုံတင်ရက်ကို စောင့်ရခြင်းကြောင့် ယခုလိုပြသမည့်ကာလသည် နှစ်ချီပြီးစောင့်ဆိုင်းရခြင်းဖြစ်သည်။ ရန်ကုန်မြို့တွင်းရုပ်ရှင်ရုံများရှိသော်လည်း ပြသရေးစနစ်သည် ယခုအချိန်ထိ ပြောင်းလဲမှုများမရှိခြင်းကြောင့် ထုတ်လုပ်သူများအနေဖြင့် အခက်တွေ့နေရခြင်းဖြစ်သည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးအနေဖြင့် ဧပြီ နှစ်ဆန်း ၁ ရက်နောက်ပိုင်းတွင် မြို့တွင်းရုပ်ရှင်ရုံများ၏ ပြသရေးစနစ်များ ပြောင်းလဲမှု ရှိ၊ မရှိကို အနုပညာအသိုင်းအဝိုင်းက စိတ်ဝင်စားလျက်ရှိပြီး ပြသရေးကော်မတီကိုလည်း ညှိနှိုင်းထားသည်ဟု ဦးဇော်မြင့်က ပြောသည်။

ရုပ်ရှင်ထုတ်လုပ်သူများသည် ရုပ်ရှင်ဇာတ်ကားတစ်ကား ရိုက်ကူးပါက ကုန်ကျစရိတ်များသည် ယင်းဇာတ်ကားထဲတွင် မြှုပ်နှံထားခြင်းကြောင့် နောက်ထပ်ဇာတ်ကားတစ်ကား ရိုက်ကူးရန်အတွက် ငွေများပြန်လည်မပေါ်ခြင်းဖြင့် အခက်တွေ့နေရပြီး ရုံတင်ရက်ကို ထည့်သွင်းစဉ်းစားနေရသည်။

ယခင်မြန်မာ့ရုပ်ရှင် ရွှေခေတ်ဖြစ်ခဲ့ချိန်တွင် တစ်နှစ်တွင် ရုပ်ရှင်ဇာတ်ကား (၈၀) ခန့် ထွက်ရှိခဲ့ချိန်က ယခုကဲ့သို့ နှစ်ကာလကြာမြင့်သည်အထိ ရုံတင်ရက် စောင့်ဆိုင်းရခြင်းမရှိခဲ့ပေ။

'လော်မင်္ဂလာ' ရုပ်ရှင်ဇာတ်ကားသည် မြိုင်ရာဇာတွတ်ပီရုပ်ပြကာတွန်းကို အခြေခံကာ ရွာသူရွာသားများ စည်းလုံးညီညွတ်ခြင်းကို ဒါရိုက်တာ အကယ်ဒမီထွန်းအောင်ဇော်က ရိုက်ကူးထားခြင်းဖြစ်ပြီး ရန်အောင်၊ လူမင်း၊ ဖိုးချစ်၊ နောင်နောင်၊ မေသန်းနု၊ မေသဥ္ဇာဦး၊ မေသက်ခိုင်နှင့် အိချောပိုတို့ ပါဝင်ရိုက်ကူးထားသည်။ ■

# ကလေးကြီးလာမှ ခင်ပွန်းရှိရာသို့ လိုက်သွားမည့် ဝိုင်းစုခိုင်သိန်း

■ ပန်းမြတ်ဇော်
**ရန်ကုန်၊ မတ် ၂၇**

အဆိုတော်၊ သရုပ်ဆောင် ဝိုင်းစုခိုင်သိန်းသည် မင်္ဂလာဆောင်ပြီးသော်လည်း ခင်ပွန်းဖြစ်သူ ဥက္ကာမြင့်ကြူရှိရာ အမေရိကန်နိုင်ငံသို့ လိုက်မသွားဘဲ မြန်မာနိုင်ငံတွင် အနုပညာအလုပ်များကို ဆက်လုပ်သွားမည်ဖြစ်ပြီး ရင်သွေးယူဖြစ်ပါက ကလေးကြီးပြင်းလာပြီး မြန်မာစကားနှင့် မြန်မာစာတတ်ပြီးမှသာ လိုက်ပါသွားမည်ဖြစ်သည်။

"ရင်သွေးမယူဖြစ်သေးပါဘူး။ အနုပညာအလုပ်တွေ လုပ်ချင်ပါသေးတယ်။ မင်္ဂလာဆောင်ပြီးကတည်းက သွားနေလို့ရတယ်။ အနုပညာအလုပ်တွေကို လုပ်ချင်သေးတဲ့စိတ်ဆန္ဒရှိတာကြောင့်ပါ"ဟု ဝိုင်းစုခိုင်သိန်းက ပြောသည်။

မတ်လ ၂၇ ရက်၌ ပေါလီနှင့် မန္တလေးတို့တွင် သီချင်းသီဆိုမည်ဖြစ်ပြီး မင်္ဂလာမဆောင်ခင်က ရွှေ့ဆိုင်းထားသည့်ဇာတ်ကားများကို သင်္ကြန်အပြီးတွင် ဆက်လက်ရိုက်ကူးသွားမည်ဖြစ်သည်။ ■

# မြန်မာ့ပန်းချီဆရာများ၏ ပန်းချီကားများ မလေးရှားနိုင်ငံတွင် လေလံတင်ရောင်းချမည်

■ မိုးသူ
**ရန်ကုန်၊ မတ် ၂၇**

မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့တွင် မြန်မာနိုင်ငံရှိ ပန်းချီဆရာကြီးခြောက်ဦး၏ ပန်းချီကားများကို လေလံတင်ရောင်းချရန် ဖိတ်ကြားခြင်းခံရသည်။ မလေးရှားနိုင်ငံရှိ The Ebge Galerie လေလံကုမ္ပဏီက နိုင်ငံပေါင်းခြောက်နိုင်ငံရှိ ပန်းချီဆရာများ၏ ပန်းချီကားများကို မေလ ၁၀ ရက်တွင် လေလံတင်ရောင်းချမည်ဖြစ်ခြင်းကြောင့် မြန်မာနိုင်ငံအနေဖြင့် သွားရောက်ပြသခြင်းဖြစ်သည်ဟု Summit Art Gallery ပိုင်ရှင်ဖြစ်သည့် ပန်းချီမြင့်စိုးက မဇ္ဈိမသို့ပြောသည်။

"လေလံမတင်ခင်မှာ အရင်ဦးဆုံး ပန်းချီကားတွေကို ပြသထားဦးမှာပါ။ ပန်းချီကားတွေမှာပါဝင်တဲ့ နံပါတ်တွေကိုမှတ်ပြီး လူကိုယ်တိုင်မလာနိုင်ရင်တောင် လေလံရောင်းချမယ့်ပွဲမှာ ဖုန်းနဲ့လှမ်းပြီးတော့ဝယ်လို့ရအောင်ပါ"ဟု ၎င်းကပြောသည်။

ယခုလိုသွားရောက်ပြသခြင်းသည် မြန်မာနိုင်ငံရှိ အနုပညာလက်ရာများကို နိုင်ငံတကာမှ သိရှိလာစေပြီး အောင်မြင်ဖြစ်ထွန်းလာနိုင်ရန်ဖြစ်သည်။



*ပန်းချီဆရာ ဦးဝင်းဖေ၏ ပန်းချီလက်ရာကို လေလံတင်ရောင်းချခဲ့ဖူးသည်။*

လေလံတင်မရောင်းချမီ ဧပြီ ၂၅ ရက်မှ ၂၇ ရက်အထိ စင်ကာပူနိုင်ငံတွင် ကြိုတင်ပြသမည်ဖြစ်ပြီး မေလ ၆ ရက်မှ ၈ ရက်အထိ မလေးရှားနိုင်ငံရှိ ကွာလာလမ်ပူမြို့တွင် ၎င်းတို့၏ပန်းချီကားများကို ကြိုတင်ပြသကြမည်ဖြစ်သည်။ မေ ၁၀ ရက်တွင် မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့၏ဟိုတယ်တစ်ခုတွင် ၎င်းပန်းချီကားများကို လေလံတင်ရောင်းချမည်ဖြစ်သည်။

ယင်းလေလံပွဲတွင် အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ ထိုင်း၊ မြန်မာနှင့် စင်ကာပူနိုင်ငံတို့မှ ပန်းချီဆရာများ၏ ပန်းချီကားများနှင့် မြန်မာနိုင်ငံရှိ လွန်းကြွယ်၊ ကြီးမြင့်စော၊ ဘိုကြည်၊ ဝင်းဖေမြင့်၊ မင်းဝေအောင်၊ မြင့်စိုး စသည့်ပန်းချီဆရာတို့က မြန်မာနိုင်ငံအတွင်းရှိ အထင်ကရနေရာများ၊ ခေတ်ပြိုင်အနုပညာများပါဝင်သည့် ပန်းချီကားကိုးကားကိုလည်း ပါဝင်ပြသမည်ဖြစ်သည်။ ■

## (၂၈-၃-၂၀၁၄)ရက်မှစတင်၍ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ပြသမည့် ဇာတ်ကားများ

| ရုံအမည် | ဇာတ်ကားအမည် | ပွဲချိန် |
|---|---|---|
| Junction Cineplex (Square) | T-2 မာယာပရောဂျက် | ၁၀း၀၀၊ ၁၂း၃၀၊ ၃း၃၀၊ ၆း၃၀၊ ၉း၃၀ (သောကြာ၊ စနေ)<br>၁၀း၀၀၊ ၁၂း၃၀၊ ၃း၃၀၊ ၆း၃၀ (တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး) |
| | T-1 Machete Kills (2D) | ၁၀း၀၀၊ ၁း၀၀၊ ၄း၀၀၊ ၇း၀၀၊ ၉း၃၀ (သောကြာ၊ စနေ)<br>၁၀း၀၀၊ ၁း၀၀၊ ၄း၀၀၊ ၇း၀၀ (တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး) |
| | T-3 Need For Speed (3D) | ၁၀း၀၀၊ ၁း၀၀၊ ၄း၀၀၊ ၇း၀၀၊ ၉း၃၀ (သောကြာ၊ စနေ)<br>၁၀း၀၀၊ ၁း၀၀၊ ၄း၀၀၊ ၇း၀၀ (တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး) |

| ရုံအမည် | ဇာတ်ကားအမည် | ပွဲချိန် |
|---|---|---|
| Junction Cineplex (Maw Tin) | T-1 မာယာပရောဂျက် | ၁၀း၀၀၊ ၁၂း၃၀၊ ၃း၃၀၊ ၆း၃၀၊ ၉း၃၀ (သောကြာ၊ စနေ)<br>၁၀း၀၀၊ ၁၂း၃၀၊ ၃း၃၀၊ ၆း၃၀ (တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး) |
| | T-2 Need For Speed (3D) | ၁၀း၀၀၊ ၁း၀၀၊ ၄း၀၀၊ ၇း၀၀၊ ၉း၃၀ (သောကြာ၊ စနေ)<br>၁၀း၀၀၊ ၁း၀၀၊ ၄း၀၀၊ ၇း၀၀ (တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး) |

| ရုံအမည် | ဇာတ်ကားအမည် | ပွဲချိန် |
|---|---|---|
| Junction Mini Theatre (Nay Pyi Taw) | T-1 ကိုယ့်အထာနဲ့ကိုယ် | ၁၁း၀၀၊ ၂း၀၀၊ ၆း၃၀ (တနင်္လာ၊ အင်္ဂါ)<br>၁၀း၃၀၊ ၁း၃၀၊ ၄း၃၀၊ ၇း၃၀ (သောကြာ၊ တနင်္ဂနွေ) |











## တစ်ပတ်အတွင်း အပန်းဖြေစရာ



■ မေနှင်းကြည် စုစည်းရေးသားသည်။
**ရန်ကုန်၊ မတ် ၂၇**

***တစ်ပတ်အတွင်း စိတ်ပင်ပန်းမှုများ ပြေပျောက်စေဖို့အတွက် အပန်းဖြေစရာနေရာများ၊ ပျော်ရွှင်စရာအစီအစဉ်များရှိတဲ့နေရာများကို စာဖတ်ပရိသတ်များအတွက် ဖော်ပြပေးလိုက်ပါတယ်။***

**ဂျန်းရှင်းစကွဲ**

Live Show များကျင်းပနေသည့် ဂျန်းရှင်းစကွဲစင်တာတွင် မတ်လ ၂၉ ရက် ညနေ ၆ နာရီမှ ၉ နာရီအထိ ပတ္တမြား FM Radio ထုတ်လွှင့်ခြင်း နှစ်နှစ်ပြည့် Live Show ပွဲကျင်းပမည်ဖြစ်သည်။ ယင်းပွဲတွင် စည်သူလွင်၊ ထူးအယ်လ်လင်း၊ L လွန်းဝါနှင့် နာမည်ကြီးအဆိုတော်များက ဖျော်ဖြေသွားမည်ဖြစ်သည်။

**မျှော်စင်ကျွန်း**

အေးဆေးတိတ်ဆိတ်သည့် မျှော်စင်ကျွန်းတွင် အပန်းဖြေသူများအတွက် သီချင်းအေးအေးများကို ခံစားနိုင်ရန် ရခိုင်တေးဂီတဖျော်ဖြေပွဲကို မတ်လ ၃၀ ရက်တွင် ကျင်းပမည်ဖြစ်သည်။ ရခိုင်အမျိုးသားညီလာခံ ကျင်းပရန် ရန်ပုံငွေပွဲဖြစ်သည့်အတွက် မိမိတတ်နိုင်သမျှ လှူဒါန်းနိုင်ရန်လည်း စီစဉ်ထားမည်ဖြစ်သည်။ အဆိုပါပွဲတွင် ရခိုင်နာမည်ကြီးအဆိုတော်များက ဖျော်ဖြေကြမည်ဖြစ်သည်။

**အမျိုးသားကဇာတ်ရုံ**

ခမ်းနားသည့်ပွဲများကိုသာ လက်ခံကျင်းပသည့် အမျိုးသားကဇာတ်ရုံတွင် ဆီးဂိမ်းပွဲတော်ကို ဂုဏ်ပြုသည့်အနေဖြင့် Miss 27th Sea Games Myanmar ရွေးချယ်ပွဲကို မတ်လ ၃၀ ရက် ညနေ ၆ နာရီတွင် ကျင်းပမည်ဖြစ်သည်။ ဝင်ကြေးအခမဲ့အပြင် နာမည်ကြီးအဆိုတော်များ၊ Dancer အကများဖြင့် စည်ကားစွာကျင်းပသွားမည်။

**Gallery 65**

ပန်းချီကို စိတ်ဝင်တစားလေ့လာလိုသည့်ပရိသတ်များအတွက် Beauty of Myanmar 2 Solo Art Exhibition ခေါင်းစဉ်ဖြင့် ပန်းချီပြပွဲကို မတ်လ ၂၇ ရက်မှ ၃၁ ရက်အထိ ယောမင်းကြီးလမ်းရှိ Gallery 65 တွင် ကျင်းပသွားမည်ဖြစ်သည်။ ယင်းပြပွဲတွင် ပန်းချီဆရာ တပ်ကြပ်ကြီးအုန်းမြင့်၏ ပန်းချီ ၆၀ ကို ပြသမည်ဖြစ်သည်။ ■




**MRTV-4**

၀၆း၀၀ MRTV-4 သတင်း
၀၆း၁၀ Health Fix
၀၆း၁၅ ရုပ်သံဇာတ်လမ်းတွဲ



**"အချစ်ရူး"** (အပိုင်း-၄၂)
၀၇း၁၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ **"ထာဝရမန္တလေး"** (အပိုင်း-၃၅)
၀၈း၀၀ MRTV-4 သတင်း
၀၈း၁၅ ရန်ကုန်မြင်ကွင်းကျယ်
၀၈း၃၀ ရုပ်သံဇာတ်လမ်းတွဲ **"သားတို့အိမ်ကလေး"** (အပိုင်း-၁)
၀၉း၃၀ ရုပ်သံဇာတ်လမ်းတွဲ **"ကျွန်တော့်ရဲ့ ဗီးနပ်စ်"** (အပိုင်း-၂၉)
၁၀း၁၅ Minute To Win It
၁၁း၀၀ Movie Talk
၁၁း၄၅ World of Knowledge
၁၂း၃၀ MRTV-4 Stage

**CHANNEL-7**

၀၆း၀၀ ငါးတန်းနှင့်ပြိုင် ဘယ်သူနိုင်
၀၇း၀၀ Popular Chat Room
၀၇း၃၀ Fashion Focus
၀၈း၀၀ ရုပ်သံဇာတ်လမ်းတွဲ **"ပန်းပျိုးတဲ့လက်ကလေး"** (အပိုင်း-၄၁)
၀၉း၀၀ အိပ်မက်ဆုံရာ
၁၀း၀၀ ရုပ်သံဇာတ်လမ်းတွဲ



**"မျှော်လင့်သောမိသားစုလေး"** (အပိုင်း-၁၈)
၁၁း၀၀ Channel -7 ရုပ်သံဇာတ်လမ်းတွဲ
၁၁း၄၅ Music & Life
၁၂း၁၀ Happy Birthday to You

**MWD**

၀၆း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၀၆း၀၅ အမျိုးသားရေးတေးကဗျာ
၀၆း၁၀ **"ရွာ"** ဟာသဇာတ်လမ်းတွဲ
၀၆း၂၅ ရွှင်မြူးသီကြွေးကဗျာတေး
၀၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
၀၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
နိုင်ငံတကာ/မိုးလေဝသ သတင်း
သံစဉ်များနှင့်ကမ္ဘာ
မြဝတီ၏တေးလက်ဆောင်
ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
မြဝတီရုပ်မြင်သံကြားသတင်း
ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
**"ဂုဏ်ရည်မတူ"** (ဒုတိယတွဲ)
တရားတော်

TV Gide **နှင့် မြန်မာ့ရုပ်မြင်သံကြားတို့မှ ကူးယူဖော်ပြသည်။**

# နှစ်ပတ်လည်နေ့ကို ပရိသတ်များနှင့်အတူ မီးရထားဖြင့် ခရီးထွက်ခဲ့သည့် TVXQ



TVXQ အဖွဲ့သည် ပရိသတ်များဖြင့် ပျော်ရွှင်စွာခရီးထွက်နေသည်ကို တွေ့ရစဉ်။

**ဆိုးလ်၊ မတ် ၂၇**

TVXQ အဖွဲ့သည် ၎င်းတို့အဖွဲ့ စတင်တည်ထောင်ခဲ့သည့်(၁၀)နှစ်မြောက်နှစ်ပတ်လည်နေ့အခမ်းအနားကို ရထားတစ်စင်းပေါ်တွင် ကံထူးခဲ့သည့် ပရိသတ်အချို့နှင့် အတူခရီးထွက်ရင်း ကျင်းပခဲ့ကြသည်။

TVXQ အဖွဲ့ဝင်များသည် မတ် ၂၄ ရက်က ကိုရီးယား၊ ဂျပန်၊ တရုတ်၊ စင်ကာပူနိုင်ငံတို့မှ ပရိသတ် ၁၈၀ ကို ဖိတ်ခေါ်ကာ ၎င်းတို့၏ (၁၀)နှစ်မြောက်နှစ်ပတ်လည်နေ့ပါတီကို မီးရထားပေါ်မှာပင် ပရိသတ်များနှင့်အတူ တပျော်တပါးဆင်နွှဲခဲ့ကြသည်။ ၎င်းတို့သည် ဆိုးလ်မြို့နှင့် Gokseong တစ်ဝိုက်တွင် တစ်နေကုန်အောင်လျှောက်လည်ခဲ့ကြသလိုစက်ဘီးစီးရန်အတွက် Rose Garden သို့ ရောက်ရှိခဲ့ကြပြီး ဓာတ်ပုံများကို ပရိသတ်များနှင့် အတူရိုက်ခဲ့ကြသည်။

“ကျွန်တော်တို့ရဲ့ (၁၀)နှစ်မြောက်နှစ်ပတ်လည်နေ့မှာ ပရိသတ်တွေနဲ့အတူ ရထားစီးပြီး ခရီးထွက်ရတာ အရမ်းပျော်ဖို့ကောင်းပြီး အဓိပ္ပာယ်ရှိပါတယ်။ ပရိသတ်တွေရဲ့ချစ်ခင်အားပေးမှုနဲ့ ထိုက်တန်အောင်ကျွန်တော်တို့ဘက်က ဆက်ပြီးကြိုးစားသွားပါ့မယ်”ဟု TVXQ က ပြောကြားခဲ့သည်။

TVXQ သည် ဧပြီ ၂၂ ရက်တွင် ဂျပန်နိုင်ငံ၊ ယိုကိုဟားမားမြို့တွင် ပြုလုပ်မည့် ၎င်းတို့၏ဖျော်ဖြေပွဲအတွက် ယခုကတည်းက အာရုံစိုက်ကြိုးပမ်းသွားမည်ဟုလည်း ပြောကြားသည်။ ■

# အချစ်ဝတ္ထုတစ်ပုဒ်ကို မက်ဒေါနား ရုပ်ရှင်ရိုက်မည်

**လန်ဒန်၊ မတ် ၂၇**



ဘာသာမတူသည့်အချစ်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ဦးမည့် မက်ဒေါနား။

ပေါ့ပ်ဂီတကြယ်ပွင့် မက်ဒေါနားသည် စာရေးဆရာ ရေဘတ်ကာဝေါ်ကာ၏ ပထမဦးဆုံးထွက်သည့် "Ade: A Love Story" အမည်ရှိ အချစ်ဝတ္ထုတစ်ပုဒ်ကို ဇာတ်ကားအဖြစ် ရိုက်ကူးမှုပြုရန် စီစဉ်ညွှန်ကြားသွားမည်ဟု ဘီဘီစီသတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ယင်းဝတ္ထုသည် အမေရိကန်ကျောင်းသူတစ်ဦးနှင့် မွတ်ဆလင်အမျိုးသားတစ်ဦးတို့ ကင်ညာကမ်းလွန်ရှိ သာယာကြည်နူးဖွယ်ကျွန်းတစ်ကျွန်းပေါ်တွင် ချစ်ကြိုးသွယ်ခဲ့ကြပြီး ဘာသာအယူဝါဒကွဲလွဲမှုကြောင့် နောက်ပိုင်းတွင် ၎င်းတို့နှစ်ဦးအကြား ဆက်ဆံရေးရှုပ်ထွေးလာခဲ့ခြင်းအကြောင်းကို ရေးဖွဲ့ထားခြင်းဖြစ်သည်။

The Color Purple ဝတ္ထုကလောင်ရှင် အဲလစ်၏ သမီးဝေါ်ကာသည် အဆိုပါဇာတ်ကားကို ပူးတွဲထုတ်လုပ်မည်ဖြစ်သည်။

မက်ဒေါနားသည် ယခင်က "WE" နှင့် "Fith and Wisdon" ရုပ်ရှင်ဇာတ်ကားများကိုလည်း ဒါရိုက်တာတစ်ဦးအဖြစ် တာဝန်ယူရိုက်ကူးခဲ့သည်။

ယခုရုပ်ရှင်ရိုက်ကူးမည့်ဝတ္ထုကို ပြီးခဲ့သည့်အောက်တိုဘာလတွင်းက ထုတ်ဝေခဲ့ပြီး ယင်းစာအုပ်၏ မျက်နှာဖုံးရှင်အဖြစ် မက်ဒေါနားက ဓာတ်ပုံရိုက်ခံခဲ့သည်။ ထို့ပြင် “ဒီစာအုပ်ကိုဖတ်ပါ. . . အံ့ဩစရာကောင်းတဲ့ခရီးတစ်ခုနဲ့ သာယာလွမ်းမောဖွယ်အချစ်ဇာတ်လမ်းတစ်ပုဒ်အကြောင်းကို ရေးဖွဲ့ထားတာပါ”ဟုလည်း ၎င်းက သတင်းကောင်းပါးခဲ့သေးသည်။

အဆိုပါအချစ်ဝတ္ထုကို ရိုက်ကူးထုတ်လုပ်မှုတွင် "Silver Linings Play Book" နှင့် "American Beauty" ဇာတ်ကားများကို ထုတ်လုပ်သူ ဘရုကိုဟင်လည်း ပူးတွဲပါဝင်မည်ဖြစ်သည်။

မက်ဒေါနားနှင့် ထုတ်လုပ်သူများသည် ယခုအခါ ၎င်းစာအုပ်ကို ဆီလျော်အောင် ပြုပြင်မွမ်းမံသည့် ဇာတ်ညွှန်းရေးဆရာတစ်ဦးကို ရှာဖွေလျက်ရှိကြောင်း ဟောလိဝုဒ်သတင်းထောက်တစ်ဦးက ပြောသည်။ ■

**မဇ္ဈိမ နိုင်ဖူး**
**စုစည်းရေးသားသည်။**

# ဂျပန်ဗိသုကာပညာရှင် ရှီဂါရုဘန် ၂၀၁၄ ခုနှစ်၏ Pritzker ဗိသုကာဆုရရှိ

**တိုကျို၊ မတ် ၂၇**

ဂျပန်ဗိသုကာပညာရှင် ရှီဂါရုဘန်သည် သဘာဝဘေးဒဏ်ခံဒေသများတွင် ယာယီစုပေါင်းလူနေအိမ်များ ဆောက်လုပ်ရန် ကတ်ထူစက္ကူလုံးများကိုအသုံးပြုခဲ့သူဖြစ်ပြီး ၎င်းသည် ၂၀၁၄ ခုနှစ်၏ Pritzker ဗိသုကာဆုကို ရရှိခဲ့သည်။

Pritzker ဆုသည် ဗိသုကာပညာရပ်တွင် ထူးချွန်အောင်မြင်သူများကို ဂုဏ်ပြုပေးအပ်သည့်ဆုဖြစ်ပြီး ၎င်းဆုအတွက် Hyatt ဖောင်ဒေးရှင်းက စပွန်ဆာပေးထားခြင်းဖြစ်သည်။ ၎င်းဆုကို ၁၉၇၉ ခုနှစ်ကတည်းက စတင်ပေးအပ်ခဲ့ခြင်းဖြစ်သည်။ ဆုရရှိသူသည် ဂုဏ်ပြုဆုတံဆိပ်နှင့်အတူ ဆုကြေးငွေ ဒေါ်လာတစ်သိန်းကိုလည်း ရရှိသည်။



ဂျပန်ဗိသုကာပညာရှင် ရှီဂါရုဘန်ကို တွေ့ရစဉ်။

အသက် ၅၆ နှစ်ရှိ ဂျပန်ဗိသုကာပညာရှင် ရှီဂါရုသည် သဘာဝဘေးဒဏ်ခံပြည်သူများနှင့် ဒုက္ခသည်များကို ကူညီထောက်ပံ့မည့်အဆောက်အအုံဒီဇိုင်းများအား ဖန်တီးရေးဆွဲခဲ့သူဖြစ်သည်။

“ဗိသုကာပညာရပ်နယ်ပယ်မှာ အဆင့်အမြင့်ဆုံးဆုဖြစ်တဲ့ Pritzker ဆုကို ရရှိတဲ့အတွက် အရမ်းဂုဏ်ယူပါတယ်”ဟု ဘန်က ပြောကြားသည်။

“ပြုပြင်မွမ်းမံဖို့ အဆောက်အအုံပုံစံကို ကန့်သတ်မထားသလို အသုံးစရိတ်ကိုလည်း ကန့်သတ်မထားပါဘူး။ ရှီဂါရုက ကျွန်တော်တို့ရဲ့ကမ္ဘာကို ပိုကောင်းတဲ့နေရာတစ်ခုဖြစ်အောင် လုပ်ပေးခဲ့တာပါ”ဟု Hyatt ဖောင်ဒေးရှင်း၏ အကြီးအကဲဖြစ်သူ Tom Pritzker က ပြောကြားခဲ့သည်။

ဘန်သည် နှစ်ပေါင်း ၂၀ ကြာကာလအတွင်း ကမ္ဘာတစ်ဝန်းလှည့်လည်၍ ကုန်ကျစရိတ်နည်းသည့် လက်ရာဒီဇိုင်းများဖြင့် ကူညီထောက်ပံ့မှုများပြုခဲ့သော်လည်း ၎င်းလက်ရာလူနေအိမ်များသည် သဘာဝဘေးဒဏ်ခံဒေသများအတွင်းရှိပြည်သူများအဖို့ သိက္ခာရှိရှိ တိတိကျကျနေထိုင်နိုင်သည့် အနေအထားမျိုးဖြစ်သည်။ ဘန်သည် ဂျပန်နိုင်ငံအပြင် ရဝမ်ဒါ၊ အိန္ဒိယ၊ သီရိလင်္ကာ၊ ဟေတီနှင့် အီတလီနိုင်ငံတို့ရှိ သဘာဝဘေးဒဏ်ခံဒေသများတွင်လည်း ကူညီပေးခဲ့သည်။ ၎င်းသည် လက်ရှိတွင် ဖိလစ်ပိုင်နိုင်ငံတွင် ကူညီပေးလျက်ရှိသည်။ ■



ကတ်ထူစက္ကူလုံးများဖြင့် ရှီဂါရုဘန် တည်ဆောက်ထားသည့် လူနေအိမ်တချို့ကို တွေ့ရစဉ်။

## တပ်မတော်ခန်းမ ပရိဘောဂ ပြပွဲ



မြန်မာ့ရိုးရာလက်ရာများကို တွေ့ရစဉ်။ ကြည့်ရှုအားပေးကြသူများ။ မြန်မာ့ရိုးရာ လက်မှုပစ္စည်းများ။

## Grand Royal သကြ်န်ဖျော်ဖြေမှု ရှင်းလင်းပွဲ



ဂျွန်လွင် ရှင်းပြစဉ်။ Star Model မော်ဒယ်တစ်ဦး။ လိမ္မော်သီး။ ဝိုင်းစုနိုင်သိန်း

## MBA Society နှစ်ပတ်လည် ညစာစားပွဲ



ဆရာမတစ်ဦး ကျောင်းသားတစ်ဦး ရှင်းလင်းစဉ်။ ဆရာမတစ်ဦး အမှတ်တရ ဂုဏ်ပြုဆု ချီးမြှင့်စဉ်

## Tasty Singapore Food Festival



ဖွင့်ပွဲကျင်းပနေစဉ် မေဇင်စိုးထက် စားဖိုမှူး ဦးအောင်နိုင်ဝင်း စားဖိုမှူး တစ်ဦး

## သျှင်နေမင်း စီစဉ်ကျင်းပမယ့် နွေရာသီ ဖက်ရှင်ပြပွဲ အကြောင်း စာနယ်ဇင်း ရှင်းလင်းပွဲ (မန္တလေး)



သျှင်နေမင်းနှင့် ဒီဇိုင်နာ တစ်ဦး သျှင်နေမင်း Fame ဒီဇိုင်နာ တင်မောင်ခိုင် ဒီဇိုင်နာ တစ်ဦး

## HUAWEI ၏ အရောင်းပြခန်းနှင့် ဆားဗစ်စင်တာကို မန္တလေးတွင် ပထမဆုံးဖွင့်လှစ်ခြင်း အခမ်းအနား (မန္တလေး)



အခမ်းအနားမှူး မန်းလေးမြို့တော်ဝန်နှင့် HUAWEI မှ တာဝန်ရှိသူများ

## New Star GEMS & Jewellery ရဲ့ မော်ဒယ်ရှိုးပွဲ




Star Model မှ ဂျွန်လွင်ကို ဂုဏ်ပြုပန်းစည်းပေးအပ်စဉ်။



ရန်အောင် ဂုဏ်ပြုပန်းစည်းများ ပေးအပ်ခံရသည့် ဧည့်သည်များ အိန္ဒြာကျော်ဇင်



နှယ်နှယ်ထွန်း ချွန်းချွန်း၊ ဆန်းတိုးနိုင်၊ R ဇာနည်၊ ဝမ်း



စံရတီမိုးမြင့် ဝါဆိုမိုးဦး နန်းမြတ်ဖြူသင်း



မိုးစက်ဝိုင် အာတီ ဧည့်သည်များ



ဧည့်သည်များ ဦးချိုကြီး

မဇ္ဈိမနေ့စဉ်သတင်းစာရဲ့ ပျော်ရွှင်စရာ လူမှုဘဝ ကဏ္ဍက ကြိုဆိုပါတယ် . . .

ရန်ကုန်မြို့မှာ ကျင်းပပြုလုပ်တဲ့ ပွဲလမ်းသဘင်များကို ဓာတ်ပုံများနဲ့ လှပဝေဆာစွာဖြင့် အပတ်စဉ် တနင်္လာနေ့နဲ့ သောကြာနေ့တို့မှာ စုစည်းပြီး ဖော်ပြပေးသွားမှာ ဖြစ်ပါတယ်။ ဒီတစ်ပတ်မှာတော့ New Star GEMS & JEWELLERY ရှိုးပွဲ၊ တပ်မတော်ခန်းမ ပရိဘောဂ ပြပွဲနဲ့ Grand Royal သကြ်န်ဖျော်ဖြေမှု အစီအစဉ် ရှင်းလင်းပွဲ၊ MBA Society ညစာစားပွဲနှင့် မန္တလေးမှ ပွဲများကိုလည်း တင်ဆက်ပေးလိုက်ပါတယ်။ **ဘုန်းနေလ (ဒဂုံတက္ကသိုလ်)နှင့် ရွှေစင်ခိုင် စုစည်းတင်ပြသည်။**

# Nokia က Microsoft ၏ Build ညီလာခံတွင် Lamia Phone သစ်ကို မိတ်ဆက်မည်

■ CNET
**ဆန်ဖရန်စစ်စကို၊ မတ် ၂၆**

Microsft ၏ Build ညီလာခံတွင် Nokia သည် Lumia phone သစ်ကို မိတ်ဆက်မည်ဟု သိရသည်။

Nokia သည် Lumia Smart phones များ ထုတ်လုပ်မှု မပြီးဆုံးသေးပါ။ ဧပြီလဆန်းတွင် Nokia ကုမ္ပဏီသည် ၎င်း၏ နောက်ဆုံးထွက် Lumia phone အတွက် မိတ်ဆက်ပွဲတစ်ခု ပြုလုပ်ရန် မီဒီယာများကို ဖိတ်ကြားခဲ့သည်။ ၎င်း မိတ်ဆက်ပွဲကို San Frarcisco တွင် ကျင်းပမည် Microsoft၏ Build ညီလာခံတွင် ပူးပေါင်းကျင်းပသွားမည် ဖြစ်သည်။

Nokia နှင့် Microsoft သည် Microsoft က Nokia ၏ phone ထုတ်လုပ်မှု အပိုင်းကို ဝယ်ယူမည့် ကိစ္စရပ်မအောင်မြင်ခဲ့သော်လည်း ၎င်းတို့သည် ယင်းနောက်ဆုံးအတွက် Lumia phone အတွက် အားခဲထားကြသည်ဟု ဆိုသည်။ ၎င်း phone ရောင်းချမှုပြီးဆုံးပါက ၎င်းသည် Nokia ၏ နောက်ဆုံး Lumia phone ဖြစ်နိုင်သည်ဟု ဆိုသည်။

မကြာသေးမီ နှစ်များအတွင်းတွင် Nokia သည် တန်ဖိုးနည်း ဖုန်းများထုတ်လုပ်၍သာ ဘက်ဂျက်နည်းသော လူများကို ရည်ရွယ်ရောင်းချခဲ့သည်။ သို့သော် ယခုလာမည့် Lumia သည် စီးပွား ထွန်းသစ်စနိုင်ငံများ ဈေးကွက်သို့ ခြေဦးလှည့်လာခဲ့သည်။ ကင်မရာ အဓိကသုံး Lumia 1020 နှင့် စခရင်ကြီးသော Lumia 1520 တို့ နှစ်ခုကို ပေါင်းစပ်ထုတ်လုပ်သည့် အရည်အသွေး အမြင့်မားဆုံး Lumia ဖုန်းဖြစ်လာနိုင်သည်ဟု သိရသည်။ ■

# ရန်ကုန်တိုင်း အခြေခံပညာကျောင်းများရှိ ဆရာ၊ ဆရာမများကို အခြေခံကွန်ပျူတာ သင်ကြားပေးမည်

■ စ, ချိုကို
**ရန်ကုန်၊ မတ် ၂၇**



*အခြေခံပညာအထက်တန်းကျောင်းရှိ စာသင်ခန်းတစ်ခုကို တွေ့ရစဉ်။ ရန်ကုန်တိုင်းအတွင်း အခြေခံပညာကျောင်းများရှိ ဆရာ၊ ဆရာမ ၄၀၀ ခန့်ကို ကွန်ပျူတာပညာရပ်များ သင်ကြားပေးမည်ဖြစ်သည်။* ***(ဓာတ်ပုံ–မဇ္ဈိမ)***

ရန်ကုန်တိုင်းအတွင်းရှိ အခြေခံပညာကျောင်းများက ဆရာ၊ ဆရာမများ၏ ကွန်ပျူတာအသုံးချနိုင်မှု စွမ်းရည်တိုးတက်ကောင်းမွန်လာစေရန် နွေရာသီ ကျောင်းပိတ်ရက်များတွင် အခြေခံကွန်ပျူတာပညာရပ် သင်ကြားပေးသွားမည် ဖြစ်သည်ဟု မြန်မာနိုင်ငံကွန်ပျူတာအသင်းများမှ သိရသည်။

အခြေခံပညာကျောင်းများမှ ဆရာမများကို ကွန်ပျူတာဘာသာရပ် သင်ကြားပေးရန်အတွက် ရန်ကုန်တိုင်းဒေသကြီးကွန်ပျူတာအသင်းများ၊ အမှတ် (၃) အခြေခံပညာရေး ဦးစီးဌာနနှင့် ကွန်ပျူတာတက္ကသိုလ် (လှော်ကား)တို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး အဆိုပါသင်တန်းတွင် ကွန်ပျူတာဘာသာရပ် သင်ကြားပေးနိုင်မည့်သူများကိုလည်း ဖိတ်ခေါ်ထားသည်ဟု မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း အလုပ်အမှုဆောင် ဒေါ်အေးအေးသင်းက ပြောသည်။

“အခြေခံပညာကျောင်းက ဆရာမတွေကို ကွန်ပျူတာအသုံးချမှု တိုးတက်စေတဲ့ ရည်ရွယ်ချက်နဲ့ သင်ကြားပေးတာပါ။ အဲဒီမှာ ကွန်ပျူတာဘာသာရပ် ပြန်လည်သင်ကြားပေးနိုင်မယ့် Volunteer လုပ်ပေးနိုင်မယ့် ကွန်ပျူတာတက္ကသိုလ်ကျောင်းဆင်းကသူတွေကိုလည်း ဖိတ်ခေါ်ထားတယ်။ ကွန်ပျူတာပညာရှင်အသင်းက ပြုစုထားတဲ့ သင်ရိုးကို သင်ကြားပေးဖို့ ရည်ရွယ်ထားပြီး အခြေခံကွန်ပျူတာ စာစီစာရိုက်၊ အင်တာနက်အသုံးပြုပုံတွေကို အဓိကသင်ကြားပေးသွားမှာပါ”ဟု ပြောသည်။

ကွန်ပျူတာဘာသာရပ် သင်ကြားပို့ချရန် ရန်ကုန်ကွန်ပျူတာတက္ကသိုလ် (လှော်ကား)တွင် တာဝန်ထမ်းဆောင်မည့် စေတနာ့ဝန်ထမ်းနည်းပြ ၅၈ ဦးနှင့် ရန်ကုန်ကွန်ပျူတာတက္ကသိုလ် (ဗဟန်းနယ်မြေ)တွင် တာဝန်ထမ်းဆောင်မည့် စေတနာ့ဝန်ထမ်း နည်းပြ ၁၅ဦး စုစုပေါင်း ၇၃ ဦးအားရွေးချယ်သွားမည် ဖြစ်သည်။

သင်တန်းကာလမှာ ဧပြီ ၂၃ ရက်မှ ၃၀ ရက်အထိ ခြောက်ရက်တိုင်တိုင် ရန်ကုန်ကွန်ပျူတာတက္ကသိုလ် (လှော်ကား) နှင့် ရန်ကုန်ကွန်ပျူတာ တက္ကသိုလ် (ဗဟန်း) နယ်မြေတို့တွင် သင်ကြားပေးမည်ဖြစ်သည်။ “တစ်ရက်ကို စာသင်ချိန် ခြောက်နာရီနဲ့ ခြောက်ရက်လောက်အထိ သင်ကြားပေးမှာပါ။ ဒီနှစ်မှာကွန်ပျူတာ အခက်အခဲကြောင့် အခြေခံကျောင်းတွေက ဆရာမလေးရာလောက်ကိုပဲ သင်ကြားနိုင်မှာပါ” ဟုလည်း ဒေါ်အေးအေးသင်းက ပြောသည်။

နွေရာသီ ကျောင်းပိတ်ရက်အတွင်း အခြေခံဆရာမများကို ကွန်ပျူတာသင်ကြားပေးခြင်းအား ၂၀၁၂ ခုနှစ် က စတင်သင်ကြားပေးနိုင်ခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆရာမ ၆၀၀ ခန့် နှစ်စဉ် တက်ရောက်နိုင်ခဲ့သည်။

လာမည့် စာသင်နှစ်များအတွင်း အခြေခံပညာရေးသင်ရိုးများတွင် ကွန်ပျူတာဘာသာရပ်ကို ထည့်သွင်းသင်ကြားနိုင်ရန်အတွက် စီစဉ်ဆောင်ရွက်လျက်ရှိနေသည်ဟုလည်း ကွန်ပျူတာအသင်းချုပ် ဥက္ကဋ္ဌ ဦးခွန်ဦးက ICT 4M Forumတွင် ပြောကြားထားသည်။ ထို့ကြောင့် အခြေခံကျောင်းမှ ကလေးငယ်များကို ကွန်ပျူတာဘာသာရပ်ပြန်လည်သင်ကြားနိုင်ရန်အတွက် ဆရာ၊ ဆရာမများလည်း ကွန်ပျူတာအခြေခံဘာသာရပ်များလည်း တတ်မြောက်ထားသင့်ပြီး လက်ရှိအကောင်အထည်ဖော်လျက်ရှိသော e-Government ကိုလည်း များစွာ အထောက်အကူ ဖြစ်စေမည်ဟု ကွန်ပျူတာပညာရှင်များက ပြောကြားထားသည်။ ■

## ပြည်တွင်းဖုန်းဈေးနှုန်းများ

| Brand | Kyats |
|---|---|
| **Apple** | |
| **iPad Mini** | |
| 16 G | 500,000 |
| 32 G | 600,000 |
| 64 G | 700,000 |
| **iPhone 5s** | |
| 16 G | 730,000 |
| 32 G | 830,000 |
| **iPhone 5** | |
| 16 G | 600,000 |
| 32 G | 730,000 |
| **iPhone 5 C** | |
| 16 G | 590,000 |
| **iPad Air** | |
| 16 | 550,000 |
| 32 | 650,000 |
| 64 | 750,000 |
| **iPad Air 4G** | |
| 16 G | 650,000 |
| 32 G | 750,000 |
| 64 G | 850,000 |
| **Sony** | |
| Xperia Z1 | 542,000 |
| Xperia M | 175,000 |
| Xperia SP | 248,000 |
| Xperia T | 250,000 |
| Xperia Z | 380,000 |
| Xperia SL | 281,000 |
| Xperia ZR | 365,000 |
| Xperia G | 178,000 |
| Xperia miro | 169,000 |
| **Samsung** | |
| Galaxy S | 5645,000 |
| Galaxy Note II | 406,000 |
| Galaxy NoteIII (N9000) | 602,000 |
| Galaxy NoteIII (N9005) | 612,000 |
| Galaxy TabIII (10.1) | 410,000 |
| Galaxy S III | 356,000 |
| Galaxy S III mini | 253,000 |
| Galaxy S II (crystal) | 380,000 |
| Galaxy S 2 PLUS | 247,000 |
| Galaxy FAME | 150,000 |
| Galaxy S PLUS | 259,000 |
| Galaxy Mini 2 | 128,000 |
| Galaxy ACE 3 | 183,000 |
| Galaxy ACE PLUS | 139,000 |
| Galaxy Pocket | 88,000 |
| Galaxy Y (Black) | 95,000 |
| Galaxy Express | 325,000 |
| Galaxy Fit | 123,000 |
| Galaxy Gio | 120,000 |
| Galaxy Mini | 105,000 |
| Galaxy S Advance | 253,000 |
| Galaxy Core | 203,000 |
| Galaxy Mega (6.3) | 377,000 |
| Galaxy S IV | 490,000 |
| **Huawei** | |
| Huawei P6 | 290,000 |
| Huawei P1 (U92500) | 256,000 |
| Huawei G700 | 206,000 |
| Huawei G510 | 136,000 |
| Huawei G520 | 107,000 |
| Huawei Y 300 | 120,000 |
| Huawei 8660 | 75,000 |
| Huawei Y 600 | 105,000 |
| Huawei G700 | 206,000 |
| Huawei 610 C | 151,000 |
| Huawei 610 S | 131,000 |
| **HTC** | |
| One Max | 685,000 |
| One XL | 427,000 |
| Desire 700 (C+G) | 385,000 |
| Desire 600 c (C+G) | 330,000 |
| Desire VC (C+G) | 183,000 |
| Desire 300 | 201,000 |
| Desire One V | 185,000 |
| Desire C | 169,000 |
| HTC One | 595,000 |
| Butterfly | 490,000 |

အချိန်ကာလအလိုက် ဈေးနှုန်းအပြောင်းအလဲ အနည်းငယ်ရှိနိုင်ပါသည်။ (၂၇.၃.၂၀၁၄)

# အခမဲ့ ကားအရောင်းအဝယ် ပြုလုပ်နိုင်သည့် myanmarcarsmarket ဝက်ဘ်ဆိုဒ်လွှင့်တင်

■ မောင်မန်း
**ရန်ကုန်၊ မတ် ၂၇**

မော်တော်ကား အရောင်းအဝယ်အတွက် အခမဲ့ရောင်းချနိုင်မည့် ဝန်ဆောင်မှုကို www.myanmarcarsmarket.com ဝက်ဘ်ဆိုဒ်မှတစ်ဆင့် ဆောင်ရွက်ပေးနေပြီဖြစ်သည်ဟု မြန်မာကားဈေးကွက်ဝက်ဘ်ဆိုဒ်ကို ရေးဆွဲသည့် myOpenware ကုမ္ပဏီက မတ်လနောက်ဆုံးပတ်တွင် ထုတ်ပြန်ကြေညာသည်။

မြန်မာနိုင်ငံတွင် ဆက်သွယ်ရေးစနစ်၊ မိုဘိုင်းလ်နှင့်အင်တာနက်ဝန်ဆောင်မှု လုပ်ငန်းများ တိုးတက်လာခြင်းကြောင့် စီးပွားရေးလုပ်ငန်းများနှင့် ဝယ်ယူသုံးစွဲသူများအကြား နည်းပညာပိုင်းနှင့် အခမဲ့ ဝန်ဆောင်မှုပေးနိုင်ရန် ကြိုးပမ်းလျက်ရှိသည်ဟု အဆိုပါ ကြေညာချက်တွင် ဖော်ပြထားသည်။

myOpenware ကုမ္ပဏီကို တည်ထောင်သူ ကိုဟိန်းသက်ခင်ဇော်က“လက်ရှိထက်ပိုအောင်မြင်တဲ့ ကျွန်တော်တို့ရဲ့ဝန်ဆောင်မှုကို ရနိုင်အောင် ကြိုးပမ်းနေပါတယ်။ နည်းပညာပိုင်းဦးဆောင်နိုင်အောင် လုပ်ပြီး မြန်မာနိုင်ငံရဲ့ အင်တာနက်ကြော်ငြာဝန်ဆောင်မှုလုပ်ငန်းမှာ နံပါတ်တစ်နေရာ ရနိုင်အောင် လုပ်သွားပါမယ်”ဟု ဆိုသည်။

myOpenware အနေဖြင့် ဈေးကွက်အတွင်း စီးပွားရေးလုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် လုပ်ဆောင်လျက်ရှိသည်ဟုလည်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ကုမ္ပဏီအနေဖြင့် ပြည်တွင်းပြည်ပအရင်းအနှီးများအား ဖိတ်ခေါ်ဆောင်ရွက်သွားမည် ဖြစ်သည့်အပြင် အင်တာနက်မှတစ်ဆင့် ငွေပေးချေမှုများဆောင်ရွက်နိုင်ရန်လည်း ပြုလုပ်ပေးသွားမည် ဖြစ်သည်။

လက်ရှိတွင် myOpenware မှ myanmarcarsmarket.com နှင့် myanmarjobsmarket.com စသည့် ဝက်ဘ်ဆိုက်များလွှင့်တင်ထားပြီး အခမဲ့ဝန်ဆောင်မှုပေးလျက်ရှိသည်။ ■

# Samsung Mobile Tour အစီအစဉ် ရန်ကုန်နှင့် မန္တလေးမြို့များတွင် ပြုလုပ်မည်

■ မောင်မန်း
**ရန်ကုန်၊ မတ် ၂၇**

ရန်ကုန်နှင့် မန္တလေးမြို့များတွင် Samsung Mobile Tour အစီအစဉ်များကို Samsung ကုမ္ပဏီက ပြုလုပ်သွားမည်ဖြစ်ပြီး အဆိုပါလှည့်လည်ရောင်းချမည့် အစီအစဉ်တွင် ဆိုင်တစ်ဆိုင်လျှင် နှစ်ရက်နှုန်းဖြင့် ရောင်းချသွားမည်ဖြစ်သည်ဟု Samsung က အကြီးတန်းဈေးကွက်ရှာဖွေရေးအရာရှိ ကိုသီဟလုလင်က ပြောသည်။

ကိုသီဟလုလင်က“ Samsung Mobile Tour အစီအစဉ်ကို ရန်ကုန်နဲ့မန္တလေး နှစ်ဖွဲ့ခွဲပြီး လုပ်သွားပါမယ်။ သတ်မှတ်ထားတဲ့ဆိုင်တွေမှာ နှစ်ရက်ကို တစ်ဆိုင်နှုန်းနဲ့ လှည့်လည် ရောင်းချပေးသွားမှာပါ”ဟု ဆိုသည်။

Samsung Mobile Tour အစီအစဉ်တွင် ရန်ကုန်မြို့ပြင်နေရာများ၊ မန္တလေးမြို့တွင်းနှင့် မြို့ပြင်ရှိ သတ်မှတ်ထားသည့်ဆိုင်များတွင် ကျပ် နှစ်သောင်းမှ သုံးသိန်းအထိ တန်ဖိုးရှိ Samsung ဖုန်းဆက်ကို ရောင်းချပေးသွားမည်ဖြစ်သည်ဟု ကိုသီဟလုလင်က ဆိုသည်။

၎င်းက “ရန်ကုန်ဆို မြို့ပြင်ဧရိယာတွေနဲ့ မန္တလေးမှာ မြို့ပြင်နဲ့ မြို့တွင်းက သတ်မှတ်ထားတဲ့ ဆိုင်တွေမှာ ရောင်းချပေးသွားပါမယ်။ ရန်ကုန်မှာဆို ဆိုင် ၁၆ ဆိုင်မှာ ရောင်းပါမယ်။ မန္တလေးမှာ ၁၀ ဆိုင်မှာ ရောင်းပေးသွားပါမယ်”ဟုဆိုသည်။

အဆိုပါ Samsung Mobile Tour အစီအစဉ်တွင် ဝယ်ယူသူများအတွက် တစ်ရက်လျှင် Galaxy Tab Lite တစ်လုံးကျ မဲဖောက်ပေးသွားမည်ဖြစ်သည်။

လက်ရှိအချိန်တွင် မြန်မာပြည်တွင်းဈေးကွက်သို့ ဧပြီလအတွင်း Galaxy S5 အပါအဝင် Samsung ဟန်းဆက်အသစ်များ ဝင်ရောက်လာရန်ရှိပြီး Galaxy S3 Neo၊ Galaxy Grand Neo စသည့် ဟန်းဆက်များ ပါဝင်မည်ဖြစ်သည်။ အဆိုပါ ဟန်းဆက်များ၏ ဈေးနှုန်းများကို လာမည့် အပတ်အတွင်း သိရှိနိုင်မည်ဖြစ်သည်။ ■

# ယာဉ်ထိန်းရဲ ဝတ်စုံဝတ်ထားသူ ငါးဦး ကိုယ်ပိုင်ယာဉ်ကို တိုက်ခိုက်ဝိုင်းရိုက်

■ ဇော်ဇော်ထွေး
**ရန်ကုန်၊ မတ် ၂၇**

ယာဉ်ထိန်းရဲ ဝတ်စုံဝတ်ထားသူ ငါးဦးက မော်တော်ကားကို ကားဖြင့် တိုက်ခဲ့ပြီး ဝိုင်းဝန်းထုရိုက်ဖျက်ဆီးမှု မြောက်ဒဂုံမြို့နယ်တွင် ဖြစ်ပွားခဲ့ပြီး ကျူးလွန်သူများကို ထိရောက်စွာ အရေးယူခြင်းမရှိပါက သက်ဆိုင်ရာဝန်ကြီးဌာနသို့ပါ တိုင်တန်းသွားမည်ဟု ကာယကံရှင်ဖြစ်သူ ဦးစိုးပိုင်က မတ်လ ၂၇ ရက်က မဇ္ဈိမကို ပြောသည်။



ရိုက်နှက် ဖျက်ဆီးခံထားရသည့် ကားကို တွေ့ရစဉ်။ ***(ဓာတ်ပုံ–မဇ္ဈိမ)***

မတ်လ ၂၃ ရက်က ဖြစ်ပွားခဲ့သည့် အဆိုပါအမှုတွင် သက်ဆိုင်ရာရဲစခန်းကို ချက်ချင်းအမှုဖွင့် တိုင်ကြားသော်လည်း အရေးယူပေးမှု မရှိဘဲ သုံးရက်မြောက်နေ့မှ အရေးယူဆောင်ရွက်ပေးခဲ့သည့် အပေါ် အထက်ပါအတိုင်း ပြောဆိုလိုက်ခြင်း ဖြစ်သည်။

"ကျွန်တော်တို့ ရဲစခန်းမှာ ညတိုင်းသွားတိုင်တယ်။ အမှုမဖွင့်ပေးဘူး။ နောက်ပိုင်း အမှုမဖွင့်ပေးလို့ သွားတိုင်မယ်လုပ်တော့ တိုင်စာက ယာဉ်ထိန်းရဲဆိုတာကို ပြောင်းခိုင်းတယ်။ ယာဉ်ထိန်းရဲဝတ်စုံ ဝတ်ဆင်ထားသူလို့ ပြောင်းခိုင်းတယ်။ အဲလိုပြောင်းပေးမှပဲ အမှုဖွင့်ပေးလိုက်တယ်"ဟု ကာယကံရှင်ဖြစ်သူ ဦးစိုးပိုင်က ပြောသည်။

အမှုမှာ မတ်လ ၂၃ ရက် မွန်းလွဲ ၃ နာရီခွဲအချိန်က ကာယကံရှင်နှင့် မိတ်ဆွေတစ်ဦးတို့ စီးနင်းလာသည့် တိုယိုတာ ဘယ်တာအမျိုးအစားကားကို မြောက်ဒဂုံမြို့နယ် ဗိုလ်ဗထူးလမ်းနှင့် ပြည်ထောင်စုလမ်းထောင့် (၄၆) လမ်းဆုံအရောက်တွင် ယာဉ်ထိန်းရဲ ငါးဦး စီးနင်းလာသည့် ပရိုဘောက်ယာဉ်က နောက်မှလိုက်လာပြီး ရပ်တန့်ခိုင်းခဲ့သည်ဟု ဆိုသည်။

ထို့နောက် လမ်းဘေးသို့ ရပ်တန့်ပေးသည့်အခါ ယာဉ်ထိန်းရဲများစီးနင်းလာသည့် မော်တော်ယာဉ်က နောက်မှ ဝင်တိုက်ခြင်း၊ ဘေးမှ ဝင်တိုက်ခြင်းနှင့် ရှေ့မှာ ကျော်တက်၍ နောက်ဆုတ်ပြီး ဝင်တိုက်ခြင်းများ ပြုလုပ်ခဲ့သည်ဟု ရဲထံ တိုင်တန်းရာတွင် ထွက်ဆိုထားသည်။

"ယာဉ်ထိန်းရဲတွေက ယူနီဖောင်းတွေ ချွတ်ပြီး သံတုတ်တွေ၊ ကားချိုင့်တွေနဲ့ ကားတစ်စီးလုံးကို ဝိုင်းရိုက်တာ၊ ကျွန်တော်တို့က ကြောက်လို့ ဘာမှကို မပြောရဲဘူး၊ နောက် ကားစက်နှိုးပြီး ထွက်ပြေးခဲ့ရတယ်"ဟု ဦးစိုးပိုင်က ပြောသည်။

ထို့ကြောင့် အဆိုပါ ရိုက်နှက်ခဲ့သည့်ဖြစ်စဉ်ကို မြောက်ဒဂုံရဲစခန်းသို့ သွားရောက်တိုင်ကြားရာတွင် သာမန်ယာဉ်တိုက်မှုဖြင့် အရေးယူပေးရန် ယာဉ်ထိန်းရဲတပ်ဖွဲ့သို့ လွှဲပြောင်းပေးခဲ့သည်ဟု ကာယကံရှင်က ပြောပြထားသည်။

ထို့နောက် အကျိုးဖျက်ဆီးမှု၊ ဝိုင်းဝန်းအကြမ်းဖက်မှုများဖြင့် အရေးယူပေးရန် နေ့စဉ်သွားရောက် တိုင်ကြားခဲ့သည့်အတွက် မတ်လ ၂၆ ရက်ညမှသာလျှင် စခန်းမှူးဖြစ်သူက အမှုဖွင့်ပေးခဲ့သည်ဟု ဦးစိုးပိုင်က မဇ္ဈိမကို ပြောသည်။

အဆိုပါ ဖြစ်စဉ်တွင် ဝိုင်းဝန်းရိုက်နှက်ခံရသည့် မော်တော်ကားမှာ ရှေ့လေကာမှန်၊ နောက်လေကာမှန်၊ ဘေးတံခါးများနှင့် ဘောနက်ဖုံးများမှာ ပျက်စီးခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုး ကျပ်သိန်း ၅၀ အထက်ရှိသည်ဟု တရားလိုဘက်က ဆိုသည်။

ထို့ပြင် ကားအတွင်းတွင်လည်း ယာဉ်ထိန်းရဲများ အသုံးပြုလေ့ရှိသည့် စကားပြောစက် တစ်ခုကျန်ရှိခဲ့သည်။



ကားပေါ်တွင် ကျန်ရစ်ခဲ့သော ယာဉ်ထိန်းရဲများ အသုံးပြုလေ့ရှိသည့်စကားပြောစက် တစ်ခု။ ***(ဓာတ်ပုံ–မဇ္ဈိမ)***

အဆိုပါ ဖြစ်စဉ်နှင့် ပတ်သက်၍ အမှုစစ်ဖြစ်သူ ရဲအုပ် ဇော်ဝင်းအောင်က "အမှုဖွင့်တိုင်တန်းထားတာ မှန်ပါတယ်။ ဒါပေမဲ့ စစ်ဆေးဆဲဖြစ်နေလို့ ဘာမှပြောလို့ မရသေးပါဘူး"ဟု မဇ္ဈိမ၏ ဆက်သွယ်မေးမြန်းမှုကို ပြန်လည်ဖြေကြားခဲ့သည်။

လက်ရှိတွင် အဆိုပါ အမှုကို မြောက်ဒဂုံရဲစခန်းက (ပ) ၁၄၉/၂၀၁၄ ဖြင့် အမှုဖွင့်ထားပြီး ပြစ်မှုပုဒ်မ ၂၉၄/၄၂၇/၃၂၃/၅၀၆/ ၁၁၄ တို့ဖြင့် အရေးယူရန် အမှုဖွင့်ပေးထားသည်ဟုဦးစိုးပိုင်က ပြောသည်။

# သာကေတတွင် ဆေးခြောက်နှင့် စိတ်ကြွမူးယစ်ဆေးပြားများ ဖမ်းမိ

■ ဇော်ဇော်ထွေး
**ရန်ကုန်၊ မတ် ၂၇**

စိတ်ကြွမူးယစ်ဆေးပြားများနှင့် ဆေးခြောက်များကို သာကေတမြို့နယ်၊ ၃/ ရန်ပြေရပ်ကွက်ရှိ နေအိမ်တစ်ခုမှ မတ်လ ၂၆ ရက်က ဖမ်းဆီးရမိလိုက်သည်။

နယ်မြေခံ ရဲတပ်ဖွဲ့ဝင်များသည် မူးယစ်ဆေးဝါးသတင်းအရ အမှတ် (၂၂/က) ရှိ ရဲဝင်း(ခ)ချီးပေ (၄၄)၏ နေအိမ်ကို မွန်းလွဲ ၂ နာရီက မူးယစ်ရှာဖွေဝရမ်းဖြင့် ဝင်ရောက်ရှာဖွေခဲ့ခြင်း ဖြစ်သည်။

ယင်းသို့ ရှာဖွေရာတွင် ကြိုတင်သတင်းရရှိထားသည့် ရဲဝင်း(ခ) ချီးပေ ကို နေအိမ်အတွင်း အသင့်တွေ့ရှိခဲ့ပြီး နေအိမ်နောက်ဖေး တံခါးမကြီးဘောင်တွင် ချိတ်ဆွဲထားသည့် အိတ်အတွင်းမှ ဆေးခြောက်ဟု ယူဆရသည့် အရွက်ခြောက် ၂၀ ကျပ်သားကို တွေ့ရှိခဲ့သည်။

ထို့ပြင် သံဘူးအတွင်းမှ WY စာတန်းပါ နီညိုရောင်စိတ်ကြွဆေးပြား ၅၀ ပြားကို တွေ့ရှိ သိမ်ဆည်းနိုင်ခဲ့သည်ဟု ဆိုသည်။

ထို့ကြောင့် စုစုပေါင်း ငွေကျပ် ငါးသိန်းနီးပါး တန်ဖိုးရှိ မူးယစ်ဆေးဝါးများ လက်ဝယ်ထားရှိမှုဖြင့် ရဲဝင်း (ခ)ချီးပေအား အရေးယူပေးရန် ဒု-ရဲအုပ် အောင်ဇော်ဝင်းက တရားလိုပြုလုပ် တိုင်တန်းလိုက်သည်။

ယင်းတိုင်တန်းမှုကို သာကေတရဲစခန်းက (ပ)၇/၂၀၁၄ ဖြင့် အမှုဖွင့်ပြီး မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသည့် ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)ဖြင့် တရားစွဲတင်သွားမည်ဟု ဆိုထားသည်။ ■

# တီးဝိုင်းကား တိမ်းမှောက်ခဲ့ရာ လူ နှစ်ဦးသေ၊ ၂၃ ဦးဒဏ်ရာရ

■ ကိုတိုးကြီး
**အင်းတော်၊ မတ် ၂၇**

ဆိုင်းတီးဝိုင်းများ သယ်ဆောင်လာသည့် ယာဉ်တစ်စီး စစ်ကိုင်းတိုင်း၊ သက္ကယ်ကျင်းကျေးရွာအနီးတွင် တိမ်းမှောက်ခဲ့ရာ လူနှစ်ဦးသေဆုံးပြီး ၂၃ ဦး ဒဏ်ရာရရှိခဲ့သည်ဟု အင်းတော်မြို့မရဲ စခန်းမှ ရဲတပ်ဖွဲ့ဝင်တစ်ဦးက မတ် ၂၆ ရက်တွင်ပြောသည်။

ထီးချိုင့်မြို့မှ အင်းတော်မြို့နယ်၊ ဥသျှစ်ကုန်းကျေးရွာရှိ အလှူပွဲသို့ သွားရောက်မည့် အောင်ကိုကိုအမည်ရှိ ဆိုင်းဝိုင်းများ တင်ဆောင်လာသည့် ယာဉ်သည် မတ် ၂၅ ရက် ည ၆ နာရီ ၁၈ မိနစ်အချိန်က တိမ်းမှောက်ခဲ့ခြင်းဖြစ်သည်။

အခင်းဖြစ်ရာသို့ မြို့နယ်ရဲတပ်ကြပ်ကြီးနှင့်အဖွဲ့က သွားရောက် စစ်ဆေးခဲ့ရာ တရုတ်နိုင်ငံထုတ် ဒေါင်ဖန်းခြောက်ဘီးယာဉ်သည် သက္ကယ်ကျင်းရွာအနီး တောင်ကုန်းအတက်တွင် နောက်ပြန်လျှောကျ၍ တိမ်းမှောက်ခဲ့ခြင်းဖြစ်သည်ကို တွေ့ရှိခဲ့ရသည်ဟု ရဲမှတ်တမ်းတွင် ဖော်ပြထားသည်။

ယာဉ်ပေါ်တွင် လိုက်ပါလာသည့် ဟာသ လူရွှင်တော်နှစ်ဦးမှာ အခင်းဖြစ်ရာတွင် သေဆုံးခဲ့ပြီး ယာဉ်ပေါ်တွင် ကျန်သူ ၂၃ ဦးမှာလည်း ထိခိုက်ဒဏ်ရာများရရှိခဲ့သည်။

ဒဏ်ရာရရှိသူများကို အင်းတော်မြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ဆေးဝါးကုသမှုခံယူလျက်ရှိနေသည်ဟု ရဲတပ်ဖွဲ့ဝင်တစ်ဦးမှ အတည်ပြုပြောကြားသည်။

အင်းတော်မြို့မရဲစခန်းက ယာဉ်(ပ) ၁၀/ ၂၀၁၄ ပြစ်မှုပုဒ်မ ၂၇၉/ ၃၃၈ /၃၀၄(က) အရ အမှုဖွင့် ဆောင်ရွက်လျက်ရှိသည်။



အဘထ
တိုင်းရင်းဆေးဝါး
ထုတ်လုပ်ရေး
ဖြန့်ချိရေး - အမှတ်(၁၅၀)၊ မြို့ပတ်လမ်း၊ ရွာမအနောက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၅၀၄၃၅၆၃၊ ၀၉ ၇၃၂၄၂၀၂၇၊ ၆၄၇၄၂၅၊ ၆၄၂၀၄၇

မဇ္ဈိမ နေ့စဉ်သတင်းစာတွင် ကြော်ငြာများထည့်သွင်းလိုပါက
ဖုန်း - ၀၉ ၄၂၀၀၁၀၀၀၊ ၀၉ ၄၂၀၀၁၀၀၁၊ ၀၉ ၄၂၀၀၁၀၁၁

## နိုင်ငံတကာမှုခင်း

# သမီးနှင့်အတူ ပါတီပွဲပြုလုပ်သည့် မိခင် ဖမ်းဆီးခံရ

■ သည် စရိတ်တိုင်းစ်
**နေပယ်၊ မတ် ၂၇**

အမေရိကန် ပြည်ထောင်စု ဖလော်ရီဒါပြည်နယ်၊နေပယ်မြို့ရှိ နေအိမ်တွင် ကျင်းပပြုလုပ်နေသော အရက်သေစာများ ပါဝင်သည့် ဆယ်ကျော်သက် ပါတီပွဲတစ်ခုကို ရဲတပ်ဖွဲ့က ဝင်ရောက်စီးနင်းခဲ့ရာ အိပ်ခန်းအတွင်း ပုန်းအောင်းနေသော အမျိုးသမီးတစ်ဦးကို တွေ့ရှိခဲ့သည်။

ယင်းအမျိုးသမီးသည် အသက် ၅၆ နှစ်အရွယ်ရှိပြီး အဆိုပါ အိမ်ပိုင်ရှင်ဖြစ်သည့်အပြင် သူမတွင် အသက် ၁၈ နှစ်အရွယ် သမီးတစ်ဦးလည်း ရှိသည်။

ရဲတပ်ဖွဲ့ဝင်များသည် မတ် ၂၆ ရက်ညသန်းခေါင်ကျော်အချိန်က အဆိုပါ နေအိမ်သို့ ရောက်ရှိခဲ့ရာ ပါတီပွဲကျင်းပရာမြက်ခင်းပြင်တွင် ဘီယာပုလင်းများနှင့် ချက်ပြုတ် စားသောက်သည့် အိုးများကို တွေ့ရှိခဲ့ကြောင်းနှင့် မိမိတို့ ချဉ်းကပ်လာစဉ်ပါတီပွဲ ဆင်နွှဲနေသူများသည် အိမ်အတွင်းသို့ ပြေးဝင်ခဲ့ပြီး မီးများ ပိတ်ခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အသက် ၁၈ နှစ်အရွယ်ရှိ မာရီဝီနက်ဒ်ထံမှ သူမ၏ မိခင်ဖြစ်သူ ကာရိုလ်ဝီနက်ဒ်၏ ဖုန်းနံပါတ်ကို ရဲတပ်ဖွဲ့က ရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ကာရိုလ်ထံ ဖုန်းခေါ်ခဲ့ရာ သူမသည် ပါတီပွဲကို သိရှိခဲ့ခြင်းမရှိကြောင်းနှင့် မြို့ပြင်တွင် ရောက်ရှိနေကြောင်း ပြောကြားခဲ့သည်။

ရဲများ အိမ်အတွင်းသို့ ဝင်ရောက်ခဲ့ရာ အိပ်ခန်းများအတွင်းတွင် ပုန်းအောင်းနေသော သူများကို တွေ့ရှိခဲ့ကြပြီး အိပ်ခန်းအတွင်း ကာရိုလ်ဝီနက်ဒ်ကို ရဲများက တွေ့ရှိခဲ့သည်။

မိမိသည် အရက်သေစာများကို မဝယ်ယူခဲ့ပါဟု ဆိုသော်လည်း သူမသည် အသက် ၂၁ နှစ်အောက် ကလေးငယ်များကို အရက်သေစာများ ရောင်းခြင်းနှင့် ဝန်ဆောင်မှုပေးခြင်းအမှု ၂၆ မှုဖြင့် စွဲချက်တင်ခံထားရသူ တစ်ဦး ဖြစ်သည်။

ယခုအခါ မိခင် ဖြစ်သူနှင့် သမီးဖြစ်သူ နှစ်ယောက်လုံးသည် အိမ်အပြင်တွင် ပါတီပွဲကျင်းပမှုဖြင့် စွဲချက်တင်ခံထားရသည်။

# ကင်ဂျုံအန်ဆံပင်ပုံစံအတိုင်း ကျောင်းသားများညှပ်ရန် စည်းကမ်းထုတ်

■ ဘီဘီစီ
**ဆိုးလ်၊ မတ် ၂၇**

မြောက်ကိုရီးယားနိုင်ငံတွင် ခေါင်းဆောင် ကင်ဂျုံအန်၏ ဆံပင်ပုံစံအတိုင်း တက္ကသိုလ်ကျောင်းသားများ လိုက်ညှပ်ကြရန် ယခုအခါ စည်းကမ်းထုတ်ထားကြောင်း သတင်းများက ဆိုကြသည်ဟု မတ်လ ၂၇ ရက်က ဘီဘီစီ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

မြောက်ကိုရီးယားအစိုးရက ထုတ်ပြန်ထားသော ထိုစည်းကမ်းကို မြို့တော် ပြုံယမ်းတွင် လွန်ခဲ့သောနှစ်ပတ်ခန့်ကတည်းက စတင် သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း လွတ်လပ်သောအာရှအသံ (RFA)သတင်းများက ဆိုသည်။ ယခုအခါတွင် ထိုစည်းကမ်းမှာ မြောက်ကိုရီးယားနိုင်ငံ တစ်ဝန်းလုံးတွင် အကျိုးသက်ရောက်နေပြီ ဖြစ်သည်။ သို့ရာတွင် ထိုဆံပင်ပုံစံလိုက်ညှပ်ရေး စည်းကမ်းနှင့်ပတ်သက်၍ အချို့သူများက သံသယများကို ဖော်ထုတ် ပြောဆိုခဲ့ကြသည်။


*ကင်ဂျုံအန်က စစ်အမှုထမ်းများကို နှုတ်ဆက်နေစဉ်။* ***(ဓာတ်ပုံ-အေအက်ဖ်ပီ)***

“ကျွန်တော်တို့ခေါင်းဆောင်ရဲ့ ဆံပင်ပုံစံဟာ အရမ်းသီးသန့်ဆန်ပါတယ်။ လူတိုင်းမှာ မတူညီတဲ့မျက်နှာပေါက်တွေနဲ့ ဦးခေါင်းပုံစံတွေ ရှိနေကြတာမို့ အဲဒီဆံပင်ပုံစံဟာ လူတိုင်းနဲ့တော့ လိုက်မှာ မဟုတ်ပါဘူး” ဟု မြောက်ကိုရီးယားတစ်ဦးက လွတ်လပ်သောအာရှအသံကို ပြောခဲ့သည်။ ယခုအခါ တရုတ်နိုင်ငံတွင် နေထိုင်လျက်ရှိသော မြောက်ကိုရီးယားတစ်ဦးကလည်း မြောက်ကိုရီးယားနိုင်ငံတွင် ထိုဆံပင်ပုံစံမှာ တရုတ်မှောင်ခိုသမား ဆံပင်ပုံစံနှင့် ဆင်တူသည်ဟု လူအများက ယူဆကြသဖြင့် လူကြိုက်နည်းလှကြောင်း ပြောခဲ့သည်။

အချို့ကာလများတွင် မြောက်ကိုရီးယား၌ နိုင်ငံတော်အစိုးရလက်ခံသော ဆံပင်ပုံစံများသာ ညှပ်ခွင့်ရှိပုံရသည်။ ယခုအခါတွင်လည်း မြောက်ကိုရီးယားနိုင်ငံတွင် အမျိုးသမီးများအတွက် ဆံပင်ပုံစံ ၁၈ မျိုးနှင့် အမျိုးသားများအတွက် ဆံပင်ပုံစံ ၁၀ မျိုးသာ ရွေးချယ်ခွင့်ရှိသည်ဟု ဆိုကြသည်။ ယခင်ကလည်း မြောက်ကိုရီးယား နိုင်ငံတော်ပိုင်ရုပ်မြင်သံကြား သတင်းဌာနသည် “ကျွန်ုပ်တို့၏ဆံပင်ကို ဆိုရှယ်လစ်ဘဝ ပုံစံနှင့်အညီ ညှပ်ကြပါစို့” ဟူသော ဆံပင်ရှည်ဆန့်ကျင်ရေး အစီအစဉ်တစ်ခုကို ထုတ်လွှင့်ခဲ့သေးသည်။

သို့ရာတွင် မြောက်ကိုရီးယားဆံပင်ပုံစံ စည်းကမ်းနှင့် ပတ်သက်၍ သတင်းအချို့တွင် ကွဲပြားမှုများ ရှိနေသည်။ ဆံပင်ပုံစံများ အပြောင်းအလဲကို ပြုံယမ်းသို့ လတ်တလောကာလတွင် လာရောက်လည်ပတ်ခဲ့ကြသူများ သတိမပြုမိခဲ့ကြဟု NK News ဝက်ဘ်ဆိုဒ်တွင် ဖော်ပြထားသည်။

မြောက်ကိုရီးယားနိုင်ငံအား ၁၇ နှစ်ခန့် အုပ်ချုပ်ခဲ့သူ ကွယ်လွန်သူခေါင်းဆောင် ကင်ဂျုံအီသည် ဘူးဖန့် ဆံပင်အထောင်ပုံစံထားခဲ့ပြီး နဂိုအရပ်ထက် ပိုမြင့်သယောင်ထင်ရစေရန် ထိုဆံပင်ပုံစံထားခဲ့ခြင်း ဖြစ်ကြောင်း အချို့ကဆိုသည်။ ■

# စစ်အသုံးစရိတ် ဖြတ်ခြင်းကြောင့် ပြဿနာကြုံတွေ့နိုင်

■ အေအက်ဖ်ပီ
**ဝါရှင်တန်၊ မတ် ၂၇**

ကိုရီးယားကျွန်းဆွယ်တွင် ဖြစ်ပွားနေသော လုံခြုံရေးပြဿနာများ အပါအဝင် အခြားသော လုံခြုံရေးပြဿနာများကို ဖြေရှင်းရာတွင် စစ်အသုံးစရိတ် ဖြတ်တောက်ခြင်းကြောင့် အခက်အခဲ တွေ့လာနိုင်စရာရှိကြောင်း အာရှပစိဖိတ်ဒေသရှိ အမေရိကန်စစ်ဘက်အရာရှိများက ပြောကြားခဲ့သည်ဟု မတ်လ ၂၇ ရက်က အေအက်ဖ်ပီ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

မဟာမိတ်နိုင်ငံများက အင်အားကြီးနိုင်ငံဖြစ်သော အမေရိကန်၏ စစ်အသုံးစရိတ်ကို လုံခြုံရေးအာမခံချက်တစ်ခုအဖြစ် မျက်ခြေမပြတ် စောင့်ကြည့် နေကြကြောင်းနှင့် ပစိဖိတ် ရေတပ်စစ်ဦးစီးချုပ် ဆင်မျူရယ် လော့လီးယားက ပြောကြားခဲ့သည်။

လော့လီးယားနှင့် တောင်ကိုရီးယားရှိ တပ်ဖွဲ့ဝင်များကို ဦးစီးရသည့် ဗိုလ်ချုပ်ကြီး ပါရော့တီတို့က လူဦးရေအင်အား များပြားပြီး စစ်ရေးပြင်ဆင်မှုမရှိသည့် စစ်တပ်ထက် ခေတ်မီသည့်စစ်တပ်ဖြစ်ဖို့ အရေးကြီးကြောင်း သတိပေးခဲ့ကြသည်။ ■



## အာရှသတင်းတိုများ

**ရာသီဥတုဆိုးရွားမှုကြောင့် လေယာဉ်ပျောက်ရှာရပ်နားရ**

ပျောက်ဆုံးခဲ့သည့် မလေးရှား လေယာဉ် MH370 ၏ အပျက်အစီး အပိုင်းအစပေါင်း ၁၀၀ ကျော်ကို ဂြိုဟ်တုပုံရိပ်များမှ တွေ့ရှိခဲ့ပြီးနောက် နိုင်ငံတကာမှ ဝိုင်းဝန်းရှာဖွေနေမှုများသည် လေပြင်းမုန်တိုင်းများ တိုက်ခတ်မှုကြောင့် ရပ်နားရမည့်အနေအထားနှင့် ကြုံတွေ့လျက်ရှိသည်ဟု မတ်လ ၂၇ ရက်က အေအက်ဖ်ပီ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ ■

**အိန္ဒိယစီးပွားရေးမူဝါဒများ ဖြေလျှော့မည်**

အိန္ဒိယပါလီမန်အတွင်း ရွေးကောက်ပွဲဝင်ရန် အသင့်ဖြစ်နေသည့် လက်ရှိအာဏာရ ကွန်ဂရက်ပါတီက ရွေးကောက်ပွဲတွင် အနိုင်ရရှိရန် ၎င်းတို့ဝါဒလမ်းစဉ်ကို ကြေညာထားခဲ့သည့် အတိုင်း အလုပ်အကိုင်၊ အခွင့်အလမ်းပေါင်းများစွာနှင့် စီးပွားရေးမူဝါဒများ ဖြေလျှော့ပေးမှုများ ပြုလုပ်သွားမည်ဟု ကတိပေးပြောကြားလိုက်ကြောင်း မတ်လ ၂၇ ရက် အေအက်ဖ်ပီ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ ■

**ပါကစ္စတန်နှင့်တာလီဘန်ဆွေးနွေး**

ပါကစ္စတန်သမ္မတ ဆွေးနွေးညှိနှိုင်းရေးအဖွဲ့က အာဖဂန်နယ်စပ် အရှေ့မြောက်ပိုင်းဒေသတွင် တာလီဘန် ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်ဟု မတ်လ ၂၇ ရက်က အေအက်ဖ်ပီ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ ■

**ရုရှအရာရှိများ ဆမ်ဆောင်း တက်ဘလက်ပြောင်းကိုင်**

ရုရှအစိုးရအာဏာပိုင်များက သတင်းအချက်အလက်များ ပိုမိုလုံခြုံစေရန် ၎င်းတို့၏ iPad များကို ဆမ်ဆောင်း တက်ဘလက်များနှင့် လဲလှယ်ခဲ့ကြောင်း ဆက်သွယ်ရေးဝန်ကြီးက သတင်းဌာနများသို့ ပြောကြားလိုက်သည်ဟု မတ်လ ၂၇ ရက်က အေအက်ဖ်ပီ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ ■

**ဆီးရီးယားအရေး နိုင်ငံရေးအရဖြေရှင်းရန် အာရပ်အဖွဲ့ချုပ်တိုက်တွန်း**

စစ်ပွဲအတွင်း မျှတမှုရှိစေရန် ဆီးရီးယား သူပုန်အဖွဲ့များသို့ စစ်အင်အားထောက်ပံ့ပေးရန် ဆော်ဒီအာရေဗီးယား ကျောထောက်နောက်ခံပေးထားသည့်အဖွဲ့၏ တောင်းဆိုမှုကို အာရပ်ခေါင်းဆောင်များက ပယ်ချလိုက်ပြီး ဆီးရီးယားရှိ ပဋိပက္ခများကို နိုင်ငံရေးအရဖြေရှင်းရန် အာရပ်ခေါင်းဆောင်များ ဆွေးနွေးခဲ့ကြသည်ဟု မတ်လ ၂၇ ရက်က အေအက်ဖ်ပီ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ ■

# ဂျပန်တွင် နှစ်ငါးဆယ်နီးပါးကြိုးတိုက်ထဲတွင် အကျဉ်းစံခဲ့ရသူ၏အမှု ပြန်စစ်ဆေးမည်

■ အေအက်ဖ်ပီ

**တိုကျို၊ မတ် ၂၇**

ကမ္ဘာပေါ်တွင် ကြိုးတိုက်ထဲ၌ အကြာရှည်ဆုံး အကျဉ်းကျနေသူဟု ယူဆရသော ဂျပန်အမျိုးသား အကျဉ်းသားတစ်ဦး၏ အမှုအား ပြန်လည်စစ်ဆေးစီရင်ရန် ဂျပန်တရားရုံးတစ်ခုက ဆုံးဖြတ်ခဲ့သည်ဟု မတ်လ ၂၇ ရက်က အေအက်ဖ်ပီ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ထိုအကျဉ်းသားမှာ ၁၉၆၆ ခုနှစ်တွင် လူသတ်မှုများကြောင့် ဖမ်းဆီးခံခဲ့ရခြင်းဖြစ်ကာ သေဒဏ်ချမှတ်ခံခဲ့ရသော်လည်း ဆယ်စုနှစ်များစွာအကြာ ယခုအခါတွင် သူတကယ် အပြစ်ရှိခဲ့မရှိခဲ့နှင့် ပတ်သက်၍ သံသယရှိစရာများ ထွက်ပေါ်လာသောကြောင့် ပြန်လည်စစ်ဆေးစီရင်ရန် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။

ယခုအခါ အသက် ၇၈ နှစ်အရွယ် အီဝါအိုဟာကာမာဒါ၏အမှုအား ပြန်လည်စစ်ဆေးမှုများစတင်ရန် ရှီဇူအိုကာ ခရိုင်တရားရုံးက ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပြီး ဟာကာမာဒါသည် သူ၏အလုပ်ရှင် အမျိုးသားတစ်ဦးနှင့် ထိုအမျိုးသား၏မိသားစုကို ရက်ရက်စက်စက် သတ်ဖြတ်ခဲ့သည်ဟုဆိုကာ သေဒဏ်ချမှတ်ခံခဲ့ရခြင်း ဖြစ်ကြောင်း တရားရုံးအရာရှိတစ်ဦးက ဆိုသည်။

ဂျပန်တစ်နိုင်ငံလုံးအား တုန်လှုပ်ခြောက်ခြားစေခဲ့သော ထိုအမှုကို စစ်ဆေးစီရင်ခဲ့စဉ်က စုံစမ်းစစ်ဆေးသူများသည် စစ်ဆေးမှုပြီးဆုံးရန် ကြိုးစားသည့်အနေဖြင့် ဟာကာမာဒါအား ပြစ်ဒဏ်ချမှတ်နိုင်ရေးအတွက် အထောက်အထားအတုများဖြင့် အကြံအ



*ဟာကာမာဒါ၏ညီမဖြစ်သူက တိုကျိုထိန်းသိမ်းရေးစခန်းအပြင်ဘက်တွင် ၎င်း၏ဓာတ်ပုံကိုကိုင်ကာ သတင်းထောက်များ၏အမေးကိုဖြေကြားစဉ်။* ***(ဓာတ်ပုံ–အေအက်ဖ်ပီ)***

ဖန် လုပ်ခဲ့ဖွယ်ရှိကြောင်း သံသယရှိရသဖြင့် ယခုကဲ့သို့ ပြန်လည်စစ်ဆေးစီရင်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း တရားသူကြီး ဟီရိုအာခီမူရာယာမာ က ဆိုသည်။

"စုံစမ်းစစ်ဆေးရေးအဖွဲ့တွေက (အဓိကကျတဲ့) အထောက်အထားအတုတွေနဲ့ လုပ်ဇာတ်ခင်းခဲ့ကြောင်း ဖြစ်နိုင်ခြေ ရှိနေပါတယ်" ဟု တရားသူကြီး မူရာယာမာက ပြောခဲ့ကြောင်း ဂျေဂျေပရက်စ် သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ဟာကာမာဒါအား လွှတ်ပေးရန်လည်း တရားသူကြီးက အမိန့်ပေးခဲ့ပြီး ဆက်လက်၍ အကျဉ်းချထားမည်ဆိုလျှင် တရားမျှတမှုမရှိဟု ဆိုခဲ့သည်။

ဖွံ့ဖြိုးပြီး အဓိက ဒီမိုကရေစီနိုင်ငံကြီးများထဲတွင် အမေရိကန်နိုင်ငံမှလွဲလျှင် သေဒဏ်အပြစ်ပေးမှုကို အကောင်အထည်ဖော်သည့်နိုင်ငံမှာ ဂျပန်နိုင်ငံတစ်နိုင်ငံတည်း ရှိသည်။ သေဒဏ်စီရင်မှုအား ဥရောပအစိုးရများနှင့် လူ့အခွင့်အရေးအဖွဲ့များက အကြိမ်ကြိမ် ဆန့်ကျင်ကန့်ကွက်လေ့ ရှိကြသည်။

ဒုတိယကမ္ဘာစစ် နောက်ပိုင်းကာလမှ စတင်ရေတွက်လျှင် ဟာကာမာဒါမှာ သေဒဏ်ချမှတ်ပြီးနောက် အမှုပြန်လည်စစ်ဆေးစီရင်ခြင်းခံရသော ခြောက်ဦးမြောက် အကျဉ်းသားဖြစ်ပြီး သူ၏ အဖြစ်အပျက်က အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ (AI) အပါအဝင် သေဒဏ်စီရင်မှု ဆန့်ကျင်ရေးသမားများကို အထောက်အကူ ပြုလျက်ရှိသည်။

# ပျောက်ဆုံးလေယာဉ်ကို သင်္ချာပညာရှင်များ ကူရှာ

■ အေအက်ဖ်ပီ

**ဝါရှင်တန်၊ မတ် ၂၇**

အတ္တလန်တိတ်သမုဒ္ဒရာထဲသို့ ထိုးကျသွားခဲ့သည့် ပြင်သစ် ဂျက်လေယာဉ်တစ်စင်း၏ နောက်ဆုံး တည်နေရာကို ထောက်ပြနိုင်ခဲ့သည့် မဟာသင်္ချာပညာကျော်များက မလေးရှားလေယာဉ် MH 370 ကိုလည်း အလားတူအကူအညီပေးရန် အသင့်ရှိနေသည်ဟု မတ်လ ၂၇ ရက်က အေအက်ဖ်ပီ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

သိပ္ပံဆိုင်ရာ အတိုင်ပင်ခံအကြံပေးကုမ္ပဏီဖြစ်သည့် မီထရွန်က ပျောက်ဆုံးနေသည့် မလေးရှားလေယာဉ်နှင့် ပတ်သက်ပြီး မည်သူကမျှ အကူအညီ တောင်းခံလာခြင်းမရှိသေးသော်လည်း အများ ပြည်သူလက်လှမ်းမီသည့် အနည်းငယ်သော အချက်အလက် အနည်းငယ်ကို အသုံးပြုပြီး ကြိုးစားရှာဖွေပေးရန် ဝန်မလေးကြောင်း ပြောကြားလိုက်သည်။

လွတ်လပ်သောစစ်ဆေးမှုများ စတင်ပြုလုပ်နိုင်ရန် မိမိတို့အနေဖြင့် အများပြည်သူ လက်လှမ်းမီနိုင်သည့် သတင်းအချက်အလက်မှန်သမျှကို ရရှိရန် ကြိုးပမ်းလျက်ရှိကြောင်း မီထရွန်ကုမ္ပဏီ၏ အဆင့်မြင့်



*တရုတ်ကျောင်းသားငယ်များက ပျောက်ဆုံးလေယာဉ်တွင် ပါသွားသူများအတွက် ဆုတောင်းပေးနေစဉ်။* ***(ဓာတ်ပုံ–အေအက်ဖ်ပီ)***

အသုံးချ သင်္ချာဌာနခွဲ အကြီးအကဲဖြစ်သူ ဗန်ဂါလေးက ပြောကြားခဲ့သည်။

စုံစမ်းစစ်ဆေးမှုများ စတင်ပါက စိတ်ဝင်စားသူ မည်သူကိုမဆို တွေ့ရှိချက်များကို သတင်းပို့သွားမည်ဖြစ်ကြောင်း ဗန်ဂါလေးက ပြောကြားခဲ့သည်။

၁၉၈၂ ခုနှစ်က အသုံးချသင်္ချာပညာရှင်အများစုပါဝင်သည့် ဝန်ထမ်း ၁၇၀ ဖြင့် စတင်ထူထောင်ခဲ့သည့် မီထရွန်ကုမ္ပဏီသည် အမေရိကန်ပြည်ထောင်စု လုံခြုံရေးကိစ္စများနှင့်ပတ်သက်သည့် သင်္ချာဆိုင်ရာ သီးသန့် ခွဲခြမ်းစိတ်ဖြာမှုများကို ပြုလုပ်သောအဖွဲ့အစည်း ဖြစ်သည်။

မီထရွန်ကုမ္ပဏီသည် အမေရိကန် ကမ်းစောင့်တပ်ဖွဲ့များအတွက် အလွန်အသုံးဝင်သည့်ကယ်ဆယ်ရေးနှင့် ရှာဖွေရေး လုပ်ငန်းစဉ်စီမံချက်များကိုလည်း ရေးဆွဲပေးခဲ့သည်။ ■

# မူဂျာဟစ်ဒင်အဖွဲ့၏ ခေါင်းဆောင်ကို ဖမ်းဆီးရမိ

■ ရိုက်တာ

**နယူးဒေလီ၊ မတ် ၂၇**

အိန္ဒိယမူဂျာဟစ်ဒင် စစ်သွေးကြွအဖွဲ့၏ ခေါင်းဆောင်ဖြစ်သူဟု ယုံကြည်ခြင်းခံထားရသူတစ်ဦးအား အိန္ဒိယ ရဲတပ်ဖွဲ့ဝင်များက ဖမ်းဆီးလိုက်သည်ဟု မတ်လ ၂၇ ရက်က ရိုက်တာ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ယင်းအဖွဲ့မှာ ဝန်ကြီးချုပ်အဖြစ် ဝင်ရောက်အရွေးခံမည့်မိုဒီ၏ ယမန်နှစ် ရွေးကောက်ပွဲလှုပ်ရှားမှုတစ်ခုကို ဗုံးခွဲ တိုက်ခိုက်ခြင်းအပါအဝင် ဗုံးခွဲမှုများတွင် ပါဝင်သည့်အဖွဲ့ ဖြစ်သည်။

နီပေါနယ်စပ်အနီးရှိ ဒုက္ခသည်စခန်းတစ်ခုတွင် တက်ချ်ဆင်းအက်ချ်တာအား ဖမ်းဆီးရမိခဲ့ခြင်း ဖြစ်သည်။ ဧပြီလအတွင်း ရွေးကောက်ပွဲအား တိုက်ခိုက်ရန် သိမ်းဆည်းထားသည့် လက်နက်များနှင့်အတူ မူဂျာဟစ်ဒင်အဖွဲ့ဝင်လေးဦးအား ဖမ်းဆီးရမိခဲ့ပြီး ရက်ပိုင်းအကြာ၌ တက်ချ်ဆင်းအက်ချ်တာအား ထိန်းသိမ်းခဲ့ခြင်း ဖြစ်သည်။ ■

# ကိုရီးယားနှစ်နိုင်ငံ ပေါင်းစည်းရေး ဂျာမနီ ကူညီမည်

■ အေအက်ဖ်ပီ

**ဘာလင်၊ မတ် ၂၇**

ကိုရီးယားနှစ်နိုင်ငံ ပြန်လည်ပေါင်းစည်းရေး ကြိုးပမ်းအားထုတ်မှု တစ်ရပ်အဖြစ် ဂျာမနီ၏ထောက်ခံမှုရရန် ဂျာမနီသို့ ရောက်ရှိလာသည့် တောင်ကိုရီးယားသမ္မတအား ပြန်လည်ပေါင်းစည်းရေးအတွက် အစွမ်းကုန် ကူညီသွားမည်ဖြစ်ကြောင်း ဂျာမနီ အဓိပတိ မာကယ်လ်က ကတိပြု ပြောကြားလိုက်သည်ဟု မတ်လ ၂၇ ရက် အေအက်ဖ်ပီ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ယခုကဲ့သို့ အရေးပါသည့် ကိစ္စရပ်မျိုးတွင် မိမိတို့အနေဖြင့် ကူညီလိုစိတ် အထူးပြင်းပြလျက်ရှိကြောင်း မာကယ်လ်က ဂျာမနီသို့ ရောက်ရှိလာသည့် တောင်ကိုရီးယားသမ္မတပတ်ဂွမ်ဟေးနှင့် ပူးတွဲပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။

ဂျာမနီနိုင်ငံသည် နှစ်ပေါင်း ၄၀ ကြာ အရှေ့-အနောက် ဂျာမနီနှစ်နိုင်ငံအဖြစ် ကွဲကွာနေခဲ့ပြီး ကိုရီးယားသည်လည်း အလားတူ အခြေအနေမျိုးကို ကြုံတွေ့နေရသည်။ ၁၉၅၀-၅၃ ခုနှစ်ကြား ဖြစ်ပွားခဲ့သည့် ကိုရီးယား ပြည်တွင်းစစ်သည် စစ်ပြေငြိမ်းသဘောတူညီချက်မဟုတ်ဘဲ ယာယီ သဘောတူညီချက်ဖြင့် အဆုံးသတ်ခဲ့သဖြင့် နှစ်နိုင်ငံသည် ယခုအချိန်ထိ မပေါင်းစည်းနိုင်သေးပေ။

ထို့ကြောင့် မိမိတို့ရည်မှန်းချက် သို့မဟုတ် တာဝန်မှာ အမျိုးသား ပြန်လည်စည်းလုံးရေးကို ဖော်ဆောင်လိုသူများအား ကူညီပံ့ပိုးရန်ဖြစ်ကြောင်း မာကယ်လ်က ပြောကြားခဲ့သည်။ ■

# THINGYAN PROMOTION

| Size | Rate card Price | Promotion price |
|---|---|---|
| Full Page (35cm x 5col) | $2340 | $1400 |
| Vertical ( 32 cm x 3 col ) | $1152 | $690 |
| Half Page ( 17.5 cm x 5col ) | $1000 | $600 |
| Fire Place (19cm x 6col) | $1368 | $820 |
| 20 by 4 ( 20 cm x 4 col ) | $720 | $ 430 |
| 12 by 5 ( 12 cm x 5 col ) | $540 | $ 320 |
| 10 by 5 ( 10 cm x 5 col ) | $450 | $ 270 |
| 13 by 3 ( 13 cm x 3 col ) | $332 | $ 199 |
| 10 by 3 ( 10 cm x 3 col ) | $255 | $ 150 |
| 5 by 2 ( 5 cm x 2 col ) | $89 | $ 50 |

သင်္ကြန်
အထူးလျှော့ဈေး
% SALE

**၅ ကြိမ် နှင့်အထက်ကြော်ငြာထည့်ဝင်သောကြော်ငြာရှင်တိုင်းအတွက် – – –**

THINGYAN PROMOTION Sizes + mizzima BUSINESS WEEKLY Magazine တွင် Full Page 1 ကြိမ်

THINGYAN PROMOTION Sizes + mizzima BUSINESS WEEKLY Magazine တွင် Half Page 1 ကြိမ်

THINGYAN PROMOTION Sizes + mizzima BUSINESS WEEKLY Magazine တွင် Qtr Page 1 ကြိမ်

**Business Weekly မဂ္ဂဇင်းတွင်အခမဲ့ကြော်ငြာနိုင်ပါမည်။**

Booking တင်ရမည့်ကာလ : ဖေဖော်ဝါရီ(၁)ရက်နေ့မှ ဧပြီ(၃၀)ရက်ထိ
ကြော်ငြာအသုံးပြုရမည့်ကာလ : ဖေဖော်ဝါရီ(၁)ရက်နေ့မှ မေလ(၃၀)ရက်ထိ

ဆက်သွယ်ပါ……

**မဇ္ဈိမမီဒီယာကုမ္ပဏီလီမိတက်၊အမှတ် ၄၀၇၊တိုက်(စီ)၊ပုလဲကွန်ဒို၊ကမ္ဘာအေးဘုရားလမ်း၊ဗဟန်းမြို့နယ်၊ရန်ကုန်မြို့**
ရန်ကုန် (ဖုန်း) ၀၉ ၅၀၂၆၄၈၅၊ ၀၉ ၄၂၀၀၀၃၄၆၁၊၀၉ ၇၃၀၈၆၈၆၄၊ ၀၉ ၃၁၀၅၁၆၇၃။
မန္တလေး(ဖုန်း) ၀၂၃၆၈၃၅၊၀၉ ၄၀၂၅၅၀၅၄၀။

## အာရှသတင်းတိုများ

### အကြမ်းဖက်နှိမ်နင်းမှု အတိုက်အခံပါတီ ရှုတ်ချ

တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုအတွက် ထိုင်ဝမ် အစိုးရရုံးများရှေ့တွင် ဆန္ဒပြသူများအား အင်အားသုံးဖြေရှင်းခဲ့သည့် ရဲတပ်ဖွဲ့များ၏ လုပ်ရပ်ကိုခွင့်မလွှတ်နိုင်ကြောင်း ထိုင်ဝမ်အဓိက အတိုက်အခံအဖွဲ့က ကြေညာခဲ့သည်ဟု မတ်လ ၂၇ ရက်က အေအက်ဖ်ပီ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ ထိုင်ဝမ်အစိုးရက တရုတ်နှင့် ကုန်သွယ်ရေးစာချုပ်, ချုပ်ဆိုရန် ကြိုးပမ်းမှုကြောင့် ကျောင်းသားများက ပါလီမန်ကို သိမ်းပိုက်ခဲ့ပြီး အစိုးရအဆောက်အအုံတွင် သိမ်းပိုက်ရန် ကြိုးပမ်းခဲ့ရာ ရဲများက အကြမ်းဖက် နှိမ်နင်းခဲ့ခြင်းဖြစ်သည်။ ■

### ယူကရိန်းဓာတ်ငွေ့ဈေးနှုန်းမြင့်

ယူကရိန်း ကြားဖြတ်အစိုးရက ပြည်တွင်း လောင်စာအသုံးပြုသူများအတွက် ဓာတ်ငွေ့ဈေးနှုန်းကို ၅၀ ရာခိုင်နှုန်းတိုးမြှင့် ကောက်ခံမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်ဟု မတ်လ ၂၇ ရက်က အေအက်ဖ်ပီ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ ■

### မြောက်ကိုရီးယားနှင့် တွေ့ဆုံမည်

ဂျပန် အစိုးရအဖွဲ့ဝန်ကြီး ယိုရှိဟိုက်က မြောက်ကိုရီးယား၏ ဒုံးကျည်ပစ်လွှတ်မှုများကို ရှုတ်ချခဲ့သော်လည်း ကြိုတင်စီစဉ်ထားသည့်အတိုင်းတွေ့ဆုံဆွေးနွေးမှုကို ဆက်လက်ပြုလုပ်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်ဟု မတ်လ ၂၇ ရက်က အေအက်ဖ်ပီ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ ■

### နို့တိုက်စဉ် အရက်သောက်သုံးနေသည့်မိခင်အား ဖမ်းဆီး

ကလေးငယ်အား နို့တိုက်ကျွေးနေစဉ် အရက်သောက်သုံးနေသည့် မိခင်အား ကလေးငယ် သာယာဝပြောမှုကို အန္တရာယ် ကျရောက်စေနိုင်မှုအတွက် ဖမ်းဆီးထောင်ချခဲ့သည်ဟု မတ်လ ၂၇ ရက်က ရိုက်တာ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ သူမက ထိုကဲ့သို့ပြုလုပ်ခြင်းမှာ ဥပဒေ ချိုးဖောက်ရာရောက်ကြောင်းကို မသိရှိကြောင်း ပြောကြားခဲ့သည်။ ■

### ရဲကင်းအား ဗုံးခွဲတိုက်ခိုက်

အစ္စလာမ်မစ် အကြမ်းဖက်သမားဟု သံသယရှိဖွယ်လူတစ်ဦးမှ ပေါက်ကွဲစေတတ်သောပစ္စည်းများ တင်ဆောင်ထားသည့်ကားတစ်စီးဖြင့် နိုင်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်းရှိ မိတ်ဒူဂါရီမြို့ ရဲကင်းတစ်ခုအား ဝင်ရောက်တိုက်ခိုက်ခဲ့ရာ ရဲတပ်ဖွဲ့ဝင်ငါးဦး သေဆုံးခဲ့သည်ဟု ရဲတပ်ဖွဲ့ဝင်တစ်ဦးနှင့် မျက်မြင်သက်သေတစ်ဦးက ဆိုသည်ဟု မတ်လ ၂၇ ရက်က ရိုက်တာ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ ■

# ရုရှရန်ကိုကြံ့ကြံ့ခံရင်ဆိုင်ရန် အိုဘားမား တိုက်တွန်း

■ အေအက်ဖ်ပီ
**ဘရပ်ဆဲလ်၊ မတ် ၂၇**

ကရိုင်းမီးယားအား ရုရှ စစ်ဘက်က သိမ်းယူမှုကို ကြံ့ကြံ့ခံ ရင်ဆိုင်ရပ်တည်ရေးအတွက် ဥရောပအား လှုံ့ဆော်ရန် အမေရိကန်သမ္မတ အိုဘားမားက ကြိုးပမ်းခဲ့ပြီး အနောက်နိုင်ငံများနှင့် ရုရှသမ္မတ ဗလာဒီမာပူတင်တို့အကြား အငြင်းအခုန်မှာ စစ်အေးတိုက်ပွဲမှ စွဲကျန်ရစ်သော သဘောတရားရေးအမြင်များ ထိပ်တိုက်တွေ့မှု တစ်ခုဖြစ်ကြောင်းလည်း မှတ်ချက်ချခဲ့သည်ဟု မတ်လ ၂၇ ရက်က အေအက်ဖ်ပီ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့ရှိ Palais des Beaux-Arts ပြတိုက်တွင် ပြောကြားခဲ့သော ညနေပိုင်းမိန့်ခွန်းထဲတွင် သမ္မတအိုဘားမားက အမေရိကန်နှင့် ဥရောပ စည်းလုံးညီညွတ်ရေး၊ ရုရှအပေါ် ပိတ်ဆို့အရေးယူရေးနှင့် အမေရိကန်၏ ပါဝါတိုးတက်ရေးအတွက် ကူညီအားပေးကြရန်လည်း တိုက်တွန်းခဲ့သည်။ သို့ရာတွင် အမေရိကန်၏ပါဝါဟု ရည်ညွှန်းခြင်းတွင် စစ်အင်အားအသုံးပြုခြင်း မပါဝင်ကြောင်းလည်း အိုဘားမားက ရှင်းလင်း ပြောကြားခဲ့သည်။

မကြာသေးမီ ရက်သတ္တပတ်များအတွင်း ယူကရိန်းကိစ္စတွင် ရုရှ၏စစ်အင်အားပြသခဲ့မှုနှင့် ဆန့်ကျင်ဘက်သဘောအသွင်ဆောင်ရန်အတွက် မိန့်ခွန်းပြောရန်



*မတ်လ ၁၆ ရက်က ကရိုင်းမီးယားဒေသသို့ ထိုးဖောက်ဝင်ရောက်လာသော ရုရှတပ်များကို တွေ့ရစဉ်။* ***(ဓာတ်ပုံ–အေအက်ဖ်ပီ)***

နေရာအဖြစ် ဘရပ်ဆဲလ်မြို့ရှိ ပြတိုက်ကို အမေရိကန်က ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

ရုရှ၏ လုပ်ဆောင်မှုသည် ရုရှနိုင်ငံကိုသာမက ဥရောပနှင့် အမေရိကန်တို့ နှစ်ပေါင်းများစွာ တည်ဆောက်ထားခဲ့သော နိုင်ငံတကာစနစ်ကိုပါ ထိခိုက်စေနိုင်ကြောင်း အိုဘားမားက အလေးအနက်ထည့်သွင်း ပြောကြားခဲ့သည်။ နိုင်ငံတကာစနစ်ဆိုသည်မှာ ကမ္ဘာတစ်ဝန်းတွင် ဒီမိုကရေစီနှင့် နိုင်ငံတကာဥပဒေ တိုးတက်ရေးကို အထောက်အကူပြုလျက်ရှိသော စနစ်ကို ရည်ညွှန်းခြင်းဖြစ်သည်။

"အခုအချိန်ဟာ ထိရောက်မှုမရှိတဲ့ ခြိမ်းခြောက်ပြောဆိုမှုတွေ လုပ်ရမယ့် အချိန် မဟုတ်ပါဘူး" ဟု သမ္မတအိုဘားမားက လူငယ်အများစုပါဝင်သော ပရိသတ်ကို ပြောခဲ့သည်။

"ကမ္ဘာ့ တခြားဒေသတွေက အကျပ်အတည်းတွေလိုပဲ ယူကရိန်းက အခြေအနေအတွက် လွယ်ကူတဲ့အဖြေတွေ မရှိပါဘူး။ စစ်အင်အားသုံးရေးဟာလည်း အဖြေ မဟုတ်ပါဘူး။ ဒါပေမဲ့ အခုအခိုက်အတန့်မှာ ကျွန်တော်တို့ရဲ့ စံနှုန်းတွေအပေါ် စိန်ခေါ်မှုတွေကို အင်အားတွေ၊ ခံယူချက်တွေနဲ့ ရင်ဆိုင်တုံ့ပြန်ရပါမယ်" ဟု ပြောခဲ့သည်။

ပြီးခဲ့သည့်နှစ်က ဘာလင်မြို့တွင် ပြောကြားခဲ့သော အလားတူမိန့်ခွန်းတစ်ခု၏ အဓိကအာဘော်အတိုင်းပင် ယခုမိန့်ခွန်းထဲတွင်လည်း အိုဘားမားက သတိပေးခဲ့သည်မှာ ယူကရိန်းကိစ္စအား မိမိတို့နှင့် သိပ်မဆိုင်သော အဝေးကပြဿနာဟု ထင်မြင်ဖွယ်ရှိသည့် ဥရောပနိုင်ငံများအား "ကျွန်တော်တို့အနေနဲ့ ဒီလို စိန်ခေါ်စမ်းသပ်မှုတွေကို ရင်ဆိုင်ဖြေရှင်းဖို့အတွက် အခြားသူတွေကို မှီခိုအားကိုးလို့ မရနိုင်ပါဘူး" ဟု သတိပေး ပြောကြားခဲ့သည်။ ■

# အီဂျစ်သမ္မတရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် ဗိုလ်ချုပ်ကြီးစီစီ ရာထူးမှနုတ်ထွက်



*မတ်လ ၂၆ ရက်က ကိုင်ရိုမြို့လယ်တွင် ဗိုလ်ချုပ်ကြီးစီစီကို မဲထည့်ကြရန် လှုံ့ဆော်ထားသည့် ပိုစတာအား တွေ့ရစဉ်။* ***(ဓာတ်ပုံ–အေအက်ဖ်ပီ)***

■ အေအက်ဖ်ပီ
**ကိုင်ရို၊ မတ် ၂၇**

အီဂျစ် တပ်မတော်အကြီးအကဲ အယ်စီစီသည် စစ်တပ်ရာထူးမှ နုတ်ထွက်လိုက်ပြီး သမ္မတအဖြစ် ယှဉ်ပြိုင်အရွေးခံရန် ပြင်ဆင်နေသည်ဟု မတ်လ ၂၇ ရက်က အေအက်ဖ်ပီ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

၎င်းသည် လွန်ခဲ့သည့် ကိုးလခန့်က ရွေးကောက်တင်မြှောက် ခံထားရသည့် အီဂျစ်သမ္မတမော်စီကို ရာထူးမှ ဖယ်ရှားခဲ့ပြီး အကြမ်းဖက်မှုလုပ်ရပ်များကို အီဂျစ်နိုင်ငံမှ အပြီးအပိုင် ဖယ်ရှားပစ်မည်ဟု ကြွေးကြော်ခဲ့သည်။

ကာကွယ်ရေးဝန်ကြီး တာဝန်ထမ်းဆောင်ခဲ့ဖူးသည့် စီစီသည် ဇွန်လမတိုင်မီ ကျင်းပနိုင်ဖွယ်ရှိသော ရွေးကောက်ပွဲများအတွက် အဓိကပြိုင်ဘက်ရှိလိမ့်မည် မဟုတ်ဘဲ သက်သောင့်သက်သာ အနိုင်ရမည်ဟု ယူဆထားကြသည်။ ၎င်း၏ ဥပဒေစိုးမိုးရေး ကတိစကားများကြောင့် နိုင်ငံတွင်း လူကြိုက်များနေချိန်လည်း ဖြစ်သည်။

ဇူလိုင်လက စီစီ ဖြုတ်ချခဲ့သည့် သမ္မတမော်စီ၏ မွတ်စလင် ညီအစ်ကိုတော်များအဖွဲ့ကလည်း စီစီ၏ဦးဆောင်မှု အရိပ်အာဝါသအောက်တွင် အီဂျစ်သည် တည်ငြိမ်အေးချမ်းမှုရှိလိမ့်မည် မဟုတ်ကြောင်း သတိပေးခဲ့သည်။

မွတ်စလင် ညီအစ်ကိုတော်များအဖွဲ့နှင့် ၎င်းတို့ ၏မဟာမိတ်များက အီဂျစ်နိုင်ငံ၏ ရွေးကောက်ခံသမ္မတမော်စီအား ဖြုတ်ချခဲ့သည့်လုပ်ရပ်ကို ဆက်လက်ကန့်ကွက် ဆန္ဒပြနေခဲ့ကြသည်။

ရွေးကောက်ပွဲတွင် မိမိအနိုင်ရလိမ့်မည်ဟု အများက ကျယ်ကျယ်ပြန့်ပြန့် ခန့်မှန်းထားကြောင်း ရုပ်မြင်သံကြားမှ ထုတ်လွှင့်ခဲ့သော နိုင်ငံတော်မိန့်ခွန်းတွင် ဗိုလ်ချုပ်ကြီးစီစီက ပြောကြားခဲ့သည်။

ကာကွယ်ရေးဝန်ကြီးရာထူးနှင့် လက်နက်ကိုင်တပ်ဖွဲ့များ၏ အကြီးအကဲအဖြစ်မှ အနားယူမည်ဟု ဆုံးဖြတ်ခဲ့ပြီးနောက် ယနေ့သည် မိဘပြည်သူများရှေ့တွင် နောက်ဆုံးနေ့အဖြစ် စစ်ဝတ်စုံဝတ်ဆင်ခြင်း ဖြစ်သည်ဟု စစ်ဦးစီးချုပ်ဝတ်စုံနှင့် စားပွဲတစ်လုံးတွင် ထိုင်ရင်း စီစီက ပြောကြားခဲ့သည်။

အီဂျစ်ကြားဖြတ်အစိုးရကလည်း ဖြုတ်ချခံရသည့် သမ္မတမော်စီ၏ ပါတီဝင်များကို ဖမ်းဆီးထောင်ချခြင်းများ ပြုခဲ့သည်။ ■

# ကမ္ဘာ့သေဒဏ်စီရင်မှု ၁၅ ရာခိုင်နှုန်းတိုး

■ အေအက်ဖ်ပီ
**ဝါရှင်တန်၊ မတ် ၂၇**

၂၀၁၃ ခုနှစ်တွင် ကမ္ဘာတစ်ဝန်းတွင် သေဒဏ်ပေးမှုပေါင်း ၁၅ ရာခိုင်နှုန်း တိုးများလာခဲ့ကြောင်းနှင့် အမေရိကန်နိုင်ငံသည် သေဒဏ်စီရင်မှုအများဆုံး ငါးနိုင်ငံတွင် အပါအဝင်ဖြစ်ကြောင်း အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၏ အစီရင်ခံစာတစ်ခုတွင် ဖော်ပြထားသည်ဟု မတ်လ ၂၇ ရက်က အေအက်ဖ်ပီ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အဆိုပါ အစီရင်ခံစာအရ နိုင်ငံပေါင်း ၂၂ နိုင်ငံတွင် ကွပ်မျက်မှုပေါင်း ၇၇၈ ခုကို မှတ်တမ်းတင်နိုင်ခဲ့ရာ တရုတ်နိုင်ငံ တစ်ခုတည်းမှ ထောင်နှင့်ချီသည့် ကွပ်မျက်မှုများ မပါဝင်ကြောင်း၊ အဘယ့်ကြောင့်ဆိုသော် တရုတ်တွင် သေဒဏ်စီရင်မှုကို နိုင်ငံတော်လျှို့ဝှက်ချက်အဖြစ် သတ်မှတ်ထားသောကြောင့် ဖြစ်သည်။

ယခုသီတင်းပတ်အတွင်း အီဂျစ်နိုင်ငံတွင် မွတ်စလင် ညီအစ်ကိုတော်များအဖွဲ့ကို ထောက်ခံခဲ့သူဟု စွပ်စွဲခံခဲ့ရသည့် တရားခံ ၅၂၉ ဦးကို တရားရုံးတင်စစ်ဆေးပြီးနောက် သေဒဏ်စီရင်ရန် ဆုံးဖြတ်လိုက်သည့် ထိတ်လန့်ဖွယ်သတင်းများ ပေါ်ထွက်လာပြီးနောက် အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကြီး၏ နောက်ဆုံး အစီရင်ခံစာ ထွက်ပေါ်လာခဲ့ခြင်း ဖြစ်သည်။ ■

EPL WEEK 32

# ချန်ပီယံဖြစ်ဖို့ အဆုံးအဖြတ် ပွဲစဉ်တွေလာပြီ

■ အောင်သုတ



အာဆင်နယ်အသင်းက ၆-၃ ဂိုးဖြင့် ရှုံးနိမ့်ခဲ့သောပွဲစဉ်တွင် မန်စီးတီးကွင်းလယ်လူ နာဆရီ အာဆင်နယ်နောက်တန်းကို ကျော်ဖြတ်ရန်ကြိုးစားနေစဉ်။

## ဝက်စ်ဘရွန်း VS ကာဒစ်ဖ်

နောက်ဆုံး ငါးပွဲရလဒ်

| ဝက်စ်ဘရွန်း | | | ကာဒစ်ဖ် | | |
|---|---|---|---|---|---|
| ဟူးလ်စီးတီး | L (A) | 2-0 | လီဗာပူးလ် | L (H) | 3-6 |
| ဆွမ်ဆီး | W (A) | 1-2 | အဲဗာတန် | L (A) | 2-1 |
| မန်ယူ | L (H) | 0-3 | ဖူလ်ဟမ် | W (H) | 3-1 |
| ဖူလ်ဟမ် | D (H) | 1-1 | စပါး | L (A) | 1-0 |
| ချယ်လ်ဆီး | D (H) | 1-1 | ဟူးလ်စီးတီး | L (H) | 0-4 |

ရလဒ်ပိုင်းမတည်မငြိမ်ဖြစ်နေကြတဲ့ နှစ်သင်းလုံးရဲ့ အားကုန်ထုတ်မှုကို မြင်တွေ့ကြရမှာပါ။ ဝက်စ်ဘရွန်းတို့ အိမ်ကွင်းအားသာချက်ရှိနေပေမယ့် ကာဒစ်ဖ်တို့ အားကုန်ထုတ်ရင် သရေတစ်မှတ်ရသွားမှာပါ။

## ဖူလ်ဟမ် VS အဲဗာတန်

နောက်ဆုံး ငါးပွဲရလဒ်

| ဖူလ်ဟမ် | | | အဲဗာတန် | | |
|---|---|---|---|---|---|
| မန်စီးတီး | L (A) | 5-0 | နယူးကာဆယ် | W (A) | 0-3 |
| နယူးကာဆယ် | W (H) | 1-0 | ဆွမ်ဆီး | W (H) | 3-2 |
| ကာဒစ်ဖ် | L (A) | 3-1 | ကာဒစ်ဖ် | W (H) | 2-1 |
| ချယ်လ်ဆီး | L (H) | 1-3 | အာဆင်နယ် | L (A) | 4-1 |
| ဝက်စ်ဘရွန်း | D (A) | 1-1 | ဝက်စ်ဟမ်း | W (H) | 1-0 |

တန်းဆင်းဇုန်ထဲက ဖူလ်ဟမ်တို့အတွက် နောက်ထပ်ပွဲကျပ်တစ်ပွဲပါ။ နောက်ဆုံးသုံးပွဲဆက်အနိုင်ရထားတဲ့ အဲဗာတန်ရဲ့ ခြေစွမ်းကြောင့် ဖူလ်ဟမ်တို့ အိမ်ကွင်းပေမယ့် ရှုံးပွဲကြုံသွားပါလိမ့်မယ်။

## ဆွမ်ဆီး VS နော့ဝစ်ချ်

နောက်ဆုံး ငါးပွဲရလဒ်

| ဆွမ်ဆီး | | | နော့ဝစ်ချ် | | |
|---|---|---|---|---|---|
| အာဆင်နယ် | D (A) | 2-2 | ဆန်းဒါးလန်း | W (H) | 2-0 |
| အဲဗာတန် | L (A) | 3-2 | ဆောက်သမ်တန် | L (A) | 4-2 |
| ဝက်စ်ဘရွန်း | L (H) | 1-2 | စတုခ်စီးတီး | D (H) | 1-1 |
| ပဲလေ့စ် | D (A) | 1-1 | ဗီလာ | L (A) | 4-1 |
| နာပိုလီ | L (A) | 3-1 | စပါး | W (H) | 1-0 |

ရလဒ်တွေတောက်လျှောက်ကျဆင်းနေတဲ့အပြင် ကြားပွဲကစားခဲ့ရလို့ ဆွမ်ဆီးတို့ ပွဲပန်းနေမှာပါ။ ဒါပေမဲ့ နော့ဝစ်ချ်ရဲ့ အဝေးကွင်းခြေကလည်း သိပ်မကောင်းတာမို့ ဆွမ်ဆီးတို့ နိုင်ပွဲရဖို့များပါတယ်။

## စတုခ်စီးတီး VS ဟူးလ်စီးတီး

နောက်ဆုံး ငါးပွဲရလဒ်

| စတုခ်စီးတီး | | | ဟူးလ်စီးတီး | | |
|---|---|---|---|---|---|
| ဗီလာ | W (A) | 1-4 | ဝက်စ်ဘရွန်း | W (H) | 2-0 |
| ဝက်စ်ဟမ်း | W (H) | 3-1 | မန်စီးတီး | L (H) | 0-2 |
| နော့ဝစ်ချ် | D (A) | 1-1 | ဆန်းဒါးလန်း | W (H) | 3-0 |
| အာဆင်နယ် | W (H) | 1-0 | နယူးကာဆယ် | L (H) | 1-4 |
| မန်စီးတီး | L (A) | 1-0 | ဘရိုက်တန် | W (H) | 2-1 |

စတုခ်စီးတီးရဲ့ခြေစွမ်းက အကောင်းဆုံးအနေအထားရောက်နေပြီး ပွဲတိုင်းကို အာရုံစိုက်နေပါတယ်။ ခြေစွမ်းအတက်အကျမငြိမ်တဲ့ဟူးလ်စီးတီးတို့ အဝေးကွင်းမှာ သရေတောင်မျှော်လင့်လို့မရပါဘူး။

## ပဲလေ့စ် VS ချယ်လ်ဆီး

နောက်ဆုံး ငါးပွဲရလဒ်

| ပဲလေ့စ် | | | ချယ်လ်ဆီး | | |
|---|---|---|---|---|---|
| နယူးကာဆယ် | L (A) | 1-0 | အာဆင်နယ် | W (H) | 6-0 |
| ဆန်းဒါးလန်း | D (A) | 0-0 | ဂါလာတာစာရေး | W (H) | 2-0 |
| ဆောက်သမ်တန် | L (H) | 0-1 | ဗီလာ | L (A) | 1-0 |
| ဆွမ်ဆီး | D (A) | 1-1 | စပါး | W (H) | 4-0 |
| မန်ယူ | L (H) | 0-2 | ဖူလ်ဟမ် | W (A) | 1-3 |

ပဲလေ့စ်ရဲ့လက်ရှိခြေစွမ်းနဲ့တော့ ချန်ပီယံဆုအတွက် ရေပန်းစားလာတဲ့ချယ်လ်ဆီးကို ယှဉ်ကစားနိုင်ဖို့မလွယ်ဘူး။ ဇယားထိပ်မှာ ဆက်လက်ရပ်တည်ဖို့ အမှားမခံမယ့် ချယ်လ်ဆီးကိုပဲ အပိုင်ရွေးထားလိုက်ပါ။

## ဆန်းဒါးလန်း VS ဝက်စ်ဟမ်း

နောက်ဆုံး ငါးပွဲရလဒ်

| ဆန်းဒါးလန်း | | | ဝက်စ်ဟမ်း | | |
|---|---|---|---|---|---|
| လီဗာပူးလ် | L (A) | 2-1 | မန်ယူ | L (H) | 0-2 |
| နော့ဝစ်ချ် | L (A) | 2-0 | စတုခ်စီးတီး | L (A) | 3-1 |
| ပဲလေ့စ် | D (H) | 0-0 | အဲဗာတန် | L (A) | 1-0 |
| ဟူးလ်စီးတီး | L (A) | 3-0 | ဆောက်သမ်တန် | W(H) | 3-1 |
| မန်စီးတီး | L (A) | 3-1 | နော့ဝစ်ချ် | W(H) | 2-0 |

ရှုံးပွဲများနေပေမယ့် ဝက်စ်ဟမ်းရဲ့ခြေစွမ်းက အညံ့ကြီးမဟုတ်ပါဘူး။ ဆန်းဒါးလန်းကလည်း တန်းဆင်းဇုန်ဖိအားကြောင့် ရုန်းကန်လာနိုင်ပါတယ်။ အကြိတ်အနယ်ကစားရင်း ညှိသည်တို့ အနိုင်ရသွားမှာပါ။

## အာဆင်နယ် VS မန်စီးတီး

နောက်ဆုံး ငါးပွဲရလဒ်

| အာဆင်နယ် | | | မန်စီးတီး | | |
|---|---|---|---|---|---|
| ဆွမ်ဆီး | D (A) | 2-2 | မန်ယူ | W (A) | 0-3 |
| ချယ်လ်ဆီး | L (A) | 6-0 | ဖူလ်ဟမ် | W (H) | 5-0 |
| စပါး | W (A) | 0-1 | ဟူးလ်စီးတီး | W (A) | 0-2 |
| ဘိုင်ယန်မြူးနစ် | D (A) | 1-1 | ဘာစီလိုနာ | L (A) | 2-1 |
| အဲဗာတန် | W (H) | 4-1 | ဝီဂန် | L (H) | 1-2 |

နောက်ဆုံးနှစ်ကြိမ် ထိပ်တိုက်တွေ့ဆုံမှု

| | | | | |
|---|---|---|---|---|
| မန်စီးတီး | ၆ | - | ၃ | အာဆင်နယ် |
| မန်စီးတီး | ၁ | - | ၃ | အာဆင်နယ် |

၆-၃ ဆိုတဲ့ ရလဒ်ကို အာဆင်နယ်တို့ မေ့ဖျောက်ဖို့မလွယ်သေးတာကြောင့် အိမ်ကွင်းမှာ ရှိသမျှအားနဲ့ မန်စီးတီးကို ရင်ဆိုင်လာပါလိမ့်မယ်။ ဒါပေမဲ့ အသင်းရဲ့လက်ရှိလူစာရင်းမှာ ဒဏ်ရာရကစားသမားတွေမပါဝင်လာနိုင်သေးတာက အာဆင်နယ်အတွက် ထိုးနှက်ချက်ဖြစ်နေပြီး ရှိတဲ့လူအင်အားနဲ့ပဲ အကောင်းဆုံးကြိုးစားရတော့မှာပါ။ မန်စီးတီးတို့ကတော့ ကြားရက်ပွဲစဉ်မှာ မန်ယူကို အနိုင်ရရှိထားခဲ့လို့ စိတ်ဓာတ်ပိုင်းတက်ကြွနေပြီး ကစားပုံကလည်းတည်ငြိမ်မှုရှိနေပါတယ်။ ချန်ပီယံဆုအတွက် ပွဲတိုင်းကို အာရုံစိုက်ကစားနေတာကြောင့်လည်း အာဆင်နယ်တို့ အိမ်ကွင်းပေမယ့် လွယ်လွယ်အသာမရနိုင်ပါဘူး။ ဒ့ါအပြင် အာဆင်နယ်တို့ ဒီရာသီမှာ အသင်းကြီးတွေနဲ့ဆုံတိုင်းရလဒ်လည်း မကောင်းတတ်တာမို့ ဒီပွဲမှာလည်း ညှိသည်မန်စီးတီးကို ပိုအကြိုက်တွေ့ပါတယ်။

## ဆောက်သမ်တန် VS နယူးကာဆယ်

နောက်ဆုံး ငါးပွဲရလဒ်

| ဆောက်သမ်တန် | | | နယူးကာဆယ် | | |
|---|---|---|---|---|---|
| စပါး | L (A) | 3-2 | အဲဗာတန် | L (H) | 0-3 |
| နော့ဝစ်ချ် | W (H) | 4-2 | ပဲလေ့စ် | W (H) | 1-0 |
| ပဲလေ့စ် | W (A) | 0-1 | ဖူလ်ဟမ် | L (A) | 1-0 |
| လီဗာပူးလ် | L (H) | 0-3 | ဟူးလ်စီးတီး | W (A) | 1-4 |
| ဝက်စ်ဟမ်း | L (A) | 3-1 | ဗီလာ | W (H) | 1-0 |

ရလဒ်ဆိုးတွေကနေ ရုန်းထွက်ဖို့ကြိုးစားလာကြမှာဖြစ်လို့ အကြိတ်အနယ်ရှိလာမှာပါ။ အိမ်ကွင်းခြေစွမ်းမာကျောတဲ့ဆောက်သမ်တန်တို့ နယူးကာဆယ်ကို အိမ်ကွင်းမှာ အနိုင်ရအောင် ကစားပါလိမ့်မယ်။

## လီဗာပူးလ် VS စပါး

နောက်ဆုံး ငါးပွဲရလဒ်

| လီဗာပူးလ် | | | စပါး | | |
|---|---|---|---|---|---|
| ဆန်းဒါးလန်း | W (H) | 2-1 | ဆောက်သမ်တန် | W (H) | 3-2 |
| ကာဒစ်ဖ် | W (A) | 3-6 | အာဆင်နယ် | L (H) | 0-1 |
| မန်ယူ | W (A) | 0-3 | ချယ်လ်ဆီး | L (A) | 4-0 |
| ဆောက်သမ်တန် | W (A) | 0-3 | ကာဒစ်ဖ် | W (H) | 1-0 |
| ဆွမ်ဆီး | W (H) | 4-3 | ဒီနီပရို | W (H) | 3-1 |

လီဗာပူးလ်တို့ ကြားပွဲကစားခဲ့ရလို့ ပွဲပန်းနေနိုင်တာကြောင့် စပါးတို့ အခွင့်အရေးရနိုင်ပါတယ်။ ဒါပေမဲ့ လီဗာပူးလ်ကွင်းမှာ လာကစားတိုင်း စပါးတို့ရုန်းကန်ရလေ့ရှိတတ်ပြီး လက်ရှိခြေစွမ်းအရဆိုရင်လည်း အိမ်ရှင်တို့ပဲ အပြတ်အသတ်အသာရနေလို့ စပါးတို့ ရှုံးပွဲနှင့်ရင်ဆိုင်သွားရမှာပါ။

## ပွဲစဉ် (၃၁) ရလဒ်များ

| | | | | |
|---|---|---|---|---|
| ချယ်လ်ဆီး | ၆ | - | ၀ | အာဆင်နယ် |
| ကာဒစ်ဖ် | ၃ | - | ၆ | လီဗာပူးလ် |
| အဲဗာတန် | ၃ | - | ၂ | ဆွမ်ဆီး |
| ဟူးလ်လ်စီးတီး | ၂ | - | ၀ | ဝက်စ်ဘရွန်း |
| မန်စီးတီး | ၅ | - | ၀ | ဖူလ်ဟမ် |
| နယူးကာဆယ် | ၁ | - | ၀ | ပဲလေ့စ် |
| နော့ဝစ်ချ် | ၂ | - | ၀ | ဆန်းဒါးလန်း |
| ဝက်စ်ဟမ်း | ၀ | - | ၂ | မန်ယူ |
| စပါး | ၃ | - | ၂ | ဆောက်သမ်တန် |
| ဗီလာ | ၁ | - | ၄ | စတုခ်စီးတီး |

ပွဲစဉ် (၃၁) အပြီး ပရီးမီးယားလိဂ် ရပ်တည်မှုဇယား

| | | စုစုပေါင်း | | | | | | အိမ်ကွင်း | | | | | အဝေးကွင်း | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| စဉ် | အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ရမှတ် |
| ၁ | ချယ်လ်ဆီး | ၃၁ | ၂၁ | ၆ | ၄ | ၆၂ | ၂၃ | ၁၄ | ၂ | ၀ | ၃၉ | ၉ | ၇ | ၄ | ၄ | ၂၃ | ၁၄ | ၆၉ |
| ၂ | လီဗာပူးလ် | ၃၁ | ၂၁ | ၅ | ၅ | ၈၄ | ၃၉ | ၁၃ | ၁ | ၁ | ၄၄ | ၁၃ | ၈ | ၄ | ၄ | ၄၀ | ၂၆ | ၆၈ |
| ၃ | မန်စီးတီး | ၂၉ | ၂၁ | ၃ | ၅ | ၇၉ | ၂၇ | ၁၃ | ၀ | ၁ | ၄၈ | ၉ | ၈ | ၃ | ၄ | ၃၁ | ၁၈ | ၆၆ |
| ၄ | အာဆင်နယ် | ၃၁ | ၁၉ | ၆ | ၆ | ၅၅ | ၃၆ | ၁၀ | ၄ | ၁ | ၂၈ | ၉ | ၉ | ၂ | ၅ | ၂၇ | ၂၇ | ၆၃ |
| ၅ | အဲဗာတန် | ၃၀ | ၁၆ | ၉ | ၅ | ၄၆ | ၃၀ | ၁၁ | ၃ | ၁ | ၂၉ | ၁၃ | ၅ | ၆ | ၄ | ၁၇ | ၁၇ | ၅၇ |
| ၆ | စပါး | ၃၁ | ၁၇ | ၅ | ၉ | ၄၀ | ၄၀ | ၈ | ၃ | ၅ | ၁၉ | ၂၀ | ၉ | ၂ | ၄ | ၂၁ | ၁၉ | ၅၆ |
| ၇ | မန်ယူ | ၃၁ | ၁၅ | ၆ | ၁၀ | ၄၈ | ၃၇ | ၆ | ၃ | ၆ | ၁၈ | ၁၈ | ၉ | ၃ | ၄ | ၃၀ | ၁၉ | ၅၁ |
| ၈ | နယူးကာဆယ် | ၃၁ | ၁၄ | ၄ | ၁၃ | ၃၈ | ၄၃ | ၇ | ၃ | ၆ | ၁၉ | ၂၂ | ၇ | ၁ | ၇ | ၁၉ | ၂၁ | ၄၆ |
| ၉ | ဆောက်သမ်တန် | ၃၁ | ၁၂ | ၉ | ၁၀ | ၄၅ | ၄၀ | ၆ | ၅ | ၄ | ၂၅ | ၂၁ | ၆ | ၄ | ၆ | ၂၀ | ၁၉ | ၄၅ |
| ၁၀ | စတုခ်စီးတီး | ၃၁ | ၉ | ၁၀ | ၁၂ | ၃၆ | ၄၅ | ၇ | ၆ | ၂ | ၂၁ | ၁၅ | ၂ | ၄ | ၁၀ | ၁၅ | ၃၀ | ၃၇ |
| ၁၁ | ဝက်စ်ဟမ်း | ၃၁ | ၉ | ၇ | ၁၅ | ၃၄ | ၄၁ | ၆ | ၃ | ၇ | ၂၂ | ၂၃ | ၃ | ၄ | ၈ | ၁၂ | ၁၈ | ၃၄ |
| ၁၂ | ဗီလာ | ၃၀ | ၉ | ၇ | ၁၄ | ၃၃ | ၄၂ | ၅ | ၂ | ၉ | ၁၈ | ၂၆ | ၄ | ၅ | ၅ | ၁၅ | ၁၆ | ၃၄ |
| ၁၃ | ဟူးလ်စီးတီး | ၃၁ | ၉ | ၆ | ၁၆ | ၃၃ | ၃၉ | ၆ | ၄ | ၆ | ၁၉ | ၁၆ | ၃ | ၂ | ၁၀ | ၁၄ | ၂၃ | ၃၃ |
| ၁၄ | နော့ဝစ်ချ် | ၃၁ | ၈ | ၈ | ၁၅ | ၂၆ | ၄၈ | ၆ | ၆ | ၄ | ၁၅ | ၁၂ | ၂ | ၂ | ၁၁ | ၁၁ | ၃၆ | ၃၂ |
| ၁၅ | ဆွမ်ဆီး | ၃၁ | ၇ | ၉ | ၁၅ | ၄၂ | ၄၈ | ၄ | ၅ | ၆ | ၂၆ | ၂၃ | ၃ | ၄ | ၉ | ၁၆ | ၂၅ | ၃၀ |
| ၁၆ | ဝက်စ်ဘရွန်း | ၃၀ | ၅ | ၁၃ | ၁၂ | ၃၃ | ၄၅ | ၃ | ၇ | ၅ | ၁၆ | ၁၉ | ၂ | ၆ | ၇ | ၁၇ | ၂၆ | ၂၈ |
| ၁၇ | ပဲလေ့စ် | ၃၀ | ၈ | ၄ | ၁၈ | ၁၉ | ၃၉ | ၆ | ၂ | ၇ | ၁၃ | ၁၈ | ၂ | ၂ | ၁၁ | ၆ | ၂၁ | ၂၈ |
| ၁၈ | ဆန်းဒါးလန်း | ၂၉ | ၆ | ၇ | ၁၆ | ၂၇ | ၄၆ | ၃ | ၃ | ၈ | ၁၃ | ၂၁ | ၃ | ၄ | ၈ | ၁၄ | ၂၅ | ၂၅ |
| ၁၉ | ကာဒစ်ဖ် | ၃၁ | ၆ | ၇ | ၁၈ | ၂၆ | ၅၈ | ၅ | ၄ | ၇ | ၁၈ | ၂၉ | ၁ | ၃ | ၁၁ | ၈ | ၂၉ | ၂၅ |
| ၂၀ | ဖူလ်ဟမ် | ၃၁ | ၇ | ၃ | ၂၁ | ၃၀ | ၇၀ | ၄ | ၁ | ၁၀ | ၁၈ | ၃၁ | ၃ | ၂ | ၁၁ | ၁၂ | ၃၉ | ၂၄ |

## မန်ယူ VS ဗီလာ

နောက်ဆုံး ငါးပွဲရလဒ်

| မန်ယူ | | | ဗီလာ | | |
|---|---|---|---|---|---|
| မန်စီးတီး | L (H) | 0-3 | စတုခ်စီးတီး | L (H) | 1-4 |
| ဝက်စ်ဟမ်း | W (A) | 0-2 | ချယ်လ်ဆီး | W (H) | 1-0 |
| အိုလံပီယာကော့စ် | W (H) | 3-0 | နော့ဝစ်ချ် | W (H) | 4-1 |
| လီဗာပူးလ် | L (H) | 0-3 | နယူးကာဆယ် | L (A) | 1-0 |
| ဝက်စ်ဘရွန်း | W (A) | 0-3 | ကာဒစ်ဖ် | D (A) | 0-0 |

မြို့ခံပြိုင်ဘက်မန်စီးတီးကို အိမ်ကွင်းမှာ အရှက်ရဖွယ်ရှုံးနိမ့်ထားခဲ့လို့ မန်ယူတို့ ဒီပွဲကို အာရုံစိုက်လာမှာပါ။ ကစားပုံတိုးတက်မှုရှိလာတယ်ဆိုပေမယ့် မန်ယူတို့ ရလဒ်ပိုင်းတည်ငြိမ်မှုအားနည်းနေဆဲပါ။ ဗီလာရဲ့ အဝေးကွင်းခြေစွမ်းညံ့တာမို့ အိမ်ရှင်တို့ပဲ လိုအပ်တဲ့နိုင်ပွဲ ရယူသွားပါလိမ့်မယ်။

mizzima Daily
မတ် ၂၈ ရက်၊ ၂၀၁၄ (သောကြာနေ့)

LALIGA WEEK

31

# ချန်ပီယံ ပြေးလမ်းပေါ်က အသင်းသုံးသင်းကို အပိုင်ရွေးချယ်ရမယ်

■ ရဲရင့်ငြေး




ယခုနှစ် ကိုပါဒယ်လ်ရေး ကွာတားဖိုင်နယ်အဆင့်တွင်တွေ့ဆုံခဲ့စဉ်က အက်သလက်တီကိုနှင့် ဘီလ်ဘာအိုတို့၏ အကြိတ်အနယ်မြင်ကွင်း။

## ဆယ်လ်တာဗီဂို VS ဆီဗီလာ

နောက်ဆုံး ငါးပွဲရလဒ်

| ဆယ်လ်တာဗီဂို | | | ဆီဗီလာ | | |
|---|---|---|---|---|---|
| မာလာဂါ | L (H) | 0-2 | အိုဆာဆူနာ | W (A) | 1-2 |
| လီဗန်တေး | W (A) | 0-1 | ဘက်တစ် | W (A) | 0-2 |
| အက်သလက် | L (H) | 0-2 | ဗယ်လာဒိုးလစ် | W (H) | 4-1 |
| အယ်လ်ချီ | L (A) | 0-1 | ဘက်တစ် | L (H) | 0-2 |
| ဂီတာဖေး | D (A) | 1-1 | အယ်လ်မားရီးယား | W (A) | 1-1 |

လာလီဂါမှာရော ယူရိုပါလိဂ်မှာပါ ဆီဗီလာအသင်း နိုင်ပွဲဆက်နေပါတယ်။ ဆယ်လ်တာဗီဂိုကတော့ ခြေမမှန်သလို ခံစစ်ရောတိုက်စစ်ပါ အားနည်းတာမို့ ဆီဗီလာကိုပဲ ရွေးချင်ပါတယ်။

## ဗယ်လာဒိုးလစ် VS အယ်လ်မားရီးယား

နောက်ဆုံး ငါးပွဲရလဒ်

| ဗယ်လာဒိုးလစ် | | | အယ်လ်မားရီးယား | | |
|---|---|---|---|---|---|
| ဗယ်လီကာနို | D (H) | 1-1 | ဆိုစီဒက် | W (H) | 4-3 |
| ဆီဗီလာ | L (A) | 4-1 | ဗယ်လီကာနို | L (A) | 3-1 |
| ဘာစီလိုနာ | W (H) | 1-0 | ဆီဗီလာ | L (H) | 1-3 |
| မာလာဂါ | D (A) | 1-1 | ဘာစီလိုနာ | W (H) | 4-1 |
| လီဗန်တေး | D (H) | 1-1 | မာလာဂါ | D (H) | 0-0 |

တန်းဆင်းဇုန်တိုက်ပွဲဖြစ်ပြီး နှစ်သင်းစလုံးအားထည့်ကစားမှာဖြစ်လို့ ခန့်မှန်းရခက်တဲ့ပွဲပါ။ အယ်လ်မားရီးယားရဲ့ ခံစစ်ပိုင်းက အမှားများတတ်တာကြောင့် အိမ်ရှင်ကိုပဲရွေးချင်ပါတယ်။

## အိုဆာဆူနာ VS ဆိုစီဒက်

နောက်ဆုံး ငါးပွဲရလဒ်

| အိုဆာဆူနာ | | | ဆိုစီဒက် | | |
|---|---|---|---|---|---|
| ဗယ်လီကာနို | L (A) | 1-0 | အယ်မားရီးယား | L (A) | 4-3 |
| ဆီဗီလာ | L (H) | 1-2 | ဗလင်စီယာ | W (H) | 1-0 |
| ဘာစီလိုနာ | L (A) | 7-0 | ဗယ်လီကာနို | L (H) | 2-3 |
| မာလာဂါ | L (H) | 0-2 | ဆီဗီလာ | L (A) | 1-0 |
| လီဗန်တေး | L (A) | 2-0 | ဘာစီလိုနာ | W (H) | 3-1 |

ငါးပွဲဆက်ရှုံးပြီး အိုဆာဆူနာအသင်း တန်းဆင်းဇုန်နဲ့ အလွန်နီးကပ်တဲ့အနေအထားကို ရောက်သွားပါပြီ။ ခြေစွမ်းနဲ့ ရလဒ်ပိုင်းအရလည်း ကွာဟလွန်းတာကြောင့် အိမ်ရှင်ရှုံးပွဲဆက်ဦးမှာပါ။

## ဗီလာရီးယဲလ် vs အယ်လ်ချီ

နောက်ဆုံး ငါးပွဲရလဒ်

| ဗီလာရီးယဲလ် | | | အယ်လ်ချီ | | |
|---|---|---|---|---|---|
| ဗလင်စီယာ | L (A) | 2-1 | ဘီလ်ဘာအို | D (H) | 0-0 |
| ဘီလ်ဘာအို | D (H) | 1-1 | ဂရန်နာဒါ | L(A) | 1-0 |
| ဂရန်နာဒါ | L (A) | 2-0 | ဘက်တစ် | D (H) | 0-0 |
| ဘက်တစ် | D (A) | 1-1 | အက်စ်ပန်ညို | L (A) | 3-1 |
| အက်စ်ပန်ညို | W (A) | 1-2 | ဆယ်တာဗီဂို | W (H) | 1-0 |

နောက်ဆုံးလေးပွဲဆက် နိုင်ပွဲပျောက်နေတဲ့အတွက် ဗီလာရီးယဲလ်အသင်း ဒီပွဲမှာအနိုင်ပြန်ရဖို့ ရုန်းလာနိုင်ပါတယ်။ အယ်လ်ချီရဲ့လက်ရှိခြေစွမ်းအရလည်း အိမ်ရှင်ကိုပဲ ရွေးသင့်ပါတယ်။

## ဗလင်စီယာ VS ဂီတာဖေး

နောက်ဆုံး ငါးပွဲရလဒ်

| ဗလင်စီယာ | | | ဂီတာဖေး | | |
|---|---|---|---|---|---|
| ဗီလာရီးယဲလ် | W (H) | 2-1 | ဘီလ်ဘာအို | L (A) | 1-0 |
| လူဒိုဂိုရက်စ် | W (H) | 1-0 | ဂရန်နာဒါ | D (H) | 3-3 |
| ဆိုစီဒက် | L (A) | 1-0 | ဘက်တစ် | L (A) | 2-0 |
| လူဒိုဂိုရက်စ် | W (A) | 0-3 | အက်စ်ပန်ညို | D (H) | 0-0 |
| ဘီလ်ဘာအို | D (H) | 1-1 | ဆယ်လ်တာဗီဂို | D (A) | 1-1 |

ဗလင်စီယာအိမ်ကွင်းမှာ ညှော့သည် ဂီတာဖေးအသင်း ယှဉ်ကစားနိုင်ဖို့ မလွယ်ပါဘူး။ ငါးပွဲဆက်နိုင်ပွဲပျောက်နေတဲ့ ဂီတာဖေးအသင်း ဒီပွဲမှာလည်းရှုံးပွဲတွေ့ဦးမှာပါ။

## အက်စ်ပန်ညို VS ဘာစီလိုနာ

နောက်ဆုံး ငါးပွဲရလဒ်

| အက်စ်ပန်ညို | | | ဘာစီလိုနာ | | |
|---|---|---|---|---|---|
| မာလာဂါ | W (A) | 1-2 | ဆယ်တာဗီဂို | W (H) | 3-0 |
| လီဗန်တေး | D (H) | 0-0 | ရီးယဲလ် | W(A) | 3-4 |
| အက်သလက် | L (A) | 1-0 | အိုဆာဆူနာ | W (H) | 7-0 |
| အယ်လ်ချီ | W (H) | 3-1 | မန်စီးတီး | W (H) | 2-1 |
| ဂီတာဖေး | D (A) | 0-0 | ဗယ်လာဒိုးလစ် | L (A) | 1-0 |

ဘာစီလိုနာခြေမှန်ပြန်ရပြီး နောက်ဆုံးလေးပွဲဆက် အနိုင်ရထားပါတယ်။ ချန်ပီယံဆုအတွက် အမှားမခံနိုင်တဲ့ပွဲဖြစ်တာကြောင့် ဘာကာနဲ့ဂိုးအများကို ရွေးချင်ပါတယ်။

## ဘီလ်ဘာအို VS အက်သလက်တီကို

နောက်ဆုံး ငါးပွဲရလဒ်

| ဘီလ်ဘာအို | | | အက်သလက်တီကို | | |
|---|---|---|---|---|---|
| အယ်လ်ချီ | D (A) | 0-0 | ဂရန်နာဒါ | W (H) | 1-0 |
| ဂီတာဖေး | W (H) | 1-0 | ဘက်တစ် | W (A) | 0-2 |
| ဗီလာရီးယဲလ် | D (A) | 1-1 | အက်စ်ပန်ညို | W(H) | 1-0 |
| ဗလင်စီယာ | D (A) | 1-1 | အေစီမီလန် | W (H) | 4-1 |
| ဂရန်နာဒါ | W (H) | 4-0 | ဆယ်လ်တာဗီဂို | W (A) | 0-2 |

### နောက်ဆုံးနှစ်ကြိမ် ထိပ်တိုက်တွေ့ဆုံမှု

| | | | | |
|---|---|---|---|---|
| ဘီလ်ဘာအို | ၁ | - | ၂ | အက်သလက် |
| အက်သလက် | ၁ | - | ၀ | ဘီလ်ဘာအို |

လာလီဂါအမှတ်ပေးဇယားကို ဦးဆောင်နေတဲ့ အက်သလက်တီကိုအသင်းအတွက်ပွဲကျပ်ရင်ဆိုင်ရတာပါ။

ဘီလ်ဘာအိုက အားထားရတဲ့ တိုက်စစ်မှူးလော်ရန်တေး ဂျူဗင်တပ်စ်ကို ပြောင်းသွားပြီးကတည်းက တိုက်စစ်ပိုင်းသိသိသာသာ အားလျော့သွားပေမယ့် ခံစစ်ကစားပုံကျစ်လျစ်မာကျောပါတယ်။

အက်သလက်တီကိုတိုက်စစ်မှူး ဒီယေဂိုကော်စတာကတော့ ဒီရာသီမှာလာလီဂါ သွင်းဂိုး ၂၄ ဂိုးအထိသွင်းယူထားပြီး ရပ်တန့်လို့မရနိုင်တဲ့ကစားသမားမျိုးပါ။

နောက်ဆုံးငါးကြိမ်တွေ့ဆုံမှုမှာ အက်သလက်တီကိုအသင်းက လေးကြိမ်အထိ အနိုင်ရထားပြီး ပြတ်ပြတ်သားသား အသာရထားသလို ဒီပွဲမှာလည်း ဧည့်သည်အသင်းပဲ အနိုင်ရဖို့သေချာနေပါတယ်။

## ဂရန်နာဒါ VS လီဗန်တေး

နောက်ဆုံး ငါးပွဲရလဒ်

| ဂရန်နာဒါ | | | လီဗန်တေး | | |
|---|---|---|---|---|---|
| အက်သလက် | L (A) | 1-0 | အက်စ်ပန်ညို | D (A) | 0-0 |
| အယ်လ်ချီ | W (H) | 1-0 | ဆယ်တာဗီဂို | L (H) | 0-1 |
| ဂီတာဖေး | D (A) | 3-3 | ရီးယဲလ် | L (A) | 3-0 |
| ဗီလာရီးယဲလ် | W (H) | 2-0 | အိုဆာဆူနာ | W (H) | 2-0 |
| ဘီလ်ဘာအို | L (A) | 4-0 | ဗယ်လာဒိုးလစ် | D (A) | 1-1 |

ဂရန်နာဒါက အိမ်ကွင်းမှာဆိုရင် ဘယ်အသင်းကိုမဆို ခံကန်နိုင်စွမ်းရှိပါတယ်။ လီဗန်တေးကတော့ ခံစစ်ကစားပုံသိသိသာသာညံ့ဖျင်းတာမို့ လီဗန်တေးကိုရွေးတာပိုသေချာပါတယ်။

## ရီးယဲလ် VS ဗယ်လီကာနို

နောက်ဆုံး ငါးပွဲရလဒ်

| ရီးယဲလ် | | | ဗယ်လီကာနို | | |
|---|---|---|---|---|---|
| ဆီဗီလာ | L (A) | 2-1 | အိုဆာဆူနာ | W (H) | 1-0 |
| ဘာစီလိုနာ | L (H) | 3-4 | ဗယ်လာဒိုးလစ် | D (A) | 1-1 |
| ရှော်လ်ကေး | W (H) | 3-1 | အယ်မားရီးယား | W (H) | 3-1 |
| မာလာဂါ | W(A) | 0-1 | ဆိုစီဒက် | W (A) | 2-3 |
| လီဗန်တေး | W (H) | 3-0 | ဗလင်စီယာ | W (H) | 1-0 |

နှစ်ပွဲဆက်ရှုံးပွဲဆက်ထားတဲ့အတွက် ရီးယဲလ်တို့အဆင့် ၃ နေရာအထိ ဆင်းပေးထားရပါတယ်။ ဗယ်လီကာနိုကလည်း တန်းဆင်းဇုန်နဲ့နီးနေတာကြောင့် ပွဲစဉ်တိုင်းကို အားထည့်ကစားနေပါတယ်။ ဘာနေဗျူးမှာ အိမ်ရှင်ရီးယဲလ်အသင်းနဲ့ ဂိုးအများကိုရွေးရမှာပါ။

## ပွဲစဉ် (၃၀) ရလဒ်များ

| | | | | |
|---|---|---|---|---|
| မာလာဂါ | ၁ | - | ၂ | အက်စ်ပန်ညို |
| အယ်လ်ချီ | ၀ | - | ၀ | ဘီလ်ဘာအို |
| ဘာစီလိုနာ | ၃ | - | ၀ | ဆယ်လ်တာ |
| ဗယ်လီကာနို | ၁ | - | ၀ | အိုဆာဆူနာ |
| အက်သလက် | ၁ | - | ၀ | ဂရန်နာဒါ |
| ဆီဗီလာ | ၂ | - | ၁ | ရီးယဲလ် |
| ဂီတာဖေး | | - | | ဗီလာရီးယဲလ် |
| ဆိုစီဒက် | | - | | ဗယ်လာဒိုးလစ် |
| လီဗန်တေး | | - | | ဘက်တစ် |
| အယ်လ်မားရီးယား | | - | | ဗလင်စီယာ |

## ပွဲစဉ် (၃၀) အပြီး လာလီဂါ ရပ်တည်မှုဇယား

| | | စုစုပေါင်း | | | | | | အိမ်ကွင်း | | | | | အဝေးကွင်း | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| စဉ် | အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ရမှတ် |
| ၁ | အက်သလက် | ၃၀ | ၂၃ | ၄ | ၃ | ၆၇ | ၂၁ | ၁၃ | ၃ | ၀ | ၄၅ | ၉ | ၁၀ | ၁ | ၃ | ၂၂ | ၁၂ | ၇၃ |
| ၂ | ဘာစီလိုနာ | ၃၀ | ၂၃ | ၃ | ၄ | ၈၈ | ၂၅ | ၁၄ | ၀ | ၁ | ၅၆ | ၁၀ | ၉ | ၃ | ၃ | ၃၂ | ၁၅ | ၇၂ |
| ၃ | ရီးယဲလ် | ၃၀ | ၂၂ | ၄ | ၄ | ၈၁ | ၃၂ | ၁၂ | ၀ | ၂ | ၄၅ | ၁၄ | ၁၀ | ၄ | ၂ | ၃၆ | ၁၈ | ၇၀ |
| ၄ | ဘီလ်ဘာအို | ၃၀ | ၁၆ | ၈ | ၆ | ၅၂ | ၃၂ | ၁၁ | ၃ | ၁ | ၃၄ | ၁၄ | ၅ | ၅ | ၅ | ၁၈ | ၁၈ | ၅၆ |
| ၅ | ဆီဗီလာ | ၃၀ | ၁၄ | ၈ | ၈ | ၅၅ | ၄၅ | ၈ | ၃ | ၄ | ၂၉ | ၁၉ | ၆ | ၅ | ၄ | ၂၆ | ၂၆ | ၅၀ |
| ၆ | ဆိုစီဒက် | ၂၉ | ၁၃ | ၇ | ၉ | ၅၂ | ၄၃ | ၉ | ၃ | ၂ | ၃၃ | ၁၁ | ၄ | ၄ | ၇ | ၁၉ | ၃၂ | ၄၆ |
| ၇ | ဗီလာရီးယဲလ် | ၂၉ | ၁၃ | ၆ | ၁၀ | ၄၉ | ၃၆ | ၇ | ၅ | ၃ | ၂၀ | ၁၇ | ၆ | ၁ | ၇ | ၂၀ | ၁၉ | ၄၅ |
| ၈ | အက်စ်ပန်ညို | ၃၀ | ၁၁ | ၇ | ၁၂ | ၃၄ | ၃၅ | ၇ | ၃ | ၅ | ၁၉ | ၁၆ | ၄ | ၄ | ၇ | ၁၅ | ၁၉ | ၄၀ |
| ၉ | ဗလင်စီယာ | ၂၉ | ၁၁ | ၆ | ၁၂ | ၄၁ | ၄၀ | ၈ | ၃ | ၄ | ၃၀ | ၁၈ | ၃ | ၃ | ၈ | ၁၁ | ၂၂ | ၃၉ |
| ၁၀ | လီဗန်တေး | ၂၉ | ၉ | ၁၀ | ၁၀ | ၂၆ | ၃၅ | ၅ | ၅ | ၄ | ၁၃ | ၁၁ | ၄ | ၅ | ၆ | ၁၃ | ၂၄ | ၃၇ |
| ၁၁ | ဂရန်နာဒါ | ၃၀ | ၁၀ | ၄ | ၁၆ | ၂၈ | ၄၀ | ၆ | ၁ | ၈ | ၁၇ | ၁၅ | ၄ | ၃ | ၈ | ၁၁ | ၂၅ | ၃၄ |
| ၁၂ | ဗယ်လီကာနို | ၃၀ | ၁၀ | ၃ | ၁၇ | ၃၄ | ၆၃ | ၆ | ၀ | ၉ | ၂၁ | ၃၀ | ၄ | ၃ | ၈ | ၁၃ | ၃၃ | ၃၃ |
| ၁၃ | ဆယ်လ်တာဗီဂို | ၃၀ | ၉ | ၆ | ၁၅ | ၃၃ | ၄၄ | ၃ | ၆ | ၆ | ၁၄ | ၂၀ | ၆ | ၀ | ၉ | ၁၉ | ၂၄ | ၃၃ |
| ၁၄ | မာလာဂါ | ၃၀ | ၈ | ၈ | ၁၄ | ၂၉ | ၃၈ | ၅ | ၂ | ၈ | ၁၇ | ၁၉ | ၃ | ၆ | ၆ | ၁၂ | ၁၉ | ၃၂ |
| ၁၅ | အယ်လ်ချီ | ၃၀ | ၇ | ၁၀ | ၁၃ | ၂၄ | ၄၁ | ၅ | ၆ | ၅ | ၁၁ | ၁၁ | ၂ | ၄ | ၈ | ၁၃ | ၃၀ | ၃၁ |
| ၁၆ | အယ်လ်မားရီးယား | ၂၉ | ၈ | ၅ | ၁၆ | ၃၁ | ၅၅ | ၅ | ၄ | ၅ | ၁၈ | ၂၁ | ၃ | ၁ | ၁၁ | ၁၃ | ၃၄ | ၂၉ |
| ၁၇ | အိုဆာဆူနာ | ၃၀ | ၈ | ၅ | ၁၇ | ၂၅ | ၅၁ | ၅ | ၂ | ၇ | ၁၆ | ၂၀ | ၃ | ၃ | ၁၀ | ၉ | ၃၁ | ၂၉ |
| ၁၈ | ဂီတာဖေး | ၂၉ | ၇ | ၇ | ၁၅ | ၂၆ | ၄၆ | ၄ | ၆ | ၅ | ၁၈ | ၂၁ | ၃ | ၁ | ၁၀ | ၈ | ၂၅ | ၂၈ |
| ၁၉ | ဗယ်လာဒိုးလစ် | ၂၉ | ၅ | ၁၂ | ၁၂ | ၃၁ | ၄၉ | ၄ | ၇ | ၃ | ၁၇ | ၁၅ | ၁ | ၅ | ၉ | ၁၄ | ၃၄ | ၂၇ |
| ၂၀ | ဘက်တစ် | ၂၉ | ၄ | ၇ | ၁၈ | ၂၃ | ၅၈ | ၄ | ၃ | ၈ | ၁၄ | ၂၃ | ၀ | ၄ | ၁၀ | ၉ | ၃၅ | ၁၉ |

## ဘက်တစ် VS မာလာဂါ

နောက်ဆုံး ငါးပွဲရလဒ်

| ဘက်တစ် | | | မာလာဂါ | | |
|---|---|---|---|---|---|
| အက်သလက် | L (H) | 0-2 | အက်စ်ပန်ညို | L (H) | 1-2 |
| ဆီဗီလာ | L (H) | 0-2 | ဆယ်တာဗီဂို | W (A) | 0-2 |
| အယ်လ်ချီ | D (A) | 0-0 | ရီးယဲလ် | L (H) | 0-1 |
| ဂီတာဖေး | W (H) | 2-0 | အိုဆာဆူနာ | W (A) | 0-2 |
| ဗီလာရီးယဲလ် | D (A) | 1-1 | ဗယ်လာဒိုးလစ် | D (H) | 1-1 |

ဘက်တစ်ကတော့ တန်းဆင်းရဖို့ ရှစ်ဆယ်ရာခိုင်နှုန်း သေချာနေပါပြီ။ မာလာဂါကလည်း တန်းဆင်းဇုန်ကအသင်းတွေနဲ့ အမှတ်မကွာတာကြောင့် ဒီပွဲမျိုးမှာ အမှားခံနိုင်မှာမဟုတ်ပါဘူး။ နိုင်ရုံနဲ့အကျိုးရှိနိုင်မယ့် ဧည့်သည်အသင်းကိုပဲ ရွေးချင်ပါတယ်။

# ၂၀၁၄ မြန်မာနေရှင်နယ်လိဂ် ပွဲစဉ်(၉) ပွဲကြိုခန့်မှန်းချက်

■ သောကြာ




၂၀၁၃ နေရှင်နယ်လိဂ် ဘောလုံးရာသီတွင် ဆောက်သမ်းအသင်းနှင့် နေပြည်တော်အသင်းတို့ တွေ့ရစဉ်။ (ဓာတ်ပုံ-နေပြည်တော် FC)

**၂၈-၃-၂၀၁၄(ဆောက်သမ်း-နေပြည်တော်)**

ဆောက်သမ်းအသင်းက နောက်ဆုံးကစားခဲ့တဲ့သုံးပွဲမှာ သုံးပွဲလုံးရှုံးထားပြီး ပေးဂိုး ၁၅ ဂိုးထိ ပေးထားရပါတယ်။ နေပြည်တော်အသင်းရဲ့ လက်ရှိခြေစွမ်းက ရာသီကုန်မှာ ချန်ပီယံဆုကို စိန်ခေါ်နိုင်တဲ့ခြေစွမ်းမျိုး ရှိနေပါတယ်။ ဒီနှစ်သင်းရဲ့နောက်ဆုံးသုံးကြိမ် တွေ့ဆုံမှုမှာ နေပြည်တော်အသင်းကပဲ သုံးကြိမ်စလုံး အနိုင်ရထားပါတယ်။ ဒီတစ်ကြိမ်မှာလည်း ခြေစွမ်းပိုသာတဲ့ နေပြည်တော်တို့ပဲ နိုင်သွားဦးမှာပါ။

**၂၉-၃-၂၀၁၄ (GFA-ကမ္ဘောဇ)**

ဒီရာသီမှာ လိဂ် - ၂ ကနေ တန်းတက်လာတဲ့ GFA အသင်းက ရှိသမျှအင်အားနဲ့ တွေ့တဲ့ အသင်းတိုင်းဆီက ရမှတ်ယူနိုင်ဖို့ ကြိုးစားနေပါတယ်။ ပြီးခဲ့တဲ့တစ်ပတ် မုံရွာကွင်းမှာ အိမ်ရှင်ဇေယျာရွှေမြေအသင်းကို အနိုင်ကစားနိုင်ခဲ့တဲ့ ကမ္ဘောဇအသင်းက ခြေစွမ်းပိုင်း ပြန်ကောင်းလာပြီလို့ ဆိုနိုင်ပေမယ့် လိုအပ်ချက်တွေတော့ ရှိနေတုန်းပါပဲ။ ပြိုင်ပွဲအတွေ့အကြုံနဲ့ ကစားသမားအင်အား ပိုသာတဲ့ ကမ္ဘောဇအသင်းပဲ အနိုင်ရမှာပါ။

**၂၉-၃-၂၀၁၄ (မနောမြေ-ရတနာပုံ)**

ခြေစွမ်းအတက်အကျမရှိဘဲ ပုံမှန်ခြေစွမ်းရှိတဲ့ မနောမြေအသင်းက အသင်းကြီးတွေကို အမြဲဒုက္ခပေးနိုင်တဲ့ အစဉ်အလာ ရှိပါတယ်။ ရတနာပုံအသင်းက အမှတ်ပေးဇယား ဆက်လက်ဦးဆောင်နိုင်ဖို့ မနောမြေအသင်းကို အနိုင်ကစားဖို့ ကြိုးစားမှာပါ။ နောက်ဆုံးသုံးကြိမ် တွေ့ဆုံမှုတွေမှာ ရတနာပုံအသင်းက နှစ်ကြိမ်အသာရထားပြီး တစ်ကြိမ် သရေကျထားပါတယ်။ အမှတ်ပေးဇယားထိပ်ပိုင်းကို ရောက်နိုင်သလောက် တက်မှာဖြစ်တဲ့ မနောမြေအသင်းက ရတနာပုံအသင်းဆီက အမှတ်ခွဲယူပါလိမ့်မယ်။

**၂၉-၃-၂၀၁၄ (ဇေယျာရွှေမြေ-ရောဝတီ)**

သုံးပွဲဆက်နိုင်ပွဲပျောက်နေတဲ့ ဇေယျာရွှေမြေအသင်းက ဒီရာသီမှာ ခြေစွမ်းပိုင်းဆိုးရွားနေသလို အသစ်ခေါ်ထားတဲ့ တိုက်စစ်မှူး မက်သရူးကလည်း အသင်းအတွက် တစ်ဂိုးပဲ သွင်းပေးနိုင်ပါသေးတယ်။ ရာသီအစမှာ ရလဒ်တွေဆိုးရွားနေတဲ့ ရောဝတီအသင်းက ပြီးခဲ့တဲ့တစ်ပတ်မှာ ဇွဲကပင်ကို အနိုင်ရခဲ့လို့ စိတ်ဓာတ်အင်အား တက်ကြွနေပါတယ်။ ဒီနှစ်သင်းရဲ့ နောက်ဆုံးသုံးကြိမ် တွေ့ဆုံမှုမှာ တစ်သင်းစီက တစ်ကြိမ်စီ အနိုင်ရထားပြီး တစ်ကြိမ်က သရေကျထားတယ်။ ရောဝတီတို့ အဝေးကွင်း သွားကစားတာဖြစ်ပေမယ့် အိမ်ရှင်အသင်းကို မရှုံးလောက်ပါဘူး။

**၂၉-၃-၂၀၁၄(ရန်ကုန်-ချင်းယူနိုက်တက်)**

အမှတ်ပေးဇယားထိပ်က ရတနာပုံနဲ့ ခြောက်မှတ်ကွာနေတဲ့ ရန်ကုန်တို့ ပထမအကျော့လက်ကျန်ပွဲတွေကို အမှားခံမှာ မဟုတ်ပါဘူး။ ချင်းယူနိုက်တက်အသင်းက တန်းတက်အသင်းဆိုပေမယ့် နေရှင်နယ်လိဂ်အတွေ့အကြုံ ရှိပါတယ်။ ရတနာပုံ၊ မကွေး၊ နေပြည်တော်အသင်းတို့ ရှုံးခဲ့ပေမယ့် အကြိတ်အနယ်ကစားပြီးမှ ရှုံးခဲ့တာပါ။ ရန်ကုန်အသင်းအနေနဲ့ လျှော့တွက်ပြီး ကစားမယ်ဆိုရင်တော့ ခံစားသွားရမယ့် အခြေအနေ ရှိပါတယ်။ ရန်ကုန်တို့ အကြိတ်အနယ်ကစားပြီးမှ အနိုင်ရဖို့ရှိတယ်။

**၃၀-၃-၂၀၁၄ (ဇွဲကပင်-မကွေး)**

ဇွဲကပင်အသင်းက ဒီရာသီမှာ ရလဒ်ကောင်းနေတယ်ဆိုပေမယ့် ခြေစွမ်းတည်ငြိမ်မှု မရှိသေးပါဘူး။ ရန်ကုန်လို အသင်းကို ဂိုးပြတ်အနိုင်ကစားခဲ့တဲ့ မကွေးအသင်းရဲ့ခြေစွမ်းက အကောင်းဆုံးပုံစံမှာ ရှိနေပါတယ်။ ဒီနှစ်သင်းရဲ့ နောက်ဆုံးသုံးကြိမ် တွေ့ဆုံမှုမှာ သုံးကြိမ်စလုံး သရေကျထားပါတယ်။ ဒီတစ်ကြိမ်မှာ မကွေးအသင်းက ဇွဲကပင်ထက်အနည်းငယ် ခြေစွမ်းပိုကောင်းလို့ မကွေးတို့ မရှုံးလောက်ပါဘူး။ ■

**ပွဲစဉ်(၉)ပွဲစဉ်များ**

| | | | | | |
|---|---|---|---|---|---|
| ၂၈-၃-၂၀၁၄ | ဆောက်သမ်း | – | နေပြည်တော် | ညနေ | ၄း၀၀ (သုဝဏ္ဏ) |
| ၂၉-၃-၂၀၁၄ | GFA | – | ကမ္ဘောဇ | ညနေ | ၄း၀၀ (အောင်ဆန်း) |
| ၂၉-၃-၂၀၁၄ | မနောမြေ | – | ရတနာပုံ | ညနေ | ၄း၀၀ (သုဝဏ္ဏ) |
| ၂၉-၃-၂၀၁၄ | ဇေယျာရွှေမြေ | – | ရောဝတီ | ညနေ | ၄း၀၀ (မုံရွာ) |
| ၂၉-၃-၂၀၁၄ | ရန်ကုန် | – | ချင်းယူနိုက်တက် | ညနေ | ၄း၀၀ (YUSC) |
| ၃၀-၃-၂၀၁၄ | ဇွဲကပင် | – | မကွေး | ညနေ | ၄း၀၀ (အောင်ဆန်း) |

## ဟံသာဝတီအသင်းနှင့် ရခိုင်ယူနိုက်တက်အသင်း အမှတ်ပေးဇယား ပထမနေရာလုမည်

■ သောကြာ

**ရန်ကုန်၊ မတ် ၂၇**

၂၀၁၄ မြန်မာနေရှင်နယ်လိဂ် -၂ ပွဲစဉ် ၉ ပထမအကျော့ နောက်ဆုံးပွဲစဉ်တွင် အမှတ်ပေးဇယား ပထမနေရာမှ ဟံသာဝတီအသင်းနှင့် ဒုတိယနေရာမှ ရခိုင်ယူနိုက်တက်အသင်းတို့ တွေ့ဆုံနေပြီး အနိုင်ရရှိသည့် အသင်းမှာ နေရှင်နယ်လိဂ်-၂ ရာသီဝက်ချန်ပီယံဖြစ်ခွင့် ရရှိမည်ဖြစ်သည်။

ဟံသာဝတီအသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့မှာ မတ် ၂၈ ရက်၊ ညနေ ၃း၃၀ နာရီခွဲတွင် ပဒုမ္မာဘောလုံးကွင်း၌ ကစားမည်ဖြစ်ပြီး စလင်းကွင်းတွင် မြဝတီအသင်းနှင့် ငွေကြယ်ပွင့်လေးများအသင်းတို့ ကစားမည် ဖြစ်သည်။ မတ် ၂၉ ရက်တွင် ယူ-၁၉ အသင်းနှင့် ဒဂုံအက်ဖ်စီအသင်း၊ မတ် ၃၀ ရက်တွင် Best United အသင်းနှင့် မောရဝတီအသင်းတို့ ကစားကြမည်ဖြစ်သည်။ ကျောင်းသားများဖြင့် ဖွဲ့စည်းထားသည့် တက္ကသိုလ်လက်ရွေးစင်အသင်းမှာ ကစားသမားများ စာမေးပွဲဖြေဆိုရန်ရှိသဖြင့် ၎င်းတို့ကစားမည့်ပွဲစဉ်များအား လာမည့် ဧပြီနှင့်မေလများသို့ ရွှေ့ဆိုင်းထားသည်။ လက်ရှိအချိန်တွင် အမှတ်ပေးဇယား ပထမနေရာကို ဟံသာဝတီအသင်းက ရမှတ် ၂၂ မှတ်ဖြင့် ဦးဆောင်နေပြီး ဒုတိယနေရာတွင် ရခိုင်ယူနိုက်တက်အသင်းက ရမှတ် ၂၀ ဖြင့် ရပ်တည်နေသည်။ အမှတ်ပေးဇယား တတိယနေရာတွင် လက်ရွေးစင် ယူ-၁၉ အသင်းက ရမှတ် ၁၉ မှတ်ဖြင့် ရပ်တည်နေပြီး စတုတ္ထနေရာတွင် ဒဂုံအက်ဖ်စီအသင်းက တစ်ပွဲလျော့ ရမှတ် ၁၂ မှတ်ဖြင့် ရပ်တည်နေသည်။ ■

## ၂၀၁၄ ခုနှစ်အတွင်းအခြေခံ ရွက်လှေသင်တန်းသုံးခု ဖွင့်လှစ်မည်

■ သောကြာ

**ရန်ကုန်၊ မတ် ၂၇**

မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်အနေဖြင့် မျိုးဆက်သစ် ရွက်လှေကစားသမားများ ထွက်ပေါ်လာစေရန်ရည်ရွယ်ပြီး ၂၀၁၄ ခုနှစ်အတွင်း အခြေခံရွက်လှေသင်တန်း သုံးခု ဖွင့်လှစ်ရန် စီစဉ်ထားသည်ဟု မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ် နွေရာသီအခြေခံ ရွက်လှေသင်တန်းမှူး ဦးစိုင်းပြည့်စုံဟိန်းက မဇ္ဈိမသို့ပြောသည်။

လက်ရှိအချိန်တွင် မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်အနေဖြင့် အင်းလျားကန် ရွက်လှေအဖွဲ့ချုပ်တွင်၂၀၁၄ ခုနှစ် နွေရာသီ အခြေခံရွက်လှေသင်တန်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ ဦးစိုင်းပြည့်စုံဟိန်းက "ရွက်လှေသင်တန်းကို သုံးခုလောက်ဖွင့်ဖို့ လျာထားတယ်။ အခုဖွင့်နေတဲ့ နွေရာသီသင်တန်းရယ်၊ သီတင်းကျွတ် ကျောင်းပိတ်ရက်မှာ ရွက်လှေသင်တန်းတစ်ခုရှိမယ်။ ဒီဇင်ဘာကျောင်းပိတ်ရက်မှာလည်း ဖွင့်ဖို့ လျာထားတယ်။ ၁၅ နှစ်အောက် လက်ရွေးစင် မျိုးဆက်သစ်လေးတွေလိုချင်တဲ့ အတွက် ကျောင်းတွေကိုပဲ အခြေခံရတယ်။ ကျောင်းပိတ်ရက်တွေမှာ သင်တန်းလေးတွေ ဖွင့်ပေးဖို့ ရည်ရွယ်ပါတယ်။ သင်တန်းတစ်ခုထဲကနေတော့ လိုချင်တဲ့ မျိုးဆက်သစ် အင်အားအလုံအလောက်ရဖို့တော့ မလွယ်ပါဘူး။ အယောက် ၅၀ ကို သင်ပေးရင် အဲထဲက နှစ်ယောက်၊ သုံးယောက်လောက်ပဲ အားကိုးရတဲ့လူရှိမယ်။ ဒါမှမဟုတ် စိတ်ပါဝင်စားတဲ့သူရှိမယ်" ဟု ပြောသည်။

ရွက်လှေကစားနည်းတွင် အသက် ၁၅ နှစ်အောက် ဂျူနီယာကစားသမားများ ကစားရသည့် ကစားနည်းများ ပါဝင်နေသဖြင့် မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်အနေဖြင့် မျိုးဆက်သစ်အသက်၁၅ နှစ်အောက် ကစားသမားများ မွေးထုတ်လိုနေခြင်းလည်း ဖြစ်သည်။ ■

## အာရှပီတန်းချန်ပီယံရှစ်ပြိုင်ပွဲ ဆီးဂိမ်းလက်ရွေးစင် ကစားသမားလေးဦးနှင့် မြန်မာပြိုင်မည်

■ သောကြာ

**ရန်ကုန်၊ မတ် ၂၇**



၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲ၏ အမျိုးသမီး သုံးယောက်တွဲပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နေသော မြန်မာအသင်း။

လာအိုနိုင်ငံတွင် ဧပြီ ၈ ရက်မှ ၁၂ ရက်ထိကျင်းပမည့် ၂၀၁၄ ပထမအကြိမ် အာရှပီတန်းချန်ပီယံရှစ်ပြိုင်ပွဲသို့ မြန်မာပီတန်း အားကစားအဖွဲ့အနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ဝင်ရောက်ယှဉ်ပြိုင်မည့် ကစားသမား ခြောက်ဦးအနက် လေးဦးမှာ ၂၀၁၃ ဆီးဂိမ်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ကစားသမားများဖြစ်သည်ဟု မြန်မာ့လက်ရွေးစင် ပီတန်းအားကစားအဖွဲ့ အုပ်ချုပ်သူ ဦးနေမျိုးလွင်က မဇ္ဈိမသို့ ပြောသည်။

လက်ရွေးစင် ပီတန်း အားကစားအဖွဲ့ အနေဖြင့် ပြိုင်ပွဲတွင် အမျိုးသားတစ်ယောက်တွဲ၊ အမျိုးသမီးတစ်ယောက်တွဲ၊ အမျိုးသား နှစ်ယောက်တွဲနှင့် အမျိုးသမီး နှစ်ယောက်တွဲ ပြိုင်ပွဲများတွင် ဝင်ပြိုင်မည်ဖြစ်သည်။

ဦးနေမျိုးလွင်က "အမျိုးသားသုံးယောက်နဲ့ အမျိုးသမီးသုံးယောက် ဝင်ပြိုင်မှာပါ။ အမျိုးသမီးသုံးယောက်က ပြီးခဲ့တဲ့ဆီးဂိမ်း ဝင်ပြိုင်ခဲ့တဲ့ လက်ရွေးစင် ကစားသမားတွေပါ။ အမျိုးသားသုံးယောက်မှာတော့ တစ်ယောက်က ဆီးဂိမ်းမှာ ရွှေရခဲ့တဲ့ကစားသမားပါ။ ကျန်တဲ့နှစ်ယောက်ကတော့ ပဏာမ လက်ရွေးစင်အဆင့်ထိပါခဲ့တဲ့ ကစားသမားတွေပါ" ဟု ပြောသည်။

မြန်မာ့လက်ရွေးစင်ပီတန်းအားကစားအဖွဲ့အနေဖြင့် ဧပြီ ၈ ရက်တွင် မြန်မာနိုင်ငံမှ ထွက်ခွာမည်ဖြစ်ပြီး အုပ်ချုပ်သူ ဦးနေမျိုးလွင်၊ နည်းပြဦးသန်းထွဋ်နှင့် ကစားသမားခြောက်ဦး လိုက်ပါမည်ဖြစ်သည်။■

mizzima Daily
အတွဲ ၃၊ အမှတ် ၂၀
www.mizzimaburmese.com

## Challenge Cup အကြို ကစားမည့် မြန်မာ အသင်း၏ ခြေစမ်းပွဲ အားလုံးပျက်ပြယ်

■ ရဲရင့်ဒွေး
**ရန်ကုန်၊ မတ် ၂၇**

AFC Challenge Cup ပြိုင်ပွဲ အကြိုကစားရန် စီစဉ်ထားသော ခြေစမ်းပွဲများအားလုံး ပျက်ပြယ်သွားပြီဟု မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မီဒီယာတာဝန်ခံ ဦးဇော်မင်းထိုက်က မဇ္ဈိမသို့ပြောသည်။

မြန်မာအသင်းအနေဖြင့် မလေးရှား၊ အင်ဒိုနီးရှား အသင်းတို့နှင့်ကစားရန် အစီအစဉ်ပျက်ပြယ်ခဲ့ပြီးနောက် အာဖဂန်နစ္စတန်နှင့် တာ့မင်နစ္စတန် အသင်းတို့ကို ဖိတ်ကြားခဲ့သော်လည်းယခုအခါ အဆိုပါအသင်းများမှ လာရောက်နိုင်မည်မဟုတ်ဟု အကြောင်းပြန်ခဲ့သည်။ "မြန်မာအသင်းခြေစမ်းပွဲတွေအားလုံး ပျက်သွားပါပြီ။ ကျွန်တော်တို့ဖိတ်ထားတဲ့ တာ့မင်နစ္စတန်နဲ့ အာဖဂန်နစ္စတန်တို့ကလည်း လာမကစားနိုင်ဘူးလို့ အကြောင်းပြန်ထားပါတယ်။ ဒါကြောင့် ခြေစမ်းပွဲတစ်ပွဲမှမကစားနိုင်တော့ပါဘူး။ လက်ရွေးစင်အသင်းလူစာရင်းကတော့ ဧပြီလအတွင်း ထုတ်ပြန်မယ်ပြောတယ်" ဟု ဦးဇော်မင်းထိုက်ကဆိုသည်။

AFC Challenge Cup ပြိုင်ပွဲမတိုင်မီ ခြေစမ်းပွဲများကစားရန်ပျက်သွားသည့်အတွက် မြန်မာအသင်းအနေဖြင့် ထိုင်းနိုင်ငံသို့ တစ်ပတ်ကြာသွားရောက်လေ့ကျင့်မည်ဖြစ်သည်။ မြန်မာအသင်း၏ ထိုင်းခြေစမ်းခရီးစဉ်ကို မေလ ၇ ရက်မှ ၁၄ ရက်အထိ သွားရောက်မည်ဖြစ်ပြီး ထိုင်းနိုင်ငံတွင် ခြေစမ်းပွဲကစားရန်လည်း ထိုင်းဘောလုံးအဖွဲ့ချုပ်က စီစဉ်ပေးမည်ဖြစ်သည်။ "ထိုင်းဘောလုံးအဖွဲ့ချုပ်ကို စာပို့ပြီးသွားပြီ။ သူတို့ဘက်က ကူညီမယ်လို့ ကတိပေးထားတယ်။ ဒေသတွင်း အသင်းတစ်သင်းနဲ့ပဲ ခြေစမ်းပွဲကစားမှာပါ" ဟု ဦးဇော်မင်းထိုက်က ထိုင်းခြေစမ်းခရီးနှင့် ပတ်သက်ပြီး ရှင်းလင်းပြောကြားသည်။ မြန်မာအသင်းနည်းပြ အေဗရာမိုဗစ်အနေဖြင့် AFC Challenge Cup ပြိုင်ပွဲတွင် အောင်မြင်မှုရရန် ရည်မှန်းထားပြီး လေ့ကျင့်ချိန် နှစ်ပတ်ယူထားသည်။ မြန်မာအသင်းသည် AFC Challenge Cup အုပ်စု(က)တွင် အိမ်ရှင်မော်လ်ဒိုက်၊ ကာဇက်စတန်၊ ပါလက်စတိုင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေသည်။ ■



*Protect the Goal စာတန်းပါဘောလုံးတွင်အမှတ်တရလက်မှတ်ရေးထိုးနေသော ဦးဇော်ဇော်။* ***(ဓာတ်ပုံ–ဟိန်းထက်)***

# မြန်မာနေရှင်နယ်လိဂ်တွင် HIV ပိုးရှိသော ကစားသမားတစ်ဦးကစားနေဟု ဦးဇော်ဇော်ပြော

■ ရဲရင့်ဒွေး
**ရန်ကုန်၊ မတ် ၂၇**

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင် HIV Positive ရှိသော ကစားသမားတစ်ဦး ပါဝင်ကစားနေသည်ဟု မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က မတ်လ ၂၆ ရက်က ဆီဒိုးနားဟိုတယ်တွင် ကျင်းပသော Protect the Goal Programme သတင်းစာရှင်းလင်းပွဲတွင် ဝန်ခံပြောကြားခဲ့သည်။

"မြန်မာနေရှင်နယ်လိဂ် ကလပ်တွေထဲ မှာ HIV Positive ရှိတဲ့ ကစားသမားတစ်ဦး ရှိပါတယ်။ သူ့ကို ကျွန်တော်တို့ ပစ်ပယ်မထားပါဘူး။ ဘောလုံးအသိုင်းအဝိုင်းထဲကိုပြန်ခေါ်ပြီး နွေးနွေးထွေးထွေးနဲ့ ဝိုင်းဝန်းကူညီထားပါတယ်။ သူ့ရဲ့အမည်နဲ့ ကလပ်အသင်းကိုတော့ ကျင့်ဝတ်အရ ထုတ်မပြောချင်ပါဘူး" ဟု ဦးဇော်ဇော်က ဆိုသည်။

အဆိုပါကစားသမားမှာ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲစတင်ကျင်းပစဉ်က ထိပ်တန်းကလပ်အသင်းတစ်သင်းတွင် ကစားခဲ့ပြီး ဘောလုံးလောကမှ တစ်နှစ်ခန့် အနားယူခဲ့ကာ ၂၀၁၂ ဘောလုံးရာသီမှ စတင်ပြီး လက်ရှိအချိန်အထိ ဘောလုံးလောကတွင် ကျင်လည်နေသည်။ ယခုကဲ့သို့ HIV Positive ရှိသော ကစားသမားတစ်ဦး မြန်မာနေရှင်နယ်လိဂ်တွင် ကစားခွင့်ရနေခြင်းမှာ ကောင်းမွန်သောအခွင့်အရေးဖြစ်ပြီး ကျန်ကစားသမားများအတွက်လည်း အန္တရာယ်မရှိနိုင်ဟု မြန်မာနိုင်ငံအမျိုးသား HIV အစီအစဉ်၏ ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားလှယ် ဒေါက်တာမျိုးသန့်က ပြောသည်။ "ဒါက အဖွဲ့အစည်းတိုင်းအတွက် စံနမူနာပါ။ ကျွန်တော်တို့နိုင်ငံမှာက ရောဂါရှင်တွေကို ပစ်ပယ်တတ်ကြတယ်။ သူ့အနေနဲ့ လိုအပ်တဲ့ကြံ့ခိုင်မှုကို ထိန်းသိမ်းနိုင်မယ်ဆိုရင် ဘောလုံးဆက်ကစားနေနိုင်မှာပါ။ အခြားကစားသမားတွေအတွက်လည်း ဘာအန္တရာယ်မှမပေးနိုင်ပါဘူး" ဟု ဒေါက်တာမျိုးသန့်က ပြောသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် HIV ရောဂါပိုးနှင့်ပတ်သက်ပြီး လူငယ်များအတွင်း အသိပညာဗဟုသုတတိုးပွားစေရန်အတွက် အာရှဘောလုံးအဖွဲ့ချုပ်၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ ကုလသမဂ္ဂဆိုင်ရာ အေအိုင်ဒီအက်စ် အစီအစဉ် (UNAIDS)၊ မြန်မာနိုင်ငံအမျိုးသား HIV အစီအစဉ် စသည့်အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး "Protect the Goal" အစီအစဉ်ကိုလည်း ဆောင်ရွက်နေသည်။ ■



mizzima women
မဇ္ဈိမ အမျိုးသမီးကဏ္ဍ အချပ်ပို
အတွဲ ၃ ၊ အမှတ် ၂၁။ ၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်၊ သောကြာနေ့ (၂၈-၃-၂၀၁၄)
www.mizzimaburmese.com

# အမျိုးသမီးများ၏ အခွင့်အရေးနှင့် ဥပဒေ



ဆောင်းပါးရှင် ရှေ့နေဒေါ်လှလှရီ(Youth Legal Clinic)

မြန်မာနိုင်ငံသည် အင်္ဂလိပ် Common Law System ကို ကျင့်သုံးလျက်ရှိပါသည်။ Common Law System ဆိုသည်မှာ အင်္ဂလိပ်ရိုးရာ ဥပဒေစနစ် ဖြစ်ပြီးယခင် စီရင်ဆုံးဖြတ်ခဲ့သော စီရင်ထုံးများကို ကိုးကား၍ နောက်အမှုများကို စီရင်ဆုံးဖြတ်ခြင်း ဖြစ်ပါသည်။ တရားဥပဒေစိုးမိုးမှု အားနည်းသော မည်သည့်နိုင်ငံတွင်မဆို တရားစီရင်ဆုံးဖြတ်ရာတွင် လာဘ်ပေးယူမှုများ ရှိနေ၍ အမှုစီရင် ဆုံးဖြတ်သည့်အခါ ဘက်လိုက်မှုများဖြင့် တရားမျှတမှု ရရှိရန်မှာ အလွန်ပင်ခဲယဉ်းလှပါသည်။

အထူးသဖြင့် Common Law System ကို ကျင့်သုံးသော နိုင်ငံများတွင် တရားသူကြီးများ၏ စီရင်ဆုံးဖြတ်ချက်များမှာ တစ်သဘောတည်း တရားမျှတစွာ ဆုံးဖြတ်ရန်မှာ အလွန်အရေးကြီးလှပါသည်။

ကျွန်မတို့နိုင်ငံသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ နိုင်ငံတော်သစ်ဆီသို့ တည်ဆောက်နေချိန်တွင် တရားဥပဒေစိုးမိုးရေးမှာ အရေးကြီးသော အခန်းကဏ္ဍတစ်ရပ်အဖြစ် အကောင်အထည်ဖော်ရန် လိုအပ်လျက် ရှိပါသည်။

၎င်းအကောင်အထည်ဖော်ရန်အတွက် တရားစီရင်ရေးယန္တရားတွင် ပါဝင်ပတ်သက်နေသော လူပုဂ္ဂိုလ်များ၊ သက်ဆိုင်ပတ်သက်သော ဌာနဆိုင်ရာများရှိ ဝန်ထမ်းများသည်လည်း အရေးကြီးသော အခန်းကဏ္ဍတွင် ပါဝင်လျက်ရှိပါသည်။ (ဥပမာ-တရားသူကြီးများ၊ ရှေ့နေများ၊ ဥပဒေအရာရှိများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ၎င်းဌာနများတွင် လုပ်ကိုင်နေသော ဝန်ထမ်းများ ပါဝင်ပါသည်။) ကျွန်မတို့၏ အရှေ့တောင်အာရှနိုင်ငံ အချို့တွင်လည်း လာဘ်ပေးလာဘ်ယူမှုများ ရှိကြသည်။

ကျွန်မတို့အနေဖြင့် ယခင် အစိုးရလက်ထက်တွင် အားနည်းချက် လာဘ်စားမှုများကိုပြောနေကြမည့်အစား ယခုကောင်းမွန်သော အစိုးရသစ်လက်ထက်တွင် တရားဥပဒေစိုးမိုးမှု၊ အကောင်အထည်ဖော်မှုများကို နိုင်ငံသားကောင်းပီသစွာ မည်သို့ကူညီဆောင်ကြဉ်းပေးသွားရမည်ကို စဉ်းစားထားရန် လိုအပ်ပါသည်။ ကျွန်မတို့၏ နိုင်ငံတော်သမ္မတကြီးက ၂၀၁၁ ခုနှစ်၊ မတ်လတွင် ပြောကြားခဲ့သည့် အဖွင့်မိန့်ခွန်းတွင် "တရားဥပဒေ တိုးတက်ဖြစ်ထွန်းရေးအတွက် နိုင်ငံတော်၏ကတိကဝတ်ပြုမှုကို ရောင်ပြန်ဟပ်စေကြောင်းနှင့် အခြားအရေးကြီးသည့်ကိစ္စတစ်ရပ်မှာ တရားဥပဒေစိုးမိုးရေးဖြစ်ပြီး ယင်းမှာ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးတွင် မရှိမဖြစ်လိုအပ်လှပါသည်" ဟု မိန့်ကြားခဲ့ပါသည်။

သို့ပါ၍ ယခုအစိုးရသစ် လက်ထက်တွင် တရားဥပဒေစိုးမိုးရေးကို အနှောင့်အယှက်ဖြစ်စေမည့် အတားအဆီး(လာဘ်ပေးလာဘ်ယူမှု)များကို တိုက်ဖျက်ရန် ပေါ်လစီများချမှတ် အကောင်အထည်ဖော်သွားမည်ဟု ယုံကြည်မျှော်လင့်ရပါသဖြင့် မကြာတော့သော အချိန်တွင် တရားဥပဒေစိုးမိုးသော ဒီမိုကရေစီနိုင်ငံတော်အဖြစ် မြင်တွေ့လာရမည် ဖြစ်ပါကြောင်း တင်ပြရင်း အမျိုးသမီးများနှင့် သက်ဆိုင်သော ဥပဒေတချို့ကို ဆက်လက် ဆွေးနွေးတင်ပြသွားမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ၅၀ ဒသမ ၇ ရာခိုင်နှုန်း ရှိသော အမျိုးသမီးထုအတွက် အမျိုးသမီးများကာကွယ်ရေးဥပဒေ (WPL) နှင့် အိမ်တွင်းအကြမ်းဖက်မှုဥပဒေ(DVL) ဟူ၍ မရှိသေးပါကြောင်း၊ သို့ရာတွင် အမျိုးသမီးများအတွက် ကာကွယ်ပေးထားသော ဥပဒေများ၊ ပုဒ်မများရှိပါကြောင်း ဦးစွာတင်ပြလိုက်ပါသည်။

(၁) အမျိုးသမီးများ၏ ကာယိန္ဒြေဖျက်ဆီးမှုကို အကာအကွယ် ပေးထားသောပုဒ်မများကို ပြစ်မှုဆိုင်ရာဥပဒေ (Penal Code) တွင် ပြဌာန်းထားပါသည်။

၎င်းပုဒ်မ (၅၀၉၊ ၃၅၄) တို့အရ (အမျိုးသမီး တစ်ယောက်အား ကိုယ်ထိလက်ရောက်စော်ကားရန် မပြောနှင့်) နှုတ်ဟန်အမူအရာဖြင့်ပင် စော်ကားခွင့် မရှိကြောင်း တွေ့ရမည် ဖြစ်ပါသည်။ ကျွန်မအနေဖြင့် အားနည်းချက်အချို့ကို ထောက်ပြရလိမ့်မည်။

- အမျိုးသမီးများမှာ ကာကွယ်ပေးထားသော ဥပဒေပုဒ်မများ ရှိနေသည်ကို မသိရှိခြင်း။

-စော်ကားခံရလျှင် ရဲအရေးပိုင်သည့်အတွက် တရားရုံးသို့ တိုင်တန်းစွဲဆိုရမည်ဖြစ်သောကြောင့် အချိန်မပေးနိုင်ခြင်း၊ တရားရုံးများနှင့် သဟဇာတမဖြစ်ခြင်း (ရှက်ကြောက်ခြင်း၊ ကြောက်ရွံ့ခြင်း)၊

- ငွေကြေးမတတ်နိုင်ခြင်း၊ သက်သေတင်ပြရန် အခက်အခဲရှိခြင်း၊

- လူမှုပတ်ဝန်းကျင်က ဖုံးဖိရန်၊ မျက်ကွယ်ပြုရန်၊ လျစ်လျူရှုရန်တွန်းအားပေးခြင်း၊ ကျေအေးခိုင်းခြင်း၊

- ပြစ်ဒဏ်နှင့် ငွေဒဏ်အချို့မှာ ခေတ်နှင့်မလျော်ညီတော့သဖြင့် ပြင်ဆင်ရန် လိုအပ်ခြင်းစသည့် အထက်ဖော်ပြပါ အခက်အခဲများကြောင့် လက်တွေ့တွင် အမျိုးသမီးများအတွက် ကျင့်သုံးရန် ခက်ခဲလျက်ရှိပါသည်။

တစ်ဆက်တည်း တင်ပြလိုသည်မှ အမျိုးသမီးများ၏ စိတ်ရောကိုယ်ပါ ထိခိုက်ခံစားရသော မုဒိမ်းမှုများတွင် အိမ်ထောင်ဖက် လင်ယောကျ်ားအား အရေးယူတိုင်တန်း၍မရခြင်း၊ အလိုမတူ ပြုကျင့်ခံရသော မုဒိမ်းမှုများစွဲဆိုတိုင်တန်းမှုများ ရှိနေသော်လည်း တရားရုံးသို့ မရောက်ရှိသော လိင်ပိုင်းမတရားပြုကျင့်မှုများ ရှိနေသေးပါကြောင်း အဓိက အတားအဆီးအချို့ကို တင်ပြရလျှင်-

- လူအသိုင်းအဝိုင်း၏ ကဲ့ရဲ့ ရှုတ်ချမှုကို ကြောက်ရွံ့၍ ဖုံးဖိရန် ကြိုးစားခြင်း၊ ဖိအားပေးခံရခြင်း၊

- ၎င်းကဲ့သို့ ပြုကျင့်ခံရသူများအတွက် ကူညီဆောင်ရွက်ပေးသော ဥပဒေအဖွဲ့များ ရှိမနေခြင်း(နည်းနေခြင်း) သတင်းအချက်အလက်များ မရရှိခြင်း၊

- ရဲစခန်း၏ ထောက်ခံချက်ဖြင့်သာ စစ်ဆေးမှုခံယူရခြင်း၊

- တာဝန်ကျ ဆရာဝန်များမှာ ခန္ဓာကိုယ်အား အသေးစိတ် စစ်ဆေးမည်ကို ရှက်ကြောက်ခြင်း၊

- ကျန်းမာရေးစောင့်ရှောက်မှု ပြည့်ဝစွာ မရရှိခြင်း၊

- တရားရုံးတွင် စစ်မေးရာတွင် တစ်ဖက်ရှေ့နေ၏ ဂုဏ်သိက္ခာ ထိခိုက်စေသော၊ အရှက်ရစေသော မေးခွန်းများ အမေးခံရခြင်း စသည်တို့ဖြစ်ပါသည်။

(၂) လက်ထပ် ထိမ်းမြားခြင်းနှင့် ကွာရှင်းခွင့်ကို ဆက်လက်ဆွေးနွေးရလျှင် ကျွန်မတို့နိုင်ငံ၏ လက်ထပ်ထိမ်းမြားခြင်းသည် ကိုးကွယ်သည့်ဘာသာအပေါ်တွင် မူတည်၍ လက်ထပ်ထိမ်းမြားမှု ပုံစံနှင့် အသက်အပိုင်းအခြား ကွဲပြားပါသည်။ ဗုဒ္ဓဘာသာဝင် အမျိုးသမီးတစ်ဦးသည် မိဘအုပ်ထိန်းသူ၏ ခွင့်ပြုချက်မရလျှင် အသက် ၂၀ ပြည့်မှသာ လက်ထပ်ခွင့်ရှိပြီး ယောကျ်ား၏အသက်မှာ အကန့်အသတ် မရှိပါ။ အစ္စလာမ်ဘာသာဝင်များအတွက် အသက် ၁၅ နှစ်ပြည့်လျှင် အရွယ်ရောက်သူဟု သတ်မှတ်၍ လက်ထပ်နိုင်သည်။ ခရစ်ယာန် ဘာသာဝင်များတွင် ယောကျ်ား၏ အသက်မှာ ၁၆ နှစ်အထက်ဖြစ်ပြီး မိန်းကလေး၏အသက်မှာ ၁၃ နှစ်အထက်ဖြစ်လျှင် မိဘအုပ်ထိန်းသူ၏ သဘောတူခွင့်ပြုချက်ဖြင့် ထိမ်းမြား လက်ထပ်နိုင်ပါသည်။ ဟိန္ဒူ ဘာသာဝင်တို့သည် အမျိုးသား၊ အမျိုးသမီးများ အသက် ၁၆ နှစ် ပြည့်လျှင် လက်ထပ်နိုင်သည်။

ပဋိညာဉ်အက်ဥပဒေအရ အသက် ၁၈ နှစ်ပြည့်လျှင် အရွယ်ရောက်သူဟု သတ်မှတ်ပြီး သဘောတူစာချုပ်များကို ပြုလုပ်ခွင့်ရှိသော်လည်း ဗုဒ္ဓဘာသာဝင် အမျိုးသမီးတစ်ဦးသည် အသက် ၂၀ ပြည့်မှသာ လက်ထပ်ခြင်း သဘောတူ ပဋိညာဉ်ကို ပြုလုပ်ရမည်ဟု ဖော်ပြထားသဖြင့် ၎င်းနှစ်ခု၏ ဖော်ပြချက် ကွဲလွဲမှုမှာလည်း စဉ်းစားရန် လိုအပ်သောအချက်ဖြစ်ပါသည်။

တစ်ဆက်တည်း တင်ပြလိုသည်မှာ ဗုဒ္ဓဘာသာဝင် မြန်မာအမျိုးသမီး တစ်ယောက်သည် မည်သည့်ဘာသာဝင်နှင့်မဆိုလက်ထပ်နိုင်ပြီး အမွေဆက်ခံခြင်းနှင့် ပတ်သက်၍ ၁၉၅၄ ခုနှစ်၊ ဗုဒ္ဓဘာသာဝင် မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှုအက်ဥပဒေက အကာအကွယ်ပေးထားသော်လည်း အခြားဘာသာဝင် အမျိုးသမီးများအတွက် ပြဌာန်း ဥပဒေ မရှိသေးပါ။

ကွာရှင်းပြတ်စဲသော အမှုများကို လေ့လာပါက အမှုတစ်ခုစီတွင် တစ်မျိုးစီဖြင့် ဆုံးဖြတ်ထားမှု ရှိသော်လည်း ယောကျ်ားဖြစ်သူက ပထမ မယား၏ ခွင့်ပြုချက်မရဘဲ ဒုတိယမယားယူလျှင် ပထမ မယားက ကွာရှင်းခွင့်ရကြောင်း မြန်မာ့ဓလေ့ထုံးတမ်းဥပဒေတွင်ဖော်ပြထားသည်။ အကြောင်းတစ်စုံတစ်ရာမရှိဘဲ ကွာရှင်းခွင့်ရရန် ခဲယဉ်းလှပါသည်။ တစ်ဆက်တည်း ဆွေးနွေး တင်ပြလိုသည်မှာ လက်ရှိတွင် ရင်ဆိုင်နေရသော လင်ယောကျ်ားတချို့၏ သစ္စာမဲ့မှုများကြောင့် စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ထိခိုက်မှုများ ခံစားနေကြရသော အမျိုးသမီးများ၏ အခြေအနေကိုလည်း ထည့်သွင်းစဉ်းစားရန် လိုအပ်လှပါသည်။

ယောကျ်ား၏ ဖောက်ပြန်မှုကို တွေ့ရှိသော်လည်း မိန်းမအနေဖြင့် ကွာရှင်းခွင့်တောင်းရုံကလွဲပြီး ရွေးချယ်စရာလမ်းမရှိဘဲ လင်ရှိမိန်းမက တခြားယောကျ်ားနှင့် ဖောက်ပြန်လျှင် ဖောက်ပြန်သော

အချပ်ပို ၂ သို့




*ဗျူဟာချမှတ်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲမှ WON နှင့် WLB အဖွဲ့ဝင်များ။*

# ပြည်တွင်း/ပြည်ပအခြေစိုက် အမျိုးသမီး အဖွဲ့များ ဗျူဟာချမှတ်ရေး ဆွေးနွေး

■ မဇ္ဈိမသတင်းအဖွဲ့

ရန်ကုန်မြို့အခြေစိုက် အမျိုးသမီးအဖွဲ့များကွန်ရက်(မြန်မာ)-WON နှင့် ထိုင်းနိုင်ငံ(ချင်းမိုင်)အခြေစိုက် အမျိုးသမီးများအဖွဲ့ချုပ်(မြန်မာနိုင်ငံ)- WLB အဖွဲ့အစည်းတို့ ပူးပေါင်း၍ ဗျူဟာချမှတ်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို မတ်လ ၂၅ ရက်နှင့် ၂၆ ရက်များတွင်ရန်ကုန်မြို့၌ ပြုလုပ်ခဲ့ကြသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် တစ်ဖွဲ့ချင်းစီ၏ အားသာချက်၊ အားနည်းချက်၊ အခွင့်အလမ်းနှင့် စိန်ခေါ်မှုများကို ထုတ်ဖော်ဆွေးနွေးခြင်း၊ တစ်ဖွဲ့ချင်းစီ၏ ရပ်တည်ချက်နှင့် လုပ်ငန်းစဉ်များအပေါ် လေ့လာခြင်း၊ နှစ်ဖွဲ့အတူ ပူးတွဲဆောင်ရွက်နိုင်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးခြင်းတို့အပြင် အချင်းချင်းနားလည်မှုတည်ဆောက်ခြင်းစသည်တို့ကို ဆွေးနွေးခဲ့ကြသည်။

အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ရသည့် ရည်ရွယ်ချက်ကိုပြောကြားရာတွင် WON ၏သဘာပတိဖြစ်သူ ဒေါ်ရွှေရွှေစိန်လတ်က "အမျိုးသမီးများအရေးကို ဆောင်ရွက်နေတဲ့ ဒီနှစ်ဖွဲ့အချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ပိုမိုအားကောင်းလိမ့်မယ်။ ပြည်တွင်း/ပြည်ပ၊ မြို့ပေါ်နဲ့ နယ်ဒေသတွေမှာ ပိုပြီးကျယ်ကျယ်ပြန့်ပြန့် လွှမ်းခြုံနိုင်လိမ့်မယ်လို့ ယူဆတယ်"ဟု ဆိုသည်။

နှစ်ရက်တာ အလုပ်ရုံဆွေးနွေးပွဲအပြီးတွင် WON နှင့် WLB ပူးတွဲ၍ အမျိုးသမီးနှင့် ငြိမ်းချမ်းရေး၊ အမျိုးသမီးနှင့် နိုင်ငံရေး၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ဆန့်ကျင်ရေး ၊ CEDAW စောင့်ကြည့်ရေး လုပ်ငန်းစဉ်များကို လုပ်ဆောင်ရန် သဘောတူခဲ့ကြသည်။

WLB ၏ အထွေထွေအတွင်းရေးမှူးဖြစ်သူ ဒေါ်တင်တင်ညိုက "အခုလို ဆွေးနွေးဖြစ်တဲ့အပေါ်မှာ ကျေနပ်အားရမှုဖြစ်ပါတယ်။ ကျွန်မတို့အပေါ်မှာ နွေးထွေးစွာကြိုဆိုကြတဲ့အတွက် ဝမ်းလည်းသာတယ်။ ဒီဆွေးနွေးပွဲဟာ မြန်မာနိုင်ငံမှာ အမျိုးသမီးများလှုပ်ရှားမှု မြှင့်တင်ဖို့ ခြေလှမ်းတစ်ခုဖြစ်တယ်လို့ ခံယူပါတယ်"ဟု ယခုဆွေးနွေးပွဲဖြစ်မြောက်ခဲ့ခြင်းနှင့် ပတ်သက်၍ ကျေနပ်မှုရှိကြောင်း ပြောကြားခဲ့သည်။

အမျိုးသမီးများအဖွဲ့ချုပ်(မြန်မာနိုင်ငံ) WLB ကို ၁၉၉၉ ခုနှစ်တွင် ထိုင်း၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နယ်စပ် အခြေစိုက် မြန်မာတိုင်းရင်းသူအဖွဲ့ ၁၃ ဖွဲ့ဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ပြီး အမျိုးသမီးအဖွဲ့အစည်းများကွန်ရက်(မြန်မာ) WON ကို ၂၀၀၈ ခုနှစ်တွင် ပြည်တွင်းအခြေစိုက် အမျိုးသမီးအဖွဲ့များဖြင့် ဖွဲ့စည်းခဲ့ပြီး ယခုအချိန်တွင် အဖွဲ့ဝင် ၃၅ ဖွဲ့ရှိပြီဖြစ်သည်။ ■

အချပ်ပို ၁ မှ

ယောက်ျားကို အရေးယူမည်ဟု ပြဋ္ဌာန်းဥပဒေရှိသော်လည်း လင်ယောက်ျား၏ဖောက်ပြန်မှုကို အရေးယူရန် ပြဋ္ဌာန်းဥပဒေပုဒ်မ မရှိသေးပါ။

ယခုကဲ့သို့ တင်ပြရခြင်းသည် ယောက်ျားကဲ့သို့ဖောက်ပြန်ရန် အခွင့်အရေးကို တောင်းဆိုနေခြင်းမဟုတ်ဘဲ လက်ရှိအခြေအနေတွင် ဖောက်ပြန်တတ်သော၊ တာဝန်မဲ့တတ်သော ယောက်ျားတချို့အတွက် အရေးယူမှု လိုအပ်နေကြောင်း တင်ပြရခြင်း ဖြစ်ပါသည်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၄၈၈ အရ ဇနီး သို့မဟုတ် သားသမီးစရိတ်များမှာ တစ်လလျှင် ကျပ် ၁၀၀ ဟု သတ်မှတ်ချက်ရှိပါသဖြင့် ၎င်းဥပဒေပုဒ်မမှာ ခေတ်နှင့်မလျော်ညီတော့ပါသဖြင့် ပြင်ဆင်ရန်လိုအပ်လျက်ရှိပါသည်။

နောက်ဆုံးအနေဖြင့် တင်ပြသွားမည်မှာ အမျိုးသမီးကိုယ်ဝန်ဆောင်နှင့် ကလေးများအတွက် ဆွေးနွေးလိုပါသည်။ မြန်မာနိုင်ငံတွင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ဥပဒေပြဋ္ဌာန်းထားပြီး ဖြစ်သည့်အတွက် ယခု အစိုးရသစ်လက်ထက်တွင် ပိုပြီးလုပ်ဆောင်သွားဖို့ လိုအပ်ပါသည်။ နိုင်ငံတော်၏ အနာဂတ် မျိုးဆက်သစ်များပေါ်ထွန်းရန်အတွက် မိခင်နဲ့ကလေး စောင့်ရှောက်ရေး လုပ်ငန်းစဉ်များ တိုးမြှင့်ပေးခြင်းဖြင့် အနာဂတ်တွင်ကောင်းမွန်သော မျိုးဆက်သစ်များ ပေါ်ထွန်းလာစေမှာ ဖြစ်ပါသည်။ တစ်ဆက်တည်းပြောကြားလိုသည်မှာ ကိုယ်ဝန်ဆောင်များ၏ ကိုယ်ဝန်ဖျက်ချမှုများကြောင့် ကလေးရော လူကြီးပါ သေဆုံးမှုများကိုလည်း ထည့်သွင်းစဉ်းစားရမည် ဖြစ်ပါသည်။

ကျွန်မတို့ မြန်မာနိုင်ငံတွင် ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၃၁၂ မှ ၃၁၈ အထိ အမျိုးသမီးများ၏ ကိုယ်ဝန် ဖျက်ချရခြင်း၊ ပျက်စီးစေခြင်း၊ သားကြောဖြတ်ခြင်းစသည့် ကိုယ်ဝန်မတည်နိုင်အောင် ခွဲစိတ်ခြင်းများကို တားမြစ်ထားပါသည်။ လက်တွေ့တွင် တားမြစ်ထားသော အခြေအနေများကြောင့် တိတ်တဆိတ် ဖြေရှင်းနေမှုများရှိနေ၍ ကိုယ်ဝန်နှင့်လူကြီးများပါ အသက်ဆုံးရှုံးမှုများ ရှိနေပါသည်။ အထူးသဖြင့် ကျေးလက်နေ အမျိုးသမီးများမှာ ဆေးရုံနှင့် အလှမ်းဝေးကွာသဖြင့် ၎င်းကိစ္စများ မသိအောင်ဖြေရှင်းရာမှ အဆင်မပြေလျှင် ဆေးရုံ၊ ဆေးခန်းနှင့် အလှမ်းဝေးသဖြင့် အသက်ဆုံးရှုံးမှုများရှိနေပါသည်။

အချုပ်အားဖြင့်ဆိုရသော် ကျွန်မယနေ့တင်ပြသွားသည့် အကြောင်းအရာများသည် အမျိုးသမီးများနှင့် သက်ဆိုင်သော အကြောင်းအရာတချို့သာ ဖြစ်ပါကြောင်း၊ ဥပဒေတစ်ခု ရေးဆွဲပြဋ္ဌာန်းခြင်းမှာ လွယ်ကူလှသည် မဟုတ်သော်လည်း အထက်ပါ အကြောင်းအရာများအပြင် လက်တွေ့ဖြစ်ပေါ်နေသော အမျိုးသမီး၏ အခြေအနေများကို ထည့်သွင်း စဉ်းစားပြီး နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် လျော်ညီစွာ စီဒေါ (CEDAW)စာချုပ်ပါ အပိုဒ်များနှင့် ကိုက်ညီမှုရှိရန် လိုအပ်သော ဥပဒေတစ်ခု ဖြစ်လာစေရန် ကျွန်မတို့ ဝိုင်းဝန်းကြိုးစားအားထုတ်ရန် လိုအပ်ပါကြောင်း အကြံပြုရင်း နိဂုံးချုပ်အပ်ပါသည်။ ■

WCDI က ပံ့ပိုးကူညီသည်

# အမျိုးသမီးကဏ္ဍအတွက် ၂၀၁၄ အာဆီယံပြည်သူ့ဖိုရမ်က သဘောထားထုတ်ပြန်

■ မဇ္ဈိမသတင်းအဖွဲ့

ရန်ကုန်မြို့၊ မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ(MCC) ၌ မတ်လ ၂၁ ရက်မှ ၂၃ ရက်အထိ မြန်မာနိုင်ငံတွင် ပထမဆုံး ကျင်းပပြုလုပ်ခဲ့သည့် အာဆီယံပြည်သူ့ဖိုရမ် ၂၀၁၄ တွင် ပြုပြင်ပြောင်းလဲရေးလုပ်နေပါသည်ဆိုသည့်ကြားက မြန်မာအမျိုးသမီးအများအပြားသည် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု အန္တရာယ်များကို ရင်ဆိုင်နေကြရပြီး အထူးသဖြင့် ပဋိပက္ခဒေသများတွင် ပိုမိုအန္တရာယ်ရှိနေသည့်အတွက် အမျိုးသမီးကဏ္ဍနှင့် ပတ်သက်သည့် သဘောထားထုတ်ပြန်ကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။

ထိုကြေညာချက်တွင် အမျိုးသမီးများ အခန်းကဏ္ဍအတွက် ငြိမ်းချမ်းရေး၊ လူ့အခွင့်အရေးနှင့် တရားမျှတမှုတို့နှင့် ပတ်သက်၍ ထည့်သွင်းထားသည်။

ငြိမ်းချမ်းရေးကဏ္ဍ သဘောထားထုတ်ပြန်ကြေညာချက်တွင် အမျိုးသမီးများနှင့်ပတ်သက်သည့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက် အမှတ် ၁၃၂၅ တွင် ဖော်ပြထားသည့် မူဝါဒများ၊ အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံခြင်းအားလုံးကို ရပ်တန့်ရန် သဘောတူညီချက်၊ အကြံပြုချက် အမှတ် ၃၀ တို့နှင့်အညီ အမျိုးသမီးရေးရာကိစ္စ၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးစသည်တို့နှင့် ပတ်သက်ပြီး အမျိုးသားအဆင့် စီမံချက်တစ်ခုရေးဆွဲသင့်ကြောင်း၊ ကျောင်းတွင်း ပညာရေးနှင့် ကျောင်းပြင်ပ ပညာရေးအစီအစဉ်များတွင် အတန်းတိုင်း၊ အဆင့်တိုင်းအတွက် ကျား/မ တန်းတူရေးကိစ္စ၊ လူ့အခွင့်အရေးကိစ္စတို့ကို ပညာပေးသည့် သင်ခန်းစာများထည့်သွင်းရေးဆွဲရန်နှင့် လူငယ်များနှင့် အရပ်ဘက်အဖွဲ့အစည်းများ၏ ငြိမ်းချမ်းရေး စိတ်ကူးစိတ်သန်းကောင်းများ၊ လှုပ်ရှားမှုများကို အားပေးထောက်ခံသင့်ကြောင်း ဖော်ပြထားသည်။

လူ့အခွင့်အရေးနှင့် တရားမျှတမှုကဏ္ဍတွင် ထုတ်ပြန်ချက်တွင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများကို ကိုင်တွယ်ရာ၌ တိုးတက်မှုကို စောင့်ကြည့်တိုင်းထွာနိုင်ရန်အတွက် အမျိုးသမီးများအကြား မတူကွဲပြားမှု အမျိုးမျိုးကို အသိအမှတ်ပြုလက်ခံသည့် စံချိန်စံညွှန်းများ ချမှတ်ရန်၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး အကောင်အထည်ဖော်ဆောင်ရာတွင် တိုးတက်မှုကို စောင့်ကြည့်နိုင်ရန်အတွက် သော်လည်းကောင်း၊ ပဋိပက္ခများကို ဖြေရှင်းပြီး ငြိမ်းချမ်းမှုတည်ဆောက်ရာတွင် အမျိုးသမီးများ ပါဝင်လာရေး၌လည်းကောင်း အာဆီယံအစိုးရများအနေဖြင့် ရည်ညွှန်းကိန်းပေါ်အခြေခံသည့်နည်းစနစ်များကို အသုံးပြုကာ အရပ်ဘက် လူ့အဖွဲ့အစည်းများနှင့် မဟာမိတ်ဖွဲ့သင့်ကြောင်း၊ လိင်ပိုင်းဆိုင်ရာ ကျန်းမာရေးနှင့် မျိုးဆက်ပြန့်ပွားမှု ဆိုင်ရာ ကျန်းမာရေး စောင့်ရှောက်မှု၊ အမျိုးသမီးများနှင့် လူငယ်များအပြင် အခြားသော အားနည်းသည့် အုပ်စုများ၊ ခွဲခြား ဆက်ဆံခံနေရသည့်အုပ်စုများ၏ အခွင့်အရေးခံစားနိုင်မှုအနေအထား တိုးတက်လာစေရန် ရေရှည်ခံမည့် ရင်းနှီးမြှုပ်နှံမှုများကို ပြုလုပ်ရန် နိုင်ငံရေးအရ ပြင်းပြသော ဆန္ဒရှိကြောင်းကို ဖော်ထုတ် ပြသသင့်ကြောင်း၊ အဘက်ဘက်မှ ပြည့်စုံသည့် လိင်ပိုင်းဆိုင်ရာ ပညာပေးအစီအစဉ်များနှင့် လူငယ်များ အလွယ်တကူ ချဉ်းကပ်ရယူနိုင်သည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ပါဝင်သင့်ကြောင်း၊ လိင်နှင့်ပတ်သက်သည့် အယူအဆ သို့မဟုတ် အလေ့အထ ကွဲပြားသူများအပေါ် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ရာဇဝတ်မှု စွဲချက်များဖြင့် အရေးယူရာတွင် အထောက်အကူပြုသည့် ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများအားလုံးကို ချက်ချင်းပြုပြင် ပယ်ဖျက်ပေးသင့်ကြောင်း၊ အမျိုးသားဥပဒေများ၊ ဒေသဆိုင်ရာ လူ့အခွင့်အရေးလုပ်ထုံးလုပ်နည်းများနှင့် ကုလသမဂ္ဂ လူ့အခွင့်အရေး သဘောတူညီချက်များ၊ ယိုဂျာကာတာ စည်းမျဉ်းများကို အဆိုပါ လိင်အယူအဆနှင့် အလေ့အထကွဲပြားသူများနှင့် ညှိနှိုင်းဆွေးနွေးကာ ဟန်ချက်ညီညီ ရှေ့ဆက်လုပ်ဆောင် သွားသင့်ကြောင်း၊ လိင်လုပ်ငန်းနှင့် အသက်မွေးသူများ၏ တန်းတူအခွင့်အရေးနှင့် နိုင်ငံစီးပွားရေးတွင် ၎င်းတို့၏ တစ်ဖက်တစ်လမ်း ပံ့ပိုးမှုကိုလည်း အာဆီယံနိုင်ငံများအတွက် အရေးပါသည့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းများနည်းတူ အသိအမှတ်ပြုပြီး ၎င်းတို့အား အမျိုးသား အလုပ်သမားဥပဒေအောက်တွင် တန်းတူ ခွဲခြားဆက်ဆံမှု မှန်သမျှမှ အကာအကွယ်ပေးသင့်သည်ဟု ထုတ်ပြန်ကြေညာခဲ့သည်။ ■




*၂၀၁၄ ပြည်သူ့ဖိုရမ်တွင် အာဆီယံတွင်းမှအဖွဲ့များ၏ လှုပ်ရှားမှုတစ်ခု။*

# စိတ်ကျေနပ်မှုရဲ့ ဓားစာခံ အိမ်အကူမလေးများ

■ သဲကို

မကွေးတိုင်းဒေသကြီး၊ ကန်ပေကြီးကျေးရွာသူ သီတာဝင်းတစ်ယောက် ရန်ကုန်မြို့ကြီးပေါ်ကို ရည်ရွယ်ချက်ကြီးစွာနဲ့ ရောက်ရှိလာခဲ့ပါတယ်။ အလုပ်အကိုင်ကောင်းကောင်းနဲ့ သူ့ဘဝကို ထူထောင်ဖို့ရနိုင်ကောင်းလေရဲ့ဆိုတဲ့ ရည်ရွယ်ချက်ကို သူနဲ့အတူ ယူဆောင်လာခဲ့သူ ဖြစ်ပါတယ်။

ရွာမှာနေစဉ်က တစ်နေကုန် ပင်ပင်ပန်းပန်းအလုပ်လုပ်ရပေမယ့် လုပ်အားခဝင်ငွေလုံလောက်မှု မရှိတဲ့အတွက် ဝင်ငွေများများရရှိမယ်လို့ ထင်ရတဲ့ ရန်ကုန်မြို့ကြီးကို တက်လာခဲ့ပြီး အိမ်အကူအလုပ်ကို ဝင်ရောက်လုပ်ကိုင်ခဲ့ပါတယ်။

အဲဒီလို မျှော်လင့်ချက်အပြည့်နဲ့ အိမ်အကူလာလုပ်ခဲ့တဲ့ မသီတာဝင်းတစ်ယောက် ဖြစ်ရပ်ဆိုးကြီးနဲ့ ရင်ဆိုင်ခဲ့ရပါတော့တယ်။ ဒါကတော့ ကိုယ်ချင်းစာတရားခေါင်းပါးပြီး လူသားချင်းစာနာမှုမရှိတဲ့ အိမ်ရှင် အမျိုးသမီးတစ်ဦးရဲ့အိမ်မှာ အလုပ်ဝင် ရောက်ခဲ့ရတဲ့အတွက်ပါ။

၂၀၁၄ ခုနှစ်၊ မတ်လ ၁၈ ရက်မှာ ကမာရွတ်မြို့နယ်ရဲစခန်းအတွင်းကို ဒဏ်ရာ ဗရပွနဲ့ မသီတာဝင်း တစ်ယောက် ရောက်ရှိလာခဲ့ပါတယ်။ လက်သီးနဲ့ထိုးခြင်း၊ သံတုတ်နဲ့ရိုက်ခြင်း၊ မီးပူနဲ့ကပ်ခြင်း၊ ရေနွေးပူနဲ့ လောင်းခြင်း၊ ဓားနဲ့လက်ထိပ်များသို့ မွှန်းခြင်း၊ ကတ်ကြေးနဲ့ထိုးခြင်း၊ ရိုက်နှက်ခြင်း၊ အခန်းတွင်း ပိတ်လှောင်ထားခြင်းစတဲ့ ညှဉ်းပန်းနှိပ်စက် စေခိုင်းမှုတွေကို အိမ်ရှင် မစီစီကလျာ(ခ)မခါးခါးက သူ့စိတ်အလိုမကျတိုင်း နေ့စဉ်ရက်ဆက် ပြုလုပ်ခဲ့ပါလို့ မသီတာဝင်းက ရဲစခန်းမှာပြောပြခဲ့ပါတယ်။

အိမ်အကူအမျိုးသမီးတွေကို ညှဉ်းပန်းနှိပ်စက်မှုနဲ့ ပတ်သက်ပြီး မြန်မာ့လူမှုအသိုင်းအဝိုင်းတစ်ခုလုံး တုန်လှုပ်ခဲ့ရတဲ့ ဖြစ်ရပ်မျိုး ၂၀၁၂ ခုနှစ်မှာလည်း ဖြစ်ပျက်ခဲ့ဖူးပါတယ်။ အဲဒီအမှုကလည်း အခု မသီတာဝင်း ဖြစ်ပျက်ခဲ့တဲ့ ကမာရွတ်မြို့နယ်မှာပဲ ဖြစ်ပွားခဲ့တာပါ။ ဒါကတော့ ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလက ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်မှာ အသက် ၁၈ နှစ် အရွယ် အိမ်အကူမလေး မနုနုလွင်ကို အိမ် ရှင်အမျိုးသမီး မေဇွန်(ခ)မျိုးဇာနည်ဇွန်က အသက်သေဆုံး တဲ့အထိ လူသားမဆန်စွာနဲ့ ညှဉ်းပန်းနှိပ်စက်လို့ သေဆုံးခဲ့တာပါပဲ။

မြန်မာ့လူမှုအသိုင်းအဝန်းမှာတော့ ဒီဖြစ်ရပ်က အင်မတန်မှ အရုပ်ဆိုးအကျည်းတန်ခဲ့ပါတယ်။ လူအချင်းချင်း ရိုင်းပင်းကူညီရမယ်ဆိုတဲ့ အသိတရားတွေနဲ့ လုံးဝဆန့်ကျင်နေတဲ့အပြင် အမျိုးသမီးအချင်းချင်း အခုလို ညှဉ်းပန်းနှိပ်စက်မှုဟာ အရမ်းကိုဆိုးရွားတဲ့ ဖြစ်ရပ်တစ်ခုပါ။ လူထုတစ်ရပ်လုံးကရှုတ်ချခဲ့ကြတဲ့ အဲဒီဖြစ်စဉ်ကိုတော့ တရားဥပဒေဘက်က တရားခံအမျိုးသမီး မေဇွန်ကို ထောင်ဒဏ် ကိုးနှစ်နဲ့ လေးလချမှတ်ခဲ့ပါတယ်။

မြန်မာ့ယဉ်ကျေးမှု ဓလေ့စရိုက်အရ အထူးအဆန်းဖြစ်နေခဲ့တဲ့ ဒီဖြစ်ရပ်မျိုးဟာ ကမ္ဘာနဲ့တစ်ဝန်းမှာတော့ ဖြစ်ပျက်နေကြဆဲဖြစ်ပါတယ်။ ဒါပေမဲ့ ပြည်ပနိုင်ငံကြီးတိုင်းမှာ အဲဒီလို အိမ်အကူအမျိုးသမီးလေးတွေအတွက် လုံခြုံစိတ်ချရတဲ့ လုပ်ငန်းခွင်ဖြစ်ဖို့ ဥပဒေတစ်ရပ်ကို ကျယ်ကျယ်ပြန့်ပြန့်နဲ့ သီးသန့်ပြဋ္ဌာန်းထားပါတယ်။ မြန်မာနိုင်ငံအနေနဲ့ကတော့ ပုံမှန်ထိခိုက်နာကျင်စေမှု ဥပဒေတွေနဲ့ပဲ အရေးယူမှုပြုလုပ်နေကြဆဲဖြစ်ပါတယ်။



အိမ်အကူအမျိုးသမီးလေးတွေ ညှဉ်းပန်းနှိပ်စက်ခံရမှုကို အရေးယူဆောင်ရွက်နိုင်တဲ့ ဥပဒေနဲ့ပတ်သက်ပြီးတော့ ရန်ကုန်တိုင်းဒေသကြီး၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု(၆)က တပ်ဖွဲ့စုမှူး ရဲမှူးရိုလင်က "မြန်မာနိုင်ငံက အိမ်အကူလေးတွေအတွက် သီးသန့်ဥပဒေတစ်ရပ်မရှိပါဘူး။ ဒါပေမဲ့ မြန်မာနိုင်ငံမှာ ပြဋ္ဌာန်းထားတဲ့ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေမှာတော့ အိမ်အကူအတွက် သီးသန့်မဟုတ်သော်လည်း အလုပ်သမားတွေအားလုံး အကြုံးဝင်ပါတယ်။ အဲဒီဥပဒေထဲက အင်္ဂါရပ်တွေဖြစ်တဲ့ ဖြားယောင်းသွေးဆောင်မယ်၊ လိမ်လည်လှည့်ဖြားမယ်၊ ခြိမ်းခြောက်မယ်၊ အင်အားသုံးမယ်၊ ခေါင်းပုံဖြတ်မယ်ဆိုရင် လူကုန်ကူးမှုဥပဒေနဲ့ အရေးယူဆောင်ရွက်နိုင်ပါတယ်။ ပြစ်မှုမြောက်တယ်ဆိုရင်တော့ လူကုန်ကူးမှုဥပဒေအရ အနည်းဆုံး ထောင်ဒဏ် ၁၀ နှစ်က အများဆုံး တစ်သက်တစ်ကျွန်းအထိ ချမှတ်နိုင်ပါတယ်"လို့ ဆိုပါတယ်။



မြန်မာနိုင်ငံအနေနဲ့ တရုတ်နိုင်ငံသို့ တရားဝင် အိမ်အကူအမျိုးသမီးတွေကို စေလွှတ်ထားသော်လည်း ပြဿနာတစ်စုံတစ်ရာ ပြန်လည်မရောက်ရှိလာရတာက သူတို့နိုင်ငံမှာ ပြဋ္ဌာန်းပေးထားတဲ့ ဥပဒေက ကာကွယ်ပေးထားလို့ဖြစ်ပြီး မြန်မာနိုင်ငံအတွင်းမှာ အိမ်အကူလုပ်ကိုင်နေသူတွေထက် နိုင်ငံခြားမှာသွားရောက်လုပ်ကိုင်နေသူတွေက ပိုပြီးလုံခြုံမှုရှိနေတယ်လို့ ဆိုပါတယ်။ မြန်မာနိုင်ငံမှာ အိမ်အကူတွေအတွက် သီးသန့်ဥပဒေတစ်ရပ် ပြဋ္ဌာန်းပေးထားဖို့က လိုအပ်ချက်တစ်ခုဖြစ်နေတယ်လို့ ရဲမှူးရိုလင်ကပဲ ဆက်လက် ပြောကြားပါတယ်။

အခုဆိုရင် အသက် ၂၅ နှစ်အရွယ် မသီတာဝင်းဟာ ရန်ကုန်ပြည်သူ့ဆေးရုံကြီးရဲ့ ဆေးစာအရ ဘယ်နဖူး ဖူးရောင်ဒဏ်ရာ၊ ဘယ်မျက်လုံး ဖူးရောင်ဒဏ်ရာ၊ ဘယ်ပါးရိုးဖူးရောင်ဒဏ်ရာ၊ ဘယ်လက်မောင်းကျက်ပြီး ဒဏ်ရာ၊ ဘယ်လက်ဖျံကျက်ပြီး ဒဏ်ရာ၊ ဘယ်ခြေသလုံး ဖူးရောင်ဒဏ်ရာ၊ ဘယ်ပေါင်ညိုမည်းဒဏ်ရာ၊ ညာလက်ဖမိုးဖူးရောင်ဒဏ်ရာ၊ ညာလက်ဖျံဖူးရောင်ဒဏ်ရာ၊ ကျောပြင်ထက်ကျက်ပြီး ဒဏ်ရာ၊ ညာလက်ဖဝါးပြတ်ရှဒဏ်ရာစသဖြင့် ပြင်ပဒဏ်ရာ စုစုပေါင်း ၁၁ ခုရှိခဲ့တာကို တွေ့ရှိရပြီး ဆေးဆက်လက်ကုသနေပါတယ်။ ညှဉ်းပန်းနှိပ်စက်ခဲ့တဲ့ အိမ်ရှင်အမျိုးသမီးကိုတော့ ကမာရွတ်ရဲစခန်းမှာ ဖမ်းဆီးထားပြီး စစ်ဆေးမှုများ ပြုလုပ်နေတယ်လို့သိရပါတယ်။

မျှော်လင့်ချက်တွေနဲ့ လွဲချော်ခဲ့ရတဲ့ မသီတာဝင်းက သူမရင်ဆိုင်ကြုံတွေ့ခဲ့ရတဲ့ အဖြစ်အပျက်တွေနဲ့ ပတ်သက်ပြီး "သမီးလို ကျေးရွာတွေက သူများပြောစကားနားယောင်ပြီး တစ်နယ်တစ်ကျေးမှာ အလုပ်သွားလုပ်ကြမယ့် အမျိုးသမီးတွေကို သမီးလိုမဖြစ်စေချင်ဘူး။ အိမ်အကူဆိုပြီး ညှဉ်းပန်းနှိပ်စက်မယ်၊ လုပ်ချင်ရာလုပ်မယ်ဆိုတဲ့ အတွေးမျိုးရှိနေတဲ့သူတွေကိုလည်း သမီးအဖြစ်ကို သင်ခန်းစာယူပြီး နောက်ထပ်မလုပ်ရဲအောင်၊ မနှိပ်စက်ရဲအောင် ထိရောက်တဲ့အပြစ်ပေးမှု ပြုလုပ်ပေးစေချင်တယ်။ အခုချိန်မှာ သမီးအဖြစ်ချင်ဆုံးကတော့ သမီးရွာကိုပဲ အမြန်ဆုံးပြန်ချင်ပါတယ်။ ရန်ကုန်ကို နောက်တစ်ခါမလာရဲတော့ဘူး"လို့ တုန်ယင်စွာနဲ့ ပြောပြခဲ့ပါတယ်။

မြန်မာနိုင်ငံတွင်းမှာပဲ မြန်မာနိုင်ငံသားအချင်းချင်း၊ အထူးသဖြင့် အမျိုးသမီးအချင်းချင်း အခုလို ညှဉ်းပန်းနှိပ်စက်မှုကျူးလွန်နေကြတဲ့ လူတွေရဲ့ စိတ်ဓာတ်ရေးရာပိုင်းနဲ့ပတ်သက်ပြီး စိတ်ပညာရှင် ပါမောက္ခ ဒေါက်တာအောင်မြတ် ကျော်စိန်က စိတ်ပညာရှုထောင့်က ဝေဖန်သုံးသပ်ခဲ့ပါတယ်။

"ဒီလိုဖြစ်ရပ်တွေကို ကျူးလွန်တဲ့သူတွေက တစ်ပါးသူကို ညှဉ်းပန်းနှိပ်စက်လိုစိတ် အပျော့စားမျိုးဖြစ်ပါတယ်။ ရောဂါအဆင့်ထိ မဟုတ်ပါဘူး။ နားလည်အောင်ပြောရရင်တော့ ဓားနဲ့ထိုးလိုက်တာမျိုး မဟုတ်ဘဲ ဓားနဲ့မွှန်းတဲ့အဆင့်မျိုးလို့ ပြောရမှာပါပဲ။ ကျူးလွန်တဲ့သူတွေဘက်က ကြည့်မယ်ဆိုရင် သူတို့ရဲ့ အိမ်တွင်းရေး၊ မိသားစု၊ စီးပွားရေး၊ လူမှုရေးပြဿနာတွေကြောင့် တစ်ပါးသူကို ရန်လိုတဲ့စိတ်ရှိနေတယ်။ ပထမ ဆူဆဲရာက ကိုယ်ထိလက်ရောက်အထိ ဖြစ်နိုင်မယ်။ ပုံမှန်အနေအထားမှာ ကိုယ့်သားသမီးကိုတောင် ဒီလိုလုပ်တတ်သေးတဲ့အတွက် အိမ်အကူတွေကတော့ ပိုပြီးတော့ဆိုးတဲ့ အနေအထားမှာ ရှိနေပါတယ်။ ပုံမှန်မဟုတ်တော့တဲ့အခြေအနေကတော့ တစ်ပါးသူကိုညှဉ်းပန်းနှိပ်စက်တဲ့ ပုံစံအဆင့်ထိရောက်လာတာမျိုး ဖြစ်တယ်"လို့ လူလူချင်း ညှဉ်းပန်း နှိပ်စက်တတ်သူတွေရဲ့ စိတ်ပိုင်းဆိုင်ရာနဲ့ ပတ်သက်ပြီး ရှင်းပြပါတယ်။

ညှဉ်းပန်းနှိပ်စက်စေခိုင်းခြင်းခံခဲ့ရသော အိမ်အကူ မသီတာဝင်း ခန္ဓာကိုယ်မှ ရေနွေးပူဖြင့် လောင်းခံရသော ဒဏ်ရာများ။



## စိန်ခေါ်မှုများစွာကြောင့် စိတ်ကျေနပ်မှုတစ်ခုအတွက် အိမ်အကူမလေးတွေကို ဆူပူမာန်မဲပြီး ဓားစာခံသဖွယ် အပြစ်ပေးရိုက်နှက်မှုတွေကတော့ …

ဒီလို စိတ်ခံစားမှုရှိတဲ့သူတွေဟာ ငယ်စဉ်ကတည်းက ကိုယ်တိုင်ညှဉ်းပန်းနှိပ်စက်မှုဒဏ်ကိုခံရတဲ့အတွက် သူတစ်ပါးကိုပြန်ပြီး ညှဉ်းပန်းနှိပ်စက်တဲ့သဘောမျိုးရှိသလို တချို့သူတွေကတော့ သူ့ရဲ့ပတ်ဝန်းကျင်မှာမရှိခဲ့ပေမယ့် သူ့ရဲ့မွေးရာပါ စိတ်ဓာတ်မှာကတည်းက သူတစ်ပါးကို အနိုင်ကျင့်လိုစိတ် ရှိနေတဲ့အတွက် ဖြစ်တတ်ကြတယ်လို့ ဆိုပါတယ်။ ဖွံ့ဖြိုးတိုးတက်လာမှုနဲ့အတူ စိန်ခေါ်မှုများစွာကြောင့် စိတ်ကျေနပ်မှုတစ်ခုအတွက် အိမ်အကူမလေးတွေကို ဆူပူမာန်မဲပြီး ဓားစာခံသဖွယ် အပြစ်ပေးရိုက်နှက်မှုတွေကတော့ ဆက်လက်တည်ရှိနေဦးမယ်လို့ ဒေါက်တာအောင်မြတ်ကျော်စိန်က သုံးသပ်ပြခဲ့ပါတယ်။

နိဂုံးချုပ်အနေနဲ့ တင်ပြရမယ်ဆိုရင် အခုလို ညှဉ်းပန်းနှိပ်စက်နေမှုတွေဟာ နေရာတိုင်း၊ အချိန်တိုင်းမှာ ဖြစ်ပေါ်လာနိုင်တဲ့အတွက် အိမ်အကူအမျိုးသမီးလေး ဘယ်နှစ်ယောက်လောက် ညှဉ်းပန်းနှိပ်စက်ခံနေရမလဲဆိုတာ မသိနိုင်ပါဘူး။ ဒါကြောင့် အိမ်အကူ အမျိုးသမီးလေးတွေအတွက် ရေရှည်ကာကွယ်မှု ဖြစ်လာမယ့် ဥပဒေတစ်ရပ် သီးသန့်ထွက်ပေါ်လာမှသာ 'အိမ်အကူများ ညှဉ်းပန်းနှိပ်စက်ခံရခြင်း' ဆိုတဲ့ သတင်းမျိုးလည်း အဆုံးသတ်တော့မှာဖြစ်တယ်လို့ ဆန္ဒပြုရေးသားလိုက်ရပါတယ်။ ■



အသွင်ကူးပြောင်းရေးကာလအတွင်းက မြန်မာနိုင်ငံအကြောင်း တင်ပြဆွေးနွေးမှု။

# အာဆီယံပြည်သူ့ဖိုရမ် ၂၀၁၄

မြန်မာနိုင်ငံက အာဆီယံအလှည့်ကျဥက္ကဋ္ဌရာထူးကို လက်ခံရယူခဲ့ပြီးနောက် ပထမဆုံး ပြုလုပ်ခဲ့သည့် အာဆီယံပြည်သူ့ဖိုရမ်ကို ၂၀၁၄ ခုနှစ်၊ မတ်လ ၂၁ ရက် မှ ၂၃ ရက်အထိ ရန်ကုန်မြို့၊ မင်းဓမ္မလမ်းရှိ Myanmar Convention Center တွင် ပြုလုပ်ခဲ့သည်။

၎င်းဖိုရမ်တွင် ပါဝင် ဆွေးနွေးခဲ့ကြသည့် အမျိုးသမီးကဏ္ဍဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများနှင့် လှုပ်ရှားမှုအချို့ကို Photo Essay အဖြစ် တင်ပြလိုက်ပါသည်။



**P10, Rm 5,** နံနက် ၁၁ နာရီခွဲတွင် ပြုလုပ်ခဲ့သည့် အမျိုးသမီးများ၏အသံအား မြှင့်တင်ပေးခြင်း အာဆီယံအတွင်း ပဋိပက္ခနှင့် ပဋိပက္ခလွန်အခြေအနေများ၌ အမျိုးသမီးများ၏ နိုင်ငံရေးပါဝင်မှုအနှစ်သာရအကြောင်းအရာဆွေးနွေးပွဲတွင် ကချင်အမျိုးသမီးသမဂ္ဂ၏ဥက္ကဋ္ဌ မရန်ဂျာဆိုင်းအောင်နှင့် အမျိုးသမီး အဖွဲ့အစည်းများ ကွန်ရက်မှ ဒေါ်ရွှေရွှေစိန်လတ်တို့ ပါဝင်ဆွေးနွေးခဲ့သည်။




အမျိုးသမီးများအား အကြမ်းဖက်မှု ချက်ချင်းရပ် လှုပ်ရှားမှုကိုလည်း ပြုလုပ်ခဲ့သည်။



**DEM 5, Rm 5,** ညနေ ၃ နာရီ တွင် ပြုလုပ်ခဲ့သည့် အာဆီယံ အတွင်း လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ပုဂ္ဂိုလ်ရေးဆိုင်ရာ လွတ်လပ်ခွင့်၊ အမျိုးသမီးများ၏ လူ့အခွင့်အရေးကို ရှာဖွေခြင်းအကြောင်းအရာ ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၏ ပရိုဂရမ် မန်နေဂျာ ဒေါ်ထိုက်ထိုက်အောင်က အိုင်တီနည်းပညာဖြင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုအကြောင်း ဆွေးနွေးသွားခဲ့သည်။




**HR 2, Rm 8,** နံနက် ၉ နာရီတွင် ပြုလုပ်ခဲ့သည့် အမျိုးသမီးများအကြမ်းဖက်ခံရမှုကင်းဝေးသော အာဆီယံ အသိုက်အဝန်း အကြောင်း ဆွေးနွေးပွဲကို စိတ်ဝင်စားသူများပြားခဲ့ပြီး ဆက်လက် တောင်းဆိုသွားမည့် အချက်များကိုလည်း ချမှတ်ခဲ့သည်။



**DEM 12, Rm 1,** ညနေ ၃ နာရီတွင် ပြုလုပ်ခဲ့သည့် အာဆီယံအတွေ့အကြုံ အမျိုးသမီးများအပေါ် အကြမ်းဖက်ခြင်းနှင့် ဥပဒေပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှု အကြောင်းအရာဆွေးနွေးပွဲတွင် မြန်မာနိုင်ငံမှ ကျားမတန်းတူညီမျှရေးကွန်ရက်၏ ဒု-ဥက္ကဋ္ဌ ဒေါ်ပန်စီထွန်းသိန်းနှင့် အကြီးတန်းညှိနှိုင်းရေးမှူး ဒေါ်မေစပယ်ဖြူတို့ ပါဝင်ဆွေးနွေးခဲ့ကြသည်။



အမျိုးသမီးအလုပ်ရုံဆွေးနွေးပွဲများသို့ အမျိုးသမီးအရေး စိတ်ဝင်စားသူများစွာ တက်ရောက်နှောင်းထောင် ပါဝင်ဆွေးနွေးခဲ့ကြသည်။